


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


၈၉၅.၈၃
ဝိဇ္ဇာ
နှစ်ခုစလုံးပဲ/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၀၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

## ပုံနှိပ်မှတ်တမ်း


ဖြန့်ချိရေး - - အောင်မြင်စာပေ၊ ပထမအကြိမ် - ၂၀၁၅ ခုနှစ်၊
(ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။



အောင်မြင်-စာပေ



# နှစ်ခုစလုံးပဲ



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

လောဘကို ကုန်းပိုး၊ မောဟကို ခါးပိုက်ဆောင်လို့ ဒေါသ [illegible]ကြီးဖြစ်နေကြတဲ့ လူအယောက်တစ်သန်းကြားမှာ ဒါနပါရမီ ရင့်သန် [illegible]သူတစ်ယောက်ပဲ ရှိနေပါစေ ထိုလူ့ထံအရောက်သွားရန် ဦးအောင် [illegible] စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။

မနက်ခင်း'နေ'သည်ပင် ၃၈°(F)ဖါရင်ဟိုက်ခန့် ရှိနေသည် [illegible]မသိ၊ ပူချက်က ကမ်းကုန်ပြီး အရေပြားကို အပ်နှင့်ဆွသလို စံ့စား [illegible]၏၊ 'သစ်'ခရိုနီကြီးတွေ အပြုတ်ခေါင့်-အပြောင်ခုတ် သွားကြသ [illegible] မြန်မာ့သစ်တောတွေ ကိုယ်တုံးလုံးဖြစ်သွားကြပြီ၊ ဧော်-ဗေဒစံနှစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပျက်စီးပြီး သစ်သယံဇာတများ လုံးပါးပါးသွားသည့်အခါ ဖန်လုံအိမ် အာနိသင် ပိုအားကောင်းလာတော့သည်။

ပူပါသည်ဆိုမှာ (၂၀၁၄)သည် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း အမြင့်ဆုံးဖြစ်မည်ဟု ဦးထွန်းလွင်က ဟောကိန်းထုတ်နေပြန်သည်။ မနက်(၁၁)နာရီမှ ညနေ(၃)နာရီခန့် အချိန်အတွင်း မဖြစ်မနေ အပြင်ထွက်ရမည်ဆိုပါက အကျီလက်ရှည်၊ ဦးထုပ်၊ နေကာမျက်မှန်နှင့် ထီးဆောင်သွားကြရန်လည်း တိုက်တွန်းထား၏။

ရပ်ကွက်တစ်ပါတ်ဆို နှစ်နာရီကျော်ကြာသည်မို့ ယခုထွက်လျှင် (၁၁)နာရီလောက်တော့ ပြန်ရောက်နိုင်သည်။ ဦးအောင်ကျော် ဆိုက်ကားကယ်ရီယာပေါ်မှ အမ်ပလီဖိုင်ယာကိုဖွင့်ကာ စက်စမ်းလိုက်၏။

"ကျွိ . . အီ . . အီ . . တတီတီတီ . . ဟလို တက်စတင် တက်စတင် . . အဟမ်းဟမ်း . . ဟမ်း . . ၊ ဝမ်း . . တူး . . သရီး . . တက်စတင် . . ဟဲလို . . ဟဲလို"

မိုက်, လော်, အမ်ပလီဖိုင်ယာနှင့် ဘက်ထရီအိုးတို့ ကောင်းစွာ အလုပ်လုပ်နေ၍ စိတ်တိုင်းကျသွား၏။

"ကဲ . . လှဦး၊ သန်းမြင့်ဆွေနဲ့ မျက်မှန်ကြီးတို့ အဆင်သင့်ဖြစ်ရင် ထွက်ကြမယ်ဟေ့ . . ၊ နေမမြင့်ခင်လေး လှုပ်ရှားလိုက်ကြရအောင်"

"အိုကေ . . အိုကေ လာပြီ၊ ကိုအောင်ကျော် ဒီမှာ ကွမ်းဝယ်နေလို့ . . ခဏပဲစောင့်"

ဦးအောင်ကျော် ဓမ္မာရုံထဲလှမ်းအော်လိုက်တော့ ခုမှ ရေနွေးငှဲ့သောက်သူသောက် ဓမ္မရုံဘေးက ကွမ်းယာဆိုင်ပြေးသူပြေးနှင့် အဖွဲ့သားတွေ ယောက်ယက်ခတ်သွားသည်။ စောင့်ရမည့် အတူတူ သီချင်းဖွင့်ထားလိုက်တာ ကောင်းမည်ဟု အကြံရသဖြင့် လက်စွဲတော် အခွေကို အောက်စက်ထဲ ထည့်ဖွင့်လိုက်၏။

အလှူခံမဏ္ဍပ်တိုင်း၊ ဓမ္မာရုံတိုင်း ဆောင်ထားကြရသည့် . .





နောက်ဆုံးပေါ် အလှူခံသီချင်းက မြိုင်ဆိုင်မြူးကြွစွာ ထွက်ပေါ်လာသည်။

"×××ငွေဖလား ကိုယ်စီဆွဲကိုင်လို့×××ခမောက်လေးဆောင်းကာ လျှောက်မယ်ဗျို့×××အလှူရှင်ထံသို့ အရောက်လာမယ်ဗျို့×××ကြေးစည်သံအချက်လေးပေးလို့ နိဗ္ဗာန်ကို သူအရောက်ပို့ ငွေဖလားလေးကို သူခလောက်လို့ (ငွေဖလားလေးကို သူခလောက်လို့) အသံကုန် ဟစ်ခါ ကာယကံမေတ္တာ×××ပြုံးလို့ ရွှင်လို့ ကလို့ ခုန်လို့ (အလှူခံပါဗျို့×××)"

ဒီသီချင်းပေါ်လာတာ သိပ်မကြာလှသေး၊ သူတို့လို နိဗ္ဗာန်အကျိုးတော်ဆောင်တွေဘက်ကလိုက်ပြီး အကောင်းမြင်ပေးကာ ဆိုလို့ကောင်းမည့်သံစဉ်လေးနှင့် အားရှိသည့်စာသားတွေ အသုံးပြု သီဆိုထားတာကြောင့် ဦးအောင်ကျော် တအားနှစ်သက်ခဲ့သည်။ သူတင်မက မြန်မာတစ်ပြည်လုံးက နိဗ္ဗာန်ဆော်တွေလည်း ကြိုက်ကြသည်။ အလှူခံမဏ္ဍပ်တိုင်းက ထိုအခွေကို ဖွင့်ကြသဖြင့် အများစုလည်း နားစွဲနေကြပြီဖြစ်သည်။

"×××အလှူရှင်တွေ ဝမ်းသာဖို့ အမျှလေးပေးကာ မေတ္တာပို့×××ကျန်းမာဖို့အရေး ချမ်းသာဖို့အရေး×××မုဒိတာ ရှေ့ထားလို့ ဗိမာန်တွေ အတူဆောက်မလို့×××အဖြူရောင်လေးကို ဆင်မြန်းစို့(အဖြူရောင်လေးကို ဆင်မြန်းစို့) အသံကုန် ဟစ်ခါ ဝစီကံမေတ္တာ ပြုံးလို့ ရွှင်လို့ ကလို့ ခုန်လို့(အလှူခံပါဗျို့×××)"

ဒီ ဒုတိယအပိုဒ်လေးကိုလည်း သူနှစ်သက်သည်။ အကျိုးတော်ဆောင်တွေရဲ့ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိသည်ဟု ဦးအောင်ကျော်ထင်သည်။

"×××ဘဝသံသရာ ငြိမ်းစေဖို့×××ရေစက်ချကာ အမျှဝေဖို့ နိဗ္ဗာန်ဆော်တို့×××ရေစက်ခွက်ကို အတူမြှောက်လို့×××အသံကုန်ဟစ်ခါ မနောကံမေတ္တာ ပြုံးလို့ ရွှင်လို့ ကလို့ ခုန်လို့ (အလှူခံပါဗျို့×× ×)"



www.burmeseclassic.com

www.burmeseclassic.com





သီချင်းတစ်ပုဒ်ဆုံးသွားတော့မှပဲ အဖွဲ့သားတွေ စုံတော့သည်။ ဓမ္မာရုံအမှုဆောင်များ လုပ်အားပေးလူငယ်များ ငွေဖလားကိုယ်စီနှင့် တန်းစီနေကြပြီ။ ဦးအောင်ကျော် သီချင်းပိတ်ပြီး မိုက်ဖွင့်လိုက်၏။

"အဟမ်း. . အဟမ်း. . မင်္ဂလာရှိလှတဲ့ နံနက်ခင်း အခါသ ယမှာ ကျွန်တော်များ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးမှ နိဗ္ဗာန်ဆော်မျာ အလှူခံ ထွက်လို့လာပါပြီခင်ဗျာ. . ၊ ရပ်ကွက်အတွင်းမှ သဒ္ဓါကြည် လင် ပါရမီရှင် သူတော်ကောင်းအပေါင်းတို့ မလှူလိုက်ရ မရှိရစေ အောင် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းရပါတယ်. . ခင်ဗျာ. ."

လမ်းမကြီးတစ်လျှောက် ဦးအောင်ကျော်တို့အဖွဲ့ အလှူခံ ခ ထွက်လာခဲ့ပြီ၊ ပုံမှန်လှူနေကျ အိမ်များမှ တစ်ရာ နှစ်ရာ သုံးရာ ငါး





စသည်ဖြင့် တတ်အားသရွေ့ အလှူခံထည့်ကြ၏။ ဦးအောင်ကျော်က မိုက်ကို R-ဇာနည် ကိုင်သလို ကိုင်ကာ. . အလှူရှင်များအား မေတ္တာပို့ ဆုတောင်းပေးသည်။

"ဟုတ်ကဲ့. . ကျွန်တော့်နောင်တော်ကြီး ဦးသန်းဝင်းကလည်း အပတ်စဉ် နှစ်ရာကျပ် လှူဒါန်းပါတယ်ခင်ဗျား၊ သာသနာ့ ဒါယိကာ ကြီး ဦးသန်းဝင်းတို့ မိသားစုလည်း ကျန်းမာချမ်းသာလို့ ပန်းပမာ လန်း ဖြာကြပါစေ. . ."

"ဦးထောင်ကဲကလည်း နှစ်ရာ. . ဗျို့. . ကိုအောင်ကျော်ရေ"

"ကြားတယ်. . ကြားတယ် ဟန်မြင့်ရေ၊ ဟုတ်ကဲ့ ဦးထောင်ကဲ တို့ မိသားစုကလည်း နှစ်ရာကျပ်ပါခင်ဗျာ. . ၊ သာသနာ့ နွယ်ဝင်အ လှူရှင်များအားလုံး လိုရာဆန္ဒပြည့်ကြပါစေ. . ၊ အိမ်တစ်တိုင် တစ်တိုင် မှာ စိန်တစ်ခိုင်တစ်ခိုင် ပေါက်ပါစေ. . ၊ ရွှေဒင်္ဂါးနဲ့ ထွေခင်းကစားရင်း သေခြင်းတရားကို ဆွဲဆန့်လို့ ဒါနအမှုကို မကြာခဏ ပြုနိုင်ကြပါစေ ခင်ဗျာ. . ."

တစ်အိမ်ဝင်တစ်အိမ်ထွက် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နှင့်. . အလှူခံခရီးက အတော်ပေါက်လာခဲ့ပြီ. . ။ နေပြင်းသည်မို့ တစ်ကိုယ် လုံးချွေးပျံနေသဖြင့် ဆောင်းထားသည့် ဝါးခမောက်ကို ချွတ်၍ ယပ် ခတ်လိုက်ရ၏။

"ဟုတ်ကဲ့. . ကိုမှတ်ကြီးကွမ်းယာဆိုင်ကလည်း သုံးရာကျပ် လှူဒါန်းပါတယ်. . ၊ ကိုမှတ်ကြီးတို့ ဇနီးမောင်နှံလည်း ပရာဒိုစီး၊ စူဇူ စီးရလို့ အပူမီးမှန်သမျှ ငြိမ်းပါစေ. . ၊ မအိုရာ မနာရာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လျင်စွာယခု မျက်မှောက်ပြုနိုင်ပါစေခင်ဗျာ. ."

လမ်းမကြီးပြီးတော့ လမ်းသွယ်ထဲသို့ ဝင်ကြ၏။ ထုံးစံအတိုင်း ဓမ္မာရုံမှာ ကြွေပြားခင်းဖို့ ပေါက်ပြဲနေသည့် သွပ်မိုးတွေလဲဖို့ ဝိုင်းဝန်း ဒါနပြုကြရန် နှိုးဆော်တိုက်တွန်းရသည်။ မောလာ၍. . ခဏဖြတ် အဟောအပြောနားခိုက်တွင် Non-Stop ဖွင့်ထားသည့် အလှူခံသီချင်း



www.burmeseclassic.com

www.burmeseclassic.com



သံက ထွက်လာပြန်သည်။

လိုလိုလားလား လှူဒါန်းသူတွေရှိသလို၊ မသိချင်ယောင်ဆောင်သူဆောင်၊ ကန်တော့ပါသေး အော်သူအော်နှင့် လူအမျိုးမျိုးစိတ်အထွေထွေ၊ တုံ့ပြန်မှု အမျိုးမျိုးကိုလည်း ခန္တီပါရမီအပြည့်နှင့် သည်းခံရ၏။



လျှောက်လာရင်း အိမ်တစ်အိမ်ရှေ့တွင် ဖလားကိုင် အလှူခံပုဂ္ဂိုလ်တွေ ရုံးစုရုံးစုဖြစ်နေတာ မြင်လိုက်သည်။ ဘာများဖြစ်ပါလိမ့်အတွေးနှင့် ဦးအောင်ကျော် ခပ်သွက်သွက်လျှောက်လာခဲ့၏။

ထိုအိမ်ရှေ့ အုပ်စုထဲမှ ဟန်မြင့်က လက်ယပ်လှမ်းခေါ်နေသည်။ ဦးအောင်ကျော် မိုက်ကို ဆိုက်ကားပေါ် အသာချပြီး ဟန်မြင့်နားအရောက်သွား၏။ အနားရောက်တော့ ဟန်မြင့်ညွှန်ပြရာသို့ လှမ်း





ကြည့်လိုက်သည်။ ခြံတံခါးမှာ ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။ ထိုဆိုင်းဘုတ်ကိုဖတ်ကြည့်ပြီး ဦးအောင်ကျော် မျက်လုံးပြူးသွားသည်။ မပြူးဘဲနေနိုင်ပါ့မလား၊ ရေးထားတာက. . .

"အသံချဲ့စက်အသုံးပြုသော အလှူခံများအား ကန်တော့ပါသေးရဲ့" ဟူ၍ ဖြစ်၏။

"ဟင်. . ကြမ်းလှချီလား ကွ. . ."

"အေးလေဗျာ. . ပေါ်တင်ကြီး"

"ဘယ်လို လုပ်ကြမလဲ"

"ဘယ်တတ်နိုင်မလဲကွာ အဲ့ဒါသူ့ဆန္ဒ သူ့အခွင့်အရေးလေ၊ တို့က ခန္တီပါရမီကိုပဲ အားကိုးရမှာပေါ့. . ၊ ကဲ. . ကဲ. . ဒီအိမ်ကိုကျော်သွားပေါ့ကွာ. . နောက်လည်း အလှူမခံမိအောင် ဆင်ခြင်ပေါ့. ."

ဦးအောင်ကျော်တို့အဖွဲ့ ဖလားခေါက်သံပင် မပေးရဲတော့ဘဲ ငြိမ်ဝပ်ပိပြားစွာ ထွက်လာခဲ့ကြ၏။ ရပ်ကွက်ထဲ အမြဲပတ်နေကျဖြစ်၍ ထိုအိမ်သို့ လူသစ်များပြောင်းလာမှန်းတော့ သိထားသည်။ အားနာပါးနာနှင့် ကန်တော့ပါသေး ဆိုတာတောင် ထွက်မပြောတော့ဘဲ တစ်ခါတည်း ဆိုင်းဘုတ်ချိတ်ထားသည်မို့. . လော်သံကို လုံးဝ သည်းမခံနိုင်ကြောင်း ထင်ရှားနေသည်။

ဒါနပါရမီနည်းရှာသည်ဟုတော့ အပြစ်မတင်ရက်၊ အရပ်ထဲမှာ လော်အန္တရာယ်ကလည်း ခရမ်းလွန်ရောင်ခြည်နည်းတူ ပြင်းထန်နေသည်ကိုး။ ဆိုင်းဘုတ်ချိတ်ထားသည့်အိမ်မှ လေးအိမ်ကျော်လောက်ရောက်မှပဲ မိုက်ကိုပြန်ကိုင်ဖြစ်တော့၏။

ဒါတောင် ကိုယ့်အသိနဲ့ကိုယ် ဇော်လျှမ်းကို လျှော့ပစ်မိသေးသည်။ အဟောအပြောနှင့် ဆုတောင်းကိုလည်း လျှော့လျှော့ပေါ့ပေါ့နှင့် နားခံသာအောင် ပြောရသည်။ ဒီလို ဆိုင်းဘုတ်ချိတ်ပြီး အတိအလင်း ဆန့်ကွက်တာ ပထမဆုံးကြုံရသည်မို့ မျက်နှာပူသလိုလို၊ အားနာသလိုလိုလည်း ခံစားနေရ၏။ သူတို့တွေကလည်း သူတို့ပဲမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



အသံချဲ့စက်မပါလျှင် ဘာမှမလုပ်တတ်သလို ဖြစ်နေကြ၏။

ကလေးတွေကာကွယ်ဆေးထိုးဖို့ ဓမ္မာရုံမှာစုတော့လည်း လော်သုံးသည်။ ရပ်ကွက်ထဲ အိမ်ရှေ့မှာ မဏ္ဍာပ်ထိုးပြီး မင်္ဂလာဆောင်တော့လည်း လော်ကမပါမဖြစ်။ ရပ်ကွက်ရုံး အစီအမံနှင့် အရန်မီးသတ်တွေ မီးသတိပြုဖို့ လိုက်နှိုးဆော်တော့လည်း လော်ကြီးက တန်းလန်း. . တန်းလန်း. . ။

ဒီကြားထဲ ဘိန်းမုန့်လှည်းကလည်း လော်အသေးလေးနှင့် ကိုယ်ပိုင်သံစဉ်တွေ လွှင့်တတ်သေးသည်။ ရေခဲမုန့်သည်၊ ထီသည်နှင့် ငှေးသီးသုပ်သည်တို့ကလည်း ပါးစပ်က မအော်တော့။ အားလုံးဆောင်းဘောက်(စ်)တွေ အသံချဲ့စက်တွေ မြိုင်မြိုင်ကြီးသုံးနေကြသည်မို့ ရပ်ကွက်နေ မိဘပြည်သူများမှာ စိတ်ဆင်းရဲ နားဆင်းရဲ ဖြစ်ကြရတာ. . ကာလတာရှည်ကြာခဲ့ပြီ မဟုတ်လား. . . ။

ဘာတွေဘယ်လို ဖြစ်နေသည်မသိရသည့် လောကကြီးထဲ ကိုယ့်လော်ကိုယ်ပိုက်၊ ကိုယ့်မိုက်ကိုယ်ခဲပြီး. . ထင်တိုင်းကျဲနေတာပဲ ကောင်းလိမ့်မည်။

“ဟုတ်ကဲ့. . ကျွန်တော်များ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးရဲ့ ပျက်စီးယိုယွင်းနေတဲ့ အမိုးနဲ့ကြမ်းခင်းများ ပြုပြင်ဖို့ ကျွန်တော်တို့ အလှူခံအဖွဲ့ အကျိုးဆောင်ထွက်လာကြခြင်း ဖြစ်ပါတယ်ခင်ဗျာ”

နောက်ထပ် ကန်တော့ပါသေးရဲ့ ဆိုင်းဘုတ်တွေ မတွေ့သည့်အတွက် ဦးအောင်ကျော် အသံပြန်ထွက်လာသည်။

“ပါရမီရှင် သူတော်စင်ကြီးများရဲ့ တစ်ကျပ်တစ်ပြား အမြတ်ထားလို့ လှူဒါန်းမှုအစုစုနဲ့ သာသနာအကျိုး သယ်ပိုးနေကြခြင်း ဖြစ်ပါတယ်ခင်ဗျာ”

တစ်အိမ်တက်ဆင်း ခွက်ထိုးခံရင်း နေပြင်းပြင်းအောက်မှာ လမ်းလျှောက်ခဲ့ကြတာ တစ်နာရီကျော်လောက် ရှိခဲ့ပြီ။ နောက်လမ်းသွယ်တစ်ခုအတွင်း အလှူခံအဖွဲ့ ဝင်လာခဲ့ကြသည်။





“ဟုတ်ကဲ့. . မရှိလို့မလှူ မလှူလို့မရှိဆိုတဲ့ သံသရာ ဝဲဩဃကြီးထဲက လွတ်ကင်းဖို့အရေး ငါးဆယ်၊ တစ်ရာနဲ့ အလှူရှင်အဖြစ်ခံယူလိုက်ကြပါဦးခင်ဗျာ၊ ငါးဆယ်ပဲလှူနိုင်လို့ ဝမ်းနည်းစရာ အကြောင်းမရှိပါဘူး”

ဘာနှင့်ဘယ်လို ဆက်နွယ်နေသည်မသိ၊ အလှူခံအသံ ထွက်လာပြီး၊ ကြေးစည်ရိုက်သံကြားသည်နှင့် ခွေးတွေဝိုင်းအူကြတော့သည်။ ခွေးအူတာကတစ်မျိုး လော်ဆူတာတစ်မျိုးနှင့် လမ်းထဲကလူတွေ အဆွေးပျက်သွားမှာတော့ သေချာသည်။ သို့သော် မတတ်နိုင်၊ ဆော်ဩဖို့ တိုယ့်တာဝန်မဟုတ်လား. . . ။

“ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးရှိတယ်ဆိုတဲ့ စကားပမာလိုပေါ့ခင်ဗျာ. . ၊ နည်းရောင်း များရောင်း ဆောင်းပြည့်ဆိုဘိသကဲ့သို့ မိုးရွာခိုက် ရေခံလိုက်ကြပါဦးခင်ဗျာ. .”

“ဝူး. . အူ. . အူ. . ဝုတ်. . ဝုတ်. . ဝုတ်. . ဝူး. . .”

“ဟဲ့ခွေး. . ဟဲ့ခွေး. . .”

အူသံ၊ လှူသံ၊ ခွေးမောင်းသံတို့နှင့် စည်ဝေနေခိုက်. . .

“ဗျို့. . သာသနာ့အကျိုးတော်ဆောင်ကြီး ခဏရပ်ပါဦး. .”

သူတို့အဖွဲ့ကိုရပ်ခိုင်းသည့် အသံဩဩကြီး ကြားလိုက်သည်နှင့် လူငယ်တွေ ဖလားကိုင်ကာ ပြေးကြတော့သည်။ ဆိုက်ကားတန်းသန်း မိုက်တန်းလန်းနှင့် ဦးအောင်ကျော်ရယ် ဒူးနာနေသည့် ဦးဟန်မြင့်ရယ်ပဲ ကျန်ခဲ့၏။

“ကွိုင်ပဲ. . ဘယ်လိုလုပ်ကြမလဲ ကိုအောင်ကျော်. .”

“မီးစင်ကြည့်ကရတော့မှာပဲ ကိုဟန်မြင့်. .”

အလှူခံအဖွဲ့ကြောက်သည့်လူ၊ အိမ်ထဲက ထွက်လာနေပြီ။ ထိုသူက အနည်းငယ် စိတ်ပေါ့သွပ်နေသည့် ခင်မောင်ဆိုသူပင် ဖြစ်သည်။ အပါတ်စဉ် လှူဒါန်းနေသည့် အလှူရှင်ဖြစ်သော်လည်း သူ ရှိသည့် ဒဏ်ကို မခံစားနိုင်၍ လူငယ်တွေ ထွက်ပြေးကုန်ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တန်းကျတော့ ရစ်သည်လည်းမဟုတ်၊ သူ့စိတ်ထဲ ရှိသည့်အတိုင်းပြောတာကို လူကောင်းတွေ မခံစားနိုင်ကြခြင်းသာ ဖြစ်၏။ ဦးအောင်ကျော်လည်း အူကြောင်ကြောင်နှင့် ရပ်မနေချင်၍ အော်နေတျအတိုင်း အော်နေလိုက်သည်။

"ရေဘူးနှင့်ဖိနပ်မပါ နွေအခါမှသိ. .၊ ဒါနနဲ့သီလမပါ သေခါမှသိ ဆိုသလို ဒါနအားကိုးနဲ့ နတ်ပြည်တက်လိုက်ကြပါဦး. . ခင်ဗျာ"

ဦးအောင်ကျော် စကားမဆုံးခင်မှာပင် ခင်မောင် အနားသို့ ရောက်လာသည်။

"ရော့. . . အလှူငွေ. ."

ခင်မောင်က ဟန်မြင့်ကိုင်ထားသည့် ငွေဖလားထဲ ငါးရာတန် တစ်ရွက် လှမ်းထည့်သည်။ ဟန်မြင့်လည်း ခင်မောင့်အား သွားဖြီးလေးနှင့် မျက်နှာချိုသွေး၏။ ဦးအောင်ကျော်လည်း ထုံးစံအတိုင်း ဆုမွန်ခြွေရပြန်သည်။

"သာဓု. . သာဓု. . သာဓုပါ. . ခင်ဗျာ၊ ကိုခင်မောင်ကလည်း အပါတ်စဉ် အပါတ်စဉ်ဆိုသလို အမြဲလှူနေတဲ့ နိဗ္ဗာန်ခရီးသွားတစ်ယောက်ပါ ယခုတစ်ပါတ်မှာလည်း အနန္တော အနန္တငါးပါး ဦးထိပ်ထားပြီး အလှူတော်ငွေက ငါးရာပါတဲ့ခင်ဗျာ. .၊ သာဓု. . သာဓု. . သာဓု ယခုကဲ့သို့ အလှူဒါနပြုရသည့် ကုသလကြောင့် ပစ္စုပ္ပန်ကာလမှာလည်း လူချမ်းသာဖြစ်ပြီး တမလွန်မှာလည်း နတ်ချမ်းသာဘဝ ရရှိနိုင်ပါစေ ခင်ဗျာ. . ."

"ဟီး. . ဟီး. . ဟီး. . ကောင်းတယ်၊ အဟီး. . ကျုပ်သေရင် နတ်ဖြစ်မှာနော်၊ ခင်ဗျား အာမခံသလား. ."

"ဟင်. . အဟား. . ဟဲဟဲ အာမခံပါတယ် ကိုခင်မောင်ရယ် အာမခံပါတယ်၊ ခင်ဗျားသေရင် တကယ်နတ်ဖြစ်မှာ ဂရန်တီပေးတယ် ဗျာ. . ဟဲဟဲ'

"သာဓုဗျာ. . သာဓု. . သာဓု. ."



အလှူရှင်က သာဓုပြန်ခေါ်နေ၍ အလှူခံပုဂ္ဂိုလ် ဦးအောင်ကျော် ပါးစပ်ပိတ်ပြီး အသာထွက်လာခဲ့၏။ ခင်မောင် နတ်သားဖြစ်မည်ဆို၍ အကြည်ဓာတ်နှင့် အပီနှပ်ပြီး ပြုံးစိစိ မျက်နှာပေးနှင့် ကျန်ခဲ့၏၊ ထိုစဉ် ရုတ်တရက် သတိရလာဟန်နှင့် ရေးကြီးသုတ်ပျာ ပြေးလိုက်လာတော့သည်။

"ဗျို့. . မိုက်ကိုင်တဲ့လူကြီးနဲ့ ခွက်ကိုင်တဲ့လူကြီး. . ခဏ. . ခဏ"

အော်သံကြား၍ လှည့်အကြည့်မှာ ပြေးလိုက်လာသည့် ခင်မောင့်ကိုတွေ့လိုက်၍ ဓမ္မာရုံအကျိုးဆောင်ကြီးများ အထိတ်တလန့် ဖြစ်သွား၏။

"ဘာတုန်းဗျ ကိုခင်မောင်ရ. . ."

"ဟိုဒင်း ကျုပ်လှူတာ သေချာပေါက် နတ်ပြည်ရောက်မှာနော်"

"သြော်. . သေချာပါတယ် ဆိုနေမှဗျာ. ."

ခင်မောင်ရစ်သမျှ ဦးအောင်ကျော် ညစ်ပြီးဖြေနေသည်။ အကြောင်းသိ လမ်းသွားလမ်းလာများက ပြုံးစိစိနှင့် ငေးသူငေး ရပ်ကြည့်သူကြည့်နှင့် စည်းကားစပြုလာ၏။

"အေးဗျာ. . ကျုပ်စိတ်ပူနေတာ၊ ဘာတွေပြင်ဆင်ထားရမလဲ ဟိုရောက်ရင် အဆင်ပြေပါ့မလား တွေးနေတာ. ."

"ဗျာ. . ဘာ. . ဘာတွေများ တွေးနေတာလဲ ကိုခင်မောင်ရာ"

ခင်မောင်နှင့်အတူ သူပါရူးသွားလျှင် ကောင်းလေစွဟု ဦးအောင်ကျော် တောင့်တမိတော့သည်။

"အတ္တာဗျာ. . နတ်ဖြစ်ရင် နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာနဲ့ စံစားရမှာ မဟုတ်လား၊ အဲဒါ ကျုပ်နိုင်ပါ့မလားလို့. ."

"ဟမ်. ."

ကိုယ်တော်ချောက နတ်သမီးတွေ အများကြီးနှင့် စိတ်ကူးထဲမှာ ပေါင်းသင်းပြီးသွားဟန်နှင့် ပြောလာတော့ ဦးခင်မောင်မှင့် ကိုဟန်



www.burmeseclassic.com

www.burmeseclassic.com



မြင့်တို့ စိတ်ရောလူပါ အညစ်ကြီးညစ်သွားကြရသည်။ ဒီတော့. . အရှဲ့တိုက်ပြီး ဖြေမိ၏။

"အင်း. . ဒါက ဒီလိုရှိပါတယ်၊ အားဆေးသောက်ပေ့ါဗျာ Top Roll တို့ အင်နာဗွန်စီတို့ ရှိတာပဲဟာ. . "

"ဟာ. . ခင်ဗျားကလည်း ဘာတွေပြောနေတာလဲ ကျုပ်က လင်မယားတွေရန်ဖြစ်ရင် နိုင်ပါ့မလားလို့ မေးတာ. . "

"ဟမ်"

ခင်မောင် ရှစ်ချက်က ကမ်းကုန်နေပြီ။ ရပ်ကြည့်နေသူများထံမှ ရယ်သံတွေ ထွက်လာ၏။ ဦးအောင်ကျော် မျက်နှာကြီးနီလာပြီ။ အရှုးက တစ်မူးသာဆိုတာ ဒါမျိုးပဲဖြစ်လိမ့်မည်။

"အေးလေ. . ကျုပ်လည်း ရန်ဖြစ်တဲ့ကိစ္စပဲပြောတာပါ၊ အားဆေးသောက်မှ အားရှိမှာ. . အားရှိမှ ဒီနတ်ကောင်မတွေကို နဘန်းကျင်းနိုင်မှာပေ့ါဗျ"

"အဟီး. . ဒါလည်း ဟုတ်တာပဲနော်၊ သောက်မယ်ဗျာ. . သောက်မယ်. . ခုထဲက ကြိုသောက်ထားလိုက်မယ်"

"သောက်. . သောက်. . ၊ ကဲ. . သွားမယ်. . "

"သွား. . သွား. . "

နောက်တစ်ခါ 'ဒီလမ်းထဲကို လုံးဝအလှူမခံဘူး'ဟု စိုးလွင်လွင်၏ သီချင်းအား ဖျက်ဆိုရမလိုဖြစ်နေပြီ။ ဦးအောင်ကျော် ရှက်အားပိုဒေါပွပြီး ဆိုက်ကားမာစတာအား လက်ပြလိုက်၏။ ဆိုက်ကားအရွေ့မှာ သူလည်း နောက်ကလိုက်သည်။ ဆိုက်ကားဘီး သုံးလေးပတ်ပဲ လှိမ့်ရသေးချိန်မှာ. . .

"ဟေ့. . ဟေ့. . ဟေ့လူတွေ. . ပိုက်ဆံပြန်အမ်းဦးလေဗျာ၊ ကျုပ် ငါးရာတန်ပေးထားတာ စပယ်ယာလို အမေ့ခံမသွားနဲ့"

"ဟမ်. . "

ဦးအောင်ကျော်တို့သုံးယောက်လုံး ခြေလှမ်းတွေ တုန့်သွားကာ





နောက်ပြန်လှည့်ကြည့်မိကြ၏။

"ခင်ဗျား ငါးရာလှူတာ မဟုတ်ဘူးလား. . "

"မဟုတ်ဘူး သုံးရာပြန်အမ်း၊ ကျုပ် လက်ဖက်ရည် မသောက်ရသေးဘူး"

"ဟာ. . အလှူခံကို ဘဏ်မှတ်ပြီး အကြွေလာလဲနေတာကိုး၊ . . ဟန်မြင့် အမ်းလိုက်စမ်းပါကွာ. . "

ဦးအောင်ကျော် ဗျစ်တောက်ဗျစ်တောက်ပြောပြီး ပိုက်ဆံပြန်အမ်းခိုင်းလိုက်၏။ အရှုးပါးက အကျီးတော်ဆောင်တွေရဲ့ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး. . .

"ဘာလဲ. . ငြိုငြင်တာလား. . "

"ဗျာ. . အဲ. . ငြိုငြင်စရာလား ကိုခင်မောင်ရာ၊ သာသနာ့အထမ်း လုပ်ကြတာပဲဟာ"

"ငါးရာမလှူတော့လို့ နတ်ပြည်မရောက်အောင်တော့ မလုပ်နော်. . "

"ဟာ. . လုပ်စရာလား၊ ကဲ. . ကဲ. . သွားမယ်နော်. . "

"ထပ်ဆုတောင်းပေးဦးလေ. . "

"ဟမ်. . အင်း. . အင်း. . ဟုတ်ကဲ့ အလှူဒကာကြီးကိုခင်မောင်ကလည်း သဒ္ဓါမြတ်စွာနှင့် နှစ်ရာကျပ် လှူဒါန်းပါတယ် ခင်ဗျာ၊ ကျေးဇူးရ ဒါနကုသိုလ်ကြောင့် နိဗ္ဗာန်မရောက်ခင်စပ်ကြား နတ်ပြည်မှာစံနိုင်ပါစေဗျာ. . "

ကိုခင်မောင် ပီတိဖြစ်သွားသလို မိန့်မိန့်ကြီးပြုံးရင်း ဦးအောင်ကျော်လက်ထဲမှ မိုက်ကိုလုယူ၍. . .

"အဟီး. . သာဓု. . သာဓု. . သာဓု၊ ခင်ဗျားတို့ အလှူခံတွေလည်း နတ်သားမဖြစ်ပေမယ့် နတ်ပြည်ဂိတ်ပေါက်စောင့်တဲ့ လုံခြုံရေးကောက်တော့ ဖြစ်မှာပါဗျာ၊ အားမငယ်နဲ့. . သိလား. . အဟီးဟီးဟီး"

အနီးအနားကလူတွေ လှုရှင်တော်စတားကြည့်ရသလို ဝက်



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကွဲ ရယ်မောကြ၏။ ဦးအောင်ကျော် မျက်နှာကြီးနီရဲအောင် ရှက်နေမိသည်။ သူနှင့်ဖက်ပြိုင်ပြီး ဖြစ်ရအောင်လည်း တန်းမတူသည့် ကြိတ်မှိတ်သည်းခံရင်း. . .

"မိုက်လေး ပြန်ပေးပါဦး ကိုခင်မောင် ခရီးဆက်ရဦးမှာ ခ တော့. . "

"ဩော်. . ဟုတ်ပ. . ရော့. . ရော့ နည်းနည်းလျှော့အေ နော် လိပ်ခေါင်းထွက်နေဦးမယ်. . "

အင်း. . အပွဲပွဲ နွှဲလာသမျှ ခင်မောင်နှင့်ကျမှ နှပ်ပစ်ခံရ ခြင်းဟု တွေးကာ တနုံ့နုံ့ဒေါသထွက်နေသည်မို့ ဦးအောင်ကျော် ဘ ဆိုဘာမှ မအော်တော့ဘဲ ဝစီပိတ် အလှူခံထွက်ခဲ့၏။ လမ်းဆုံးမှာရ စောင့်နေသည့် အလှူခံဖလားကိုင် လူငယ်တွေ ပါးစပ်မစေ့နိုင် ဖြစ် ကြ၏။

"ဟား. . ဟား. . ဟား. . ဦးအောင်ကျော် အလဲထိုးခံလိုက် တာ ပိုးစိုးပက်စက်ပါပဲလားဗျာ၊ လော်ကနေ အကုန်ကြားနေရတာ တ ရပ်ကွက်လုံး ရယ်မဆုံးဘူး. . ဟားဟားဟား. . . "

"နောက်အပတ် အဲ့ဒီလမ်းထဲ အလှူခံဖို့ မင်းတို့ပဲတာဝန် ငါမလိုက်ဘူး"

"ဟာ. . ဘယ်ဖြစ်မလဲဗျာ ကျွန်တော်တို့ နတ်ပြည်ဂိတ်ပေါ စောင့်တော့ မလုပ်နိုင်ဘူး. . ဟားဟားဟား . . "

ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သူ ကိုခင်မောင်ကြောင့် အလှူခံခ က ရယ်သံမောသံ သောသောညံခဲ့၏။ လူတစ်စု ပူမူရယ်တဲ့ ဆယ်ကုဋေ ဆိုသလို. . . အလှူခံ ခရီးစဉ်တစ်ခု အမှုရယ်တဲ့ တစ်ပုံတပင် ဟုသ မှတ်တမ်းတင်ရတော့မည်လေ။

ဋ ဋ ဋ ဋ





**ကျော်**စွာက လာရောက်ငှားရမ်းသည့် အချိန်တစ်ရာဝင် အိုး ကြီးထဲ ဟင်းလိုက်ချိုင့်သုံးလုံး၊ ယောက်ချိုသုံးချောင်း၊ အလယ်တည် ဟင်းရည်ထည့် ပန်းကန်ကြီး ငါးလုံး၊ လိုက်ပွဲထည့် ပန်းကန်ကြီး ငါးချပ်၊ နှစ်ပြင်ပန်းကန် အလုံးသုံးဆယ်တို့ကို အသေအချာ ရေတွက်၍ ထည့် ပေးသည်။ ဘောက်ချာဖြတ်ပေးသည်။

ပစ္စည်းလာငှားသူ လူငယ်နှစ်ယောက်နှင့်အတူ ဒန်အိုးကြီးကို ထမ်း၍ ပစ်ကပ်ကားလေးပေါ် တင်ပေး၏။ ကားထွက်သွားမှ အိမ်ထဲ ပြန်ဝင်ခဲ့သည်။ ဖော့ပြားတွေ ထွင်းဖေါက်ပြီး စာလုံးဖေါ်နေသည့် မင်းရဲ က အလုပ်မလုပ်ဘဲ ဂျာနယ်ဖတ်နေ၏။

လာမည့်စနေနေ့တွင် ကျင်းပမည့် မင်္ဂလာဆောင်အတွက် ကျောပ်နဖူးစီး ဆိုင်းဘုတ်အဖြစ် ပုံဖေါ်မည့် စာလုံးတွေက သူ့နားမှာ ပြန့်ကျဲလျက်ရှိသည်။

"ဟေ့ကောင် အလုပ်တော့ ပြီးအောင်မလုပ်ဘူး အဲဒါညနေ ဘာယူမှာ"

"အေးပါ. . ငါသိပါတယ်၊ ဒီမှာ သတင်းက ထူးလွန်းလို့. . "

"ဘာထူးလို့လဲ၊ သမ္မတ. . ရာထူးက နှုတ်ထွက်သွားပြီလား"

"မဖြစ်နိုင်တာတွေ တွေးမနေပါနဲ့ကွာ၊ ဒီမှာ ရော်နယ်ဒို ဘော ရာရပြီး မကစားနိုင်အောင် ဂါနာမှော်ဆရာတစ်ယောက်က လုပ်လိုက် တာတဲ့ကွ. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . ."

အထူးအဆန်းသတင်းမို့ ကျော်စွာ အံ့ဩသွားပြီး မင်းရဲလ
မှ ဂျာနယ်ကို ဆွဲယူကာ ဖတ်ကြည့်လိုက်၏။

"ဂါနာမှ မှော်ဆရာ 'နာနာကွာ ကူဘွန်ဆမ်'က ၄င်းသ
ဖီဖာကမ္ဘာ့အကောင်းဆုံးဆုရှင် စီရော်နယ်ဒိုကို ဒဏ်ရာရအောင်. .
အောက်လမ်းနည်းဖြင့် စီရင်ထားခြင်းဖြစ်ကြောင်း ဂါနာ ရေဒီယို Ang
FM နှင့် တွေ့ဆုံခန်းတွင် ပြောကြားလိုက်သည်။" တဲ့. . .

"ဟား. . သတင်းက တကယ့်ကို အဆန်းပါလား. ."

"အဲ့ဒါကြောင့် အလုပ်ခဏနားပြီး ဖတ်နေရတာပေါ့ကွ"

သတင်းက ဆန်းလည်းဆန်းသလို. . . ကြောက်စရာလည
ကောင်းနေသည်။

ဘွန်ဆမ်က ခွေးလေးကောင် အသုံးပြုကာ အထူးဝိညာဉ်တ
ကောင် ဖန်တီးပြီး အောက်လမ်းအစီအရင်များနှင့် ဒဏ်ရာရအော
ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဂါနာအသင်းနှင့် ခြေစ
ပွဲမှာ ရော်နယ်ဒို မပါဝင်နိုင်ခြင်းဖြစ်ကြောင်း ကြွားဝါပြောဆိုခဲ့သည

"တကယ်ပဲ စွမ်းတာလား မသိဘူးနော်"

"စွမ်းလို့ဖြစ်မှာပေါ့ကွ၊ ကမ္ဘာသိ ကြေညာချက်ထုတ်ပြန်ထာ
တဲ့ဟာ. ."

-"တကယ်သေချာရင် အဲဒီနတ်ဆရာကိုငှားပြီး အလုပ်အပ်ချ
တယ်ကွာ. ."

"ဘာလဲ. . မင်း မိန်းမရအောင် အောက်လမ်းနဲ့ စီရင်ခိုင
မလို့လား"

"မဟုတ်ပါဘူးကွာ. . . လက်ရှိဟိုတစ်ဖွဲ့လုံး ပြုတ်သွားအော
လုပ်ကြည့်ချင်လို့ပါကွ မင်းရဲရ. ."

"ဟာ. . ဟေ့ကောင် ကျော်စွာ. . ကိုယ့်ဟာကိုယ်အေးအေ
ဆေးဆေး ဒန်အိုးငှားစားတာ ကောင်းပါတယ်ကွာ၊ ဒါမျိုးတွေ မပြေ





ရဘူးလေ နံရံတိုင်းမှာ နားရှိတယ်ကွ"

"ရှိ. . ရှိကွာ၊ အခြေခံဥပဒေမှာ ကိုယ်ယုံကြည်ရာ လွတ်လပ်
စွာ ပြောဆိုခွင့်ဆိုတာ ရှိပြီးသား. ."

"အေး. . အဲ့ဒီအခွင့်အရေး ရှိသလို ငြိမ်းစုစီ ပုဒ်မ(၁၈)နဲ့ နိုင်ငံ
တော် အကြည်ညိုပျက်စေမှု (၅၀၅)ကလည်း အဆင်သင့်ပဲနော်"

တကယ်တော့ အောက်လမ်းဆိုတာ နိုင်ငံတိုင်းမှာ ရှေးဟောင်း
ပညာရပ် လက်ကျန်အမွေအဖြစ် လူနည်းစုက ထိန်းသိမ်းထားဆဲသာ
ဖြစ်သည်။ ထိုအထဲတွင် အာဖရိက အောက်လမ်းပညာကတော့ အား
ကောင်းစွာရှင်သန်နေဆဲပင် ဖြစ်၏။ နတ်ကိုးကွယ်မှု ကျန်ရှိနေသေး
သည့် ဒေသများတွင် မှော်ဆရာတွေ အောက်လမ်းဆရာတွေလည်း
ခေတ်ကောင်းနေမြဲပင်ဖြစ်သည်။

"အလကားပါကွာ. . . အဲလိုသာ လုပ်လို့ရရင် ဟစ်တလာ
လည်း ပေါ်လာမှာမဟုတ်သလို၊ အာဆတ်လည်း သမ္မတအဖြစ် ထပ်
အရွေးခံရမှာ မဟုတ်ဘူး. ."

"အေး. . အဲဒီလို အမှန်ကို သိထားဖို့ပဲလိုတယ်. . ငါကတော့
ရော်နယ်ဒိုသတင်းထက် မေမြတ်နိုးလေးသတင်းပဲ စိတ်ဝင်စားတယ်
ကွာ. ."

"မင်းက နှာခေါင်း အရောင်ရင့်တာကိုး. . ဒါပဲတွေးမှာပေါ့"

"အေး. . ကြိုက်သလိုပြော ဘာပဲဖြစ်ဖြစ် မြန်မာ့ဂုဏ်ဆောင်
တဲ့သူကို အားပေးရမှာပဲ. ."

မင်းရဲနှင့်ကျော်စွာ အရေမရ အဖတ်မရ စကားများနေခိုက်
အိမ်ရှေ့သို့ ကောင်မလေးနှစ်ယောက် လာရပ်တာ တွေ့လိုက်၏။

"ဘာကိစ္စလဲ ညီမ. . ပစ္စည်းငှားမလို့လား. ."

"ဟုတ်ကဲ့. . ရွက်ဖျင်တဲ ငှားချင်လို့. ."

"လာလေ ညီမ. . အထဲဝင်ခဲ့. ."

လှတပတတစ်ယောက်နှင့် ရွက်ကြမ်းရေကျိုလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်တွဲထားသည့်ဆိုင်ထဲ မဝံ့မရဲနှင့် ဝင်လာကြသည်။

"ရွက်ဖျင်တဲက အကြီးနဲ့ အလတ်နှစ်မျိုးပဲရှိတော့မယ်၊ ဘာအတွက် သုံးချင်တာလဲ"

"နာရေးပါ. . အိမ်ရှေ့မှာ တဲထိုးထားမလို့. ."

"ဩော်. . စိတ်မကောင်းပါဘူး ဘာတော်လဲ. ."

"အဘွား ဆုံးသွားလို့. ."

"ဒါဆို အကြီးတစ်လုံး အလတ်တစ်လုံး ယူသွားလေ၊ နာရေးအတွက် အထူးလျှော့ဈေး၊ တစ်ရက်ကို တစ်လုံးသုံးထောင်နဲ့ ပေးလိုက်ပါ့မယ်. .၊ မှတ်ပုံတင်ပါလား. . ဘယ်လမ်းကလဲ ညီမ"

"သုမာလာ(၂)လမ်းကပါ၊ ဒီမှာ မှတ်ပုံတင်"

ကျော်စွာ မှတ်ပုံတင်လှမ်းယူပြီး ဘောက်ချာဖွင့်ပေးလိုက်သည်။ နာမည်လေးက သက်မှူးပိုင်တဲ့. .၊ လူရောနာမည်ပါ လှသည့်ကောင်မလေးက. . .

"ပိုက်ဆံ ကြိုပေးရတာလား"

"စရံတစ်ဝက် တစ်သောင်းခွဲလောက်ပေးခဲ့လေ၊ ဘာနဲ့သယ်မှာလဲ. ."

"ဆိုက်ကား လာလိမ့်မယ်"

ပြောစရာစကား ကုန်သွားပြီမို့ ခေါက်သိမ်းထားသော ရွက်ဖျင်တဲနှစ်လုံး ထုတ်ယူကာ အပေါက်ဝတွင် ချထားပေးလိုက်၏။ ခဏနေတော့ ဆိုက်ကားနှစ်စီးရောက်လာပြီး တဲတွေသယ်ယူကာ ကောင်မလေးများ ပြန်သွားကြသည်။

"မေမြတ်နိုးကို လှမ်းကြောင်နေမယ့်အစား အရပ်ထဲကဟာလေးတွေ ဆွဲစေ့မှ နေ့ဖို့ညစာ သေချာမှာနော်"

"အင်း. . မင်းပြောတာ ယေဘုယျအားဖြင့် မှန်ပေမယ့် ရင်ခုန်ဟာတ်ထိမယ့်ဟာမျိုး မတွေ့သေးပါဘူးကွာ. . ."

"သူတောင်းစားလက်နဲ့ ဘုဖေး ဝင်နှိုက်ချင်တဲ့ကောင်၊ စားရေ





ဖို့ထက် ငတ်သေဖို့က ဖြစ်နိုင်ခြေပိုများနေပြီနော်၊ သတိထား. . မင်းရဲ ငှက်ပျောတုံး ဖက်နေရမယ်"

"ပူစရာမလိုပါဘူးကွာ၊ ဟင်းမကောင်းတဲ့အခါ အဆာခံပြီး စားလိုက်ရင် အားလုံးဂွတ်သွားမှာပဲလေ. .၊ ထမင်းပေါင်းမရရင် ဝက်သားတုတ်ထိုးနဲ့စားလည်း ဗိုက်ဝတာပါပဲ"

မင်းရဲ၏ အဆာခံဒဿနကြောင့် သဘောတကျ ရယ်ရင်း. . ဒီနေ့အတွက် အငှားစာရင်းနှင့် ဝင်ငွေစာရင်းကို ပေါင်းနေလိုက်သည်။ ကျော်စွာနှင့် ဦးအောင်ကျော်တို့ ဘဝထဲသို့ မင်းရဲ ဝင်လာသဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေကာ သိုက်သိုက်ဝန်းဝန်းလေး ဖြစ်လာခဲ့သည်။

အမိမဲ့သား ရေနည်းငါး ကျော်စွာအား ဦးအောင်ကျော် အသံချဲ့စက်ငှားရမ်းခြင်းလုပ်ငန်းနှင့် စောင့်ရှောက်လာခဲ့တာ ကျော်စွာပင်အဝေးသင်နှင့် ဘွဲ့ရခဲ့ပြီးဖြစ်သည်။ အဖေ့လက်ငုပ် အလုပ်အကိုင်ကိုပင် တိုးချဲ့ကာ ဆောင်းဘောက်(စ်)များ ထပ်ဖြည့်၊ ဒန်အိုးကြီးတွေ ပန်းကန်ခွက်ယောက်တွေဝယ်နှင့် အင်အားဖြည့် တင်းခဲ့သည်။ ခုချိန်မှာတော့ ရပ်ကွက်ထဲက သာရေးနာရေးပွဲ မင်္ဂလာဆောင်တို့အတွက် လိုအပ်သမျှပစ္စည်းများကို ငှားရမ်းနိုင်သည့် လုပ်ငန်းကြီးဖြစ်လာခဲ့ပြီ။

တစ်ရက်ဝင်ငွေ နှစ်သောင်းနှင့် သုံးသောင်းကြားရှိနေပြီမို့ သားအဖနှစ်ယောက် အဆင်ပြေပြေ လူတန်းစေ့ နေနိုင်ခဲ့ပြီဖြစ်သည်။ အခုဆို အဖေက အဖိတ်နေ့၊ ဥပုသ်နေ့၊ အခါကြီးရက်ကြီးများနှင့် အလှူခံကျောင်းမှ ဖိတ်သည့်နေ့များဆိုလျှင် မအားတော့။ မိုက်ကိုင်ပြီး ဟောရပြောရ အလှူခံရနှင့် မအားလပ်တော့။ သူ ဝါသနာပါရာ လုပ်ပါစေတော့ဟု သဘောထားကာ လွတ်လပ်ရေး ပေးထားလိုက်ပြီ ဖြစ်သည်။

ထိုစဉ်. . အဖေ မောကြီးပန်းကြီးနှင့် ပြန်လာ၏။ ရေတစ်ခွက်သောက်ပြီး နာရေးယပ်တောင်နှင့် တဖြတ်ဖြတ်ယပ်ခတ်ရင်း မြေပစ်ထက်ပစ်ထိုင်လိုက်သည်။

"အဖေ ဘာဖြစ်လာလို့လဲ. . ."

www.burmeseclassic.com

"ခွီးတဲ့မှ ပြောတောင်မပြောချင်ဘူး တကယ်ပဲ"

ပြောတောင် မပြောချင်ဘူးဆိုလျှင် အနည်းဆုံး စီဒီတစ်ချပ်စာ လောက်တော့ ပြောမှာ သေချာနေသည်မို့ ကျော်စွာ စာအုပ်ပိတ်ပြီး အဖေ့နား ဝင်ထိုင်လိုက်သည်။ မင်းရဲလည်း စာလုံးဖေါက်ရင်း နားစွင့် နေလေ၏။

ဦးအောင်ကျော်က 'အသံချဲ့စက် အသုံးပြုသော အလှူခံများ အားလုံး ကန်တော့ပါသေးရဲ့' ဆိုသည့် ဆိုင်းဘုတ်မှစပြီး စိတ်မနှံ့သည့် ခင်မောင် ရစ်သည့် အဖြစ်အဆုံး. . အားလုံးကို ဖေါက်သည်ချတော့ သည်။ ကျော်စွာနှင့် မင်းရဲမှာ တခွိခွိနှင့်ရယ်တာကို အနားမသတ်နိုင် ဖြစ်နေကြ၏။

"ဒီတစ်ခါ အဖေ နောက်ကောက်ကျခဲ့တာပေါ့. . ဟုတ်လား"

"အေး. . အဲဒါကြောင့် မပြောချင်ဘူးလို့ ပြောတာ. ."

"အသံချဲ့စက်သုံးတာနဲ့ ပတ်သက်ပြီး တစ်ရပ်ကွက်လုံး ဟို ဆိုင်းဘုတ်တင်လိုက်ရင် အဖေတို့ဘာဆက်လုပ်ကြမလဲ"

ကျော်စွာ မေးခွန်းကြောင့် ဦးအောင်ကျော် မျက်နှာကျက်ကို မော့ကြည့်ကာ စဉ်းစားခန်း ဝင်နေလေ၏။ မီးချောင်းနှင့် မျက်နှာကျက် တွဲကာ အိမ်ဖွဲ့ထားသည့် ပင့်ကူအိမ်မှ ကြိုးတန်းလန်းနှင့် စပိုက်ဒါတစ် ကောင် ခုန်ချလာသည်။ သူ့ကြိုးသူတွယ်တက်ရင်း သူ့အိမ်ထဲ ပြန်ဝင်လို့ ရအောင် ကြိုးစားနေရှာသည်။

မလျှော့သော ဇွဲလုံ့လနှင့် ကြိုးစားတော့လည်း နောက်ဆုံးမှာ အောင်ပန်းဆင်နိုင်တော့၏။ ထိုအောင်မြင်မှုကိုကြည့်ပြီး ဦးအောင် ကျော် အတွေးသစ် စဉ်းစားလို့ရသွားသည်လား မသိ။ ပင့်ကူထံမှအ ကြည့်ကို ရုပ်သိမ်းပြီး. . .

"လော်ကို မသုံးလို့တော့ မရဘူးကွ၊ တချို့က သူတို့ လှူနိုင် တန်းနိုင်တယ်. . ဘယ်လောက်တောင် လှူလိုက်တယ်ဆိုတာ လူသိစေ ချင်ကြတာကွ၊ ကြွားတဲ့သဘောပေါ့ကွာ. . ကုသိုလ်ဒါနပြုတာ မဟုတ်





ဘဲ အတ္တပြပွဲ လုပ်နေကြတာ. ."

"ဟားဟားဟား. . ကောင်းလိုက်တဲ့ စကားလုံးဗျာ အတ္တပြပွဲ လုပ်နေကြတာ အမှန်ပဲ၊ ဘယ်လောက်ချမ်းသာလဲ ဘယ်သူပိုလှူနိုင် သလဲဆိုတာ ပြိုင်နေကြတာဗျ"

"သိပ်ဟုတ်တာပေါ့ မင်းရဲရာ အဓိကက မိန်းမတွေပေါ့၊ ရွှေ ဝတ်တာပြိုင်မယ်၊ အဝတ်အစားပေါတာပြိုင်မယ်၊ ဘယ်လောက်စားနိုင် သလဲဆိုတာပြိုင်မယ်၊ အဲ. . နောက်ဆုံးကျ လှူတာတန်းတာပါ ပြိုင်ကြ တော့တာပဲဟေ့. ."






www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အယူလွဲနေကြတာပါဗျာ၊ ဥပမာ ပြောရရင် ရှင်ပြုမှာ သာသနာ့အမွေခံဖို့က အဓိကဆိုတာမေ့ပြီး မဏ္ဍပ်ထိုးဖို့ မြင်းငှားဖို့ ဝက်သားနဲ့ကျွေးဖို့၊ ဆိုင်းနဲ့ဧည့်ခံဖို့ ဆိုတာတွေပဲ အာရုံစိုက်နေတာမျိုး ပေါ့"

"မှန်တယ် ငါ့သား၊ ဒါကြောင့် အလှူခံသီချင်းတစ်ပုဒ်မှာ ပကာသန အလုပ်အကြွေးလျှော့လို့ ဒါနအထုပ်လေးတော့ ရအောင်ယူလို့ ထည့်ဆိုထားတာပေါ့"

ဘယ်ချယ်နယ်ကမှ မလွှင့်သည့် ကျော်စွာတို့၏ အဖိတ်နေ့ Talk (Sunday talk မဟုတ်ပါ) အစီအစဉ်က စိတ်ဝင်စားစရာ ကောင်းလွန်းနေ၏။

"ကုသိုလ်မရတဲ့လှူနည်း၊ ပိုက်ဆံဖြုန်းတဲ့လှူနည်းတွေနဲ့ပဲ ပကာသနကို အရောင်တင်နေကြတာလေ. ."

"ဟုတ်တယ် ဦးလေး ကျွန်တော်တော့ နာရေးကူညီမှုကို စပြီး အသက်သွင်းတဲ့ ကိုကျော်သူရဲ့ အလောင်းထမ်းအလှူကိုပဲ အားကျတယ်ဗျာ. ."

"တစ်ခုတော့ သတိထားအဖေ၊ ခုခေတ်မှာ လူကြီးလုပ်ချင်တဲ့သူတွေများလွန်းလို့ အာသောကမင်းကြီးရဲ့ ရှစ်သောင်းလေးထောင် အလှူတွေလို ဒီမှာလည်း မွှာရုံပေါင်း ရှစ်သောင်းလေးထောင်နဲ့ အကျိုးဆောင်ပေါင်း ရှစ်သောင်းလေးထောင်ဖြစ်နေပြီနော်. ."

"အသံချဲ့စက်သုံးတာ တအားလွန်နေပြီလေ ဦးလေးရဲ့. ."

"ဒီရပ်ကွက်က ပိုဆိုးပါတယ်ကွာ. . ရက်လည်ဆွမ်းသွတ်မှာ မနက်ငါးနာရီလောက်ကြီးထပြီး အမျှဝေတာတောင် လော်နဲ့. ."

"ဒါကြောင့် ဆိုင်းဘုတ်တပ်ပြီး သပိတ်မှောက်ခံရတာ"

"ဟာ. . မင်းတို့ ငါ့ကို ဝိုင်းသမ နေကြတာလား"

စကားလမ်းကြောင်းပြောင်းပြီး လော်ကို ဝိုင်းကစ်ကြသဖြင့် ဦးအောင်ကျော် အရှိုက်ထိသွားသည်။ ဒီတော့လည်း သူနိုင်မည့်ဘက်





ကိုပြောင်းကာ တိုက်စစ်ဖွင့်ကစားဖို့ Line-up ပြောင်းပြီး အသင့်ပြင်လိုက်၏။

"သမတာတော့ မဟုတ်ပါဘူး သတိထားဖို့ ပြောတာပါ"

"ဟုတ်တယ် ဦးလေး. . တော်ကြာ အကျိုးဆောင်တွေ လော်အသုံးမပြုရေးဆိုပြီး ဆန္ဒပြပေါ်ထုတ်တာတွေ ကြုံလာနိုင်တယ်နော်"

"တော်စမ်းပါကွာ အဲဒီလိုကိစ္စမျိုး ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ အရေးအကြီးဆုံးက ငါ ဗိုက်ဆာတယ် ထမင်းစားမယ် ဒါပဲ. ."

ထိုစကားကြောင့် ကျော်စွာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဒီနေ့ ဘာမှချက်မထားမိ၊ သူတို့နှစ်ယောက်တောင် တစ်လှည့်စီ အပြင်ထွက်ပြီး ဝယ်စားခဲ့ကြခြင်းဖြစ်သည်။ စားလို့ရတာ ဘာမှမရှိကြောင်း ပြောဖို့ အခက်တွေ့နေသည်။

"အဲ. . ဟို. . ဟိုဒင်း အဖေအလှူခံထွက်သွားတော့ မွှာရုံမှာပဲ စားခဲ့မယ်ထင်လို့"

"ဟ. . ဒီနေ့ဥပုသ်မှ မဟုတ်တာ၊ ဘယ်လိုလုပ် မွှာရုံမှာ စားမှာလဲ. ."

"သား. . သား. . သွားဝယ်လိုက်မယ်လေ အဖေ ဘာစားချင်လဲ"

"တော်စမ်းပါကွာ ခုမှသွားဝယ်တော့ ဘယ်အချိန်စားရမှာလဲ ဒီကိစ္စကို တို့တွေ ရဲရဲဝံ့ဝံ့ ဖြေရှင်းဖို့ လိုနေပြီကွ. ."

အခွင့်ကြုံခိုက် စင်ပေါ်ရောက်သည့် ဦးအောင်ကျော်က ကျော်စွာအား လှမ်းကြေတော့၏။ လော်ကိစ္စပျောက်သွားပြီး ထမင်းကိစ္စက ရှေ့တန်းရောက်လာသည်။

"ဘာ. . ဘာကို ပြောချင်တာလဲအဖေ"

"အိမ်ထောင်ထိန်းသိမ်းဖို့ကိစ္စ အဆင်သင့်စားဖို့သောက်ဖို့ကိစ္စလေ. ."

ခေါင်းစဉ်ပြောင်းသွားသဖြင့် မင်းရဲလည်း အလိုက်သင့် စကား



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောသည်၊

"ဒီကိစ္စ ပြေလည်ဖို့ဆိုတာ ကျော်စွာနဲ့ ဦးလေးတစ်ယောက်ယောက် မိန်းမယူမှဖြစ်မှာပေါ့. . ၊ အချိန်မှန်စား. . အချိန်မှန် ဝါးချင်ရင် လုပ်စရာက ဒီတစ်ခုပဲ ရှိတာလေ. ."

"ဟော့. . ဟော့. . အဲဒီကိစ္စဆိုရင်တော့ ကျော်စွာလုပ်. ."

"အဖေ သားကို လွှဲမချနဲ့လေ၊ မိန်းမယူရတယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ အဘက်ဘက်က ပြင်ဆင်ထားနိုင်မှ တော်ရုံကျတာ၊ သားအတွက် အချိန်လိုတယ်အဖေ"

ကျော်စွာက ခေါင်းပေါ်တက်လာမည့် အရှုပ်ထုပ်အား ပုတ်ထုတ်လိုက်သည်။

"ဒါဆို ဦးလေး ယူလိုက်. . ."

"ဘာကွ ငါသာ မိန်းမယူချင်မှဖြင့် ငါ့သား ဒီအရွယ်ရောက်တဲ့အထိ စောင့်နေမှာမဟုတ်ဘူး. ."

"ဒါဆို အိမ်ဖော် ငှားလိုက်တော့"

"ယောက်ျားတွေပဲရှိတဲ့အိမ် ဘယ်မိန်းမက လာလုပ်မှာလဲ"

အကြံပေးအရာရှိမင်းရဲ ပြောသမျှ အစပ်မတဲ့သဖြင့် ညစ်နေ၏။ စားရေးသောက်ရေးခက်နေသည့် ကာယကံရှင်နှစ်ယောက်စလုံးက မိန်းမယူဖို့ ငြင်းနေကြသဖြင့် ပြဿနာက မျိုးစောင့်ဥပဒေလို လိပ်ခဲတည်းလည်း ဖြစ်နေတော့သည်။

"ဖြစ်နိုင်ခြေတွေ ဖြစ်တန်စွမ်းတွေကို ထည့်တွက်ရင် မိန်းမယူသင့်တာ ကျော်စွာပဲ၊ ထီပေါက်ဖို့အတွက် ထီလက်မှတ်လိုသလို မိန်းမယူဖို့အတွက် ရည်စားရှိဖို့လိုတယ်"

"ငါ့မှာ ပေးထားချက်တွေ ပြည့်စုံတယ်ပေါ့. ."

"အေးလေ. . မင်းမှာ သျှင်နော် ရှိနေတာပဲ ရှေ့တစ်လှမ်းတိုးလိုက်ဖို့ပဲလိုတာ. ."

"နားစမ်းပါကွာ မင်္ဂလာဆည်ခံပွဲစရိတ်တောင် သိန်းသုံးဆယ်





လောက်ကုန်မှာ"

တစ်ယောက်ယောက် မိန်းမယူရေးကိစ္စက မြန်မာ့ငြိမ်းချမ်းရေးဆွေးနွေးပွဲလို ရှေ့မတိုး နောက်မဆုတ်ဖြစ်နေ၏။ သမာသမတ်ကျသည့် ဒိုင်ဖြစ်လိုဟန်တူသော မင်းရဲက ဒါဆို မဲနှိုက်ဟုပြောကာ အားတက်သရောနှင့် မဲလိပ်လုပ်တော့သည်။

"ကဲ ဗိုလ်ဗထူး တန်ဖိုးနည်းအိမ်ရာလို့ သဘောထားပြီး နှိုက်လိုက်ကြ"

ကျော်စွာလည်း လွတ်လိုလွတ်ငြား ဘုရားတပြီး မဲလိပ်တစ်လိပ်ကို နှိုက်ယူလိုက်သည်။ ထိုမဲလိပ်အား ကျော်စွာ ဖဲပွတ်သလို ပွတ်ကြည့်လိုက်သည်။ စာရွက်တွင် ဘာမှရေးမထား၊ ပလိန်းကြီးမို့ ဝမ်းသာအားရ ထခုန်လိုက်၏။

"ဟား. . ဟား. . ဟား. . ဗလာကွ၊ ငါလွတ်သွားပြီ မင်းရဲ့မဲက နှစ်လိပ်ထဲဆိုတော့ အဖေမဲပေါက်တယ် မိန်းမယူဖို့ အဖေ့တာဝန်ပဲ"

ဦးအောင်ကျော် သူ့မဲလိပ်သူ ဖြန့်ကြည့်၏။ အောင်ဘာလေဆိုသည့် စာလုံးက သူ့အား လှောင်ပြောင်ပျက်ရယ်ပြုနေသလိုလို. .

"ကဲ. . ဦးလေး၊ အလှည့်ကျတော့ မနွဲ့ကြစတမ်းပေါ့ဗျာ ဘယ်သူတို့ ရည်ရွယ်ထားလဲ၊ ဝါးခနိဆိုင်က လုံးကြီးပေါက်လှ မုဆိုးမကြီးလား ဆိုက်ကားအုံနာ အပျိုကြီးလား"

"မင်းအမေသာ မုဆိုးမဆိုရင် ခုချက်ချင်း ဆွဲစိလိုက်မှာ မင်းရဲပေါက်လား"

ဦးအောင်ကျော် ဗလိုင်းကြီး နှိပ်ကွပ်လိုက်သဖြင့် မင်းရဲ အပင်းမိချရသလို နင်သွား၏။ သို့သော် မျက်ခွက်က ပြောင်နေဆဲ. .

"လူကြီးတွေက သင့်တော်မယ်ထင်လို့ စီစဉ်ပေးတာနော်"

"ဟုတ်တယ်အဖေ သားက ဂုဏ်တွေဘာတွေ မမက်ပါဘူး နှိုးနိုးသားသားထဲကဆို သဘောတူမှာပါ"

ကျော်စွာတို့ နှစ်ယောက်ပေါင်း ပြန်ဖဲ့တော့ နဲ့တဲ့တဲ့ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဦးအောင်ကျော်က နောက်ဆုံးပေါ် လက်နက်ဆန်းကို ထုတ်သုံးလိုက်သည်။

"ယူရမယ့်မိန်းမ ခုမှလိုက်ရှာနေလို့ကတော့ မင်္ဂလာပွဲကို ရေဝေးမှာ ကျင်းပရမလိုဖြစ်နေပြီ၊ ဒီတော့ အားလုံးအဆင်ပြေသွားအောင် ငါ့သားရည်စား အဖေ့ကို ခဏငှားပါလားကွာ. ."

"ဗျာ. . ဟာ အဖေ. ."

"အပိုင်မယူပါဘူးကွာ၊ ခြောက်လတစ်နှစ်လောက် ပေါင်းပြီးရင် ပြန်ပေးမှာပါ. ."

ကျော်စွာမျက်နှာက ခါတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဖေါဖေါ သီသီသုံးထားသည့် ကန်စွန်းရွက်ကြော် စားအပြီးမှာ အာဆင်းနစ်ခါတ်သင့်နေသည့် ရေကို သောက်လိုက်ရသလို မအီမလည်နှင့် ရှုံ့တွသွား၏။ မင်းရဲကတော့ ချာလီချက်ပလင်နှင့် မစ္စတာဘီး(န်) ဇာတ်ကားတွေ ကြည့်နေရသလို ဟားတိုက်ရယ်နေတော့သည်။

"ဘာတွေ သဘောကျနေကြတာလဲ. ."

မေးမြန်းစူးစမ်းသံနှင့်အတူ ဝင်လာသည့် သျှင်နော်အား တွေ့လိုက်ရသည့် ကျော်စွာတို့အားလုံး နွေခင်းကြောင်တောင် သွေးစုပ်ဖုတ်ကောင်နှင့် ပက်ပင်းဆုံရသလိုမျိုး ထိတ်လန့်တုန်လှုပ် သွားကြ၏။ သား၏ရည်းစားကို အဖေက ခဏငှားနေခိုက် ထိုမိန်းကလေးရောက်လာတာ တိုက်ဆိုင်မှုပဲလား. . .

"ဟင်. . . သျှင်နော်"

မဖွယ်မရာ ပြောမိသည့် ဦးအောင်ကျော်လည်း မျက်စိမျက်နှာပျက်နေလေပြီ။ သူတို့ပြောတာ မကြားမှန်းသိသော်လည်း စိတ်မလုံသဖြင့် အားတုံ့အားနာဖြစ်နေကြသည်။ ဘာမှမသိရှာသည့် သျှင်နော်ပြုံးပြုံးရွှင်ရွှင်နှင့်ပင် သူတို့နား ရောက်လာသည်။

"ထိုင်. . ထိုင်လေ သျှင်နော်၊ ဘယ်ကလှည့်လာတာလဲ"

"ဒီလိုပဲလေ မနက်ပိုင်း ဈေးတစ်ပတ် ကြွေးတောင်းပြီး ပြန်လာ





သာ. ."

"ကြွေးရော ရရဲ့လား. ."

"ရတဲ့သူလည်းရ၊ ညနေမှလို့ ပြောတဲ့သူပြောပေါ့၊ အာကြမ်းနှုတ်ကြမ်းမှ ဒီကိစ္စက အဆင်ပြေတာလေ. ."

မျက်နှာမပြရဲ ဖြစ်နေသည့် ဦးအောင်ကျော်နှင့် ခွင်ဖန်ပေးချင်နေသည့် မင်းရဲတို့ ပြိုင်တူလို ထရပ်လိုက်ကြသည်။

"အဖေ ဓမ္မာရုံ ပြန်သွားလိုက်ဦးမယ် သားရေ၊ သမီး သျှင်နော်အေးအေးဆေးဆေးနေပြီးမှ ပြန်နော်. ."

"ဟုတ်ကဲ့ ဦး. . ."

"ကျော်စွာ ငါလည်း လက်ဘက်ရည် သွားသောက်လိုက်ဦးမယ် သာမှာဦးမလဲ"

"မမှာတော့ပါဘူးကွာ. ."

ဦးအောင်ကျော်နှင့် မင်းရဲတို့ မာရသွန်ပြိုင်ပွဲ ဝင်သလို အိမ်ထဲထွက်သွားကြ၏။ ကျော်စွာက သျှင်နော်အား တပ်မက်စွာ ကြည့်လိုက်သည်။ ဘဝအကျိုးပေးကောင်းသဖြင့် သျှင်နော်မှာ အောက်ပါအရည်ချင်းများနှင့် အတော်ပင်ပြည့်စုံသည်။ ဆယ်တန်းသာအောင်ခဲ့လျှင် ကျော်ကြီးတွေ ဝန်ဆောင်မှုလုပ်ငန်းတွေက ဝဲ(လ်)ကမ်း ဝဲ(လ်)ကမ်း လုပ်ကြည့် ဒီဇိုင်းမျိုးဖြစ်၏။

ကျော်စွာ စိတ်အဆာပြေ လက်တဲ့စမ်းခဲ့ရာမှ ရည်စားအဖြစ်အတ်တွဲခဲ့ကြတာ ခြောက်လနီးပါးရှိခဲ့ပြီ။ သို့သော် သျှင်နော်အလှက လောင်သည်ဟု ကျော်စွာထင်နေမိသည်။

မြတ်နိုးမှုနှင့် တပ်မက်ခြင်းကို အချိုးချကြည့်လျှင် တပ်မက်စရာကောင်းခြင်းက ရာခိုင်နှုန်း နှစ်ဆယ်လောက် ပိုနေ သာနေမည့် အလှမျိုးသည်။ တွဲသွားတွဲလာ အပြင်ထွက်သည့်အခါတိုင်း အခြားဆေးပင်းသော ယောကျ်ားများ၏ ပြစ်မှားကြည့်ကို ဖေါဖေါသီသီ ရရှိတာလည်း ကျော်စွာ သဘောမကျ။

www.burmeseclassic.com



သို့သော်လည်း အိမ်ထောင်ရေး ပါရဂူဘွဲ့ယူဖို့အတွက် အချင်း ဗေဒဘာသာရပ်အား အထူးပြုလေ့လာရာတွင် သျှင်နော်သည် Oxford ထုတ် ပြဋ္ဌာန်းစာအုပ်တစ်အုပ်လို ပြီးပြည့်စုံသည်။

ဆယ်တန်း(၂)နှစ်ကျ မိန်းမလှတစ်ယောက်အတွက် အသင့် တော်ဆုံးအလုပ်က ယောက်ျားယူဖို့ပဲဖြစ်သည်။ ထိုလမ်းပြမြေပုံအတိုင်း သျှင်နော်ကြိုးစားခဲ့သည်မို့ ကျော်စွာမှာ သူမ၏ တတိယမြောက်ရည်း စားအဖြစ်သာ စာရင်းဝင်ရှာသည်။ ဒါတွေကို မသိ၍တော့မဟုတ် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုစကားသာ ဥပဒေ ပြဋ္ဌာန်းချက်တစ်ခုဖြစ်လျှင် သျှင်နော်အနေနှင့် နောက်ထပ်ရည်းစား (၉၇၇)ယောက် ထားခွင့်ရှိနေသေးသည် မဟုတ်လား။

သျှင်နော်တို့ မိသားစု၏ စီးပွားရေး အခြေအနေမှာ ကျော်စွာ နှင့် ပိန်မသာလိန်မသာ စားနိုင်သောက်နိုင် မရှိမရှား အနေအထား သာဖြစ်သည်။ ကျော်စွာအဖေက နှုတ်ချိုသျှိုတစ်ပါး ဆိုသလို ပီယဝါ စကားပြောက အလျှခံနေသော်လည်း သျှင်နော့်အမေက ငါးစိမ်းသည ပါးစပ်ကို အငှားတပ်ထားသူဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရည်းစားတ ယောက် အနေနှင့်တော့ သျှင်နော်က ပေမီဒေါက်မီ စံချိန်မီသည့် မိ ကလေးတစ်ယောက်သာဖြစ်သည်။

"အဟင်း. . အဖေနဲ့ မင်းရဲတော့ ရှောင်သွားကြပြီ သျှင်နော

"အဲဒါ ဘာဖြစ်လဲ. . "

"ရည်းစားဘဝ လေ့ကျင့်ခန်းအသစ် တက်လို့ရတာပေါ့"

"ဟင်းနော်. . ပြန်သွားလိုက်မှာ. . "

ပြန်မည်ဆိုသူက အနားကပ်လာသဖြင့်. . သျှင်နော် ပခုံး ကျော်စွာ ဖက်ထားလိုက်သည်။ ထို့နောက် သူတို့စကားဝိုင်းက သ ရုံးဝန်ကြီး ဦးအောင်မင်းနှင့် KIA ဘက်မှ ဗိုလ်ချုပ်ဂွမ်မော်တို့ ဆွေး ကြသလိုမျိုး ဖြစ်သွားတော့သည်။

အပေးအယူတွေ၊ ညှိနှိုင်းမှုတွေ၊ တောင်းဆိုမှုတွေ၊ စေ့စပ်



ဆင်မှုတွေနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာသည်။ ကျော်စွာက လမ်းပေါ် မှာ မင်္ဂလာမဏ္ဍပ်ထိုးဖို့ ပစ္စည်းပစ္စယ အစုံရှိသည်ဟု တင်ပြ၏။ သျှင် နော်က မင်္ဂလာခန်းမက တစ်ပြားမှမလျှော့၊ ကျော်စွာက ကြက်ရိုးပေါင်း စုံနှင့် အုန်းနို့ခေါက်ဆွဲကျွေးမည်ပြောတော့ သျှင်နော်က ရွှေပုဇွန်ရေခဲ မုန့်နှင့် ကိတ်သုံးမျိုးဟု ဈေးဆစ်ပြန်သည်။

နောက်သလို ပြောင်သလို အတည်ပြောသလိုလိုနှင့် ရှေ့ရေး ဆွေးနွေးဖြစ်ကြသည်။ နောက်ဆုံးတော့ စစ်အစိုးရ ကျင့်သုံးခဲ့သော နည်းအတိုင်း အချိန်ဆွဲမဟာဗျူဟာကို ချပြကာ အတည်အတန့် စကား ပြောရ၏။

"ဘယ်သူပဲဖြစ်ဖြစ် တစ်သက်မှာ တစ်ခါကြုံရမယ့် မင်္ဂလာပွဲ ကို အကောင်းဆုံးဖြစ်ချင်ကြတာပဲလေ. . ၊ အဲဒီအတွက် ကိုကျော့်ကို ဝိုက်ဆံစုဖို့ အချိန်ပေးပါသျှင်နော်. . "




www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . အဲဒါကောင်းပါတယ်၊ ကိုကျော့်ဘက်က အဆင်သင့်ဖြစ်မှ အမေ့ကို ဖွင့်ပြောမယ်လေ၊ ဒါဆို သိပ်ညှိစရာ မလိုတော့ဘူးပေါ့. . "

သျှင်နော်က သူမဟာဗျူဟာကို လက်ခံလိုက်သဖြင့် ကျော်စွာ သက်ပြင်းရောင်စုံ ချခွင့်ရသွားသည်။ သျှင်နော့်ဘက်က လွန်သည်ဟုတော့ သူမထင်မိပါ။ စစ်တပ်က အာဏာသိမ်းလိုက်ပြီဆိုလျှင် သတ်မှတ်ကာလတစ်ခုအတွင်း ရွေးကောက်ပွဲ ပြန်လုပ်ပေးရမည်မှာ ဓမ္မတာသာဖြစ်သည်။

သမီးရည်းစားဘဝ အသားကျပြီဆိုလျှင်လည်း မင်္ဂလာဧည့်ခံပွဲတစ်ခုကို ကျော်ဖြတ်ပြီး အိမ်ထောင်သည်ဘဝ တက်လှမ်းမည်မှာ ထုံးတမ်းစဉ်လာတစ်ခုသာဖြစ်သည် မဟုတ်လား။

ထိုနေ့က အနာဂတ်ရည်မှန်းချက်အား စရံသတ်သည့်အနေနှင့် အနမ်းချင်းဖလှယ်ကာ ရင်ခွင့်လှူအလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။










# အခန်း(၂)

ဤကမ္ဘာလောကမှာ ပုပုရွရွ လူမှန်သမျှ
ဆွေမျိုး မတော်ဘူးသူ မရှိဘူးတဲ့
လွန်ခဲ့တဲ့ ဆယ်ဘဝလောက်တုန်းက အိုဘားမားဟာ
မင်းရဲ့အဖေ ဖြစ်ချင်လည်း ဖြစ်ခဲ့မှာပဲ. .
ရှာကီရာနဲ့ လေဒီဂါဂါဆို လွန်လေပြီးသော ငှစ်ဘဝလောက်အ
ငါ့ရဲ့ မယားငယ်လေးတွေပေါ့. . . အဟဲ. . ဟဲ. . ဟဲ
ဒါနဲ့ စကားစပ် မိုင်လေဆိုင်းရပ်(စ)က မင်းအဖေ
လူပြန်ဝင်စားတာ ဆိုရင်တော့ ကွိုင်ပဲကွာ. . .

www.burmeseclassic.com





ပေါက်တတ်ကရ ထိုဒသနများကို အရေးလုပ် တင်ပြလာသူ
က စလေဦးပုည၏ မယားပါသားဖြစ်ခဲ့ဖူးသည့် ပညာရှိကြီး မင်းရဲသာ
လျှင် ဖြစ်တော့သည်။ အဖေ့ကို အိမ်စောင့်ထားကာ နာမည်နှစ်ခုပေါ်
မှ ရာဇဝင်ထဲက သူရဲကောင်းဖြစ်မည့် မင်းရဲနှင့် ကျော်စွာ (မင်း
ကျော်စွာ)တို့ လက်ဖက်ရည်တစ်ခွက် အရင်ထည့်ပြီး အရပ်ထဲက ဓာ
ဒယ်(လ်)ရှိုးအား ရှုစားနေကြ၏။

"မင်းပြောတာတွေ နားထောင်ရတာ လူသေလူဖြစ်ဝါဒအ
ပြန်ဆွဲထုတ်သလိုဖြစ်နေပြီ၊ (၃၁)ဘုံမှာ ကျင်လည်ကြရတဲ့ သံသရာ
သွားဆိုတဲ့ အမှန်တရား ဘယ်သွားထားမလဲ. . "

"အဲဒါဆို ငါတို့အားလုံး ငရဲက တက်ရမှာကိုမဟုတ်ဘူး၊ ဓ
ရင်လူပြန်ဖြစ်မယ်လို့ နှလုံးသွင်းထားတော့ စိတ်သက်သာရ ရတာပေ
"ဒါဆိုလည်း ငါ့အမေ နတ်ပြည်မှာနေပါစေကွာ မိုင်လေဆိ





ရပ်(စ)အဖြစ်နဲ့တော့ ပြန်မဆုံပါရစေနဲ့. . "

"အေးပါကွာ ထားလိုက်ပါတော့. . ပေါက်ကရတွေ မပြောနဲ့
တော့၊ ဟိုမှာ အာသာပြေလေးတွေ. . "

မင်းရဲ မေးငေါ့ပြရာသို့လှမ်းကြည့်တော့ လတ်လတ်ဆတ်ဆတ်
ကောင်မလေးတစ်သိုက်ကိုတွေ့ရသည်။ မနက်ခင်း အာဟာရအဖြစ်
ကောင်မလေးတွေကို လက်ဖက်ရည်နှင့် တို့စားပစ်လိုက်၏။

"ဟော့ကောင် လက်ဖက်ရည်လေးနဲ့မျှောချ. . နင် နေဦးမယ်
စားရတဲ့ကလေးများ ဝတ်ကိုဝတ်စာယ်ဆိုတာ မင်းလိုကောင်မျိုး"

"လုပ်မနေနဲ့ မင်းရဲ၊ ရှစ်ဆယ်ကျော်အဘိုးကြီးလည်း အလန်း
တွေ့ရင် လန်းတာကိုလန်းတယ်လို့မှတ်ပြီး ငမ်းနေကြတာပဲ မဟုတ်လား၊
ဒါယောကျ်ားအလုပ် ယောကျ်ားလုပ်တာ"

"ဩော်. . ဒီလိုလား၊ သာဓုပါဗျာ. . သာဓု. . သာဓု"

မင်းရဲက အရွဲ့တိုက်ပြီး သာဓုခေါ်၏။ ဘယ်လိုပဲဖြစ်ဖြစ် စကြာ
ဝဠာလုံးဆိုင်ရာ အမှန်တရားကတော့ အနာဂတ်အထိ အမြဲမှန်နေဦး
မှာပဲဖြစ်သည်။ အဘိုးကလည်း အဘွားကိုငမ်းခဲ့သလို၊ အဖေကလည်း
အမေ့ကိုငမ်းခဲ့ပြီး၊ ကျော်စွာက ဇနီးလောင်းဖြစ်လာမည့်သူကို ငမ်းရတာ
ဘုရားဦးအစကတည်းက ချမှတ်ထားသည့် သမိုင်းပေးတာဝန်ကြီးပဲ
မဟုတ်လား။

"မနေ့က ဦးလေးနဲ့ငါ ရှောင်ပေးရကျိုး နပ်ရဲ့လား"

"ခဏငှားဖတ်ရတဲ့ စာအုပ်ထဲက အကြောင်းအရာတွေ ဘယ်
လိုလုပ် အလွတ်ရမှာလဲ မင်းရဲရာ. . "

"ဒါဆိုလည်း အာရုံရတိုင်း လှန်ဖတ်လို့ရအောင် အပိုင်ဝယ်
ထားလိုက်ပါလား"

"အင်း. . Brand တွေ အရမ်းစုံတဲ့ ဈေးကွက်စီးပွားရေးခေတ်
ကြီးမှာ အဝယ်စောလို့ လောရင် မောတတ်တယ်ကွ. . "

"ဩော်. . မင်းကိုယ်မင်း ရွှေကောက်ပွဲတော်မရှင် ဥက္ကဋ္ဌများ

www.burmeseclassic.com

www.burmeseclassic.com



မှတ်နေလား"

"အဲလိုမနှိုင်းစမ်းပါနဲ့ကွာ. . မော်ဒယ်ရှိုးက အကဲဖြတ်ဒိုင်ဆို တော်သေး"

"ဒါဆို သျှင်နော်ကို ယူဖို့အထိ စိတ်မကူးသေးဘူးပေါ့ ဟုတ်လား"

"ဒါကြောင့်လည်း သူ မနစ်နာအောင် ငါဆင်ခြင်နေတာပေါ့"

မနက်ခင်းအတွက် နှလုံးသားအာဟာရနှင့် အစာအိမ်အာဟာရတို့ကို ဖြည့်တင်းပြီးနောက် ကျော်စွာတို့ အိမ်ပြန်လာခဲ့ကြသည်။ အဖေ့အတွက် ပဲအီကြာနှင့် ပေါ့ဆိမ့်ပါဆယ် ဆွဲခဲ့သည်။

အဖေက အိမ်စောင့်ရင်း ပြန်လာပို့သည့် ပလတ်စတစ်ထိုင်ခုံအလုံးသုံးဆယ်ကို စစ်ဆေးကာ လက်ခံနေသဖြင့် နားခိုင်းပြီး ကျော်စွာတို့ ဝင်လုပ်လိုက်သည်။ မနက်စောစော ကျန်ငွေ ငါးထောင်သုံးရာ ရလိုက်သဖြင့် ကျော်စွာအားတက်သရော ဖြစ်နေ၏။ မင်းရဲက ဖြတ်ဖေါက်ပြီးသား စားလုံးများကို ဘောင်ကျက်ထားသော ကတ္တီပါပိတ်ကားပေါ်တွင် စီရီကာ နေရာချနေသည်။

ဒီဖေ့ါပြားတွေပေါ်လာတာ အတော်ပင် အသုံးဝင်လှ၏။ ဟိုးအရင်က သစ်သားကို နန်းမျှင်လွှစက်ဖြင့် ဖေါက်ရဖြတ်ရတာ လက်ဝင်ပြီး ပင်ပန်းလွန်း၏။ သစ်အသုံးပြုရသည့်အတွက် ငွေရင်းကလည်း များသည်။ ခုများတော့ မဏ္ဍပ်တစ်ဆောင်လုံးအတွက် နဖူးစီးကနုတ်ပန်း အလှတွေ၊ တိုင်ထောက် နဂါးရုပ်တွေ၊ ခြသေ့်ရုပ်တွေကို အချိန်ကုန်ငွေကုန်သက်သာစွာ ဆောင်ရွက်ပေးနိုင်နေပြီ ဖြစ်သည်။

"ဒီနေ့ ဥပုသ်နေ့ဆိုတော့ အဖေ ဓမ္မာရုံမှာပဲ ဆွဲလိုက်တော့မယ်၊ မင်းတို့လည်း ဝယ်သာ စားလိုက်ကြတော့. ."

"ဟုတ်ကဲ့ ရတယ်အဖေ ဘာမှမပူနဲ့"

"အဲ့ဒါကြောင့်ပြောတာ မိန်းမယူဖို့ကိစ္စ ဦးလေး မဲပေါက်ထားတာနော် တာဝန်ကျေအောင်လုပ်ဦး. ."



"အဲဒါတော့မပူနဲ့ ဈေးထောင့်က ကုန်မာဆိုင်ဖွင့်ထားတဲ့ အပျိုကြီးညီအစ်မနှစ်ယောက်ကို ငါ အစပျိုးစမ်းသပ်နေတာ. ."

"ဟာ. . အဖေ နှစ်ယောက်တောင်လား. ."

"အေးလေ မင်းပဲ စားဝတ်နေရေး အဆင်ပြေချင်တယ်ဆို. . တစ်ယောက်က လျှော်ဖွပ်. . တစ်ယောက်က ချက်ပြုတ်၊ အိုကေပဲ"

"အဖေရယ် နှစ်ယောက်တော့မလုပ်ပါနဲ့ သားရည်းစား ငှားဆိုလည်း ငှားပါ့မယ်. ."

"တော်စမ်းပါ ငါ့သားရာ၊ နေ့ပြောနောက်ကြည့် ဟိုနေ့ကလို ဖြစ်နေဦးမယ်. . ကဲ. . သွားပြီ"

ဦးအောင်ကျော် လက်စွဲတော် ဝါးခုမောက်လေးဆောင်းကာ ထွက်သွားတော့၏။ လောလောဆယ် လုပ်စရာမရှိသည်မို့ ကျော်စွာ ဖုန်းဖွင့်ပြီး Facebook ထဲဝင်ကာ ပွားနေလိုက်သည်။

ကမ္ဘာ့ဖလားပွဲ ပြီးချိန်မှာ ဂါနာကမော်ဆရာနှင့်အတူ ရေပန်းစားနေသည်က ကွယ်လွန်သူ ရေဘဝဲကြီးကိုယ်စား အနိုင်အရှုံးခန့်မှန်းပေးခဲ့မည့် ပန်ဒါဝက်ဝံလေးနှစ်ကောင် အကြောင်းပင် ဖြစ်သည်။

ဒီတစ်ကြိမ် ကမ္ဘာ့ဖလားပွဲက ပြဿနာတော့စုံသည်။ ပွဲစမည့်အချိန်အထိ အပြီးမသတ်နိုင်သည့် ကစားကွင်းတွေ ကျန်ရှိနေသေးသလို၊ အလွှာပေါင်းစုံ၏ ဆန္ဒပြပွဲတွေကလည်း ခြိမ့်ခြိမ့်သည်းသည်း ဖြစ်ပေါ်နေ၏။

ဘရာဇီးမှာ ကမ္ဘာ့ဖလားပွဲစဉ်များ လာရောက်ကြည့်ရှုကြမည့် ဧရိသတ်အား ပြုစုယုယကာ ပျော်တော်တက်ဖို့ လိင်အလုပ်သမ (၁) သန်းကျော်ကတော့ အဆင်သင့် ဖြစ်နေပြီဟုလည်း ကြေညာချက် ထုတ်ထားသည်။ အံ့ဩကုန်နိုင်ဖွယ်ပါလား ဟရို့ဟုသာ မှတ်ချက်ချရမလို ဖြစ်နေ၏။

ထိုလိင်အလုပ်သမများအား လွန်ခဲ့သည့် တစ်နှစ်ကျော်ကပင် အင်္ဂလိပ်စကားပြော သင်တန်းပေးထားပြီးသား ဖြစ်သည်ဟုလည်း ရေး



www.burmeseclassic.com

www.burmeseclassic.com



သားထားတာ တွေ့ရသည်။

"အင်း. . ဘောလုံးကွင်းသာပြီးအောင် မလုပ်နိုင်တာ၊ ဒါမျိုးကျတော့ သွက်သား၊ အမျှော်အမြင်ကြီးလိုက်ကြတာ. ."

"ဘာတွေ အမျှော်အမြင် ကြီးနေတာလဲ"

နားစွန်နားဖျားကြားတာကို ရှင်းရှင်းလင်းလင်းသိရအောင် မင်းရဲက လှမ်းမေးသည်။

"ကလေး ကလေးလို နေစမ်း၊ နေရာတကာ ဝင်မပါနဲ့"

ဘလိုင်းကြီး အဖွဲ့ခံလိုက်ရသဖြင့် မင်းရဲ ဖုသွားသည်။ သို့သော် အခြေအတင်ပြန်ပြောမနေဘဲ သူ့အလုပ်သူ ဆက်လုပ်နေ၏။ ထိုစဉ် မင်္ဂလာအခမ်းအနားဆိုင်းဘုတ် အပ်ထားသော နောက်ဖေးလမ်းမှ ဆယ်အိမ်မှူး ဦးချာတိတ်ရောက်လာသည်။

"ဟော့. . မောင်ကျော်စွာ ဆိုင်းဘုတ်ပြီးပြီလားကွ. ."

"ဩော်. . ဦးချာတိတ် ပြီးပြီဦး စာလုံးတွေ ပင်အပ်ထိုးနေပြီ ခဏပဲစောင့်"

"အေး. . အေး"

ဦးချာတိတ် ခုံတစ်လုံးဆွဲကာထိုင်ရင်း မင်းရဲ လုပ်သမျှ ငေးကြည့်နေ၏။

"အလေ့အကျင့်နဲ့ အတွေ့အကြုံက ဘယ်လုပ်ငန်းမှာမဆို အရေးကြီးတယ်နော်"

"ဟုတ်ကဲ့ဦး ကျွမ်းကျင်မှုရှိမှ အောင်မြင်နိုင်တာပါ"

"ဒါပေါ့ကွာ. ."

ကျော်စွာနှင့် ဦးချာတိတ် အာလာပသလ္လာပ စကားပြောနေကြစဉ်မှာပင် မင်းရဲ အလုပ်လက်စသတ်လိုက်သည်။

"ကဲ. . ဦး ယူသွားလို့ရပြီ"

မင်းရဲယူလာသည့် ဆိုင်းဘုတ်အား ဦးချာတိတ်ဖတ်ကြည့်သည်။ ဖတ်ပြီးတော့ မျက်လုံးပြူးသွား၏။





"ဟင် နာမည်မှားနေတယ်ကွ၊ သတို့သားက ချစ်မင်းမောင်လေ ချစ်နိုင်မဟုတ်ဘူး"

"ဗျာ. . ကျွန်တော် မမှားပါဘူး. ."

မင်းရဲက မမှားဘူးပြောရင်း ပေးထားခဲ့သည့် မင်္ဂလာဖိတ်စာကိုယူကြည့်လိုက်သည်။

"အဲ. . ဟုတ်သား ချစ်မင်းမောင်တဲ့ ချစ်နိုင်မဟုတ်ဘူး"

"သေချာကြည့်မိလို့ တော်သေးတာပေါ့ကွာ၊ မင်းလုပ်ပုံက ငါ့သမီး လင်နှစ်ယောက်ယူသလို ဖြစ်သွားမှာ"

"မင်းရဲကလည်းကွာ ဒီလောက်အရေးကြီးတဲ့ကိစ္စ မှားရသလား"

"ဆောရီးကွာ. . . စာလုံးတွေက ဖောက်ပြီးသားပါ၊ ပင်အပ်ဖြုတ်ပြီး ပြန်တပ်လိုက်ရုံပဲ. ."

"မြန်မြန်ပြန်လုပ်ပေးလိုက် ခဏလေးပါဦး မကြာပါဘူး"

"ရပါတယ်ကွာ မင်္ဂလာဆောင်က မနက်ဖြန်မှလေ နာမည်မှန်ဖို့ပဲ အရေးကြီးတယ်"

မင်္ဂလာဆောင်ဆိုင်းဘုတ်ချင်း နာမည်မှားတပ်မိ၍ ကျော်စွာမှာမှာသလဲ တောင်းပန်ရသည်။ မင်းရဲက ပင်အပ်နှင့် တွယ်ထားသည့် စာလုံးများကို ပြန်ဖြုတ်ပြီး နာမည်အမှန်ကို ဂရုတစိုက် ပြန်တပ်သည်။ အားနာနာနှင့် စကားမရှိ စကားရှာကာ ကျော်စွာ လျှောက်ဖေါ်မိသည်။

"သမီးကို မင်္ဂလာဆောင်ပေးပြီးပြီဆိုတော့ ဦးလေး မိဘဝတ္တရား ကျေသွားပြီပေါ့နော်. ."

"အေး. . ဆိုပါတော့၊ ဒါပေမဲ့ မိဘတစ်ယောက်နေနဲ့ သားသမီးကို အလွန်ဆုံး တာဝန်ယူရ (၂၄)နှစ်ပေါ့ကွာ၊ အဲ. . . မိန်းမကိုရှာတွေ့ရတာ အနည်းဆုံး နှစ်(၄၀)ကွ၊ အဲဒါ ကံကောင်းတဲ့လူ. ."

"ဗျာ. . အဲ. . ဟုတ်တယ်နော် ကျွန်တော် အဲလိုမရွေးမိဘူး"

"စဉ်းစားကြည့်လေကွာ အသက်(၂၀)မှာ ယောက်ျားယူတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ကို သူ့အဖေက နှစ်(၂၀)ပဲ ရှာကျွေးခဲ့ရတာလေ"

"ဟုတ်တယ်နော် သူ့ယောကျ်ားဆို သေတပန်သက်တဆုံးပဲ"

"အဲဒါကြောင့် ယောကျ်ားတွေကို နွားလို့ပြောတာပေါ့"



"ဟုတ်ပ ဦးလေးရာ၊ မင်္ဂလာဆောင်မယ့် ဦးသမီးက အသက် ဘယ်လောက်လဲ. ."

"(၁၇). . အဲ. . ဆော. . ဆောရီး (၁၈)ကွ၊ အသက်ပြည့်လို့ ခွင့်ပြုလိုက်တာ၊ ဟဲဟဲ. . . ငါ (၁၈)နှစ်ပဲ တာဝန်ယူလိုက်ရတာ၊ ဟို ကောင် ငါ့ သမက်တော့ မောကြောဆိုက်ပြီ"

"ဟားဟားဟား. . ဟုတ်ပဗျာ ချိုထောင်ထောင် ပခုံးကောင်း ကောင်းနဲ့ နွားအသစ်လေး. . ဟားဟားဟား"

"အောင်မာ. . သူများလျှောက်ပြောမနေနဲ့ မင်းလည်း နွားဖြစ်





ချင်လွန်းလို့ မြက်လိုက်ရှာနေတာမဟုတ်လား. .၊ ကဲ. . ဦးလေး ရော့ ဒီမှာ ပြီးသွားပြီ၊ ခုမှ လူမှန်နေရာမှန် နာမည်မှန်ဖြစ်သွားတာ"

"အေး. . အေး. . ကျေးဇူးပဲ"

ဦးချာတိတ် ကျန်ငွေနှစ်ထောင်ပေးကာ ဆိုင်းဘုတ်ယူပြီး ထွက်သွား၏။ သမီး၏လယ်မှာ ထွန်ယက်မည့်နွား၊ အဲ. . သမီးတစ်ခု အရင်းပြုပြီး ရလိုက်သည့် နွားတစ်ကောင်ကြောင့် မာန်တက်ပြီး ခေါင်းမော့ရင်ကော့ကာ ထွက်သွားသည့် ဦးချာတိတ်ကို လှမ်းကြည့်ရင်း မင်းရဲ မှုံးစိစိ ဖြစ်နေ၏။

"ဟော့ကောင် ဘာဖြစ်နေတာလဲ မချိုမချဉ်နဲ့. ."

"ငါ မှားတပ်မိတဲ့ ချစ်နိုင်ဆိုတာ ဦးချစ်နိုင်(၆၈)နှစ်ကွ၊ ဒီညနေ ချမယ့် နိဗ္ဗာန်ယာဉ်ရှေ့မှာ ချိတ်ဖို့ဆိုင်းဘုတ်. ."

"ဟေ. ."

မင်းရဲ တဟားဟား အော်ဟစ်ရယ်နေသော်လည်း ကျော်စွာ ရယ်နိုင်၊ မမှားကောင်းမှားကောင်း သတို့သားနှင့် အသုဘနာမည် မှားရသည်တဲ့။

"တော်သေးတာပေါ့. . ဘယ်ဆိုင်းဘုတ်က နာမည်လဲဆိုတာ ဦးချာတိတ် သိမသွားလို့ နို့မို့ဆို ရှင်းမထိ ဖြစ်တော့မှာ"

"ဘာဖြစ်လဲကွာ၊ ယတြာချေပြီးသားဟောင်ဖြစ်သေး၊ ချစ်မင်း ဆောင်. . တော်တော်နဲ့သေမှာ မဟုတ်ဘူး အသက်(၁၂၀)နေရမှာ. . ဟားဟားဟား"

"ဒါဆို သူ့ရဲ့ နွားဘဝက (၁၂၀)နှစ်ဖြစ်သွားမှာပေါ့ဟ၊ သနားပါတယ်ကွာ"

နွားဖြစ်နိုင်ခြေ မရှိသေးသူများက နွားဖြစ်စေသူအား လှောင်ပြောင်ဟားတိုက်နေကြစဉ် ရဟန်းခံရှင်ပြု အလှူအတွက် မဏ္ဍပ်ငှားသည့်သူ ရောက်လာ၍ စကားပြတ်သွား၏။

ဈေးနှုန်းညှိနှိုင်းခြင်း၊ ရက်သတ်မှတ်ခြင်း၊ စာရင်းသွင်း စရံယူ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ ဆောင်ရွက်ပြီး နဖူးစည်းအတွက် အလှူရှင်များ ကမ္ဘည်းဆိုင်းဘုတ်ရေးရန် ဖိတ်စာတစ်စောင်ယူထားပြီးနောက် မဏ္ဍပ်ငှားသူ ပြန်သွား၏။ အချိန်လည်း မနည်းတော့သည့်အတွက် ဆိုင်တံခါးပိတ်ပြီး ထမင်းစား ထွက်ခဲ့ကြသည်။

ယုဇန(၂)လမ်းထိပ် ထမင်းဆိုင်ရောက်တော့ ထုံးစံအတိုင်း အလှူပေးသလို တိုးဝှေ့နေသည့်လူတွေကို တွေ့ရသည်။ ဆိုင်ရှေ့တွင် အုတ်သဲကျောက်သယ်သည့် ကားနှစ်စီးအပြင် ဆိုက်ကားငါးစီး ရပ်ထားတာတွေ့ရ၏။ စားဖို့မပြောနှင့် ထိုင်စရာရဖို့တောင် တန်းစီရမည့် အနေအထား. . .

မင်းရဲက ခုံတန်းနှင့် စားပွဲအလွတ်ကို ချောင်းပြီး ဇွတ်အတင်း နေရာဝင်ယူ၏။ ကျော်စွာလည်း ကြပ်ကြပ်တည်းတည်း တိုးဝှေ့ဝင်ထိုင်ရသည်။ ငါးခေါင်းနှင့်တစ်ပွဲ ဝက်နံရိုးနှင့်တစ်ပွဲ မှာပြီး ထမင်းဟင်းရောက်လာဖို့ စောင့်ရတာကလည်း ဇာတ်လမ်းတွဲ ဆယ်မိနစ်စာလောက် ကြည့်ရဖို့ ကြော်ငြာနာရီဝက်ကို စောင့်ရသလို ဖြစ်နေသည်။

ဒီဆိုင်က ဟင်းပွဲလိုက်မှာ,မှာ တစ်ခါပြင်ပဲစားစား လူတစ်ယောက်စာ ငါးရာမှ တစ်ထောင်အတွင်းသာရှိ၍ အခြေခံလူတန်းစားတွေ တစ်ခဲနက် အားပေးကြသည်။

လူတစ်ဦးတစ်နေ့ဝင်ငွေ နှစ်ထောင်နှင့်လောက်သည်ဟုပြောခဲ့သည့် ပုဂ္ဂိုလ်ကြီးက ဒီဆိုင်မှာ ဘဲဥနှင့် တစ်ခါပြင်မှာစားပြီး တွက်ချက်ခဲ့တာပဲ ဖြစ်လိမ့်မည်။ ဆယ်မိနစ်လောက်ကြာမှ ထမင်းဟင်းတွေ ရောက်လာသည်။ ဆာနေပြီမို့ ခေါင်းမဖော် တမ်း လွေးကြသည်။

အရည်သောက် ပဲဟင်းချိုအပြင် အမယ်စုံအတို့အမြှုပ်နှင့် ထိရည်မွှေးမွှေးကြောင့် စားလို့ကောင်းနေ၏။ ဝက်နံရိုးတစ်ဖတ်ကို ခက်ရင်းနှင့် ထိုးကော်လိုက်သည့် ကျော်စွာ၊ လက်ဆမှားသွားပြီး ချော်ထွက်ကာ ပြုတ်ကျသွားသည်။

ဟာခနဲ အော်လိုက်မိသော်လည်း ဝက်နံရိုးက သူ့ထံ ပြန်မလာ





တော့၊ အမြီးနှံ့ကာ အသင့်မျှော်နေသည့် ဂုတ်ကျားက ကောက်ချီပြီး အွတ်ဂွတ်ဝါးစားနေတော့၏။

နှစ်ထပ်ရှိမှ မှတ်မိမည့် ကျော်စွာ၊ နောက်ထပ် နံရိုးတစ်တုံးကို ခက်ရင်းနှင့် ထိုးကော်ပြန်သည်။ ထုံးစံအတိုင်း ချော်ပြီး ခုန်ပျံထွက်သွားသည့် နံရိုးပျံကြောင့် အောင်နက်နှင့် ဂုဏ်ကျားတို့အကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး သဘောတူညီချက် ပျက်စီးသွား၏။

တိရစ္ဆာန်လောက ထုံးစံအတိုင်း အင်အားကြီးသူ အနိုင်ယူသွားခြင်း အောင်နိုင်သူ၏ မာန်ဖီသံ၊ ရှုံးနိမ့်သူ၏ တဂိန်ဂိန်အသံတို့ ဆူညံသွား၏။ ထိုပွဲစဉ်ကို မနေတတ်သူတစ်ဦးက လက်ဆေးရေနှင့် ကောက်ပက်လိုက်သဖြင့် ဒိုင်ပွဲရပ်နှင့်ပြီးစီးသွားသည်။ နံရိုးသုံးတုံးပဲပါသည့် ကျော်စွာ့ဟင်းပွဲက မျက်နှာငယ်လို့နေခဲ့ပြီ။

"မင်းကွာ. . ဒီလောက် သဒ္ဓါအားကောင်းမှန်း ငါမသိဘူး၊ အလေ အဖေတူသားဆိုတော့ မလှူဘဲ မနေနိုင်ဘူးပေါ့. . ၊ ခွေးတွေ ကို အာဟာရဒါနပြုတဲ့ ကုသိုလ်ဟာ ခွေးဖြစ်ရင်တောင်မှ အယ်ဇေးရှင်း လောက်တော့ သေချာပြီးသားပါ. . "

"ဟေ့ကောင် ငါတင်းနေတာနော် မင်းဟင်းတွေယူပြီး ဖျင်း ပစ်လိုက်မယ်"

မင်းရဲ နောက်ပြောင်ပြောဆိုသည့် စကားကြောင့် ထမင်းစား သူများ ပွဲကျသွားသည်။ ကျော်စွာလည်း ရှက်ရှက်နှင့် ငါးကြော်တစ် ကောင်ထပ်မှာကာ ထမင်းဆက်စားရသည်။

နောက်ဆုံး လက်ကျန်နံရိုးကို ခက်ရင်းနှင့်ထိုးဖို့ ဟန်ပြင်ပြီးမှ သတိရသွားသဖြင့် လက်ဆေးပြီး ပယ်ပယ်နယ်နယ် နယ်ဖတ်၍ တွယ် လိုက်သည်။ ထိုအခါမှပဲ မှာထားသမျှ ဟင်းတွေ ဗိုက်ထဲ ဖြောင့်ဖြောင့် ဆင်းတန်းရောက်တော့၏။ ထိုဒါနအတွက် ကျော်စွာတစ်ယောက်ထဲ တစ်ထောင့်နှစ်ရာ ရှင်းလိုက်ရသည်။

လူလည်းဝ ခွေးလည်းအာသာပြေသည့် နေ့လည်စာ စားပွဲအ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သွားကြားထိုးတံ ကိုယ်စီခဲကာ လမ်းလျှောက်ပြန်လာခဲ့ကြသည်။ လမ်းပေါ်မှာ ကားတွေက တဝီဝီ၊ ယာဉ်ကြောကြပ်တာ ကားလမ်းပိတ်တာလည်း မပြောနှင့်၊ ရပ်ကွက်ထဲက လမ်းတွေတောင် အရင်လို ဖြတ်ကူးရတာ မလွယ်တော့။

ကျော်စွာတို့ လမ်းဖြတ်ကူးပြီး အလယ်မျဉ်းဖြူတွင်ရပ်ပြီး စောင့်နေစဉ် တဖက်ယာဉ်ကြောမှ ကားတစ်စီးယာဉ်ကြောပြောင်းပြီး ကျော်တက်လာတာ ရိုပ်ခနဲ တွေ့လိုက်သည်။

"ဟာ ဟော့ကောင် ကား ကား. ."

မင်းရဲက အလန့်တကြား အော်ဟစ်သတိပေးပြီး ရှောင်လိုမ့်ထွက်၍ ရှောင်တိမ်းသွားသည်။ ကျော်စွာ ကားကိုမြင်ပြီး ရှောင်ကြိုးစားသော်လည်း မမှီတော့၊ ပရာဒိုကားကြီး သူ့ထံတိုးဝင်လာတာ သာ အထိတ်တလန့် သိလိုက်ရ၏။

"ဝုန်း"

"ဒိုင်း"

"ကျွိ. ."

တိုက်မိသံ၊ အလန့်တကြားအော်ဟစ်သံ၊ ကျော်စွာ၏ နာကျ စွာအော်သံတို့ ဆူညံစွာပေါ်ထွက်လာသည်။ မင်းရဲလည်း လိမ့်ထွက် လဲကျနေရာမှ လူးလဲထကာ ကြည့်လိုက်တော့ ကားဘီးရှေ့ စက်ခေါ် အောက်မှ မလှုပ်မယှက် ဖြစ်နေသည့် ကျော်စွာအား တွေ့လိုက်ရ

"ကျော်စွာ သူငယ်ချင်း. ."

မင်းရဲ အထိတ်တလန့်အော်ခေါ်ကာ ကားရှေ့အရောက်ပြ ၍ ကျော်စွာအား ဆွဲထုတ်လိုက်သည်။

"ကျော်စွာ. . ကျော်စွာ ဘာဖြစ်သွားလဲ. . ဘာဖြစ်လဲ. ."

"ခြေထောက်. . ခြေထောက်. . ညာ. . ညာဘက်. ."

ဒါပဲပြောပြီး ကျော်စွာ ငြိမ်ကျသွားသည်။ ထိုအချိန်မှာ ကား ရှင်ဖြစ်ဟန်တူသည့် အမျိုးသမီးနှစ်ယောက် စိုးရိမ်ထိတ်လန့်စွာနှင့်





းရောက်လာသည်။ ထုံးစံအတိုင်း ဆွမ်းကြီးလောင်းဖို့ ပြေးဝင်လာသည့် လူအုပ်လည်း ဒရိုင်ဘာက အမျိုးသမီးဖြစ်နေသည့်အတွက် ကိုယ်ထိလက်ရောက် မလုပ်ဘဲ ဝိုင်းဝန်းအပြစ်တင် နေကြသည်။

"ကားကို ဘယ်လိုမောင်းတာလဲ. ."

"သိပ်ရမ်းကားတာပဲ. ."

"ရဲကို ဖုန်းဆက်. . ."

ကြောက်နေသူကို ဖြခြောက်သည့် စကားတွေကြားမှ တုန်ရင်နေသည့် အသံချိုချိုလေး ထွက်လာ၏။

"သူ. . သူ. . ဘာဖြစ်သွားလဲ. ."

မင်းရဲ မော့ကြည့်ပြီး အသံပြတ်နှင့်ပြောလိုက်သည်။

"ခြေထောက်ထိသွားတာ မမြင်ဘူးလား၊ ဒီမှာ သွေးတွေကို င်လို့"

"ဟို. . ဟို. . အန်တီတို့ အားလုံးတာဝန်ယူပါတယ်ကွယ်. .၊ းပေါ်တင်ပေးကြပါလား ဆေးရုံပို့ရအောင်. . တော်ကြာ သွေးလွန် းလိမ့်မယ်. ."

အမျိုးသမီးကြီးပြောတာ မှန်နေ၍ ဝိုင်းကြည့်နေသူများအား တူအညီတောင်းကာ ကားပေါ် ပွေ့တင်ရသည်။ ကိုယ့်ရပ်ကွက်သား ချည်းပဲမို့ ရင်းနှီးသည့် ထွန်းထွန်းကိုပါ မင်းရဲ ခေါ်လာခဲ့သည်။

ကားကို ခပ်ငယ်ငယ်ကောင်မလေးက မောင်းလာ၏။

အန်တီကြီးက နောက်ခန်းကိုလှည့်ကြည့်ပြီး အခြေအနေ င်းလား တတွတ်တွတ်မေးသည်။

"သတိမရဘူးဗျ. . အနီးဆုံး ဆေးရုံကိုသာမောင်း'

"ဒီ. . ဒီ. . နားမှာတော့ O.S.C ရှိတယ်လေ. . ."

"ယာဉ်တိုက်မှုဆို အဲ့ဒီဆေးရုံတွေက လက်မခံဘူး၊ မြောက်ဥက္ကလာ မေဓါဝီဆေးရုံပဲမောင်းဗျာ မြန်မြန်လေး. ."

ထွန်းထွန်းက အတွေ့အကြုံအရ ဆုံးဖြတ်ပေးလိုက်နိုင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဥက္ကလာပဆေးရုံသို့ ဦးတည်မောင်းလာခဲ့သည်။

“ကျော်စွာ. . ကျော်စွာ. . သူငယ်ချင်း၊ သတိထားပါဦး. . ကျော်စွာ”

မင်းရဲက ရင်ခွင်ထဲမှ ကျော်စွာ့မျက်နှာအား ပွတ်သပ်ပြီး တ တွတ်တွတ်ခေါ်ကြည့်သည်။ မြန်မထူးသော်လည်း ကျော်စွာ ညည်းနေ၍ အနည်းငယ်စိတ်အေးရသည်။

“နာမည်က မောင်ကျော်စွာတဲ့လား. . ”

“ဟုတ်ကဲ့. . ”

အန်တီကြီးစပ်စုမေးမြန်ခိုက်မှာပင် ကားက ဆေးရုံထဲဝင်လာ သည်မို့ စကားပြတ်သွား၏။ အရေးပေါ်ဌာနမှာ ဦးစွာ စစ်ဆေးပြု ကုသသည်။ ဆေးရုံမှာပင် အခြားယာဉ်တိုက်မှုနှင့် ရောက်နေသည့် ယာဉ်မှုစစ်လည်းရှိနေသဖြင့် အဆင်ပြေသွားသည်။ အန်တီကြီး မင်းရဲအား လက်တို့ခေါ်ကာ ညှိနှိုင်းသည်။

“သားရယ် အမှုတော့ မဖွင့်ပါနဲ့ကွယ်၊ အန်တီ အစစအရာရာ တာဝန်ယူပါတယ်. . ၊ ဟိုသူငယ်လေး အကောင်းပကတိနဲ့ ဆေးရုံက ဆင်းတဲ့အထိပေါ့၊ ဆေးကုသ စရိတ်အပြင် နစ်နာကြေးပါ လုံလော အောင်ပေးမှာပါကွယ်. . ”

“ကျွန်တော်က လူနာရှင် မဟုတ်ဘူး၊ ဒါတွေ သူ့အဖေလာ ပြောပါ. . ”

“အန်တီက B4U အထည်ချုပ်စက်ရုံပိုင်ရှင်ပါကွယ်၊ ငွေ ကြေးရေး ထည့်တွက်နေမှာ မဟုတ်ပါဘူး အားလုံး ပြန်ကူညီပေးမှာ အမှုမဖွင့်ဖို့ပဲ ညှိပေးပါကွယ်. . ”

အရေးပေါ်ပြုစုကုသမှုကြောင့် သတိပြန်ရလာပြီဖြစ်သည့် ကျော်စွာ့အား အကျိုးအကြောင်းပြောပြရ၏။ ကျော်စွာနှုတ်မှ အမှု ချင်ပါဟုပြောသဖြင့် ကိစ္စပြတ်သွားသည်။

ကျော်စွာ့အခြေအနေက နေရာအနှံ့ ပွန်းပဲ့ဒဏ်ရာနှင့် ဦး





ဘက်ခြေသလုံးရိုး ကျိုးသွားသည်မို့ ကျောက်ပတ်တီးကိုင်ကာ ကုသရ သည်။ အန်တီကြီးနှင့် မင်းရဲက အရိုးအကြောဆောင်မှာ အထူးခန်းရ အောင် ကြိုးစားရသည်။ တစ်ယောက်ခန်း ဘယ်လိုမှမရသည့်အတွက် တံခါးမရှိ စားမရှိ လေးယောက်ခန်းကိုသာ ယူလိုက်ရသည်။

လက်ငင်းကုန်ကျစရိတ်တွေ ချက်ချင်းရှင်းပေးသည့်အပြင် မင်းရဲလက်ထဲ ငွေသုံးသိန်းထည့်ပေးသည်။ ကျော်စွာအတွက် ရထား သည့်ကုတင်ပေါ် နေသားတကျဖြစ်သွားမှ ထွန်းထွန်းသတိပေးသဖြင့် ဦးအောင်ကျော်ထံ ဖုန်းဆက်ရသည်။

ထိတ်ထိတ်ပျာပျာနှင့် အလန့်တကြားဖြစ်နေသည့် ဦးအောင် ကျော်ကို သိပ်စိတ်မပူရန် အခြေအနေကို အကျဉ်းချုံ့ပြောရ၏။

“သားတို့ အန်တီ့ဖုန်းနံပါတ်ယူထား အရေးကြီးရင် ကြီးသလို ဖုန်းဆက် ဘာမှ လိုလေသေးမရှိစေရဘူးလို့ အန်တီကတိပေးပါတယ်”

“ဟုတ်ကဲ့. . ”

“အန်တီ စက်ရုံကို မသွားမဖြစ်သွားရမှာမို့ သမီးရွှန်းလဲ့နိုင်ကို ထားခဲ့မယ်၊ သူငယ်လေး အဖေလာတော့ သူ့အားလုံး ကျေနပ်အောင် လုပ်ပေးပါလိမ့်မယ်ကွယ် အန်တီ့ကို ခွင့်ပြုပါဦး. . ”

အန်တီကြီးက ရွှန်းလဲ့နိုင်ဆိုသည့် သူ့သမီးကိုထားခဲ့ပြီး ပြန်သွား ၏၊ မျက်နှာငယ်လေးနှင့် ကျန်ခဲ့သည့် ရွှန်းလဲ့နိုင်က သနားစရာပင် ဆောင်းနေသည်။ တစာစာ ညည်းညူအော်ဟစ်နေသည့် ကျော်စွာကို ကြည့်ပြီး မျက်စိမျက်နှာပျက်နေရှာသည်။ နာ့(စ်)အား အကျိုးအကြောင်း သွားပြောတော့ အကိုက်အခဲပျောက်ဆေး ထိုးပေး၏။

ဆယ်မိနစ်လောက်ကြာမှ ဆေးစွမ်းပြသည်လားမသိ ကျော်စွာ ညည်းသံတိတ်သွားသည်။ ထိုအချိန်တွင် ဦးအောင်ကျော် အူယားဖားယား နှင့် ရောက်လာ၏။

“သား . . သားလေး ဘယ်လိုနေသေးလဲ သက်သာရဲ့လား”

ခြေထောက်မှာ ကျောက်ပတ်တီး၊ ခန္ဓာကိုယ်နေရာအနှံ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပလပ်စတာတွေ ကပ်ထားရသည့် သားကိုကြည့်ပြီး ဦးအောင်ကျော် မျက်ရည်လေးတစမ်းစမ်း ဖြစ်နေသည်။

"ခြေထောက်တစ်ဖက်ကျိုးသွားတာကလွဲပြီး ကောင်းပါတယ် အဖေ. ."

စကားပြောနိုင်သေးသည့် သားကိုမြင်ရမှ ဦးအောင်ကျော် ရင်ထဲကအပူမီး အနည်းငယ် လျော့ကျသွား၏။

"ဘယ်မှာလဲ အဲဒီကားမောင်းတဲ့ကောင်. ."

"ရှင်. ."

ဒေါသတကြီးအော်ဟစ်မေးမြန်းလိုက်သည့် ဦးအောင်ကျော်၏ မေးခွန်းကြောင့် ရွှန်းလဲ့နိုင် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရှာသည်။

"ဦးလေး ကားမောင်းတာက သူပါ. ."

"ဟေ. . ."

"ဟုတ်ပါတယ်ရှင် အဲဒီအတွက် အနူးအညွတ်တောင်းပန်ပါတယ်ရှင့်. . ၊ ဒီက အစ်ကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်နိုင်တဲ့အထိ အစစအရာရာ အားလုံးတာဝန်ယူပေးသွားမှာပါရှင်. ."

ရွှန်းလဲ့နိုင်က ကြောက်ကြောက်လန့်လန့်နှင့် ဖြေရှာသည်။

မင်းရဲကလည်း အခြေအနေအရပ်ရပ်ကို ဖြည့်စွက်ရှင်းပြသည်။ လိုလေသေးမရှိ တာဝန်ယူထားကြောင်း သိရမှ ဦးအောင်ကျော် ဒေါသပြေကာ စိတ်အေးသွား၏။

"ဓာတ်မှန်လည်း ရိုက်ပြီးပြီဦး ပြန်ကောင်းမှာပါတဲ့၊ လူငယ်ဖြစ်တဲ့အတွက် အရိုးပြန်ဆက်တာလည်း မြန်မယ်လို့ပြောပါတယ်. . ဒါပေမဲ့ တစ်လကျော်ကျော်လောက်တော့ ကြာမယ်၊ တစ်လခွဲ နှစ်လနီးပါးပေါ့. ."

"အင်း. . ဒါဆို အိမ်ကအလုပ် ဘယ်လိုလုပ်ကြမလဲ. ."

"ဦးလေးပဲ တာဝန်ယူလိုက်လေ၊ ကျွန်တော် ကျော်စွာနားမှာ





အမြဲရှိနေမှာပဲဟာ. ."

"လိုအပ်ရင် နေ့စောင့်ညစောင့် သူနာပြုပါ ငှားပေးပါ့မယ်ရှင်. ."

တရားခံဖြစ်သည့် မိန်းကလေးက တာဝန်ယူစကားတွေ အကြိမ်ကြိမ်ပြောလာတော့လည်း စိတ်နှလုံးကောင်းအခံရှိသည့် ဦးအောင်ကျော် ပျော့သွားရပြန်သည်။

"ရပါတယ် ညီမရယ်၊ ဒီနေ့တော့ ကိုယ်စောင့်ပေးလိုက်ဦးမယ် အခြေအနေအရ လိုအပ်မှပဲ နာ့(စ်)ငှားတာပေါ့. ."

မင်းရဲကြားဝင်ညှိပေးလိုက်၍ အဆင်ပြေသွားသည်။ ရောက်နှင့်ပြီးသည့် လူနာများ၏ အခြေအနေကို ဖလှယ်လာပြီး အရေးအကြီးဆုံးဖြစ်သည့် ယောကျ်ားသုံး ဆီးဘူးနှင့် နောက်ဖေးအိုး ဝယ်ရသည်။ ခုတင်ပေါ် ပက်လက်အနေအထားနှင့် ရက်ရှည်နေရမည်မို့ ဓာတ်ဘူး သောက်ရေ၊ အဆာပြေစားစရာမုန့်မျိုးစုံနှင့် ကော်ဖီမစ်တွေ တစ်ပုံတပင်ကြီး ဝယ်လာပေးသည့် ရွှန်းလဲ့အား သူတို့အားနာလာကြပြီ။

ညနေခြောက်နာရီ ဧည့်ချိန်ကုန်တော့မှ လူပိုတွေပြန်ဖို့ ပြင်ကြ၏။ မင်းရဲ ညစောင့်မည်ဆို၍ ဦးအောင်ကျော် ထွန်းထွန်းနှင့် ရွှန်းလဲ့နိုင်တို့ ပြန်ကြမည်ဖြစ်သည်။

"ထူးခြားရင် အချိန်မရွေး ဖုန်းဆက်ပါနော်၊ လိုအပ်တဲ့ဆေးဝါးရာဝန်ညွှန်ကြားရင် ဝယ်ပေးပါ. . ၊ စာရင်းတွေဘာတွေ ပြန်ပြောစရာ မလိုပါဘူးရှင့်. . ."

"အေး. . အေး. . ကလေးမတို့က တာဝန်သိလို့ အားတောင်နာမိပါတယ်. . ၊ ဦးရဲ့သား ကံဆိုးလို့ ကားတိုက်ခံရပေမယ့် ကံကောင်းလို့ တာဝန်ယူချင်စိတ်ရှိတဲ့ လူနဲ့ဆုံရတယ်လို့ပဲ သဘောထားပါတယ်ကွယ်"

"ဟုတ်ကဲ့ ကျွန်မလည်း တစ်နေ့တစ်ခေါက် ပုံမှန်လာကြည့်ပေးပါ့မယ်၊ ခုတော့ ခွင့်ပြုပါဦးရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့အရင်ဆုံးပြန်သွား၏။ ဦးအောင်ကျော်နှင့် ထွန်းထွန်းတို့ စစ္စတာကြီး လိုက်နှင်ထုတ်မှပဲ နောက်ဆံတတင်းတင်းနှင့် ပြန်သွားကြသည်။ မင်းရဲနှင့် ကျော်စွာတို့ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးကြုံရသည့် ဆေးရုံညအား ရင်တထိတ်ထိတ်နှင့် ဖြတ်သန်းကြရတော့မည်။

မင်းရဲလည်း ခုမှပဲ ပတ်ဝန်းကျင်ကို လေ့လာရသည်။ ပြည်သူ့ဆေးရုံမှ အထူးခန်းဆိုသော်လည်း ခုတင်လေးလုံး လူနာလေးယောက်ရှိနေသည်။ တခြားဟောခန်းဆို ဒီအကျယ်အဝန်းလောက်ကိုပင် ကုတင်ရှစ်လုံးထည့်ထားတာ သတိပြုမိ၏။

အထူးခန်းဖြစ်သွားရသည့်အကြောင်းရင်းက ကုတင်၏ သုံးဖက်သုံးတန်ကို ကွင်းလျှောတပ် လိုက်ကာအပြာကြီးနှင့် ပိတ်လိုကပိတ် ဖွင့်လိုကဖွင့် လုပ်နိုင်သောကြောင့်ဖြစ်၏။ အကျိုးတွေပဲ စုထားသည့် အဆောင်မို့ ကုတင်နှင့်မတူဘဲ ရက်ကန်းစင်တွေလို ဖြစ်နေသည်။

ပတ်တီးအစုံအလင်နှင့် ခြေထောက်ကို ဆွဲမြှောက်ထားသူတွေ၊ ကုတင်ခေါင်းရင်းကိုမြှင့်ထားကာ မေးသိုင်းပတ်တီးတပ်၍ ခံဆွဲကာ လည်ပင်းရိုးကို စန့်ထားရသူတွေ၊ ကွေး၍ဆန့်မရသည့် ကျောတ် ပတ်တီးနှင့် လက်ကိုမြှောက်၍ ချိတ်ဆွဲထားရသူများတို့ကိုသာ တွေ့မြင်နေရသည်။

"မင်းရဲ. . မင်းရဲ. . ."

ပတ်ဝန်းကျင်လေ့လာမှုလုပ်နေစဉ် သူ့ကို ကျော်စွာခေါ်တာကြားမိ၏။ မင်းရဲ ကုတင်နားကပ်သွားရင်း. . .

"ဘာလဲ ကျော်စွာ. . ဗိုက်ဆာလို့လား. ."

"ဟင့်အင်း သေးပေါက်ချင်လို့. ."

"ဘာ. ."

"ဟာ. . ဘာဖြစ်တာလဲဟ တိုးတိုးပြောစမ်းပါ၊ ရှုးပေါက်ချင်တာ. . ရှုးရှုး"





"အေးလေ. . ငါက ဘာလုပ်ပေးရမှာလဲ"

"ဆီးဘူးဝယ်ထားတယ်မို့လား. . အဲဒါတပ်ပေးလေ. ."

မင်းရဲ တော်တော်ညစ်သွားသည်။ မထနိုင်မကြွနိုင်သည့် လူနာပြုစုပေးရာမှာ ဒီလိုကိစ္စတွေရှိလိမ့်မည်ဟု သူမတွေးခဲ့မိတာ မှားပြီ။ ယောကျ်ားသုံး ဆီးဘူးဆိုတာ နှစ်ထွာနီးပါးရှိမည့် ပလပ်စတစ်ဘူးတစ်ခုဖြစ်ပြီး ထိပ်တွင် ကျားလိင်အင်္ဂါထည့်လို့ရသော အညှာပါရှိသည်။ ကော်ကိုင်ကွင်းတစ်ခုပါသလို ဖွင့်၍ပိတ်၍လည်း ရသည်။

ဆီးဘူးအသစ်ကို ကောက်ယူရမှာပင် မင်းရဲ လက်တွန့်နေ၏။ ကျော်စွာက ပေါက်ချင်လှပြီဟု တဖွဖွပြောနေ၍ မတတ်သာတော့ဘဲ ကျော်စွာအား ဒူးနှစ်ဖက်ထောင်းခိုင်းကာ ပုဆိုးကို မလိုက်သည်။

ပြီးတော့ ငုံ့မကြည့်ဘဲ ထိုးတည့်လိုက်၏။ ချက်ကောင်းထိမထိ မသိ ကျော်စွာထံမှ ညည်းသံထွက်လာသည်။

"အား. . ကျွတ်ကျွတ် မင်းငါ့ကို သတ်နေတာလားကွာ. ."

"ဆော. . ဆောရီး ငါဘယ်လိုလုပ်ပေးရမှာလဲ. ."

"ဟိုဟာကိုကိုင်ပြီး အပေါက်ထဲထည့်ပေးလေကွာ၊ ဒါမှ ပေါက်ရမှာပေါ့. ."

မင်းရဲ စိတ်နှင့်ကိုယ်နှင့် တစ်ခြမ်းစီ ညစ်သွား၏။ ယောကျ်ားချင်း ဒီလိုလုပ်ပေးရအောင်လည်း စိတ်ကမသတီ၊ လုပ်မပေးလို့လည်း မရသည့် အခြေအနေမို့ မျက်စိစုံမှိတ်ပြီး ဟိုဟာကို ဆတ်ခနဲ ဖွယူလိုက်၏။

"အ. . ဟော့ကောင်း ဖြည်းဖြည်း. ."

ကျော်စွာအော်ရာသည်။ မင်းရဲလည်း မစင်တုံးကောက်ကိုင်သလို မထိတထိဆွဲယူကာ ဆီးဘူး အညှာပြွန်ထဲ ထည့်ပေးလိုက်၏။

"အင်း. . ရပြီ. . ရပြီ"

ဘူးထဲ ရေကျသလို အသံကြားရသည်။ မင်းရဲ သူ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ့ပေါင်ကြားထဲမှ ပြန်ဆွဲထုတ်ပြီး ပုဆိုးနှင့် အပြန်အပြန် အလှ...
လှန် သုတ်နေမိ၏။ သုံးမိနစ်ခန့်ကြာမှ စွန့်ထုတ်ခြင်းအလုပ် ပြီးသည်...

"ပြီးပြီ. . ဘူးကို ယူလိုက်တော့"

ပြောသမျှ လုပ်ပေးရင်းနှင့် မင်းရဲတဖြည်းဖြည်းတင်းလာ...
သည်။ ဆီးဘူးကို ပြန်ဆွဲထုတ်ယူကာ အဖုံးပိတ်ပြီး ကုတင်အောက်...
သွင်းထားလိုက်၏။ ဘေးကုတင်မှ လူနာစောင့်ဦးလေးကြီး အနား...
ရောက်လာကာ နည်းပေးလမ်းပြလုပ်သည်။

"ဒီမယ်. . ချာတိတ်၊ ဒီလိုက်ကာ အပြာတွေ အလကား တ...
ပေးထားတာမဟုတ်ဘူး၊ အပေါ့သွားသွား အလေးသွားသွား ဘေး...
လည်းမမြင်ရ၊ လူနာလည်း စိတ်လုံခြုံမှုရအောင် တပ်ပေးထားတာ ဒါ...
ပိတ်ပြီးမှ အတာပြု"

"ဪ. . ဟုတ်ကဲ့. . ဟုတ်ကဲ့ ခုလိုပြောပြပေးတာ ကျေး...
ပါပဲဗျာ. ."

"အေး. . ဒီအဆောင်ကလူတွေက ကြာမှာ၊ လိုအပ်တာ...
အိမ်ကယူလာမှ အဆင်ပြေမှာ. ."

"ဟုတ်ကဲ့. ."

ထိုလူနှင့် သိစရာမှတ်စရာတွေ ပြောပြီးတော့ ကိုယ့်လူကို...
သေချာကြည့်မိသည်။ ညာဘက်ခြေထောက်မှာ ဒူးအုပ်သည်အ...
ကျောက်ပတ်တီးကိုင်ထား၏။ နဖူး၊ တံတောင်နှစ်ဖက်တို့တွင် ပတ်...
နှင့် ပလပ်စတာအချို့ ရှိနေသည်။

အဓိကဒဏ်ရာက ကျိုးသွားသော ခြေထောက်ဖြစ်၏။ ...
မထောက်နိုင် လမ်းမလျှောက်နိုင်သည့်အတွက် လောလောဆယ် အိ...
သာသွားဖို့ ရေချိုးဖို့ဆိုတာ မဖြစ်နိုင်သေး။ လူနာက မထနိုင်သေ...
လည်း လူနာစောင့်မှာ အိမ်သာတက်ဖို့ ရေချိုးဖို့လိုသည်။

ကျော်စွာ မှိန်းနေသဖြင့် ခဏထားခဲ့ပြီး လေ့လာရေးထွ...
ခဲ့သည်။ ကုတင်ရှစ်လုံးဆန့် ဟင်းလင်းပွင့် အခန်းသုံးခန်းကျော်...





...မျိုးသားအိမ်သာကို တွေ့သည်။ အထဲဝင်လိုက်တော့ ဆေးရုံက အိမ်
...သာထဲမှာ ရေကြီးနေတာ မြင်မိသည်။

ဘေစင်အကြီးကြီးတစ်ခု အမှိုက်ပုံးတစ်လုံးလည်းရှိသဖြင့်
...ကြွင်းစားကျန်အနံ့၊ အိမ်သာနံ့၊ ဒက်တော အနံ့တို့ စုံလင်နေသည်။
...င်းရဲမှာ အောက်ဆီဂျင်ဘူးမပါသဖြင့် အသက်ကို မျှင်းရှူပြီး လုပ်စ
...ရှိတာတွေလုပ်ရသည်။ အိမ်သာက ခြောက်ခန်းတွဲနှင့် ရေချိုးခန်း
...စ်ခန်းရှိတာလည်း သတိပြုမိသည်။

အပေါ့သွားရင်း တဖြည်းဖြည်း မှောင်လာတာ ကြုံရသည်။
...ဆေးပေချောင်းတစ်ချောင်း၊ မီးလုံးအကွေးတစ်လုံး၏ အလင်းရောင်က
...အိမ်သာအတွင်း မှုန်ပျပျအလင်းရောင်ကိုသာ ပေးစွမ်းနိုင်သည်။

ထိုအခါမှ ညရေးညတာ အိမ်သာကိစ္စ တွေးမိပြီး သွေးပျက်
...သာသည်။ ခုချိန်က ညဦးပိုင်းဖြစ် အိမ်သာထဲမှာ လူတွေရှိနေသေး
...သဖြင့် ကြောက်စိတ်မဖြစ်မိသေး၊ ညနက်ပိုင်း အိမ်သာဝင်ဖို့အရေး
...တွေးပြီး ကြိုကြောက်နေမိသည်။

သေးပေါက်ပြီး ပြန်အထွက်တွင် ပန်းကန်ဆေး ချိုင့်ဆေးနေ
...သော လူတစ်ယောက်နှင့်ဆုံပြီး စားရေးသောက်ရေး စီစဉ်ရဦးမှာပါ
...လားဟု တွေးမိ၏။ ကျော်စွာထံပြန်လာပြီး စကားစမြည်ပြောရ၏။

"ကျော်စွာ ဘာဖြစ်လဲ နေသာရဲ့လား. ."

"ခြေထောက်က တအားကိုက်တယ်ကွာ. ."

"အေးပေါ့ မားရှတဲ့ကိစ္စမှ မဟုတ်တာ၊ သောက်ဆေး သုံးခွက်
...ဆေးထားခဲ့တယ်လေ၊ အဲဒါ အကိုက်အခဲပျောက်ဆေးတွေပဲဖြစ်မှာ၊ တစ်
...ခုစားပြီးမှ သောက်ရမှာ. . ဘာစားချင်လဲ. . ပြော. ."

ရောဂါနှိပ်စက်ပြီး မစားနိုင်မသောက်နိုင်ဖြစ်နေသည့် လူနာ
...မျိုး မဟုတ်သဖြင့် ကြိုက်တာစားလို့ရသည့် လူနာဆောင်ဖြစ်သည်။
...ကျော်စွာက ပိုက်ဆံရောရှိရဲ့လားဟု စိုးရိမ်စွာမေးသည်။ ...နေလုံတို့
...ပိုက်ဆံပေးသွားတုံးက ဒီကောင် ကျောက်ပတ်တီးကိုင်နေ၍ မသိလိုက်



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲက ငွေသုံးသိန်းထုပ်ကို မြင်သာအောင် ထုတ်ပြရင်း. .

"တွေ့လား. . သုံးပုံး၊ သမ္မတကြီးပြောသလို အရေးယူမခံရ လက်ဆောင်ကန်တော့ငွေလေ. . ဟဲ ဟဲ ဟဲ. .'

"သူတို့က ဘောစိတွေနော်. ."

"မင်းကိုတိုက်တာက ပရာဒို ကောင်မလှလှလေး၊ ပေးသွ တာက သုံးသိန်း၊ သူတို့ပိုင်တာက B4U အထည်ချုပ်စက်ရုံ. ."

"ဟေ B4U ဟုတ်လား၊ ဒါဆို ဟဲဗီးတွေပေါ့. ."

"အေး. . လုံးဝ စိတ်ပူစရာအကြောင်းမရှိဘူး၊ ညစာ ဘာစ မလဲ ဆိုတာသာပြော"

"ခြေထောက်တစ်ခု အရင်းပြုပြီး ရလာတဲ့ အခွင့်အရေး တော့လည်း မဖြစ်မနေ သုံးပေးရမှာပေါ့ကွာ၊ လေးဆင့်ချိုင့်တစ်လုံ အရင်ဝယ် ကြက်ကုန်းဘောင်၊ ဝက်နံရိုး၊ ကြံမဆိုင်၊ မှိုကန်စွန်းနဲ့ ထမ ဖြူ ဝယ်ခဲ့ကွာ. ."

"ဟာ ကြမ်းလှချီလား ကျော်စွာ. ."

"ကြမ်းရမယ်လေ ငါ အာဟာရပြည့်ပြီး ကျန်းမာနေမှ အ မြန်မြန်ပြန်ဆက်မှာ၊ ဒါကြောင့် ကောင်းကောင်းစားရမယ်. ."

"အိုကေ ကောင်းပြီ ငါသွားဝယ်လိုက်မယ်. ."

"အေး. . ခဏလေး၊ ရေတစ်ငုံလောက် တိုက်သွားပါဦး. ."

မင်းရဲ ရေသန့်ဘူးဖွင့် ပိုက်တပ်၍. . ကျော်စွာသောက်လို အောင် ပြင်ဆင်ပေးလိုက်သည်။ ရေသောက်ပြီးမှ မင်းရဲ ဆေးရုံအပြ ထွက်လာခဲ့၏။ ဆေးရုံအပြင်ဘက် လမ်းမတန်းပေါ်မှာ ဆေးဆိုင်တွေ လက်ဘက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ ၊ လမ်းဘေးထမင်းဆို လေးတွေအပြင် မလှမ်းမကမ်းမှာ ဘီယာဆိုင် တစ်ဆိုင်ပါရှိနေ၍ ဥ ဈေးတန်းလို စည်ကားနေသည်။

အရင်ဆုံး စတိုးဆိုင်ဝင်ပြီး လေးဆင့်ချိုင့်၊ မတ်ခွက်(၂)ခွ နှင့် ဇွန်းမျိုးစုံဝယ်သည်။ စားသောက်ဆိုင်ဝင်ကာ ချိုင့်ပေး၍ ရှယ်မှာ





၏။ ချက်ပြုတ်ကြော်လှော်တာစောင့်ရင်း ဟိုငေးဒီငေး ငေးနေလိုက်သည်။

မစည်ကားအပ်သည့် ဒေသတစ်ခု အရမ်းစည်နေတာ အဘိတ်နိမိတ်မကောင်းတာလား၊ ခေတ်ပြောင်းသွားလို့ပဲလားဟု တွေးနေမိ၏။ ရောက်ခါစမို့ အသိမိတ်ဆွေမရှိသေးသည့် ဝန်းကျင်က သူ့အတွက် တစိမ်းပြင်ပြင်။ အပျင်းပြေ စကားပြောစရာလူပင် မရှိ။

မှာထားတာတွေရတော့ ဆေးရုံထဲ ခပ်သွက်သွက်ပြန်ဝင်ခဲ့၏။ ဆေးရုံ၏အဖွင့်ညမှာ ဟင်းကောင်းကောင်းနှင့် ညစာစားရတာ မြိန်လွန်းနေသည်။ ကျော်စွာစားလို့သောက်လို့ရအောင် ချိုင်းမှမြောက်၍ မကာ ထိုင်ခိုင်းထားသည်။

စားနိုင်သောက်နိုင်သည့် အရွယ်ကောင်းယောကျာ်းလေးတွေမို့ နှစ်ယောက်ထဲနှင့်ပင် ဝယ်လာသမျှ တက်တက်ပြောင်သွားသည်။ ထမင်းစားပြီး ဆေးသောက်ရင်း သေးပေါက်ချင်သည်ဟု ပြောပြန်သည်။ တစ်ခါတော့ ကုတင်ပတ်လည် ကန့်လန့်ကာကို ဆွဲစေ့ပြီး မြင်သာထင်သာ သေးတည်ရ၏။

ထမင်းလည်းခွံကျွေး၊ သေးလည်းကောက်တည်ဆိုတော့ အီးပေါပါစေနှင့်ဟုသာ ဆုတောင်းနေရတော့၏။ လူနာစောင့်ဆိုတာ ဘယ်လောက်အလုပ်ရှုပ်ကြောင်း တစ်ညမကုန်မီမှာပင် မင်းရဲ ကောင်းကောင်းသိသွားတော့သည်။ ချိုင့်ဆေး၊ သေးအိုးသွန်ပြီးတော့. . အညောင်းပြေနားဖို့အရေး တွေးတောရပြန်သည်။ လူနာစောင့်တွေအကုန် ပလပ်စတစ်ထိုင်ခုံ ကိုယ်စီနှင့်ဖြစ်သည်။ ဆေးရုံက ပေးတာလည်းမဟုတ်၊ ဝန်ထမ်းတွေ ငှားစားတာလည်း မဟုတ်သည့်အတွက် ဝယ်ဖို့ပဲ ဆုံးဖြတ်လိုက်၏။

ဆက်တီပုံစံကျောမှီမြင့်မြင့် လက်တင်ပါသည့် ပလပ်စတစ်ခုံတစ်လုံး ကိုးထောင်ပေးဝယ်မှပဲ အညောင်းပြေနားစရာ နေရာတစ်ခုရသည်။ ဆေးရုံမှာထားပေးသည့် သစ်သားခုံတန်းတွေက ကုတင်မ



www.burmeseclassic.com

www.burmeseclassic.com



လောက်သည့်အတွက် ခုံဘဝမှ ကုတင်အဖြစ်သို့ အရှင်လတ်လတ် ရောက်နေကြပြီဖြစ်သည်။

ကျော်စွာ့အတွက်လည်း အထူးတလည် လုပ်ပေးစရာမလို၊ ရေတိုက်သေးတည် ချွေးသုပ်ပေးတာလောက်ပဲ လုပ်စရာရှိ၏။ ညဆယ်နာရီလောက်မှာ မင်းရဲ အိမ်သာသွားချင်လာသည်။ ညဘက်ကြီး ဆေးရုံအိမ်သာထဲ မဝင်ရဲ၍ ဒုက္ခရောက်နေ၏။

သရဲကားထဲက ပြကွက်တွေ၊ ကြားဖူးနားဝ သရဲခြောက်သည့် အကြောင်းတွေ ပြန်တွေးမြင်ယောင်ပြီး သွေးလန့်နေ၏။ အစာဟောင်းတွေကလည်း အပြင်ထွက်ခွင့်ရရေး အသံပေးကာ ဆန္ဒဖော် ထုတ်နေကြပြီ။ အောင့်မထားနိုင်တော့သည့်အဆုံး ဖင်လေး လိမ်ကျစ်လိမ်ကျစ် လုပ်ကာ အိမ်သာဆီ အပြေးလျှောက်လာခဲ့၏။

ဆေးရုံတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေချိန်မို့ အိမ်သာက ပို၍အသံတိတ်နေသည်။ သူ့ရဲကောင်းပေါင်းစုံထံမှ သတ္တိတွေ ခဏငှားကာ တံခါးပွင့်နေသည့် အိမ်သာခန်းထဲ ကသောကမြောဝင်လာခဲ့သည်။

ဆန္ဒပြနေကြသည့် အနံ့အသက်မကောင်းသော အစုအဝေးတို့ကို ဒလဟော သွန်ထုတ်ပစ်လိုက်၏။ ချွေးပျံနေတာ အနည်းငယ်သက်သာသွားသည်။ နောက်တစ်ခါ ထပ်လာစရာမလိုအောင် ကြာကြာလေး ထိုင်နေလိုက်သည်။ တိတ်ဆိတ်နေသည့် အိမ်သာထဲမှာ ရေကျသံ တတောက်တောက်ကို ကြားနေရ၏။

ဘုံဘိုင်ခေါင်းမှ ရေကျနေတာတွေ့၍ ခပ်တင်းတင်းပိတ်လိုက်သည်။ ရေကျတာရပ်သွားသော်လည်း အသံကမရပ်၊ တတောက်တောက် အသံကြားနေရသေး၏။ မင်းရဲ ကျောရိုးတလျှောက် စပ်ဖျင်းဖျင်း ဖြစ်လာသည်။

ဒီထဲမှာ အိမ်သာခြောက်ခန်းရှိနေတာ သတိရပြီး တခြားအခန်းက ရေကျသံဖြစ်မှာဟု တွေးမိမှပဲ ကြောက်စိတ်ပြေသွား၏။ အကုန်အစင်စွန့်ပစ်ပြီးဖြစ်၍ ရေခပ်ပြီး သန့်ရှင်းရေးလုပ်သည်။





"အဟီး. . ဟီး. . ဟီး. . ဟီး. . ."

ရုတ်တရက် ညည်းသံကြီးကြားလိုက်ရ၍ မင်းရဲဆံပင်မွေးတွေ ထောင်သွားသည်။ အသာငြိမ်ပြီး အသေအချာ နားစွင့် ကြည့်၏။

"အဟင်း. . ဟင်း. . အား. . ကျွတ်. . ကျွတ်. . ဟီး. . "

ပိုမိုစုံလင်သောအသံတွေ ထပ်ကြားလိုက်ရသည့်အတွက် မရှိသည့်သတ္တိတွေ အကုန်ထွက်ပြေးကြတော့သည်။ သန့်ရှင်းရေးကို တမန်းကတန်းလုပ်ပြီး အိမ်သာတံခါးဖွင့်ကာ အပြင်ထွက်လိုက်၏။ အပြင်သို့အရောက်တွင်ပင် မြင်လိုက်ရသည့်အဖြစ်ကြောင့် မင်းရဲ အသံတုန်အော်လိုက်မိတော့သည်။

"အား. . . အောင်မလေးဗျ. . ."

"သောက်ပလုပ်တုတ်၊ ဟော့ကောင် ဘာဖြစ်တာလဲကွ. . '

ပတ်တီးခေါင်းပေါင်းပေါင်းကာ ကျောက်ပတ်တီးလက်ကို ဘုပ်မှာသိုင်းထားသည့် လူက အလန့်တကြားမေးခွန်းထုတ်မှ မင်းရဲ ကြောက်စိတ်ပြေသွားသည်။

"ညည်းသံကြားလို့ လန့်ပြီး အိမ်သာထဲက အထွက်မှာ ခင်ဗျားကိုပက်ပင်းတွေ့လိုက်တော့ ကြောက်ပြီး အော်မိတာ. ."

"အင်း. . ဖြစ်ရမယ် ညည်းသံကြားမှာပေါ့ ဒီလောက်ဒဏ်ရာတွေ ရထားတဲ့ကြားက တစ်ယောက်ထဲ အိမ်သာလာတက်ရတာ ဘယ်လောက်ဒုက္ခရောက်တယ်မှတ်လဲ. ."

"ဟုတ်ကဲ့ပါ ကျွန်တော်က ဒီနေ့မှရောက်တဲ့ လူသစ်ဆိုတော့ အရာရာတွေးကြောက်နေမိလို့ပါဗျာ. ."

ခြေနှစ်ဖက်လုံးကောင်းနေသည့် မံမီလိုပုဂ္ဂိုလ်နှင့် အိမ်သာထဲမှ အတူယှဉ်တွဲ၍ ထွက်ခဲ့ကြသည်။ အပြန်ခရီးတစ်လျှောက် မအိပ်သေးသည့် လူနာတွေနှင့် လူနာစောင့်များက သူတို့နှစ်ယောက်အား ထူးဆန်းသလို ဝိုင်းကြည့်နေကြ၏။ စောစောက မင်းရဲ၏အော်သံကြောင့် စူးစမ်းနေကြမှန်းသိ၍ တစိမ့်စိမ့်တွေးကာ ရှက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူး. . ဆေးရုံရဲ့ ပထမည အတွေ့အကြုံကတော့ ဇွေဇွေခုန် မိအောင်ပင် ရသတွေစုံနေသည်မို့ မောဟိုက်ပင်ပန်းနေပြီဖြစ်သည့် မင်းရဲ့ ခုံအသစ်စက်စက်ပေါ် ထိုင်ရင်း အနားယူလိုက်တော့၏။









# အခန်း(၃)

ထက်ပိုင်းပဲ ကျိုးကျိုး၊ စုံလုံးပဲကန်းကန်း ကမန်းကတန်းနဲ့ ဆေးရုံတက်၊ ပက်ပက်စက်စက် ပိုက်ဆံကုန် သဘာတွေ တပုံကြီးနဲ့ ဆရာစုံ ဟောက်သမျှခံ အောက်ကလှန် ပြန်လို့လည်း မပြောရဲနဲ့ လောကငရဲကျနေတဲ့ မြန်မာပြည်က လူနာတွေဟာ. .

သျှင်ပါကူကို အားကျရင်း နဘယ် ဘေးမရှိဆိုတဲ့စကား မြောင်းထဲအရောက် လွှင့်ပစ်ချင်နေကြတာ တအားပါပဲဗျား မနက်ခြောက်နာရီလောက်ကတည်းက ဆေးရုံကြီး ပြန်လည်

www.burmeseclassic.com



သက်ဝင်လှုပ်ရှားလို့နေသည်။ Night duty ကျသည့် ဆရာမများလည်း ကြုံရာမှာ ကွေးနေကြရာက ထကာ လမ်းသလားနေကြပြီ ဖြစ်သည်။

ဆေးထိုး၊ ဆေးထည့်၊ ဆေးသောက်ဖို့ လိုအပ်သည့် လူနာများကို နာမည်ခေါ်ကာ ပြုစုကုသမှုပေးနေကြ၏။ ဆရာမလေးတစ်ယောက် ကျော်စွာအား ဆေးလာထိုးပေးသည်။ ဆေးထိုးခံရပြီးကတည်းက ရှုံ့တွနေသည့် ကျော်စွာ့မျက်နှာကြီးကြောင့်. .

"ဘာလဲ ကျော်စွာ တအားနာနေလို့လား. ."

"မဟုတ်ဘူး အိမ်သာတက်ချင်လို့. ."

"ဟင်!"

မင်းရဲ အကြောက်ဆုံးကိစ္စကြီးက မမျှော်လင့်ဘဲဖြစ်ပေါ်လာသည်။ စားလိုက်သောက်လိုက် ယိုလိုက်ပေါက်လိုက်နှင့် သဘာဝကိုနားလည်သော်လည်း ဆောင့်ကြောင့်မထိုင်နိုင် လမ်းမလျှောက်နိုင်သည့် လူတစ်ယောက် ဘယ်လိုအိမ်သာတက်မလဲဆိုတာ မင်းရဲ တွေးကြည့်လို့မရ။

လောလောဆယ်တော့ ကျော်စွာ အရှက်သက်သာအောင် လိုက်ကာအပြာကြီးကို အလုံပိတ်ကာလိုက်သည်။ နောက်ဖေးအိုးအပြားကို ကုတင်အောက်မှ ဆွဲထုတ်ရင်း မင်းရဲ ခေါင်းကုတ် ဖင်ကုတ်နှင့် အချိန်ဆွဲနေ၏။

"ဟောကောင် ထွက်တော့မယ်. ."

မျက်စိမျက်နှာပျက်နေသည့် ကျော်စွာကလည်း တကျိကျိ. .

"ဘယ်လိုလုပ်ကြမလဲ ထမင်းစားတုန်းကလို ထိုင်ပြီးပါမလား"

"အေး. ."

ကျော်စွာအား တွဲထူကာ ထိုင်ခိုင်း၏။ ကွေးမရသည့် ပတ်တီးတန်းလန်းနှင့် ခြေထောက်ကိုထိသွား၍ ကျော်စွာ တအားအား အော်ရှာသည်။ ထိုင်နိုင်တော့မှ ဖင်အောက်ကို နောက်ဖေးအိုးပြား ထိုးထည့်ပေးရ၏။





ဆင်ဖိုနီတီးဝိုင်းမှ ဒရမ်ရိုက်သံနှင့် ခပ်ဆင်ဆင်အသံတွေ ထွက်လာသည်။ မင်းရဲ နှခေါင်းပိတ်လိုက်ရ၏။ ကိုယ့်ကိစ္စကိုယ်ရှင်းတာ မလွဲမရှောင်သာ သည်းခံ၍ရသော်လည်း သူများကိစ္စသူများ အနံ့အသက်ကျတော့ သည်းခံနိုင်စွမ်းမရှိဖြစ်နေသည်။

"ညကတည်းက သွားချင်နေတာ မင်းကို အားနာလို့"

"အဲဒါအသာထား ဘယ်လို အီးကုန်းကြမလဲ. ."

တံတောင်နှစ်ဖက်နှင့် လက်ဖျံမှာပါ ဒဏ်ရာတွေရှိနေသော ကျော်စွာ ခေါင်းရမ်းသည်။ သူ့ဘယ်လက်သူ ကြိုးစားလှုပ်ရှားကြည့်ရင်း. .

"တစ်ရှူး ဆယ်ရွယ်လောက် ဖြတ်ထားကွာ. . ကိုယ့်ဘာသာလုပ်ကြည့်မယ်. ."

မင်းရဲ သက်ပြင်းချပြီး ကျော်စွာပြောသည့်အတိုင်း တစ်ရှူးတွေ ဖြတ်ပေးထားလိုက်သည်။ ကျော်စွာက နှစ်မိနစ် သုံးမိနစ်လောက်နှင့် သူ့ကိစ္စကို အပြီးဖြတ်၏။ သူ့ဘယ်လက်ထဲ တစ်ရှူးတစ်ရွက်ချင်း ထည့်ပေးသည်။ ကျော်စွာ သူ့လက်ကိုမညှာဘဲ ရအောင်ကွေးဆန့်ပြီး နောက်ဖေး ကုန်းသည်။ ဆယ်ရွက်နှင့် မလောက်၍ နောက်ထပ် တစ်ရှူးတွေ ထပ်ဖြဲပေးရသေး၏။ အရွက်အစိတ်လောက် သုံးပြီးမှ စိတ်ကျေနပ်သွားသည်။ မင်းရဲကို အားပြုဖက်ထားပြီး ဖင်ကြွပေးသဖြင့် နောက်ဖေးအိုးကို ဆွဲထုတ်ယူလိုက်သည်။

အိုးကို ကုတင်စွန်းမှာ မေးတင်ထားလိုက်ရင်း ကျော်စွာ ပြန်လှဲနိုင်အောင် ကူညီရသည်။ ရောဂါဘယ ခံစားရခြင်း၊ ဒဏ်ရာ အနာတရဖြစ်ခြင်းများကြောင့် ကိုယ့်ခြေထောက်ပေါ် ကိုယ် မရပ်နိုင်သည့်အခါ အတိဒုက္ခရောက်ရသည့် အဖြစ်ကို မျက်မြင်တွေ့ပြီး အာရောဂျ ပရမံ လာဘံ ဆိုစကားအား အကြွင်းမဲ့ယုံကြည်သွား၏။

"ကဲ. . ခဏလှဲနေဦး ငါ နောက်ဖေးအိုး သွားသွန်လိုက်ဦးမယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေး. . အားလုံး အောက်ခြေသိမ်းကူညီနေလို့ အားလည်းနာတယ် ကျေးဇူးလည်း တင်ပါတယ် သူငယ်ချင်းရယ်"

"ရပါတယ်ကွာ. . "

အားနာစကားပြောလာသည့် ကျော်စွာကြောင့် မင်းရဲ သက်ပြင်းရှိုက်ပြီး နောက်ဖေးအိုးဆွဲကာ ထွက်လာခဲ့၏။ သူငယ်ချင်း စင်စစ်အဖြစ်မှ သေးသွန်နောက်ဖေးကြုံး ဂျာရူးဝါလားဘဝ ရောက်ရသည့်အတွက် ကံကြမ္မာကိုသာ အပြစ်ဆိုမိတော့သည်။

သန့်ရှင်းရေးကိစ္စတွေပြီးတော့ ဘရိတ်ဖတ်အတွက် စီစဉ်ရပြန်သည်။ အဆင်သင့်ရှိနေသည့် ကော်ဖီမစ်နှင့် မုန့်မျိုးစုံကိုသာ အလွယ်တကူ စားသောက်လိုက်ကြသည်။

မနက်ရှစ်နာရီလောက်တွင် ဦးအောင်ကျော် ရောက်လာသည်။ အလဲအလှယ်ဝတ်စရာ အဝတ်အစားများနှင့် စောင်၊ ခြင်ထောင်တို့ယူလာ၏။

"သား နေသာရဲ့လား၊ ခံနိုင်ရည်ကော ရှိပ့ါမလား. . "

"နေရထိုင်ရတော့ ခက်တာပေ့ါ အဖေ၊ ဒါပေမဲ့ ကြိုးစား သည်းခံပြီး နေနေပါတယ်၊ မင်းရဲကို အားနာတယ်အဖေ ချေးသေးကအစအကုန်လုပ်ပေးနေတာ. . "

"အင်း. . အားနာစရာပဲပေ့ါ၊ အမြဲတာဝန်ယူပြုစုမယ့်သူ ငှားလို့မရဘူးလား'

ဒီတော့လည်း မင်းရဲပဲ စီနီယာတွေထံမှ နည်းနာယူကာ အလုံးစုံတာဝန်ယူပြုစုပေးမည့် သူနာပြုအား ရှာရသည်။ တွေ့တော့တွေ့၏။ ဈေးကမသေး. . နေ့တစ်သောင်း၊ ညတစ်သောင်းတဲ့. . ။

"ဒါတော့ များပါတယ်ကွာ တစ်ရက်နှစ်သောင်းတောင်"

"ဟိုဘက်က တာဝန်ယူမှာလေ အဖေရဲ့"

"ဘယ်လိုပဲဖြစ်ဖြစ် ဒါကတော့ အခွင့်အရေးယူလွန်းရာ ကျပါတယ်ကွာ. . "





"ငွေရေးကြေးရေးက ပြဿနာမဟုတ်ဘူးဆိုရင်တောင် သူတို့က နာ့(စ်)မတွေ သားရှက်တယ်"

"သူတို့အတွက်က ရိုးနေပြီကွ. . "

လူနာစောင့်အတွက် သူနာပြု စပယ်ရှယ်နာ့(စ်) ငှားရေး မငှားရေးက နောက်ဆုံးမှာ မင်းရဲခေါင်းပေါ်ပဲ ပုံကျလာသည်။ လုပ်အားခပဲဆိုဆို နေ့တွက်ပဲပြောပြော တစ်နေ့တစ်သောင်းယူပြီး သူငယ်ချင်းကို စောင့်ရှောက်ပေးဟု ဦးအောင်ကျော်က တောင်းဆိုလာတော့ ကျော်စွာက အတင်းကာရော ထောက်ခံသဖြင့် မင်းရဲ မငြင်းသာဘဲ ခေါင်းညိတ်လိုက်ရသည်။

မညိတ်လို့ကလည်းမဖြစ် မင်းရဲမိသားစု ရပ်တည်ရေးအတွက် သူ့ဝင်ငွေက အရေးပါနေသည်လေ။ ကျော်စွာ၏လုပ်ငန်းတွင် ကူလုပ်စဉ်က ဆိုင်းဘုတ်(ဖေ့ါစာလုံး)နှင့် ပတ်သက်လျှင် မင်းရဲ အကုန်ရသဖြင့် ဝင်ငွေက ငါးထောင်မှ ခုနစ်ထောင်အတွင်း ရှိသည်။ အခုတစ်သောင်းဆိုတော့ နှစ်ဦးနှစ်ဖက် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဖြစ်သွား၏။

"ဒါဆို ဦးလေး ကျွန်တော့အိမ်သွားပြီး ဆယ်ရက်စာ တစ်သိန်းလောက်ကြိုပေးထားပါလား၊ ကျွန်တော်လည်း အိမ်အတွက် စိတ်မပူရတော့ဘူးပေ့ါ. . "

"စိတ်ချ မင်းရဲ၊ ဦးလေးကိုယ်တိုင် သွားပေးလိုက်မယ်"

အငှားလုပ်ငန်းက ရပ်ထားလို့မရသည့်အတွက် ဦးအောင်ကျော် သုတ်ခြေတင်ပြန်သွားသည်။ ကိုးနာရီခွဲတွင် ဆရာဝန်တွေ Round လှည့်သည်။ ရောက်ခါစမို့လားတော့ မသိ၊ ကျော်စွာအား အသေအချာ ဂရုစိုက်စစ်ဆေးပေးသည်။ မာတ်မှန်ကိုကြည့်ပြီး နှစ်လမနေရပါဘူးကွာဟု အားပေး၏။

မခံမရပ်နိုင်အောင် ကိုက်ခဲလာလျှင် ခြောက်နာရီခြားတစ်ကြိမ်သောက်ရမည့်ဆေး ဝယ်တိုက်ဖို့ ရေးပေးသွားသည်။ တော်သေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ပြောရမလားမသိ။ ဆရာဝန်တွေ သူနာပြု တွေနှင့် ကုတင်ပါ အလကားရလို့ ဦးချချင်စိတ်ပါ ပေါ်လာသည်။

Round လှည့်အပြီးမှာ လူနာတွေ လူနာစောင့်တွေ လွတ်လပ်ရေးရသွား၏။ အိမ်မှ သယ်လာကြသည့် ပန်ကာတွေ ဖွင့်သူဖွင့်၊ ပလပ်ခုံကျွင်းကာ ဖုန်းအားသွင်းသူသွင်း၊ တီဗွီသေးသေးလေးတွေ ကြည့်သူကြည့်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြသည်။ အနီးဆုံး ကုတင်မှ လူနာစောင့်နှင့် မျက်မှန်းတန်းမိပြီး စကားစမြည်ပြောဖြစ်သည်။

"မင်းတို့ သိပ်ကောင်းတယ် ယာဉ်တိုက်မှုတွေမှာ ကားသမားအများစုက ထွက်ပြေးပြီးသားပဲ. ."

"ဟုတ်တယ်ဗျ ဒီကောင် အတော်ကံကောင်းတာ ဒါနဲ့ ခင်ဗျားရဲ့ လူနာကရော ဘာဖြစ်တာလဲ"

"အင်း ကမြင်းကြောထလို့ပဲ ဆိုပါတော့ကွာ၊ ဇလွန်ကို ဘုရားဖူးသွားတယ် ချောင်းထဲ ရေဆင်းချိုးကြတယ်၊ အတိမ်အနက်ကို မစူးစမ်းဘဲ ဒိုင်ဗင်ထိုးလိုက်တာ ကံကောင်းလို့ ဇက်မကျိုးတာပေါ့"

"ဩော်. ."

လူနာပုဂ္ဂိုလ်က ခေါင်းတောင်လှုပ်လို့မရ၊ မေးကိုသိုင်းပြီး ခံချိတ်၍ လည်ပင်းရိုးကိုဆွဲဆန့်ထားသလို လည်ပင်းတွင်လည်း ကော်လာအပြားကြီးပတ်၍ မေးစေ့ကိုထောက်၍ ထိန်းထားသည်။ လှုပ်ရှားလို့မရသလို ထ၍လည်းမရ၊ ထိုလူ့အခြေအနေနှင့်စာလျှင် ကျော်စွာက အပုံကြီးသက်သာသည်ဟုပင် ပြောရမလိုဖြစ်နေသည်။

နောက်ထပ် လူနာတွေက ပေါင်ကျိုးသွားသော အဘိုးကြီးတစ်ယောက်နှင့် ညာလက်ကျိုးနေသည့် လူငယ်တစ်ယောက်ဖြစ်သည်။ စပယ်မရှယ့်တစ်ရှယ် လေးယောက်ခန်းယူထားကြသည့်အတွက်. . ပိုက်ဆံအသင့်အတင့်ရှိသော အသိုင်းအဝိုင်းထဲမှ ဖြစ်ပုံရ၏။

နှစ်လနီးပါး အမြဲဆုံတွေ့နေကြရမည့်သူများမို့ အားလုံးနှင့် အဆင်ပြေအောင် မင်းရဲ ပေါင်းသင်းထားသည်။ မနက်ဆယ်နာရီ





လောက်တွင် ရွှန်းလဲ့နိုင်တို့ သားအမိ ရောက်လာကြ၏။

"မောင်ကျော်စွာ နေရတာအဆင်ပြေရဲ့လား ဘာလိုသေးလဲ"

"ပြေပါတယ် အန်တီ၊ မလိုတော့ပါဘူး. ."

"အင်း. . ငွေစကားပြောတယ်လည်း မထင်ပါနဲ့၊ မောင်ကျော်စွာ အမှုမဖွင့်တာနဲ့တင် တအားကို ကျေးဇူးတင်နေမိတာ၊ အဲဒီအတွက်ရော မောင်ကျော်စွာ ဒဏ်ရာရပြီး အလုပ်ပျက်အကိုင်ပျက်ဖြစ်ရတဲ့အတွက်ရော အန်တီတို့ သိန်းနှစ်ဆယ်ကူညီပါရစေ. . လက်ခံပေးပါကွယ်. ."

လျော်ကြေးပေးမည်ဟု သိထားသော်လည်း ဒီလောက်ထိ ပေးလိမ့်မည်ဟု မျှော်လင့်မထားသဖြင့် ကျော်စွာ အံ့ဩနေသည်။

မင်းရဲလည်း မယုံနိုင်အောင်ဖြစ်နေလေ၏။

"ကိုကျော်စွာ လက်မခံရင် ကျွန်မ စိတ်မကောင်းဖြစ်ရမှာနော်"

ရွှန်းလဲ့ကလည်း အတင်းတိုက်တွန်းသလို ဒေါ်နွယ်နီနိုင်က ငွေထုပ်ကို ကျော်စွာရင်ဘတ်ပေါ်တင်ပြီး လက်နှစ်ဖက်ကို ယူ၍ဆုပ်ထားစေ၏။

"ဟုတ်. . ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်တော်က တိုက်ပြီးထွက်ပြေးမသွားတာနဲ့တင် ကျေနပ်နေပါပြီ၊ လောကမှာ ငွေထက် တာဝန်ယူမှုတာဝန်သိမှုက ပိုပြီးအရေးကြီးတယ်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ်ကွယ်၊ ဒီနေ့လို့ခေတ်ထဲမှာ နှစ်ဖက်မျှတအောင်နေတတ် တာဝန်ယူတတ်လို့ အန်တီရဲ့စက်ရုံမှာ ဆန္ဒပြမှုတွေ မဖြစ်တာပေါ့. ."

"ဟုတ်ကဲ့ ခုလိုသိရလို့ အထင်ကြီးလေးစားမိပါတယ် အန်တီ"

အန်တီကြီးပြန်သွားပြီး ရွှန်းလဲ့နေရစ်ခဲ့သည်။ ကျော်စွာက မင်းရဲအား ပိုက်ဆံတွေ အပ်သဖြင့် ဘေးလွယ်အိတ်ထဲထည့်ပြီး စလွယ်သိုင်းလွယ်ထားရသည်။ ကျော်စွာရော မင်းရဲပါ သိန်းနှစ်ဆယ်ဆိုသော ပမာဏကို တစ်စုတစည်းထဲ တစ်ခါမှ မကိုင်ဘူးကြ၍လည်း စိတ်လှုပ်

www.burmeseclassic.com



ရှားနေ၏။

ရာသီဥတုက ပူအိုက်လွန်းသဖြင့် ရေချိုးချင်သည်ပြောနေသည့် ကျော်စွာအားသာပြေအောင် ရေပတ်တိုက်ပေးဖို့ ပြင်ဆင်ရသည်။ ရေဖလားနှင့် မျက်နှာသုတ်ပုဝါ အသေးလေးသုံးကာ မင်းရဲ လုပ်ပေးနေတာကိုကြည့်ရင်း ရွှန်းလဲ့က သူလုပ်ပါရစေဟု တောင်းဆိုလာ၏။

“မဟုတ်တာဗျာ မလုပ်ပါနဲ့”

‘အားနာစရာကြီး. . ’

ကျော်စွာနှင့် မင်းရဲ ငြင်းသော်လည်းမရ၊ ရွှန်းလဲ့က ဖွတ်ပင်ဆွဲယူကာ လုပ်ပေးနေသဖြင့် ကျော်စွာအသာငြိမ်နေရ၏။ အပေါ်ပိုင်းဗလာကျင်းထားသည့် ကျော်စွာအား ရွှန်းလဲ့က ဂရုတစိုက်ပင် ရေပတ်တိုက်ပေးနေသည်။

မနေတတ်မထိုင်တတ် ဖြစ်နေသည့်ကျော်စွာ ဆေးရုံ မျက်နှာကျက်ကိုသာ မော့ကြည့်နေ၏။ မင်းရဲလည်း ထမင်းစားချိန် ရောက်နေပြီမို့ မနက်စာ သွားဝယ်ဦးမည်ဟု အသိပေးပြီး ချိုင့်ဆွဲကာ ထွက်သွားသည်။ မင်းရဲထွက်သွားချိန်မှာ သျှင်နော် ဆေးရုံထဲရောက်နေပြီး ကျော်စွာကို ရှာမတွေ့ဘဲ တဝဲလည်လည် ဖြစ်နေ၏။

နောက်ဆုံးမှာ ဦးအောင်ကျော်ထံ ဖုန်းဆက်ပြီး ကုတင်နံပါတ်မေးကြည့်မှပဲ အဆင်ပြေသွားသည်။ သျှင်နော် ကုတင်နံပါတ်များကိုကြည့်ကာ ကျော်စွာ့ကိုရှာ၏။ ကုတင်ပေါ်လှဲနေသည့် ကျော်စွာကို အလွယ်တကူမတွေ့၊ ကုတင်နံပါတ်အတိုင်း အနားကပ်သွားတော့လည်း မိန်းမချောတစ်ယောက်က ရေပတ်တိုက်ပေးနေတာတွေ့ပြီး မဖြစ်နိုင်ဟုတွေးကာ ပြန်လှည့်ထွက်ခဲ့၏။

ကံကောင်းချင်တော့ ကျော်စွာလှမ်းအကြည့်နှင့်ဆုံပြီး မြင်သွား၍ လှမ်းခေါ်လိုက်သည်။ ခေါ်သံကြား၍ လှည့်အကြည့်မှာ. . ကျော်စွာ့အား သေချာမြင်သွားသည့် သျှင်နော် မျက်လုံးပြူးသွားသည်။

“သျှင်နော် လာလေ. . ”





လက်ပြရင်း လှမ်းခေါ်နေသဖြင့် သျှင်နော် ကြောင်တက်တက်နှင့် ရောက်လာသည်။ ကုတင်တစ်ဖက်တစ်ချက်မှ မိန်းမချောနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးစမ်းသလိုကြည့်ကြသည်။ ကြားက ကျော်စွာကပဲ တာဝန်ယူ မိတ်ဆက်ပေးလိုက်ရသည်။

“သျှင်နော် သူက ရွှန်းလဲ့နိုင်တဲ့၊ အဲ. . ဟို. . ဟိုလေ ကားပိုင်ရှင်ဆိုပါတော့. . ရွှန်းလဲ့နိုင် သူက ကျွန်တော့သူငယ်ချင်း သျှင်နော်ပါ’

“ဩော်. . ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ နောက်တွေ့ရင်လည်း ခေါ်ပါနော်. . ”

ရွှန်းလဲ့က အသိအမှတ်ပြု စကားကိုအလိုက်အထိုက်ပြောရင်း ရေပတ်ဆက်တိုက်ပေးနေသည်။ ရည်းစားရှေ့မှာ တစိမ်းမိန်းကလေးက ပိုင်စိုးပိုင်နှင်း ပြုစုနေတာကြောင့်. . ကျော်စွာရော သျှင်နော်ပါ ကြောင်အမ်းအမ်းဖြစ်နေကြသည်။

သျှင်နော်က မျက်စိမျက်နှာပါ ပျက်နေသည်။ သူနှင့် ကျော်စွာ ချစ်သူတွေဖြစ်လာတာ ခြောက်လစွန်းနေပြီဖြစ်သော်လည်း အပေါ်ပိုင်းဗလာကျင်းနေသည့် ကျော်စွာ့အား တစ်ခါမှ မမြင်ဘူးခဲ့။ ဒါကို ခုမှတွေ့ရသည့် မိန်းမတစ်ယောက်က ပိုင်စိုးပိုင်နှင်း ရဲရဲတင်းတင်း ရေပတ်တိုက်ပေးနေတာမြင်ပြီး သျှင်နော်စိတ်ထဲ မနာလိုစိတ်တွေ တဖွားဖွားပေါ်နေသည်။

နဂါးမှန်းသိအောင် အမောက်ထောင်ပြမည်ဟု ရည်ရွယ်ပြီး ရွှန်းလဲ့ဆိုသည့်ကောင်မအား မထိတရိကြည့်ကာ ပြုံးပြလိုက်၏။ ကျော်စွာ့လက်ကို ဆွဲယူကာ ဆုပ်နယ်ပေးရင်း. . .

“သတင်းကြားကြားချင်း စိုးရိမ်လိုက်ရတာ ကိုကျော်ရယ်၊ အိပ်လို့တောင် မပျော်ဘူး သိလား၊ ညကတည်းက ပြေးလာချင်တာ အမေဆူမှာစိုးလို့. . ”

သျှင်နော်က စကားနှင့်သာမက အမူအရာပါသုံးကာ သက်ဆိုင်သူမှန်းသိအောင် အပိုင်ချည်ပြီးတုတ်ပြီး ပြောသည်။ ကျော်စွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့ကို အားနာတာကတစ်မျိုး သျှင်နော်ကို နှစ်သိမ့်ချင်တာက တစ်နည်းနှင့် ဗျာများနေတော့၏။

"သိပ်မများပါဘူး သျှင်နော်ရယ်၊ ခုလည်း နေသာပါတယ်"

"ခြေတစ်ဖက်ကျိုးသွားတာ သိပ်မများပါဘူး ဟုတ်လား၊ ဟွန်း ကားသမားတွေကလည်း မဆင်မခြင်မောင်းကြတာကို. ."

ကျော်စွာဖေ့ါပြောကာမှ သျှင်နော့်စကားတွေက ပိုပြင်းထန်လာသည်။ ဘယ်လိုတားဆီးရမှန်းမသိ ဖြစ်နေစဉ်မှာပင်. .

"ဟုတ်ကဲ့. . ကားက ကျွန်မမောင်းတာပါ ဒါကြောင့်လည်း အားလုံးတာဝန်ယူပြီး ဂရုစိုက်ပြန်ပေးဆပ်နေတာပါ သျှင်နော့်ကိုလည်း ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေရှင်. ."

တစ်ဖက်က မယုံနိုင်လောက်အောင် အောက်ကျို့စကားဆိုကာ တောင်းပန်လာတော့ သျှင်နော်လည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ ထိုအခိုက် မင်းရဲ ချိုင့်ကြီးနှင့် ပြန်ရောက်လာ၍ ကျော်စွာ စိတ်သက်သာရာ ရသွားသည်။

"ဟာ. . သျှင်နော် ရောက်နေတာကိုး၊ အတော်ပဲ ထမင်းစားသွား. ."

"ထမင်းစားဖို့လာတာ မဟုတ်ပါဘူး မင်းရဲရယ်"

အရိပ်အကဲနားလည်သည့် မင်းရဲက သျှင်နော်နှင့် ရွှန်းလဲ့တို့ ကြည့်ပြီး တစ်ခုခုထူးခြားနေပြီဆိုတာ သိသွား၍ အာရုံပြောင်းလိုက်၏။

"ကဲ. . သူ့ကို အကျီဝတ်ပေးရအောင် ကူကြဦးဟ. ."

အကျီအသစ်တစ်ထည်ထုတ်ယူ ဆော်ဩလိုက်ပြီး ကျော်စွာ အားဆွဲထူတော့ သျှင်နော်ရော ရွှန်းလဲ့ပါ ဝိုင်းကူကြ၏။ မင်းရဲက အကျီ ကြယ်သီးတပ်ပေးရင်း အရွှတ်အနောက်စကား ပြောရသည်။

"ဒီကောင် ကလေးပြန်ဖြစ်သွားပြီဟ ထမင်းခွံ့ရ၊ သေးတယ်ရေ အီးကုန်းပေးရနဲ့ ငါ့မှာ အားကိုမအားရဘူး. .'

"'ခု သျှင်နော်လည်း ရှိနေပြီလေ၊ ထမင်းခွံ့ကျွေးမယ်. ."





ကျော်စွာ ခေါင်းပဲညိတ်ပြပြီး ရွှန်းလဲ့အား အားနာစွာဖြင့် ကြည့်မိ၏။ အလိုက်အထိုက် သိသည့် ရွှန်းလဲ့က ပြုံးရွှင်စွာနှင့်ပင်. .

"ကဲ. . ကျွန်မကို ပြန်ခွင့်ပြုပါဦးရှင် ညနေကျမှ မေမေနဲ့ တစ်ခေါက်ဝင်လာခဲ့ပါဦးမယ်. ."

"ဩော်. . ဟုတ်ကဲ့ပါ ရွှန်းလဲ့၊ အန်တီနဲ့ ရွှန်းလဲ့လည်း အလုပ်တွေပိုနေပြီ"

"မဟုတ်တာရှင် ကိုကျော်စွာ ပြန်ကောင်းတဲ့အထိ ကျွန်မ နေ့တိုင်းလာကြည့်မှာပါ၊ ဘာပြဿနာမှ မလုပ်တဲ့အတွက်လည်း တအား ကျေးဇူးတင်နေတာလေ. .၊ ကဲ. . သွားမယ်နော်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. ."

ပြုံးပြုံးရွှင်ရွှင်နှင့် မျက်စိတစ်ဆုံး လိုက်ကြည့်နေကြသည့် ကျော်စွာနှင့် မင်းရဲအား မျက်စောင်းထိုး နှုတ်ခမ်းထော်ပြလိုက်မှပဲ နှစ်ယောက်လုံး မျက်နှာပိုးသတ်သွားကြသည်။

"ကဲ. . ဘာတွေဖြစ်နေကြလဲဆိုတာ ရှင်းပါဦး၊ ကိုယ့်ကိုကျိုးအောင် ကားနဲ့တိုက်တဲ့သူကို ဘာလို့ကျေးဇူးတင်နေကြတာလဲ."

"ဘာလို့ ရှုံရှုံနီ ဖြစ်နေရသလဲဆိုတော့ ဒီလိုဟ. ."

မင်းရဲက ကြားဝင်ပြီး အကြောင်းစုံရှင်းပြလိုက်တော့ သျှင်နော်၏စပ်အဟောင်းသား ပွင့်သွားသည်။

"ကားတိုက်ခံရလို့ သေသွားရင်တောင် ဒီလောက်မရနိုင်ဘူး သျှင်နော်"

"ဘာပဲဖြစ်ဖြစ်လေ. . ဒါ သူတို့တာဝန်ပဲဟာ. ."

"အေးလေ. . တာဝန်ရှိတယ်ဆိုတာကို လက်ခံပြီး တာဝန်သိသိ ပြန်ကူညီနေတာလေ"

သျှင်နော် ဘာမှ အတိုက်အခံဆက်မပြောတော့ဘဲ မင်းရဲ ဆယ်လာသည့်ချိုင့်ကိုဖွင့်ကာ ကျော်စွာ့ကို ထမင်းကျွေးဖို့ ပြင်ဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော. . တစ်ခါတည်း စားသွားပါလား. . "

မင်းရဲ ချိုင့်တစ်အံယူကာ ထမင်းဟင်းထည့်ရင်း ပြောလိုက်သည်။

"အမလေး. . မစားချင်ပါဘူး ရွံလို့. . "

"ဟင်. . . "

သျှင်နော်၏ တုန့်ပြန်မှုကြောင့် ကျော်စွာနှင့်မင်းရဲ တအံ့တသြ ဖြစ်သွားကြသည်။ ဒါကို ရိပ်မိသွားသည့် သျှင်နော်က. . .

"အဲ. . ဟိုဒင်းလေ ဆေးရုံနံ့ကြီးနဲ့နေတော့ စားရမှာ မျိုမကျဘူးလို့ ပြောတာပါ. . "

မင်းရဲဘာမှ ဆက်မပြောဘဲ သူ့ဗိုက်သူဖြည့်နေသလို ကျော်စွာလည်း သျှင်နော် ခွံကျွေးသည့်ထမင်းကို တစ်လုတ်ချင်းစား နေသည်။ ကြာလာတော့ သျှင်နော် စိတ်မရှည်ဖြစ်လာသည်ထင်၏။

"ကိုကျော် မြန်မြန်စားလေ၊ သျှင်နော် သွားစရာရှိသေးတယ်"

"သွားစရာရှိရင်သွားလေ မေးရိုးပါနာနေတော့ မြန်မြန်မဝါးနိုင်ဘူး သျှင်နော်ရဲ့. . "

"ဟင်. . ဟုတ်လား. . ဆောရီး. . ဆောရီး. . "

သျှင်နော် မကောင်းတတ်၍ သည်းခံရဟန်နှင့် ဆက်ကျွေးသည်။ လေးငါးလုတ်ထပ်စားအပြီးမှာ ကျော်စွာက တော်ပြီဝပြီဟု ပြောလိုက်၏။

သျှင်နော် ပြုံးသွားကာ ထမင်းချိုင့်ကို ချထားလိုက်သည်။ တစ်ရှူးတွေတပုံကြီးနှင့် သူ့လက်ကို အကြိမ်ကြိမ်သုတ်ရင်း. .

"ကိုကျော် အဲ့ဒီနှစ်ဆယ်ကို ဘာလုပ်မှာလဲ သျှင်နော် ငွေတိုးနဲ့ပွားပေးထားရမလား၊ ဒီအတိုင်းဆို အလကား ဖြစ်နေမှာလေ. . "

ကြားရသည့် စကားကို ကျော်စွာ မယုံနိုင်သလိုဖြစ်သွား၏။ သျှင်နော့်အား တအံ့တသြကြည့်ရင်း. . .

"အဲ. . ဟို. . ဟိုဒင်း အဲဒါရတာ အဖေတောင် မသိသေးဘူး





သျှင်နော်ရဲ့၊ အလာမှ တိုင်ပင်ကြည့်ဦးမယ်. . "

"ဪ. . အင်း. . အင်း. . တိုင်ပင်ကြည့်လေ၊ သျှင်နော်က စေတနာနဲ့ပါ၊ ဒါနဲ့ ကိုကျော်ခြေထောက်ကရော ပြန်ကောင်းမှာ သေချာပါတယ်နော်. . "

"သေချာပါတယ် သျှင်နော်ရဲ့၊ ဒီက ပါရဂူကြီးတွေ ကိုယ်တိုင်ပြောတာ. . "

"တော်ပါသေးရဲ့၊ ကဲ. . ကဲ. . အချိန်မရတော့ဘူး သျှင်နော်ပြန်မယ်နော်. . အားတဲ့နေ့မှ လာခဲ့ဦးမယ်. . "

"အင်း. . အင်း. . "

ကျော်စွာ ဖီး(လ်)ငုပ်သွားသဖြင့် ပြီးပြီးရော နှုတ်ဆက်လိုက်၏။ သျှင်နော် ကသုတ်ကရက်ပင် ပြန်သွားသည်။

"မင်းရဲ မင်းစားပြီးရင် ငါ့ကိုကျွေးဦး. . "

"ဟင်. . ဝပြီဆို. . "

"သျှင်နော် စိတ်မရှည်ဘဲ ခွံ့ကျွေးနေတာ မစားချင်လို့"

"အင်း. . ထင်သားပဲ ဖြစ်ရမယ်. . "

မင်းရဲ သွက်သွက်စားကာ လက်ဆေးပြီး ကျော်စွာအား ထမင်းထပ်ခွံ့သည်။ ဝက်သားဟင်း ငါးခေါင်းချဉ်ရည်နှင့် သူတို့ စားကောင်းနေကြပြန်သည်။

"သျှင်နော်က ကြောင် ပဲ. . . "

"ဟင်. . ဘာကြောင်လဲ. . "

"CAT စီအေတီ ကက်(တ်)ကြောင်လေ မင်းမကြားဖူးဘူးလား ကြောင်က အိမ်သာမှ နေတာတဲ့၊ တစ်ယောက်ယောက် နေမကောင်းဖြစ်ရင် အဲဒီအိမ်ကထွက်သွားရော ဆိုတာလေ. . "

"အင်း. . ဟိုနှစ်ဆယ်ကိုယူပြီး အတိုးချပေးမယ်ပြောတော့ နဲနဲဖေါင်းသလားလို့. . "

"နဲနဲမဟုတ်ဘူး မဟာဒရား ဖေါင်းတာ၊ သူ့ဟာသူဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ပြီးတော့. . ရွှန်းလဲ့ ရေပတ်တိုက်ပေးတာကိုလည်း မကြည် သလိုပြောသွားသေးတယ်ကွ. . ”

ကျော်စွာနှင့် မင်းရဲတို့ သျှင်နော်၏စိတ်ကို ခန့်မှန်းပုံဖော်ကြည့် နေကြ၏။ တစ်ဖက်ကုတင်မှ လူနာစောင့်အစ်ကိုကြီး သူတို့ ကုတင်နား ရောက်လာသည်။

“စားလို့သောက်လို့ ကောင်းနေကြတယ်ထင်တယ်. . ”

“ဗျာ. . ဟုတ်ကဲ့ အစ်ကိုရော စားပြီးပြီလား. . ”

“အေး. . ပြီးပြီ. . မင်းတို့ကို သတိပေးမလို့. . ”

“ဘာများလဲ အစ်ကို. . ”

“ထမင်းဟင်းတွေကျန်ရင် သိမ်းမထားနဲ့ သွန်ပစ်လိုက်”

“အဲ. . ဘာဖြစ်လို့လဲ အစ်ကိုရ. . ”

“ဖြဲ ရှိလို့ပေါ့. . ”

“ဗျာ. . . . ”

ဖြဲဆိုတာ သရဲကိုခေါ်မှန်းသိ၍ နဂိုကမှ ကြောက်တတ်သူ မင်းရဲမျက်နှာ သွေးဆုတ်သွားသည်။ ထိုပုဂ္ဂိုလ်က သူတို့ဆေးရုံမှာ နှစ် ပါတ်ကြာခဲ့ပြီဖြစ်ကြောင်း၊ ကြက်ကြော် ငါးကြော်တို့ သိမ်းထားတိုင်း ပျောက်သွားလေ့ရှိကြောင်း အမျိုးမျိုး စမ်းကြည့်ပြီဖြစ်ကြောင်း တို့ကို စီကာပတ်ကုံးပြောပြသည်။

မင်းရဲမျက်နှာ ဇီး(ဆီး)ရွက်လောက်သာ ရှိတော့၏။ ချိုင့်ထဲ ကျန်နေသည့် ဝက်သားတစ်တုံးကို ကောက်ယူကာ စားပစ်လိုက်သည်။

“တစ်ညမှာ ကြက်ကြော်လေးတုံးပါတဲ့ ချိုင့်ကို ဒီသံဘီရိုထဲ ထည့်ထားတယ်၊ သေချာအောင် တံခါးကို တိပ်နဲ့ပတ်လည်ကပ်ထား တာ၊ ဒါပေမဲ့ မနက်ကျတော့ မရှိတော့ဘူး. . ”

“ဟင်. . ကြမ်းလိုက်တာ၊ အကောင်အထည်ကော မြင်ရလား ဟင်”

“ဟင့်အင်း. . . ”





ကြောက်တတ်သူတို တစ္ဆေပုံပြင်လာပြောနေသည့် အစ်ကိုကြီး က ဘာမှမဖြစ်သလို သူ့ကုတင်ဘက် ပြန်ကူးသွားသည်။ သွေးပျက်ပြီး ကျန်ခဲ့သည့် မင်းရဲက. . .

“ဘယ်လိုလုပ်ကြမလဲ ကျော်စွာ. . ”

“ဒီလောက်လူတွေ အများကြီးကွာ ဘာကြောက်စရာရှိလဲ”

“မင်းက ပြောအားရှိတာပေါ့၊ ငါက ညဘက်လည်း တစ် ယောက်ထဲ အိမ်သာသွားရတာ”

“ဘုရားစာ ရွတ်ပေါ့ကွာ. . ”

ဆေးရုံနှင့်သရဲက ဝမ်းဆက်ဟု ယုံကြည်ထားသည့်ကြားထဲ အတည်ပြုပြောဆိုသည့်သူပါ ရှိလာတော့ မင်းရဲတစ်ယောက် နေမဝင် ခင်မှာပင် ကြောက်အားပိုနေလေ၏။ ညနေလေးနာရီလောက်တွင် အန်တီကြီးနှင့် ရွှန်းလဲ့ရောက်လာကြပြန်သည်။

“အခြေအနေ တိုးတက်ရဲ့လား မောင်ကျော်စွာ. . ”

“ဟုတ်ကဲ့. . လက်တွေတော့ ကွေးလို့ဆန့်လို့ ကောင်းစပြုလာ ပါပြီ”

“တော်ပါသေးရဲ့ကွယ် အန်တီ့မှာ အချိန်ရှိသရွေ့ စိတ်ပူနေ တာ. . ”

တကယ့်စိတ်ရင်းစေတနာမှန်နှင့် ပြောနေတာဖြစ်ကြောင်း ကျော်စွာ အလိုလိုခံစားနေမိသည်။ ဒေါ်နွယ်နီနိုင်၏ မျက်နှာက မေတ္တာ ဓာတ်ကြောင့် ကြည့်လင်အေးမြနေသည်။ သိန်းနှစ်ဆယ် နည်းသည်ဆို လျှင် ထပ်တောင်းပါဟုလည်း ပြော၏။

အားနာလွန်းနေပြီဖြစ်သည့် ကျော်စွာက ပြည့်စုံလုံလောက် ပါပြီဟု အကြိမ်ကြိမ်ပြောရသည်။ တကယ်လည်း လုံလောက်နေပါပြီ မင်းရဲကို အသေးသုံးပေးသွားသည့် သုံးသိန်းနှင့်ပေါင်းနှင့် (၂၃)သိန်း ရှိနေပြီ မဟုတ်လား။ ကျိုးနေသည့် နှစ်လလုံးလုံး ကုန်ရုန်းပြီး စီးပွား ရှာလျှင်တောင် (၁၀)သိန်းမရနိုင်တာ ကျော်စွာ သိထား၏။



www.burmeseclassic.com

www.burmeseclassic.com



"နေဦးနေဦး. . စကားစပ်မိလို့ ပြောရင်းဆိုရင်းနဲ့ ဒီဆေးရုံမှာ အသိဆရာဝန်တစ်ယောက်ရှိနေတာ သတိရတယ်၊ သွားနှုတ်ဆက်လိုက်ဦးမယ် အကူအညီတောင်းလို့ရတာပေါ့. ."

"ဟုတ်ကဲ့. ."

ဒေါ်နွယ်နီနိုင်တစ်ယောက် ထွက်သွား၏။

"ကိုကျော်စွာ စားချင်တာရှိရင် ပြောနော်. . အားမနာနဲ့"

"ဩော်. . မရှိပါဘူး ရွှန်းလဲ့၊ ခုတောင် လှုပ်ရှားမှုမရှိဘဲ စားချည်းစားနေရလို့ အစာမကျေချင်သလိုတောင် ဖြစ်နေတာ. ."

"ဟုတ်လား. . . ထမင်းစားပြီးတိုင်း ဗိုင်းဂျင်းတပြားလောက် သောက်ပေးလေ"

"ဟုတ်ကဲ့. ."

သားအမိနှစ်ယောက်လုံး၏ ဂရုစိုက်မှုများကြောင့် ကျော်စွာ တကယ်ပင် အားနာနေခဲ့ပြီ၊ သျှင်နော်နဲ့များ ကွာလိုက်တာဟုပင် တွေးမိ၏။ ထိုအချိန်တွင် ဦးအောင်ကျော် ရောက်လာ၏။ မင်းရဲက ငွေသိန်း (၂၀)အထုပ်ကြီး လက်လွှဲပေးအပ်ပြီး ကျော်စွာက အကျိုးအကြောင်းရှင်းပြလိုက်သည်။ ဦးအောင်ကျော် အံ့ဩဝမ်းသာသွား၏။ ဒီလောက်ထိ ရက်ရောလိမ့်မည်ဟု ထင်မထားခဲ့သဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

"အင်း. . တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပေါ့ကွယ်. . ဦးတို့ကလည်း ဘယ်လောက်ပဲ နစ်နာပါစေ. . အမှုဖွင့်ပြီး ဒုက္ခမပေးဘူးလို့ ရည်ရွယ်ခဲ့တာပါ၊ မြတ်ဘုရားရဲ့ မေတ္တာလက်နက် ဘယ်လောက်အစွမ်းထက်သလဲဆိုတာ ပိုပြီးသိသာထင်ရှားသွားလို့ ဗုဒ္ဓကို ပိုပြီးတော့တောင် ယုံကြည်သွားပါပြီကွယ်. ."

"ဟုတ်ကဲ့ပါရှင့်. . ."

ထိုအချိန်တွင် သူငယ်ချင်း ဆရာဝန်ပြန်သွားပြီဆို၍ ကျော်စွာထံပြန်လာသည့် ဒေါ်နွယ်နီမှာ ကုတင်ဘေးမှာထိုင်ပြီး ရွှန်းလဲ့နှင့် စကား





ပြောနေသည့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရ၍ အံ့ဩတကြီး ဖြစ်သွား၏။

"ဟင်. . သူ. . သူ လောကကြီးမှာ ရှိနေသေးတာကိုး. ."

ထိုလူကိုမြင်လိုက်ရ၍ ဒေါ်နွယ်နီနိုင် အဟောင်းတွေ အသစ်ဖြစ်ကာ စိတ်ညစ်ညူးသွားရသည်။ ဒေါသတွေ နာကျည်းမှုတွေကြောင့် မတ်မတ်ပင် မရပ်နိုင်တော့ဘဲ နံရံတစ်ခုကို ပြေးမှီ ထားလိုက်ရသည်။ ဒေါ်နွယ်နီအဖြစ်ကို ကျော်စွာတို့အုပ်စု ဘယ်သူမှ သတိမပြုမိလိုက်ကြ။

ဦးအောင်ကျော်နှင့် ရွှန်းလဲ့ကတော့ စကားလက်ဆုံကျကာ သူ့အကြောင်းကိုယ့်အကြောင်း ရေပက်မဝင် ပြောနေကြသည်။ နာရီဝက်လောက်အကြာတွင် ရွှန်းလဲ့ဖုန်းမှ အသံမြည်လာသည်။ ဖုန်းဖွင့်ပြီး လေးစားသမှုနှင့် ထသွားကာ ခပ်လှမ်းလှမ်းမှာ စကားပြောသည်။

"သမီးရေ အန်တီမေ ကားပေါ်က စောင့်နေတယ်. ."

"ဟင် ဘာဖြစ်လို့လဲ အန်တီမေ. ."

"ခေါင်းကိုက်လာလို့ပါ မောင်ကျော်စွာတို့ကို ကြည့်ကောင်းအောင်ပြောပြီး ပြန်ခဲ့ကွယ်. ."

"ဟုတ်. . ဟုတ်ကဲ့ အန်တီမေ. ."

ရွှန်းလဲ့ ဖုန်းပိတ်ပြီး ကျော်စွာတို့ထံ ပြန်လာခဲ့၏။ အန်တီမေ နေမကောင်းဘူးဆိုတော့လည်း ပြန်ရုံပေါ့။

"ကဲ. . ဦးလေးနဲ့ ကိုကျော်စွာတို့ရေ အရေးပေါ်ကိစ္စတစ်ခု ပေါ်လာလို့ ကျွန်မကို ခွင့်ပြုကြပါဦး၊ မေမေက အလုပ်များပေမဲ့ ကျွန်မကတော့ တစ်နေ့တစ်ခေါက် အရောက်လာမှာပါ. ."

"ရပါတယ် သမီးရယ် အပင်ပန်းမခံပါနဲ့"

"မပင်ပန်းပါဘူးဦးရဲ့ သွားမယ်နော်. ."

"အေး. . အေး. . ကားလည်း ဂရုစိုက်မောင်းဦးနော်. ."

"အဟင်းဟင်း. . တစ်ခါတည်းနဲ့ မှတ်သွားပါပြီ ဦးရယ်. ."

ရွှန်းလဲ့အပြောကို သဘောကျပြီး ကျော်စွာတို့အုပ်စု တဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ရယ်မောၡ် ကျန်ခဲ့ကြ၏။

"တကယ် သဘောထားပြည့်ဝကြတဲ့ သားအမိပဲကွ. ."

"အဟဲ. . သူ့အမေကလည်း မိုက်တယ်နော် အရွယ်တင်တယ် လုံးကြီးပေါက်လှ၊ သကြံန်မိုးထဲက ခင်သန်းနုလိုမျိုး ခန့်ခန့်ကြီး. ."

"အဲဒါဘာဖြစ်လဲ မင်းရဲ"

"ဦးလေးက မိန်းမယူဖို့ မဲဖေါက်ထားတဲ့ ကံထူးရှင်လေ တကယ်ယူမယ်ဆို အဲလိုအန်တီကြီးမျိုး ရှာရမှာ. ."

"တော်စမ်းပါကွာ ဘောစိတွေဆိုကြောက်လွန်းလို့. ."

ငွေ သိန်း(၂၀)အထုပ်ကြီးနှင့်မို့ ဦးအောင်ကျော်အား စောစောပြန်ခိုင်းရသည်။ ထမင်းဝယ်ထွက်ရင်း မင်းရဲကိုယ်တိုင် တက္ကစီငှားကာ တင်ပေးလိုက်၏။ ဦးအောင်ကျော်က လောလောဆယ် သုံးစရာမရှိသဖြင့် ထို(၂၀)ကို ဘဏ်အပ်ထားမည်ဟု ပြောသွားသည်။

မင်းရဲလည်း ဒန်ပေါက်(၂)ပွဲဝယ်ကာ ဆေးရုံထဲ ပြန်ဝင်လာခဲ့၏။ မှောင်ရီပျိုးစ ပြုနေပြီမို့ မင်းရဲကြောက်စိတ်တွေ အုံနှင့်ကျင်းနှင့် ဖြစ်တည်လာသည်။

ဒီညကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုတာ တွေးလို့မရ။ ကျော်စွာဆီ ပြန်ရောက်တော့ သူ့ကို ဒန်ပေါက်ခွံ့ရင်း ငိုင်တွေနေ၏။

"ဘာဖြစ်နေတာလဲ မင်းရဲ. ."

"ကြောက်နေတာ. . ."

"ဘာကိုလဲ. ."

"ပြဲ. . ."

"ဟဲ. . ဟဲ. . ဟဲ. . မင်းကွာ ကလေးမဟုတ် သူငယ်မဟုတ်"

"ကလေးမဟုတ်လို့ ကြောက်တာပေါ့ကွ. . ."

ကျော်စွာ ဒန်ပေါက်သီးအောင် ရယ်၏။ မင်းရဲမှာသာ မရယ်နိုင်ဖြစ်နေသည်။ ဒီလိုနှင့် ဒန်ပေါက်စားအပြီးမှာ အမှောင်ညက တကယ်ရောက်လာသည်။ ညဦးပိုင်းမို့ လူတွေဆူနေညံနေ လှုပ်ရှားနေကြ





သား၏။

မင်းရဲလည်း ပန်းကန်ခွက်ယောက်ကိုင်ကာ အိမ်သာသို့ ဦးဘည်သွားသည့်လူကိုစောင့်ပြီး မယောင်မလည်နှင့် လိုက်သွားသည်။ အိမ်သာထဲမှာ ရေချိုးသူ ပန်းကန်ဆေးသူ အိမ်သာဝင်သူတွေ ရှိနေသဖြင့် မင်းရဲ ဝမ်းသာအားရဖြစ်ပြီး လွတ်နေသောအခန်းထဲ ဝင်ထိုင်ကာ ထုတ်ကုန်လိုင်စင်ကျအောင် ကြိုးစားရ၏။

ရေချိုးသံ သီချင်းညည်းသံ ပြောဆိုရယ်မောသံတို့ကြောင့် လုံးဝကြောက်စိတ်မရှိဘဲ အခင်းကြီးသွားအောင် အတွင်းအားသုံးပြီး လုံးပမ်းနေသည်။ အကျင့်မကောင်းသည့် ဗိုက်က လုံးဝမလှုပ်ရှား။

နှစ်တစ်ထောင် ရေခဲတောင်ကြာပွင့်စားပြီး အတွင်းအား သုံးလျှင်တောင်မှ စမြင်းတုံးတစ်တုံး မထွက်ဖြစ်နေသည်မို့ မင်းရဲ စိတ်မာတ ကျလာသည်။ အီးမထွက်ဘဲ ချွေးတွေသာ ထွက်လာ၏။ ညစ်အားသုံးသည့်ကိစ္စမှာ အာရုံစိုက်နေတာ ဘယ်လောက်ကြာသွားသည်မသိ၊ အိမ်သာထဲမှာ အသံတွေတိတ်သွားတာ သတိပြုမိသွားသည်။

မင်းရဲ အလန့်တကြားဖြစ်သွားပြီး ကမန်းကတန်းရေဆေးကာ အိမ်သာထဲမှ ထွက်ခဲ့၏။ တကယ်လည်း အပြင်မှာ ဘယ်သူမှ မရှိတော့။ ကြောက်စိတ်က ငယ်ထိပ်တက်ဆောင့်လာသဖြင့် မင်းရဲ အိမ်သာဆောင်ထဲမှ အပြေးအလွှားထွက်လာခဲ့သည်။

ရေညှိတွေ ရေတွေလွှမ်းနေသည့် ကြမ်းခင်းနှင့် သက်တမ်းကုန်နေသည့် ဖိနပ်ကြောင့် စလစ်ဖြစ်ပြီး ချော်လဲရာ သစ်သားတံခါးအား ခေါင်းနှင့်ဝင်ဆောင့်မိတော့၏။

"ဒုန်း"

"အ. . အား"

ကြယ်တွေလတွေ မြင်သွားရသလို အာလူးဘူးသီးတွေ ထွက်လာသလားဆိုတာပင် မစစ်ဆေး မစမ်းသပ်အားဘဲ လူးလဲထကာ ဆက်ပြေးခဲ့သည်။ လူနာဆောင်ကိုမြင်ရမှ ဘုရိတ်အုတ်ပြီး ခပ်တည်တည်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရဲတော့၏။

ပုဆိုးတစ်ထည်လုံး စိုရွှဲနေ၍ အသစ်တစ်ထည်ယူလဲဝတ်ရသည်။ ကျော်စွာက ဘာဖြစ်လာသလဲ မေးဟာကို ချော်လဲတာဟုပဲ ခပ်တိုတိုဖြေလိုက်သည်။

ကျော်စွာတစ်ယောက် ဆေးသောက်ပြီးသည်နှင့် အိပ်သွား၏။ မင်းရဲလည်း အနားယူဖို့ ခုံခင်းကာ ပြင်ဆင်လိုက်သည်။ အိုက်တာက တစ်ကြောင်း ခြင်ဆေးတွေ ဆေးရုံတစ်ခုလုံး ဖြန်းထားသဖြင့် ခြင်သိပ်မကိုက်တာက တစ်ကြောင်းတို့ကြောင့် လိုက်ကာအပြာကြီးကို ဘယ်သူမှ မပိတ်ကြ. . .

ကျော်စွာ ညဘက်ထလေ့ သိပ်မရှိသဖြင့် မင်းရဲလည်း အိပ်ခွင့်တော့ရသည်။ ကိုယ်ခံအားကောင်း၍လားမသိ၊ ကျော်စွာကိုက်သည်ခဲသည်ဟု မပြောတော့သလို ညည်းလည်းမညည်းတော့. . ။

သံဘီရိုထဲ သားငါးအကြော်တွေ ဟင်းကျန်တွေရှိမရှိ သေချာကြည့်ပြီး မင်းရဲ ပလပ်စတစ်ခုံပေါ် မှာပင် အနားယူလိုက်တော့သည်။ ပင်ပင်ပန်းပန်း မလုပ်ရသော်လည်း တစ်နေကုန်း မနားရသဖြင့် မင်းရဲ ချက်ချင်းလိုပင် ကျိုးသွားသည်။

တခူးခူးဟောက်ပြီး အိပ်ပျော်နေသည့် မင်းရဲ အိပ်မက်ထဲမှာ ပြဿနာ ဘာတွေနှင့် တွေ့နေသေး၏။ သချိုင်းထဲမှာ ဖြလိုက်ခြောက်လို့ မင်းရဲ ပတ်ပြေးနေရသည်။ ဂုတ်ချိုးခံရမည့်အရေးမှ လွတ်အောင် အသည်းအသန်ပြေးနေလေ၏။ ပြေးရင်းလွှားရင်း အရေးထဲ အရာပေါ် ဆိုသလို အီးအီးပါချင်လာသည်။

ကြောက်ချေးပန်းတယ်ဆိုတာ ဒါမျိုးလားမသိ၊ သရဲကြောက်တာနှင့် ချေးထွက်တာက အော်တိုဆက်နွယ်နေသည်လားမပြောတတ်၊ ဝေဒနာနှစ်မျိုးကို ရေရေလည်လည် ခံစားနေရသည်။

နောက်ဆုံးမှာ လုံးဝအောင့်မထားနိုင်တော့သည့်အတွက် တစ်လုံးကိုအကာအကွယ်ယူကာ မင်းရဲ ထိုင်ချလိုက်တော့သည်။ မခ



နှင့်ချင်သည့်ဝေဒနာကိုသာ ဦးစားပေးမိချိန်မှာ ဖြက မင်းရဲကုပ်ကို ကိုင်ကာ ဆွဲထူလိုက်၏။

"အား . . . "

အလန့်တကြား အော်ဟစ်မိတော့မှ. . သူအိပ်မက်မက်နေကြောင်း သိလိုက်ရသည်။ သို့သော် အီးပါချင်တာက အိပ်မက်မဟုတ်၊ ဗိုက်ထဲက ရစ်ရစ်ပြီး အဟုတ်ကို ဝမ်းသွားချင်နေပြီဖြစ်သည်။

အကူအညီတောင်းလို့ရမလား အတွေးနှင့် မျက်စိကစားကြည့်တော့လည်း အားလုံးလိုလိုအိပ်ပျော်ကာ အဟောက်ပြိုင်ပွဲ ဝင်နေကြသလားထင်ရ၏။ ပုံစံမျိုးစုံနှင့် ကျိုးနေသော လူနာစောင့်များကိုသာတွေ့သည်။ အားကိုးရာမဲ့သလို ခံစားရသဖြင့် မင်းရဲ ငိုမဲ့မဲ့ ဖြစ်လာသည်။

ဒီအချိန်တစ်ယောက်ထဲ အိမ်သာသွားဖို့အထိတော့ မင်းရဲသတ္တိမကောင်းတာ သေချာသည်။ ကိစ္စက. . အထွတ်အထိပ်ထွက်ပေါက်နားမှာ ပြူတစ်ပြူတစ်ပင်ဖြစ်နေပြီမို့ မထူးရှော့ ဇာတ်ခင်းရန် လိုက်ကာ အပြာကြီးကို အပြည့်ကာလိုက်သည်။

ကျော်စွာ့အတွက်ဝယ်ထားသည့် နောက်ဖေးအိုးပြားလေးကို ဆွဲထုတ်ပြီး ကုတင်ဘေးမှာပင် ကားယားခွထိုင်လိုက်တော့သည်။ ထို့နောက်မှာတော့ Discover Channel မှ မကြာခဏလွှင့် တတ်သော မီးတောင်ပေါက်ကွဲမှု သတင်းကားကို မျက်စိထဲ မြင်ယောင်လာသည်။

မီးတောင်ထိပ်ဝမှ ပေါက်ကွဲမှုဖြင့် လျှံတက် ယိုစီးကျလာသည့် ချော်ရည်ပူတွေကို သတိရမိသည်။ အချိန်မီ စွန့်ထုတ်နိုင်သဖြင့် ခံစားရသည့်စည်းစိမ်က သမ္မတရာထူးနှင့်ပင် မလဲနိုင်. .

ဒါမျိုးကို ဇန်းမော်ဆရာတော်ကြီးလည်း ကြုံဖူးသည်။ ဆွမ်းခံထွက်လာစဉ် မထိန်းနိုင်အောင် မစင်စွန့်ချင်လာ၍ လူသွားလူလာ ရှောလှသော လယ်ကွင်းမှ ကန်သင်းရိုးတွင် သပိတ်ခေါင်းစွပ်ပြီး အီး သွားခဲ့ရသည်။ ဒါကို ဒကာတစ်ယောက်မြင်ပြီး မရှက်ဘူးလားမေး ... ဖင်ကရှက်တတ်တာ မဟုတ်ဘူး၊ မျက်နှာက ရှက်တတ်လို့ သပိတ်

www.burmeseclassic.com



ခေါင်းစွပ်ထားတာပေါ့ကွဟု ဖြေခဲ့ဖူးသည်။

ရာဇဝင်မှာ အလုပ်သိပ်မလုပ်သည့် ဘုရင်တစ်ပါးဖြစ်သည့် ဘိုးတော်ဦးဝိုင်းကလည်း အမတ်ကြီး ဦးပေါ်ဦးနှင့်သာ အမြဲလို တော်ကီပစ်နေလေ့ရှိသည်။ ပညာရှိကြီးအား လူ့ဘဝမှာ အကောင်းဆုံး စည်းစိမ်က ဘာလဲဟု အမေးရှိရာ ဦးပေါ်ဦးက အခင်းကြီးသွားရခြင်းပါဟု ရဲရဲဝံ့ဝံ့ လျှောက်တင်ခဲ့ဘူးလေသည်။

အခုလည်း သမ္မတရာထူးခံစားရတာထက် ကောင်းသောစည်းစိမ်ကို အားရကျေနပ်စွာ ခံစားနေ၏။ အရေးအခင်းပြီးတော့မှ လက်သုတ်ဖို့ တစ်ရှူးလိပ် ယူမထားမိတာ သတိရတော့သည်။

တိတ်ခါစချွေးတို့ ပြန်စို့လာ၏။ လှမ်းကြည့်တော့ ခုတင်ခေါင်းရင်းမှာ တစ်ရှူးလိပ်ကိုတွေ့ရသည်။ မယူလို့မဖြစ်သည့်အတွက် ဖင်မဒေ့ရဲဘဲ ကုန်းကုန်းကွကွနှင့်ပင် သုံးလှမ်းလောက်လျှောက်ပြီး တစ်ရှူးလိပ်ကို ဆွဲယူလိုက်သည်။ လက်ပြန်အရုပ်မှာ မက်ခွက်ကို တံတောင်နှင့် တိုက်မိ၏။

"ခွမ်. . ခလွမ်"

"ဂလောက်. . ဂလောက်. . ဂလောက်. ."

လုံးဝတိတ်ဆိတ်နေချိန်မှာ သမံတလင်းပေါ် မတ်ခွက်ပြုတ်ကျသံက ဝုံးကွဲသံလို ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပြီးတော့. . သုံးလေးပတ်လောက် လိမ့်သွားသေး၏။

မင်းရဲ ကုန်းကွကွနှင့်ပင် မလှုပ်မယှက်ငြိမ်သက်ရင်း ဘယ်သူတွေ လန့်နိုးသွားမလဲဆိုတာ နားစွင့်ကြည့်သည်။ အတန်ကြာသည့်တိုင် ဘာသံမှ မကြားသည့်အတွက် သက်ပြင်းခိုးရှိုက်ရင်း သုတ်သင်ရှင်းလင်းသန့်စင်ခြင်းကို ပြုလုပ်ရ၏။ ငါးရွက်လောက် အသုံးပြုအပြီးမှာ ကိစ္စတစ်ခုတော့ လူမသိသူမသိ အောင်မြင်သွားပြီဟု ယုံကြည်သွားသည်။

နောက်ထပ်နှစ်ရွက်လောက် သုံးအပြီးတွင် နှစ်ခြမ်းစေ့ ရင်ကွဲလိုက်ကာကြားမှ ထွက်လာသည့် ခေါင်းပြတ်ကြီးကို တွေ့လိုက်ရခြင်းဖြစ်





သည်။ မင်းရဲမျက်လုံးတွေ ပြူးထွက်ကာ ဆံပင်တွေ ထောင်ထသွား၏။

ပြီးတော့ ဗလုံးပထွေးအသံနှင့် သရဲသရဲဟု မပွင့်တပွင့် အော်ကာ မှောက်လျက်လဲကျသွားလေတော့၏။ မင်းရဲ အကြောက်လွန်ပြီး သတိလစ်သွားတာ ဘယ်လောက်ကြာသည်မသိ၊ စိတ်နှင့်ကိုယ် ပြန်ပေါင်းထုတ်၍ သတိလည်လာချိန်မှာ သူ့ကိုဝိုင်းအုံကြည့်နေသော လူနာစောင့် လေးငါးခြောက်ယောက်လောက်ကို တွေ့ရတော့သည်။

"ကောင်လေး သတိရပြီလား. ."

"ကျွန်တော်. . ကျွန်တော် ဘာဖြစ်သွားတာလဲ. ."

"အင်း ငါ့အမှားပါကွာ၊ ခြိုးခြိုးချွတ်ချွတ်အသံတွေ ဂလုံဂလွမ်အသံတွေကြားရတော့ သူခိုးလား သရဲလားဆိုတာ သိရအောင် လိုက်ကာကြားက ခေါင်းတိုးဝင်ပြီး ချောင်းကြည့်ခဲ့တာပါ. ."

"ဗျာ. . ."

"အဲဒါကို ကောင်လေးက သရဲထင်ပြီး. . အကြောက်လွန်လို့ ရှော့ခ်ဖြစ်သွားတာ. ."

သတင်းစာ ရှင်းလင်းပွဲအပြီးမှာ မင်းရဲ သူ့မျက်နှာကိုဖြုတ်ပြီး ဘီရိုထဲ ခဏထည့်သိမ်းထားချင်စိတ်ပေါက်အောင်ပင် ရှက်သွားရသည်။ လူတစ်ယောက်က နှခေါင်းပွစိပွစိလုပ်ကာ အနံ့ခံရင်း. . .

"ချီး(ချေး)စော်နံလိုက်တာ. ."

"နံမှာပေါ့ သူပဲလေ၊ လူနာသုံးနောက်ဖေးအိုးထဲ ချီးပါပြီး သန့်ရှင်းရေးလုပ်တုန်း ကျုပ်တို့တွေ့သွားတာ. ."

ဘေးကုတင်မှ အစ်ကိုကြီးက အထောက်အထား အခိုင်အမာနှင့် သက်သေနောက်ဖေးအိုးကို ညွှန်ပြကာ ရှင်းပြလိုက်ရာ မင်းရဲ အရှက်တွေ ဖြန်းဖြန်းကွဲတော့သည်။

"ဟားဟားဟား သရဲကြောက်လို့ အိမ်သာမသွားရဲတဲ့ လူကြီးမင်းဗျားက ဖြဲခြောက်လိုက်တာကိုး. ."

"တော်သေးတာပေါ့. . အသက်ထွက်မသွားတာ. ."



www.burmeseclassic.com

ထိုညက အရေးအခင်းကြောင့် ကုတင်နီးနားဝန်းကျင်မှ လူတွေ အိပ်ရေးပျက်ခဲ့ကြရသည်။ သရဲကြောက်တတ်သည့် မင်းရဲ အကြောင်းကလည်း ကမ္ဘာကျော်. . အဲ. . ဆေးရုံကျော်သွား၏။

ဘေးချင်းကပ်ကုတင်မှ သရဲခေါင်းပြတ်အစ်ကိုကြီး သန်းနိုင်က မင်းရဲအား မဟာဝန္ဒုလဟု အမည်ပေးသည်။ ဒါကို မြန်မာ့သမိုင်းဝင် သူရဲကောင်း သိက္ခာကျတယ်ဟု အကြောင်းပြ ကန့်ကွက်သူက ကန့် ကွက်သည်။ နောက်ဆုံးတော့. . မင်းကြီးမဟာဝန္ဒုလ၏ ငယ်နာမည် မောင်ရစ်ဟု ခေါ်ကြရန် အတည်ပြု ဆုံးဖြတ်လိုက်ကြလေတော့၏။







## အခန်း(၄)



မြေပြင်မှာ ကွက်ဖော်စိုက်ပျိုးထားသော Morning Star ပန်းခင်းကြီးက ဟီးထနေသည်။ Dancing Lady နှင့် ရောင်စုံနှင်းဆီခင်းကလည်း ပျိုးပင်အရောင်းဆိုင်မှ ရှုံးပြထားသည့် အပင်တွေလို မြင်ရသူ၏ စိတ်နှလုံးကို အန္တမ်းပြေ ကြည်နူးစေသည်။

ပန်းလေးတွေကို ကိုင်ကြည့်၊ ရွက်ဝါတွေကို ကတ်ကြေးနှင့်ဖြတ်၊ မြေဆွေးတွေကို ခက်ရင်းနှင့်ဆွ၊ ရေပန်းခရားနှင့် ရေလောင်းရတာ၊ ဒေါ်နွယ်နီနိုင်၏ နိစ္စဓူဝ ဝတ္တရားတွေပဲ ဖြစ်သည်။

တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်ဟူသည့် စကားအ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း လိုက်နာနေသည့် ဒေါ်နွယ်နီနိုင် လွန်ခဲ့သော တစ်ပါတ်လောက် အထိတော့ တကယ့်စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ရသည်။ သမီးလိုချစ်ရသော လင်ပါတူမ ရွှန်းလဲ့နိုင် ကားတိုက်မှုဖြစ်ပြီးနောက် စိုးရိမ်မှုတွေနှင့် လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခဲ့ရသလို ကားတိုက်ခံရသည့် သူငယ်လေး၏ ဖခင်ဖြစ်သူကို မြင်တွေ့ခဲ့ရပြီးသည့်နောက် စိတ်နှလုံး မငြိမ်းချမ်းတော့ဘဲ နေမထိထိုင်မသာဖြစ်နေရသည်။ ကိုယ်က တတ်နိုင်သူတွေမို့ ခြေထောက်ကျိုးသွားသည့် လူငယ်လေးကို လျော်ကြေးသဘောမျိုး သိန်း(၂၀)နှင့် အသေးသုံး(၃)သိန်းပေးကာ ကြေအေးဖို့ ကြိုးစားခဲ့သည်။

တစ်ဖက်ကလည်း စိတ်နှလုံးကောင်းရှိသူများမို့ အမှုမလုပ်ဘဲ ပေးသမျှနှင့် ကျေနပ်ခဲ့သည်။ ထပ်တောင်းဖို့ အကြပ်ကိုင် ငွေညှစ်ဖို့ လုံးဝမကြိုးစားခဲ့သည့်အတွက် တစ်ဝက်တစ်ပျက် စိတ်အေးခဲ့ရသည်။

ဒေါ်နွယ်နီအား စိတ်အနှောင့်အယှက်ပေးနေသူက ဦးအောင်ကျော်ဆိုသူ ဖြစ်၏။ ဦးအောင်ကျော်နှင့် ကားတိုက်ခဲ့ရသည့် သူငယ်လေး ဘာတော်သလဲဆိုတာ သူသိချင်နေသည်။ သူ့ထက်စာလျှင် ဆေးရုံသို့ အရောက်အပေါက်များသော ရွှန်းလဲ့အား မေးလိုက်လျှင် သိနိုင်သော်လည်း၊ ဘာကြောင့်ဘယ်လို စသည့်မေးခွန်းတွေကို ရင်မဆိုင်လိုသည့်အတွက် ဒီလောက်ထိ စိတ်အနှောင့်အယှက် ဖြစ်နေရခြင်းပင် ဖြစ်သည်။

စိတ်အနွမ်းဖြေရာ ပန်းခြံသာသည်လည်း သူ့ကိုမလန်းစေနိုင်တော့၊ သူ့ပန်းခြံထဲမှာ ပန်းတွေအပေါ် ဝဲပျံလူးလာဝတ်ရည်ရှာနေသည့် ပျားပိတုန်း လိပ်ပြာလေးတွေကို မြင်တွေ့ရလို့လည်း တက်ကြွလန်းဆန်း မလာတော့။

နောက်မှ လူနာစောင့် သူငယ်လေး မင်းရဲ့ သူ့ထံဖုန်းဆက်ဖူးတာ သတိရပြီး အိမ်ထဲသို့ ခပ်သွက်သွက် ပြန်ဝင်ခဲ့၏။ အိပ်ခန်းထဲမှ စားပွဲပေါ် ထင်ထားခဲ့သည့် ဖုန်းကိုဖွင့်၍ Call List တွင် ပြန်ရှာလိုက်





သည်။ မရင်းနှီးသော ထိုနံပါတ်နှင့် နှစ်ကြိမ်ဆက်ထားတာ တွေ့၏။

ထိုဖုန်းကိုပဲ ပြန်ခေါ်လိုက်သည်။ စိတ်စောပြီး လောနေကာမှ မအားသေးပါရှင်နှင့် ကြုံရ၏။ အိပ်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အချိန်တွေ ဖြုန်းပစ်နေရသည်။ ဆယ်မိနစ်လောက်စောင့်ပြီးမှ ပြန်ခေါ်လိုက်၏။

"ဟဲလို. . . အမိန့်ရှိပါ"

"မောင်မင်းရဲလား. . . အန်တီနွယ်နီနိုင်ပါ. ."

"ဪ ဟုတ်ကဲ့ ပြောပါ အန်တီ. . ."

"သား အခု ဘယ်မှာလဲ. . . ."

"ဆေးရုံရှေ့က ထမင်းဆိုင်မှာပါ. . ."

"ဪ. . ဟုတ်လား အတော်ပဲ မောင်ကျော်စွာ အခြေအနေ ဘယ်လိုလဲ. . ."

"ကောင်းပါတယ်. . . အန်တီ တဖြည်းဖြည်း တိုးတက်နေပါတယ်"

"ဝမ်းသာပါတယ်ကွယ် ဒါနဲ့ဟို ဦးအောင်ကျော် ဆိုတာက"

"ကျော်စွာ အဖေလေ. . ."

"ဟုတ်လား. . . သူတို့ မိသားစုတွေလည်း အန်တီတို့ကို စိတ်ဆိုးနေကြမှာပဲနော်"

"သူတို့မှာ ကျော်စွာနဲ့ဦးလေးအောင် နှစ်ယောက်ထဲ ရှိကြတာ အန်တီ"

"ဪ. . ဒါဆိုရင်တော့ တော်ပါသေးရဲ့ကွယ်၊ နှစ်ယောက်သုံးနဲ့က ပြေလည်ပြီးသား ဆိုတော့လေ. . ."

"ဟုတ်ကဲ့. . . စိတ်မပူပါနဲ့ အန်တီ၊ ကျော်စွာတို့ကလည်း ထပ်ညှစ်မှာ မဟုတ်ပါဘူး"

"ယုံပါတယ်ကွယ် ဒါနဲ့ မောင်ကျော်စွာက ဘာအလုပ်လုပ်လဲ သူခွင့်တင်ထားရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ခွင့်တင်စရာမလိုတဲ့ ကိုယ်ပိုင်အလုပ်နဲ့ပါအန်တီ ကျွန်တော်တောင် သူတို့လုပ်ငန်းမှာ ဝင်လုပ်နေတာ"

မောင်မင်းရဲနှင့် ဆယ်မိနစ်လောက် စကားပြောလိုက်တော့ ဒေါ်နွယ်နီ သိချင်တာတွေ အကုန်သိလိုက်ရသည်။ ဦးအောင်ကျော် အရင်အတိုင်းပဲဆိုတာ သိရ၍လည်း ဒေါ်နွယ်နီ နှုတ်ခမ်းကိုမဲ့ရွဲ့ လိုက်မိသေး၏။

"ခုတော့ ပြန်ဆုံကြပြီပေါ့ ကိုအောင်ကျော်၊ အဟင်း. . ရှင် ကျွန်မအကြောင်း ကောင်းကောင်းသိစေရမယ် စောင့်နေလိုက်"

ဒေါ်နွယ်နီ စိတ်ထဲကကြုံးဝါးပြီး သူ့ထုံးစံအတိုင်း တစ်နေ့တာ အတွေ့အကြုံတွေ ထူးခြားအဖြစ်အပျက်တွေကို ဒိုင်ယာရီတွင် မှတ်တမ်းတင်နေလိုက်တော့သည်။

၄ ၄ ၄ ၄

**ကား**တွေနှင့် ပိတ်ကြပ်နေ၍ ရှေ့တိုးမရ နောက်ဆုတ်မရ အနေအထားမှာ အဲကွန်းဖွင့်ပြီး စောင့်နေရုံသာ ရှိတော့သည်။ တစ်မျှော်တစ်ခေါ် ကားတန်းကြီးကို လှမ်းကြည့်ရင်း စိတ်မောလူမော ဖြစ်နေကြ၏။

"အန်တီမေ့ကို ပို့ပြီးရင် သမီး ဆေးရုံသွားမှာလား"





"ဟုတ်ကဲ့ အန်တီမေ"

"မောင်ကျော်စွာ အခြေအနေ ကောင်းတယ်မို့လား. . ."

"ကောင်းပါတယ် အန်တီမေ ရောဂါခံစားနေရတဲ့ လူမှမဟုတ်တာ အရိုးဆက်လို့ ပတ်တီးဖြေပြီးတာနဲ့ လုံးဝကောင်းသွားမှာ "

"အင်း. . ကုထုံးကတော့ ဒါပဲလေ၊ ဒါပေမဲ့ မတော်တဆထော့နင်းများ ဖြစ်သွားမလား ခြေတစ်ဖက်ဆာနေမလား တွေးပြီး ပူနေတာ၊ ဒုက္ခိတ ဖြစ်သွားရင် တစ်သက်လုံး အညွန့်ကျိုးတော့မှာ"

"ဒါကတော့ ကံတရားပဲပေါ့ အန်တီမေရယ်၊ နှစ်လပြည့်လို့ ပတ်တီးဖြည်မှပဲ အခြေအနေသိရမှာလေ ကိုယ်ပံ့ပိုးပေးလို့ရတဲ့ လည်း မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ဂရုစိုက်ပါ သမီးရယ်"

"ဟုတ်ကဲ့ပါ အန်တီမေ၊ ကိုကျော်စွာတို့က ခင်ဖို့ကောင်းပါတယ်"

စကားပြတ်သွားခိုက် ကျော်စွာ့အား ရေပတ်တိုက်ပေးခဲ့သည့် ဖြစ်ကို ပြန်သတိရမိ၏။ ကြွက်သားအဖုဖုနဲ့ ထုထုပြီး ခရာချင်စရာ ယ်ဆိုသည့် ခေတ်ဟောင်းသီချင်း စာသားထဲကအတိုင်း မြင်ရ တွေ့ရ ည်မို့ ရှန်းလှဲ့ ရင်ဖိုခဲ့ရသည်။

ကျော်စွာ့ ရည်းစားဆိုသည့် သျှင်နော်အဖြစ်သည်းနေပုံကို အ တတ်ကတ်နှင့် အရွဲ့တိုက်ပြီး လိုတာထက်ပို၍ ဂရုတစိုက်ပြုစုပေးခဲ့ ာ ပြန်တွေးပြီး ရှက်တက်တက်ပင် ဖြစ်မိ၏။

"သမီး မီးစိမ်းနေပြီလေ. . ."

အန်တီမေ သတိပေးမှ ရှေ့ကကားတွေ ရွေ့လျားစပြုနေတာ ၍ ရှန်းလှဲ့မောင်းထွက်လိုက်သည်။ စိတ်မရှည်ခြင်းများစွာ သည် င်း တပုံတပင် ပေးဆပ်ပြီးမှ ရွှေလင်ပန်း စက်မှုဇုံရှိ အထည်ချုပ် ်ရုံသို့ ရောက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေကို ထားခဲ့ပြီး ရွှန်းလဲ့ ဆေးရုံသို့ ထွက်လာခဲ့သည် လမ်းတွင်တစ်နာရီလောက် အချိန်ပေးပြီးမှပဲ ဆေးရုံသို့ရောက်တော့၏ ကျော်စွာထံပါးမှာ သျှင်နော် ရှိနေတာတွေ့၍ စိတ်မသက်မသာ ဖြစ် သည်။

"နေကောင်းတယ်နော် ခြေထောက်ကိုက်သေးလား ကိုကျော် စွာ"

"ဟား ကိုက်သလား မမေးနဲ့ ရွှန်းလဲ့ရေ. . ဆေးရုံပေါ် ဘီလူး ရောက်နေသလား မှတ်ရတယ်၊ သူတစ်ယောက်ထဲ ကြွက်ခြေထောက် သုံးချောင်းတောင် ကိုက်တာ"

"ရှင်. . ဩော်. . . ကိုရဲမင်းကလည်း တအားနောက်တာ ခြေထောက်ဒဏ်ရာက ကိုက်သေးလားလို့ မေးတာပါ. ."

"ကိုက်မကိုက်တော့ မသိဘူး ဗိုး(လ်)ခဲ တစ်စီးငှားပြီး ဆေးရုံ Round လှည့်နေတာလေ၊ သူကိုယ်သူ ဆေးရုံအုပ်ကြီးများ ထင်နေလား မသိဘူး. . ."

မင်းရဲ၏ အရွှတ်အနောက် စကားများကြောင့် ရွှန်းလဲ့ ရယ် ဆုံး ဖြစ်နေသည်။ သျှင်နော်ကတော့ မျက်စောင်းတခဲခဲ. . .

"အန်တီမေက ကိုကျော်စွာ ဘာစားချင်လဲ မေးပေးပါတဲ့ ဝယ်လာမလို့တဲ့ ကိုကျော်စွာရဲ့"

"အန်တီမေ ဆိုတာ"

"အဲ. . မေမေပဲပေါ့. . ၊ ဒေါ်နွယ်နီနိုင်က ကျွန်မအဒေါ်လေ ဒါပေမဲ့ အမေရင်းလိုပါပဲ. . . ဒါကြောင့် အန်တီမေလို့ ခေါ်တာ"

"ဩော်. . ကျွန်တော်တို့က သားအမိပဲ မှတ်နေတာ၊ အဲ. . ထွေထွေထူးထူး ဘာမှမစားချင်ပါဘူး ဒုက္ခမရှာပါနဲ့ ဒီဆေးရုံရှေ့မှာ လည်း အစုံရပါတယ်"

"ကျွန်မလည်း ကြုံရင်ကြုံသလို ဝယ်လာပေးနေတာ အပိုတွေ မလုပ်ပါနဲ့. . ."





သျှင်နော်က ဘုပြောသော်လည်း၊ ရွှန်းလဲ့ မျက်နှာပျက်မသွား၊ ကြည့်ရတာ တန်းမတူသည့် လူတစ်ယောက်ကို အရေးမလုပ်သည့် သဘောမျိုးဆိုတာ ကျော်စွာ သိနေ၏။

"သျှင်နော်ကလည်းကွာ အားနာစရာကြီး"

"ရပါတယ်ရှင် ဒါဆိုလည်း ဆေးရုံကဆင်းမှ စားသောက်ဆိုင် ခေါ်ပြီးပြုစုပါ့မယ်"

"ဒီလောက်တော့ ကိုကျော်စွာတို့လည်း ဝယ်စားနိုင်ပါတယ်"

"သျှင်နော် ဘယ်လိုဖြစ်နေလဲ"

ကျော်စွာ လေသံနည်းနည်းမာသွားသဖြင့် သျှင်နော် ဂွင်တည့် သွားသည်လား မပြောတတ် စိတ်ကောက်သလို အမူအရာနှင့် ပြန်မယ် ပြောကာ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားတော့သည်။

"ဆောရီးပဲ ရွှန်းလဲ့၊ သူက အဲလိုပဲ စကားပြော နည်းနည်းကြမ်း တယ်"

"ရပါတယ်. . ကိုကျော်စွာစိတ်ထဲ မထားပါနဲ့"

အတိုက်အခံ တစ်ယောက်ထွက်သွားသဖြင့် သုံးယောက်သား အားဝိုင်းက မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားသည်။ ကျော်စွာက မင်းရဲ နာမည်ကို မောင်ရစ်ဟု ပြောင်းလိုက်ပြီဖြစ်ကြောင်း အစချီကာ သရဲ ကြောက်ပုံ ဇာတ်လမ်းစုံကို အရင်းအတိုင်း ချပြတော့သည်။

မင်းရဲခေါ် မောင်ရစ်မျက်နှာ မဖော်ဝံ့တော့၊ ရွှန်းလဲ့က တစ် ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရယ်သည်။ မျက်ရည်သုတ်ရင်း ရယ်တာ ဘာရိတ်အုပ်၏။

"သူများအဖြစ်မို့ ရယ်နေရတာ ကိုယ်တိုင်ကြုံရရင် ကိုမောင် ရစ် အဖြစ်ထက် ဆိုးမလားမသိဘူး"

"ဟာ. . ရွှန်းလဲ့ရာ၊ အဲဒီ မောင်ရစ်ဆိုတာကြီး မခေါ်စမ်းပါနဲ့"

"ဟင်းဟင်းဟင်း. . . ဟုတ်ကဲ့. . ကျွန်မဆင်ခြင်ပါ့မယ် ကို မောင်ရစ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာကုတင် အနီးတစ်ဝိုက်မှာ ရယ်သံတွေ မစဲ နာရီဝက်ကျော်ကျော် စကားပြောပြီး ရွှန်းလဲ့ နှုတ်ဆက်ကာ ပြန်သွ ၏။

"ဒီလိုဟာမျိုးလေးနဲ့ သေချာပေါက်ဆုံပြီး ကားတိုက်ခံရမ ဆိုရင် ငါလည်းခြေထောက်တစ်ချောင်း လောက်တော့ ရင်းနိုင်ပါတ ကွာ"

"လုပ်လာပြီ ပေါက်ကရ. . စေတနာကို မစော်ကားနဲ့"

"မဟုတ်သေးဘူး ကျော်စွာ၊ မင်း ဆေးရုံရောက်မှ သျှင် နဲ့ နီးနီးကပ်ကပ် ဆက်ဆံဖူးတာ၊ သူ့အချိုးက သိပ်မမိုက်ဘူး၊ အ အဆိုကော အမူအကျင့်ကော အားလုံး မိုင်းနပ်(စ်)ပြနေတာကွ"

"ငါလည်း ဒီလိုပဲ ခံစားမိတယ် မင်းရဲ"

"အဲဒါဆို ယာဉ်အိုယာဉ်ဟောင်း အပ်နှံပြီး အသစ်လဲ စီးလို ပေါ့"

"မင်းကွာ ငါမျက်နှာများတဲ့သူ ဖြစ်သွားမှာ ထည့်မတွက် ဘူးလား"

"လင်မယား ဘဝရောက်မှ ကွာရှင်းတာထက်စာရင် မျက် များတယ်ဆိုတာက ပါးပါးလေးပါကွာ"

"အေး. . ပါးတယ်ဆိုရင်လည်းပါး၊ သွားကွာ. . ငါ ရေချိုး တယ် ကြည့်ကျက်လုပ်ဦး"

ဒီမှာ ဆယ်ရက်လောက်ရှိပြီဆိုတော့ ဆေးရုံပါးဝလာပြီး ဖို့ တောင်းဆိုလာခြင်းဖြစ်သည်။ သူများတွေလည်း ဒီလိုပဲ လုပ် တာ မြင်တွေ့နေရ၍လည်း ကျော်စွာပြောခြင်းဖြစ်သည်။ မင်းရဲကလ ပြင်ဆင်ထားပြီးဖြစ်၏။ ကြိုတင်ဝယ်ထားသည့် ပလတ်စတစ် အိတ် ကြီးနှင့် ကျော်စွာ၏ ကျောက်ပတ်တီး ခြေထောက်အား စွပ်လိုက်သ

ဒါကို ရေမစိုဖို့ အဓိကဖြစ်၏။ ဦးစွာ ရေချိုးခန်းအားမ ကြည့်ပြီး၊ လူရှင်းနေသည်မို့ ပလပ်စတစ်ထိုင်ခုံနှင့် ခွေးခြေကို အ





ဆုံး နေရာချထားလိုက်သည်။ ကျော်စွာအား ဗိုး(လ်)ချဲနှင့်တင်ကာ တွန်း ခေါ်လာခဲ့၏။

ရေချိုးခန်းအဝင်တွင် မင်းရဲအား သိုင်းဖက်ပြီး ခြေတစ်ပေါင် ကျိုးခုန်ကာ အခန်းထဲဝင်ခဲ့သည်။ လူက နောက်မှီခုံပေါ် ထိုင်ပြီး ခြေ ထောက်ကို ခွေးခြေပေါ် တင်ထား၏။ အနေအထားက ရေချိုးဖို့ အသင့် ဖြစ်သွားပြီ။ ပွန်းပဲ့ဒဏ်ရာတွေလည်း အနာဖေးကွာစပြုနေပြီမို့ ရေချိုး တာ ပြဿနာမရှိတော့။

အပရိက ဒုက္ခလေးတောင် ဒီလောက်စိတ်ဆင်းရဲရလျှင် ကိုယ့် အရိုးကိုယ်မသယ်နိုင်သည့် ဂိလာနဘဝမှာသာဆို ဘယ်လောက်ဒုက္ခ များလိုက်မလဲဟု တွေးကြည့်ရုံနှင့်ပင် မခံစားနိုင်အောင် ဖြစ်ရသည်။

ဘဝတစ်လျှောက်လုံး ကလေးတွေထိန်း လူမမာတွေ ပြုစုနှင့် နေထိုင်ကာ ပေးဆပ်သူအဖြစ်နှင့် အရိုးထုတ်သွားသော မာသာထရီဆာ အား ကြည်ညိုမဆုံး ဖြစ်နေမိ၏။ သားသမီးဖြစ်ဖြစ် အကြင်လင်မယား ဖြစ်ဖြစ် ရက်ရှည်လူမမာဘဝရောက်၍ ပြုစုရသောအခါ ငြီးငွေ့လာတတ် တာ ဓမ္မတာပဲ ဖြစ်သည်။

ခုတောင် မင်းရဲကျေးဇူးနှင့် သူအဆင်ပြေနေခြင်းဖြစ်သည်။ မင်းရဲလည်း လုံလောက်သော ငွေကြေးတစ်ရပ် သူ့အိမ်ကို ထောက်ပံ့ နေနိုင်၍သာ ဒီလိုလုပ်ပေးခြင်းဖြစ်သည်။

တစ်ရက်တစ်သောင်းနှင့် ဆေးရုံကမပြန်ဘဲ ခိုးသေးကအစ လုပ်ပေးနေတာကြောင့် မင်းရဲအား ထိုင်ကန်တော့ချင်လောက်အောင် ပင် ကျေးဇူးတင်နေမိသည်။

"ဟော့ကောင် ချေးတွန်း ဆပ်ပြာတိုက်ဦး"

ရေမြုပ်ရွှေဖွဲ့တုံး တစ်ခုပေးရင်း မင်းရဲက သတိပေးသည်။ ကိုယ် ပေါ် ရေမလောင်းရတာကြာလို့ ဇိမ်ခံပြီး ရေချိုးနေသည့် ကျော်စွာအ တွေးတွေပြတ်သွားသည်။ နောက်မှာတန်းစီဇယားတွေ ရှိလာနေပြီမို့ ခပ်သွက်သွက် ဆပ်ပြာတိုက်ရ၏။ ရေချိုးခြင်းအလုပ်ကို တစ်ခါမှ အ



www.burmeseclassic.com

www.burmeseclassic.com



လေးအနက်မတွေးမိခဲ့။ မချိုးရတာကြာမှ ရေချိုးသန့်ရှင်းခြင်းသည် ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုမှန်း ပိုမိုသဘောပေါက်ခဲ့ရသည်။

ကုတင်ပေါ် ပြန်ရောက်၊ အဝတ်အစားလဲပြီးတော့ ကျော်စွာတအားလန်းဆန်းနေသည်။ နေ့ခင်းဘဲ အခန်းအောင်းကာ အစားကောင်းတွေ နင်းကန်လိုမ့်စားနေရသဖြင့် ကျော်စွာနှင့် မင်းရဲ အသားတွေဖြူပြီး ဝလာကြသည်။ သို့သော် ဒီလိုနေရတာကို ငြီးငွေ့စတော့ပြုလာပြီဖြစ်သည်။

ဒီတော့လည်း ကုတင်နီးနားချင်း စကားစမြည်ပြောကြ၊ ဆရာမလေးတွေရဲ့အလှကို အကဲဖြတ်လိုက်ကြ၊ အိပ်လိုက်ကြ၊ ညနေပိုင်းဝိုးခဲ့နှင့်လေညင်းခံ ထွက်လိုက်ကြနှင့် ငြီးငွေ့တာကို ဖြေကြရသည်။

"ညနေ ဘာစားမလဲ ကျော်စွာ"

"ထမင်းစားရတာ အပ်ကြောင်းထပ်လာပြီကွာ ခေါက်ဆွဲကြော်စားမလား"

"အေးကောင်းသားပဲ အခေါက်ကင်တစ်ပွဲပါ ဝယ်ခဲ့မယ်"

"ဂွတ်တယ်"

ကျော်စွာ့အား ကုတင်ဘောင်မှာ ခေါင်းအုံးခံ၍ကျောမှီထိုင်ခိုင်းထားခဲ့ပြီး အစားအသောက်ဝယ်ဖို့ မင်းရဲ အပြင်ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်လေ့လာမှု အားကောင်းခဲ့သဖြင့် ဘီယာနှင့်တွဲလျက် စားသောက်ဆိုင်ကြီးရှိတာ မင်းရဲ သိထားသလို ကောင်းကောင်းအသုံးချပြီးလည်းဖြစ်၏။ သူ သရဲမကြောက်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့တာ(၄)ရက်တိတိရှိပြီ ဖြစ်သည်။

မင်းရဲ့ ဆိုင်ထဲဝင်သွားသည်နှင့် မျက်မှန်းတန်းမိနေသည်ဖြစ်သည့် စားပွဲထိုးလေးက အသံစာစာစာစာနှင့် နှုတ်ဆက်သည်။

"ဟား. . A B C ကိုကြီး ထုံးစံအတိုင်းပဲလား"

"အေး. . ပြီးတော့ ဝက်ခေါက်ဆွဲနှစ်ပွဲ အခေါက်ကင်တစ်ပွဲ





ကွာ ပါဆယ်တွေချည်းပဲ"

"အိုကေ. . ကိုကြီး သုံးမိနစ် ဆယ်ခါပဲစောင့်. . "

ဝိတ်တာ ချာတိတ်၏ ဟာသကို မင်းရဲ သဘောကျသွားသည်။ မာမား ခေါက်ဆွဲခြောက်ပြုတ်တာ (၃)မိနစ်ကြာလျှင် ခေါက်ဆွဲကြော်က ဒါရိုက်တော့ စောင့်သင့်သည် မဟုတ်လား။ ကိစ္စမရှိ သူ့မှာ A B C အားကိုးနှင့် ခွန်အားတွေ တိုးနေပြီ မဟုတ်လား။

ငါးမိနစ်ခန့်အကြာမှာ ပက်စီပလတ်စတစ်နှစ်ဘူး ရောက်လာသည်။ သိတတ်သလား မမေးနှင့်၊ မနဲ့လေး တင်သလို ကော်ပန်းကန်သေးသေးလေးနှင့် မြေပဲလှော်ပါ ပါလာသည်။

မင်းရဲ ပက်စီသောက်ပြီး မြေပဲလှော်ကောက်စား၏။ ကန်ရေသောက် မြက်ခြောက်စားမြန်မာပြည်သားတွေ ဇာတာတက်နေပြီ။ တစ်ခုတော့ရှိသည်။ မင်းရဲသောက်သည့် ပက်စီက ခါးလွန်းအားကြီးနေသည်။ ခါးမှာပေါ့ A B C စတောက်ဆိုသည့် ဘီယာအပြင်းစားကို ပက်စီဘူးခွံနှင့် ထည့်ထားသည်ကိုး။ ဒီနည်းကို ရှာဖွေတွေ့ထားသဖြင့် (၄)ရက်တိတိ အိပ်ကောင်းခြင်းနှင့် အိပ်နိုင်ခဲ့ပြီဖြစ်သည်။

ဒီလျှို့ဝှက်ချက်ကို ကျော်စွာပင် မရိပ်မိသေး၊ တစ်ခုတော့ရှိသည်၊ ပက်စီအစစ်လည်း ဝယ်ထားရသေး၏။ ဒါမှ လျှို့ဝှက်ချက် မပေါ်ပေါက်မှာဘဲ ဖြစ်သည်။ ပက်စီဘူးတစ်ဝက်အကျိုးတွင် ခေါက်ဆွဲကြော်နှင့် အခေါက်ကင်ပါဆယ် လာပို့သည်။ ပိုက်ဆံရှင်းပြီး ခွန်အားဖြည့်အောက် အဘေီစီစတောက်ကို တစ်ကျိုက်ထပ်မော့ကာ လက်စသတ်လိုက်သည်။

စားစရာနှင့်သောက်စရာ ပါဆယ်တွေဆွဲပြီး ဆေးရုံသို့ ပြန်လာခဲ့သည်။ မိုးခံနဲ့ လေချဉ်တစ်ချက်အတက်မှာ ဘီယာနံ့သင်းသင်းလေး ပြန်ထွက်လာ၏။ မင်းရဲ ရီဝေဝေနှင့် ညနေခင်း အလုပ်ပြန်သူလေးများကို ငေးရတာ အရသာရှိလွန်းနေသည်။

ဆေးရုံထဲ ပြန်ရောက်သည်နှင့် ကျော်စွာက ဗိုက်ပွတ်ပြသည်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖော့ဘူးကိုဖွင့်ကာ တူနှင့်ခရင်းတစ်ချောင်း ထည့်ပေးထားလိုက်သည်
ခုတော့ ကျော်စွာ့အားတွဲထူကာ ထိုင်ခိုင်းထားလျှင် အစားအသော
တော့ ကိုယ့်ဘာသာ ယူစားနေနိုင်ပြီဖြစ်သည်။

စားမကောင်း သောက်မကောင်း ရောဂါသည်တွေ မဟု
သည့်အတွက် သူတို့နှစ်ယောက် စပယ်ရာပြောသလို ဆွဲဆရာရေ
စကားအတိုင်း ဆွဲလိုက်ကြတာ ဆယ်မိနစ်နှင့်ခေါက်ဆွဲကြော်အစ
မရ ဖြစ်သွား၏။

ညဦးပိုင်း လူစည်စည်မှာပင် ဆေးကြောသိမ်းဆည်းစရာ
အကုန်ရှင်းထားလိုက်သည်။ ပြီးတော့ လူနာစောင့်တွေ ဝိုင်းဖွဲ့
အပျင်းပြေစကားစမြည် ပြောကြ၏။ စကားဝိုင်းမှာ သရဲအကြောင်း
ဖေးဝရိတ် အဖြစ်ဆုံးပင် ဖြစ်သည်။

"တကယ်တန်းကျတော့ တကယ်အခြောက်ခံရတဲ့သူက
ရှားရှားပါကွာ၊ စိတ်ထင်ရာလျှောက်ပြောတာရယ် ကြည့်ဘူးတဲ့ နိုင်
ခြား သရဲကားထဲက ပြကွက်တွေ ပြန်ပြောတာရယ်ပဲ များတာပါ"

"ဒါဆို. . လွန်ခဲ့တဲ့ လေးငါးလလောက်က မိတ္ထီလာမှာ အဝ
အစားတွေ မွှေ့ရာတွေ အလိုအလျောက် မီးထလောင်တာကျတော့
ရော. ."

"အဲဒါက သရဲခြောက်တာ မဟုတ်ဘူးလေ၊ ပုဏ္ဏကတိုက်တာ

"ဗျာ. . ပုဏ္ဏား ကားတိုက်တာ ဟုတ်လား၊ လျော်ကြေး ဘ
လောက်ရလဲ"

"တစ်ပြားမှ မရဘူးဟေ့၊ ဒရိုင်ဘာ ထွက်ပြေးသွားလို့"

ရယ်သံတွေ သောသောညံသွား၏။ အသက်အကြီးဆုံး လူ
စောင့် ဦးလေးကြီးက. . .

"ဒီလိုလည်း အပြတ်ပြောလို့ မရဘူးကွ ပရလောကနဲ့ နာ
ဘာဝဆိုတာ ဆန်းကြယ်တဲ့ သဘာဝရှိတယ်၊ တချို့က အနံ့ပေးတာ
တချို့က အရာဝတ္ထုတွေ ရွှေ့ပြတယ်၊ ကိုင်ပေါက်ပြတယ်၊ တချို့





ကြောက်စရာ ရုပ်ဆင်းအင်္ဂါနဲ့ ကိုယ်ထင်ပြကြတယ်"

"ဆန်းတယ်နော်"

"အေး. . တစ္ဆေတကော့ တစ္ဆေထဲမှာ ဘုန်းကြီးတစ္ဆေက အဆိုး
ဆုံးပဲကွ"

"ဗျာ. . ဘုန်းကြီးလည်း တစ္ဆေဖြစ်တာပဲလား"

"ဟား. . သင်္ကန်းကိုစွဲပြီး သရဲဖြစ်လိုဖြစ်၊ ကျောင်းကို သံယော
ဇဉ် မပြတ်ဘဲ သရဲဖြစ်လိုဖြစ်နဲ့၊ ရိုးရိုးတစ္ဆေက ဘုရားစာရွတ်ရင် ပြေး
ရော ဘုန်းကြီးတစ္ဆေကျတော့ ကမ္မဝါဖတ်တာတောင် မရဘူးဟေ့"

"ဘာဖြစ်လို့လဲ အဘ"

"သူပါ လိုက်ရွတ်နေလို့ဟေ့"

ဆေးရုံက အငြိမ့်စင်လိုဖြစ်ပြီး ရယ်သံတွေ ပွက်လောညံသွား
၏။ နာ့(စ်)မတစ်ယောက် လှမ်းအော်ကာ ကြိမ်းလိုက်မှ သူတို့ လူစုကွဲ
သွားသည်။ ကျော်စွာ ဆေးသောက် ရေသောက် အပေါ့သွားပြီး အိပ်ဖို့
အရှိန်ယူနေပြီ၊ သူသောက်သည့် ဆေးထဲမှာ အိပ်ဆေးပါသည့်အတွက်
သူ့ကိုထည့်တွက်စရာမလို။

ဘေးကုတင်က လူတွေငြိမ်လျှင် သူလုပ်ငန်းစလို့ရပြီ၊ ဆရာ
မတွေ လှမ်းကြည့်လျှင် မြင်ရသည့်ဘက်မှ လိုက်ကာတစ်ခြမ်းကို ပိတ်
ထားလိုက်၏။ ပန်ကာဖွင့်ထားပြီး ကျာနယ်တစ်စောင် ကောက်ကိုင်ကာ
ဖတ်ချင်ယောင်ဆောင်နေသည်။

တစ်ဖက်ကုတင်မှ လူနာစောင့်လည်း ကုတင်အောက်တွင် ဖျာ
ခင်း၍ ကျိုးဖို့ ပြင်ဆင်နေပြီမို့ မင်းရဲ ပက်စိဘူးကို ထုတ်ယူလိုက်၏။
သံဘီရိုဖွင့်ပြီး သိမ်းထားသည့် အခေါက်ကင်ပန်းကန်ကို ထုတ်၍ လုပ်
ငန်းစ၏။ ပက်စီဘူးထဲက အေဘီစီတစ်ငုံသောက်လိုက် အခေါက်ကင်
တစ်ဖတ်ကောက်စားလိုက်နှင့် စည်းစိမ်အပြည့်ယူသည်။

မျက်စိအကျင့် ဝမ်းအချင့်ဆိုသည့်အတိုင်း နေ့ခင်းက ရှင်းခဲ့နှင့်
တွင် အိမ်သာတက်လို့ရအောင် ကျင့်ထားသဖြင့် ညဘက် ဝမ်းသွားချင်



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မဖြစ်တော့၊ ဆီးသွားချင်တာလောက်က ပြဿနာမရှိ။ ဆီးဘူးနှင့်မှ မလောက်လျှင် ရေသန့်ဘူးခွံတွေ အများကြီးရှိနေ၏။

တစ်ညှ A B C နှစ်ဘူးနှုန်းနှင့် ကိုယ့်ဘာသာ ဆေးညွှန်းရေးကာ အိပ်ဆေးဖေါ်ထားတာ လုံးဝဥဿုံ အဆင်ပြေနေသည်။ ထိုင်ခုံကျောမှီပေါ် ခေါင်းတင်ပြီး မျက်လုံးမှေးကာ ရီဝေဝေရသကို နင့်နင့်နည်းနည်းခံစားသည်။

အယ်ကိုဟောနှင့်အခေါက်ကင်က လိုက်ဖက်သော်လည်း အဆီများသည့် အစားအစာမို့ မူးယစ်ခြင်းကို အားပေးသည်။ ဒီတော့. . မင်းရဲ့ အတော်ရွှဲလာ၏။ မူးလေသောက်ချင်လေ ဖြစ်တတ်သည့် သဘာဝအတိုင်း အကပ်အသပ်ပါ မကျန်အောင်မော့ပြီး အမြည်းနှစ်ဖတ်လောက် ဝါးလိုက်သည်။

မင်းရဲ့ မျက်လုံးပင် မဖွင့်နိုင်တော့။ ခုံပေါ် ခွေခေါက်ခေါက်ထိုင်ရင်း တငေ့ငေ့ လေတက်ပြီး တဝါးဝါး သမ်းလာသည်။ ထိုစဉ်. . ပန်းကန်ထဲမှ လက်ကျန်အခေါက်ကင်တွေ လေထဲမြောက်တက်လာကာ တစ်ဖတ်ပြီးတစ်ဖတ် ပျောက်ကွယ်သွားကြ၏။

မင်းရဲ့ ထိုအဖြစ်ကို မမြင်လိုက်တာ ကံကောင်းခြင်းပင် ဖြစ်သည်။ လူလား၊ နာနာဘာဝလား၊ အကောင်တစ်ကောင်တောင်လားဘာကိုမှမမြင်ရဘဲ အခေါက်ကင်တွေ ပျောက်သွားတာကိုသာ ပက်ပင်းကြုံလျှင် မင်းရဲ့ အသေထွက်ထွက်ဖို့ပဲ ရှိတော့သည်လေ။





မနက်စောစော ဒေါ်နွယ်နီတို့တူဝရီး စက်ရုံသို့သွားဖို့ ပြင်ဆင်နေကြသည်။ နိုင်ငံခြားအော်ဒါအထည်တွေ ကွန်တိန်နာတင်ဖို့ ရှိနေသည်။ ဘရိတ်ဖတ် စားပြီးသည်နှင့် ထွက်လာခဲ့၏။

"ဒီနေ့တော့ ဆေးရုံမသွားနဲ့ အန်တီမေ့ကို ကူဦး၊ အလုပ်တွေများမှာ. ."

"ဟုတ်. . ကွန်တိန်နာ ကိစ္စပြတ်မှပဲ ဖုန်းဆက်လိုက်တော့မယ် အန်တီမေ"

"အင်း. . ကောင်းတယ် သူ့ဆီ အမျိုးတွေ သတင်းလာ မမေးကြဘူးလား"

"သူငယ်ချင်းတွေနဲ့ သူ့ရည်းစားပဲ လာကြတယ် အမေ"

"ဟယ်. . သူ့မှာ ရည်းစားရှိတယ် ဟုတ်လား"

"ဟုတ်တယ် အန်တီမေ၊ သိပ်တော့ အချိုးမပြေပါဘူး ပညာတတ်လည်း မဟုတ်ဘူးထင်တယ်"

"မောင်ကျော်စွာကရော"

"အဝေးသင်နဲ့ ဘွဲ့ရထားတာ အန်တီမေရဲ့"

"ဩော်"

ရွှန်းလဲ့ထံမှ ရသည့် အချက်အလက်များကို အခြေခံပြီး ဒေါ်နွယ်နီ အတွေးတွေ အများကြီးရသွားသည်။ ဘာတွေဘယ်လို ဆက်လုပ်ရမလဲ၊ ဆက်အစီအစဉ် ဆွဲရမလဲဆိုတာတွေ တွေးရင်း အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။

အထည်ချုပ် စီးပွားရေးလုပ်ငန်းဏ တစ်မျိုး၊ အနာဂတ် စီမံကိန်းအတွက် Plan တွေဆွဲရတာကတစ်မျိုးနှင့် မျက်မှောင်ကျုတ်ပြီး ခေါင်းရှုပ်နေရှာသည်။

စက်ရုံရောက်တော့လည်း အထည်ပက်ကင်ထုပ်တွေ ကွန်တိန်နာနှင့် သယ်ယူဖို့ အလုပ်သမားများအား ကြီးကြပ်ရပြန်သည်။ ကွန်တိန်နာသုံးစီး စက်ရုံထဲက ထွက်သွားမှပဲ စိတ်လျော့ကာ အမောဖြေရတော့၏။ ထိုစဉ် စက်ရုံမှ ဖုန်းမြည်သံ ထွက်လာသည်။ ကောက်ယူနားထောင်ကြည့်တော့ စက်ာပူမှသမက်လောင်း နေသွေးမောင်ထံမှ ဖြစ်နေ၍ ရွှန်းလဲ့အား လွှဲပေးလိုက်၏။

လွတ်လွတ်လပ်လပ် ပြောဆိုနိုင်စေရန် ဒေါ်နွယ်နီ ရှောင်ထွက်ခဲ့သည်။ စက်ရုံထဲလျှောက်ကြည့်ရင်း အလုပ်သမားတွေ အလုပ်လုပ်နေတာကို စစ်ဆေးကြပ်မတ်သည်။ နာရီဝက်လောက် အချိန်ပေးပြီးမှ ရုံးခန်းသို့ ပြန်လာခဲ့၏။ ရွှန်းလဲ့ကို စိတ်ရှုပ်ထွေးနေသောပုံစံနှင့် တွေ့ရသည်။

"မောင်နေသွေးမောင် ဘာပြောလို့လဲ သမီး"

"အလကားပါ အန်တီမေရယ်၊ မဖြစ်နိုင်တာတွေ လျှောက်ပြောနေတာ"

"ဘာတဲ့လဲ"

"စက်ာပူကို လိုက်ခဲ့ပါတဲ့၊ ဟိုမှာပဲဘဝကို ထူထောင်ကြမယ်တဲ့ သူကတော့ ပြန်လာမှာ မဟုတ်ဘူးတဲ့"

"ဟယ်. . . အဓိပ္ပာယ်မရှိတာကွယ်"

နေသွေးမောင်ဆိုတာက ဒေါ်နွယ်နီ့ခင်ပွန်း ဦးမြင့်နိုင် စီစဉ်ပေးခဲ့သော သမက်လောင်း ဖြစ်သည်။ အဖေ့စကားကို မပယ်ရှားရဲသည့် ရွှန်းလဲ့ ခေါင်းညိတ်လက်ခံခဲ့ခြင်းဖြစ်၏။ နေသွေးမောင် စက်ာပူထွက်သွားတာ (၂)နှစ်ရှိပြီဖြစ်သလို ဦးမြင့်နိုင် ဆုံးခဲ့တာလည်း တစ်နှစ်ကျော်ခဲ့ပြီ. . .





"သမီး ဘာပြောလိုက်လဲ. . ."

"အဲဒါတော့ မဖြစ်နိုင်ဘူးလို့"

"အေးလေ. . ဒီမှာ အောင်မြင်နေတဲ့ လုပ်ငန်းကြီးရှိနေတာလေ၊ ဒါကိုပစ်ပြီး ဟိုက လခစားရဲ့မယား သွားလုပ်ရမှာလား"

"ပြန်လာဖို့ အစီအစဉ် မရှိရင် စေ့စပ်ထားတာ ပြန်စဉ်းစားရမိမယ်လို့ ပြောလိုက်တယ် အန်တီမေ"

"ကောင်းတယ် သမီး"

ဘယ်လိုပဲတွက်တွက် ဒီအဒေါ်နှင့်တူမ နှစ်ယောက်ထဲ ရှိကြတာ တကွဲတပြားနေဖို့ ဘယ်လိုမှမဖြစ်၊ သူတို့ စေ့စပ်ထားသည့် ကိစ္စက်ကြောင်းထင်လာတာပဲ ဝမ်းသာရမလို ဖြစ်နေပြီ။

ဒေါ်နွယ်နီ သူ့ဦးနှောက်ထဲက ဆားကစ်တွေကို အတွေးလျှပ်စီးကြောင်း ဖြတ်သန်းစေကာ အလုပ်လုပ်နေ၏။ သူ့ အစီအစဉ်တွေ အဆင်ချောပါစေဟု ဆုတောင်းရင်း နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိလေသည်။

"ဦးမျိုးမင်း. . ဦးမျိုးမင်း ရှိလား"

ဆေးထိုးပေးမည့် နာ့(စ်)မလေးက လူနာနာမည်ကိုခေါ်ရင်း လျှောက်လာနေသည်။ မျက်နှာချင်းဆိုင် ဟောခန်းရှေ့ တဝဲလည်လည် ကြည့်နေသော်ရင်း ဦးမျိုးမင်းအား အကြိမ်ကြိမ်ခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထူးသံမကြားရ၍ ကျော်စွာနှင့်မင်းရဲလည်း ထိုလူ အိမ်သာ သွားတာလား၊ မပြောမဆို ဆေးရုံက ဆင်းသွားတာများလားဟု တွေ ရင်း ဝိုင်းဝန်းစိတ်ပူပေးနေကြသည်။

"ကဲ. . ဦးမျိုးမင်းဆိုတာ မရှိဘူးလား"

ကုတင် ရှစ်လုံးရှိသည့် အခန်းရှေ့ရပ်နေသည့် ဆရာမလေး စိတ်မရှည်တော့ဟန်နှင့် ခပ်ဆတ်ဆတ် မေးလိုက်သည်။ ထိုအရေးကို ကိုဖြေရှင်းရန် သိကြားမင်းက အထောက်တော်တစ်ယောက်အား ထူ ယောင်ဖန်ဆင်းကာ လွှတ်လိုက်သည်ထင်၏။ အပေါ်အဖြူ အောက်အ ခရမ်းရောင်ထဘီ ဝတ်ထားသည့် ဝန်ထမ်းအမျိုးသမီး ရောက်လာပြီး

" ဆရာမရေ. . သူက ချာတိတ်ရယ် ဦးမျိုးမင်းလို့ခေါ်ရင် ဘူ ကိုခေါ်တယ်လို့ မထင်လို့ မထူးဘူးတော့၊ ကျွန်မ ခေါ်ပြမယ်၊ မောင်မျိုး မင်း. . မောင်မျိုးမင်း. . ၊ ဟဲ့. . လက်ကျိုးနေတဲ့ကောင်လေး မောင်မျိုး မင်း"

BURMESE CLASSIC

"ဗျာ. . ဆရာမ. . "

"ကဲ. . ကြားတယ်မဟုတ်လား ဆရာမ၊ ဟိုမှာ ညာဘက်တန်း သုံးလုံးမြောက်ကုတင်က ချာတိတ်"

"အမလေး. . ဟဲ့. . ဦးမျိုးမင်းခေါ် မောင်မျိုးမင်းရေ. . ဒီမှာ ဆရာမ အမြှုပ်ထွက်နေပြီ "

ဘာမှမဟုတ်သည့် အဖြစ်အပျက်ကလေးက ရယ်စရာကောင်း နေသဖြင့် မြင်ရကြားရသည့်လူအပေါင်း ရယ်ကြမောကြ ဝေဖန်ကြနှင့် စီဝေဆူညံသွားသည်။

"ချာတိတ်က ဦးမျိုးမင်းဆိုတော့ သူ့ကိုခေါ်တယ် မထင်ဘူး ပေါ့"

"အေးလေ. . ရီရတယ် လူတူမရှား နာမည်တူ မရှားဆိုတာ ဒါမျိုးပေါ့"

နေ့ခင်းနေ့လည်မို့ ထမင်းပို့သူတွေ တဖွဲဖွဲရောက်လာကြသည်။





ကျော်စွာလည်း ဝင်ပေါက်ဝကို လှမ်းမျှော်နေ၏။

"ဘာလဲ ကျော်စွာ မျှော်တောင်ယောင်ပတ်ဖျိုး သီချင်းစပ်မလို့ ကြံနေတာလား ပြောစမ်း. . ဘယ်သူ့ကိုမျှော်နေတာလဲ၊ သျှင်နော်လား ရွှန်းလဲ့လား"

"ဘယ်သူလာလာကွာ ပျင်းလို့ စကားပြောဖော် လိုချင်တာ ဒါပဲ"

"ရွှန်းလဲ့ကတော့ သေချာတယ် ကိုယ့်လူ၊ အင်း ဒါပေမဲ့ ငါစဉ်း စားနေတာ သူတို့သားအမိ မင်းအပေါ် ဘာကြောင့် ကောင်းနေတာလဲ လို့"

"လူစိတ်ရှိလို့ လူပီသလို့ပေါ့ ဒီလောက်ပါပဲ၊ တခြားအကန့် အသတ် မရှိ မထင်ပါဘူး၊ အခြေအနေနဲ့ အဆင့်အတန်းက ခေါင်မိုးထပ်နဲ့ မြေညီထပ်လို့ အရမ်းကွာနေတာလေ"

"အဟင်း. . မြေညီထပ်က တန်ဖိုးရှိတယ်နော် ဈေးက ခေါင် ခိုက်နေတာ"

"ဟုတ်ပမလားကွာ တို့မြေညီထပ်က လူနေခန်းမဟုတ်ဘူး ဘားပါကင်ကြီး ဖြစ်နေတာ၊ အရောင်းအဝယ်လုပ်လို့ မရဘူး"

"ဟားဟားဟား. . စစ်မရောက်ခင် လက်ပစ်ဗုံး ကုန်နေလိုက် တာကွာ စမ်းကြည့်တာ ဘာမှအရှုံးမရှိပါဘူး"

"ဟေ့ကောင် ငါ့မှာ သျှင်နော်ရှိတာ သူသိတယ်လေ"

"သျှင်နော်က မင်းမယားမှ မဟုတ်တာ"

"တော်. . တော်စမ်းပါကွာ"

"ဒီနေ့ ဘာစားချင်လဲ ကျော်စွာ"

"ငါးမန်းတောင် ဟင်းချိုနဲ့ ရေဘဝဲ အစိမ်းသုပ်ကွာ"

"ဟေ့ကောင် လူစကားပြော"

"လူစကားပြောလို့ မင်းနားလည်တာ မဟုတ်လား"

"တစ်ဖက်က ငွေပို့ပေးထားလို့. . စရိတ်မျှပေး ကျွေးမှာရေ ဆောင်ပုဒ်က မင်းနဲ့မဆိုင်ဘူးဆိုပြီး ဖင်ခေါင်းစတား နေတာလား



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ”

“မင်းပဲ စားချင်တာပြောဆို”

“အေး ရှန်ဂရီလာအုပ်စုနဲ့ ဆီဒိုးနားအုပ်စုဝင် ဟိုတယ်တွေ အားလုံးမှာ ငါးမန်းနဲ့ပတ်သက်တဲ့ ဟင်းလျာတွေမရောင်းဖို့ သဘော လက်မှတ်ရေးထိုးထားတာ မင်းမသိဘူးလား”

“ငါ့ကို သူတို့မှ လာမပြောတာ”

“ဟေ့ကောင် ငါ့ကိုတင်းအောင် လာမလုပ်နဲ့နော် ငါက ငါးမ တောင်ဟင်းချိုကို ဟောင်ကောင်နဲ့ မကာအိုထိ သွားဝယ်ပေးရမှာလား”

“အဲလောက် မဝေးပါဘူးကွာ တာမွေမှာတင် ရပါတယ်”

“ဘာရတာလဲ မင်းကြီးတော်ကြီး အစိမ်းသုတ်လား”

“ဟားဟားဟား. . နောက်တာပါကွာ သိပ်လည်းတင်းမနေ ပြတ်သွားဦးမယ်၊ အဟဲ. . နေ့ရှိသရွေ့ မြန်မာစာနဲ့ တရုတ်စာပဲ စား ရတော့ ရိုးနေပြီကွ၊ ဒီတစ်ခါ ကုလားစားစားရအောင်. . .”

“ဟိန္ဒူ။ တမီ(လ်)၊ ပန်ချာပီ၊ ဂေါ်ရင်ဂျီ ဘယ်ဟာကို စားချ တာလဲ ”

“ချစ်တီးထမင်း”

“ဟမ်”

“ဟုတ်တယ် ပဲဟင်းရွှဲရွှဲလေးဆမ်း၊ ငရုတ်သီးတောင့်ကြော် လေးကိုက်၊ ဆားလေးတို့ပြီး မဆလာနံ့သင်းသင်း ခိုသားဆီပြန်ဟင်းနဲ့ စားချင်တာ”

“မင်းကွာ. . ခြေကျိုးတာရော ဟုတ်ရဲ့လား၊ ဗိုက်များကြီးနေ တာလား”

ကျော်စွာနှင့်မင်းရဲတို့ စကားစစ်ထိုးပွဲက တိုက်ဆင်နှစ်ကောင် သေပြီး ခါးလုံလေးမြား လက်နက်တွေ ကုန်သည်အထိ မပြီးသေး. .

“တာမွေထိဆို အဝေးကြီးကွ အတော်ကြာမှာ”

“ထက္ကဆီနဲ့သွား ငါးဆင့်ချိုင့်ယူပြီး အပြည့်ဝယ်ခဲ့ကွာ ခိုသား





ဆီပြန်၊ ဂဏန်းမဆလာချဉ်စပ် အားလုံးစားချင်တယ် ပြောရင်းနဲ့တောင် သွားရည် ကျလာပြီ”

နောက်ဆုံးတော့ မင်းရဲပဲ အလျှော့ပေးကာ ငါးဆင့်ချိုင့်နှင့် ချစ်တီးထမင်းဟင်း အဝယ်ထွက်ခဲ့တော့သည်။ မင်းရဲထွက်သွားသည် နှင့် ပက်လက်ကိုယ်တော် ကျော်စွာ ဂျာနယ်ကို မျက်နှာပေါ်မှောက်လျက် အဖတ်၏။

ဂျာနယ်တွေမှာကလည်း ဆန္ဒဖော်ထုတ်ပွဲနှင့် ထွန်တုံးတိုက်ပွဲ ပါသည့်နေ့မရှိအောင် စိတ်ပျက်စရာကောင်းနေသည်။ သရော်စာ ဆောင်းပါးရှင်တွေ ပြောသလို အုပ်ချုပ်သူတွေက ချစ်တီးနှင့် ဖက်ဆစ် ပေါင်ကျထားသလို ဖြစ်နေကြသည်။ အာဏာငမ်းဖမ်းပြီး အဖျားတက် သူများကို ရွှေမန်းတောင်နှင့် ဘီအီးဖျော်တိုက်လည်း အဖျားကျမည် မဟုတ်ချေ။

ဝင်္ကရိုသရွေ့ပေါ့ဟုသာတွေး၍ စိတ်ဖြေရင်း ဂျာနယ်နှစ်စောင် လောက်အောင် ဖတ်လိုက်သည်။ ကြာတော့ လက်ညောင်း. . မျက်စိလည်း ညောင်းလာသဖြင့် တစ်ရေးအိပ်ဖို့ ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် အားဖူးရှင် မိန်းမချောလေး ရောက်ရှိလို့လာသည်။

“သူအိပ်နေတာလား”

အသံကြား၍ မော့အကြည့်မှာ ရွှန်းလဲ့ကို တွေ့လိုက်ရသည်။ ကျော်စွာလည်း ပိတ်ထားသောမျက်လုံးတွေကို ဖြတ်ခနဲ ဖွင့်လိုက်၏။

“မအိပ်ပါဘူး ရွှန်းလဲ့ရဲ့၊ ဟောဗျာ ဘာတွေဝယ်လာပြန်တာလဲ ဒီမှာဖြင့် ဘီရိုမဆန့်တော့ဘူး ”

“ဩစတေးလျ ပန်းသီးနဲ့ ထိုင်း စပျစ်သီးပါ ကိုကျော်စွာ”

“ဒုက္ခရှာလို့ ရွှန်းလဲ့ရယ်”

ကျော်စွာ အားနာစကားဆိုသည်။

“ကိုကျော်စွာလည်း အမြဲတမ်း ကုတင်ပေါ်မှာ လဲနေရတာ ဘယ်လောက် စိတ်ကျဉ်းကြပ်လိုက်မလဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်ရမယ့်ကံက ပါလာပြီးသား မဟုတ်လား"

"အဲဒီကံကြမ္မာကို ကျွန်မက အကောင်အထည်ဖော် လိုက်သလို ဖြစ်ခဲ့တာလေ"

"တော်ပါတော့ ရွှန်းလဲ့ရယ် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မနေ ပါနဲ့တော့"

ကျော်စွာနှင့်ရွှန်းလဲ့ ကံကြမ္မာကို တစ်လှည့်စီ တာဝန်ယူနေကြ ရာမှ စကားစပြတ်သွားကြသည်။

ထိုအခိုက် သျှင်နော် အထုပ်အပိုးတွေနှင့် ရောက်လာပြန် သည်။ သူလည်း ပန်းသီးတွေ ဝယ်လာ၏။ သို့သော် သျှင်နော် ဝယ်လာ တာက CHINA APPLE မို့ သျှင်နော် မျက်စိမျက်နှာ ပျက်နေသည်။ ကျော်စွာလက်ထဲက ဩစတေးလျ ပန်းသီးတွေက မသိမ်းရသေး။

"ဟား. . . ကိုယ်တော့ ဆေးရုံရှေ့ထွက်ပြီး သစ်သီးဆိုင် ဖွင့် တော့မယ်ထင်တယ် "

တင်းမာလာတော့မည့် အခြေအနေကို ဖြေလျှော့ဖို့ ကြိုးစား ကြည့်သည်။

"အဲ. . သျှင်နော် အဖေနဲ့တွေ့သေးလား ဘာမှာလိုက်လဲ"

"မတွေ့ပါဘူး"

"သျှင်နော် အားရောအားရဲ့လား ကိုယ် အခြေအနေကောင်း နေပါပြီ"

"မလာစေချင်တဲ့ သဘောလား"

ရင်ကြားစေ့ စကားတွေပြောနေတာကို သျှင်နော်က တစ်ခွန်း ချင်း တုံ့ပြန်ဘုတောနေ၏။ ကျော်စွာ ဘာပြောရမှန်း မသိတော့. . .

"ပတ်တီးဖြည်ဖို့ရက်တောင် တဖြည်းဖြည်း နီးလာပြီနော်"

"ဟုတ်တယ် ရွှန်းလဲ့၊ ကျွန်တော်လည်း အားလုံးကို အားနာ ပါပြီ၊ အထူးသဖြင့် မင်းရဲကိုပေါ့၊ အောက်ခြေသိမ်း အကုန်လုပ်ပေးနေ တာလေ"





"ဟုတ်ပါတယ် ကိုမင်းရဲက ပရဟိတစိတ် အပြည့်ရှိတယ်နော် သနဲကြောက်တဲ့ကြားက မညည်းမညူ ညအိပ်စောင့်ပေးရှာတာ"

ဟိုဘက်ဒီဘက် မျှအောင် စကားပြောပေးနေသည့် ကျော်စွာ့ မျက်နှာ ရှုံ့တွလာသည်။ နေရထိုင်ရတာလည်း လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ ဒါကိုသတိပြုမိသည့် ရွှန်းလဲ့က. . .

"ဘာဖြစ်လို့လဲ ကိုကျော်စွာ၊ ခြေထောက်က နာလို့လား"

"အဲ. . မဟုတ်ပါဘူး မနာပါဘူး"

"ပြောပါ ကိုကျော်စွာရဲ့ အားမနာပါနဲ့ ဘာလုပ်ချင်လဲ"

"ဟိုကောင် ပြန်လာမှ ဖြစ်မှာပါ"

ရွှန်းလဲ့ ဂရုတစိုက်မေးနေသဖြင့် သျှင်နော်လည်း မခံချိ မခံသာ ဖြစ်လာဟန်နှင့်. . .

"ဖြစ်ချင်တာပြောလေကိုကျော်ရဲ့ နှိပ်ပေးရမလား ရေပတ် တိုက်ပေးရမလား"

ချစ်သူရည်းစားက မေးလာသဖြင့် ကျော်စွာအားတက်ပြီး သူ့ ဆန္ဒကို အထုပ်ဖြေပြ၏။

"ဟို. . ဟိုလေ. . ရှူးပေါက်ချင်တာ သျှင်နော်ရဲ့ မအောင့်နိုင် တော့ဘူး"

"ဟင်"

"အဲတော့"

ကျော်စွာ့စကားကြောင့် အပျိုမလေးနှစ်ယောက် မျက်လုံးပြူး ကာ ပါးစပ်ပြဲသွားကြသည်။ ထိုကိစ္စကို ဘယ်လိုဖြေရှင်းရမှန်း မသိသ ဖြင့် ကောင်မလေးနှစ်ယောက် အချင်းချင်း အပြန်အလှန် ကြည့်နေ ကြသည်။ ကျော်စွာမှာ တွန့်လိမ်ကာ ဂွကြမ္မမရ ဖြစ်နေရှာ၏။

"ဟို. . ဟို. . ကုတင်အောက်က ဆီးဘူး. . ယူ. . ယူပေး"

ကျော်စွာပြောတာ ကြားသော်လည်း သျှင်နော်က မျက်လုံးပြူး ကြီးနှင့် ပြန်ကြည့်သလို ရွှန်းလဲ့လည်း တွေတွေငေးငေး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ အတော်ကြာသည်အထိ ဘယ်သူမှ မလှုပ်ကြ။

အပျိုလေးနှစ်ယောက်အတွက် ရွယ်တူယောကျ်ားလေး သေးတည်ပေးဖို့ဆိုတာ သိပ်လွယ်ကူလှသည့် ကိစ္စမဟုတ်၊ ကျော်စွာ လည်း မျက်နှာပူပူနှင့်ပဲ နှစ်ယောက်လုံးကို တောင်းဆိုသလို ကြည့်လိုက် သည်။ ထိုအချိန်မှာ ရွှန်းလဲ့က မာသာထရီဆာ ဖြစ်သွားသည်။

ကုတင်အောက်မှ ဆီးဘူးကို လှမ်းယူကာ အဖုံးဖွင့်လိုက်၏ သျှင်နော်ရော ကျော်စွာပါ အံ့ဩမင်သက်မိသွားသည်။ ရွှန်းလဲ့က တည် တည်ငြိမ်ငြိမ်နှင့်ပင် ကျော်စွာ့ပုဆိုးစကို အသာမ၍ ဆီးဘူးထိုးသွင်းပေး လေ၏။

"ရ. . ရပြီ. . ရွှန်းလဲ့၊ ကျေးဇူးနော်. . အား. . အားနာလိုက် တာဗျာ"

ကျော်စွာလည်း အန္တရာယ် လွယ်မထားနိုင်တော့သည်မို့ ခါး စကို ဖြေလျှော့ကာ လက်ထိုးသွင်းပြီး ဆီးဘူးနှင့်တည့်အောင် ချိန်သား ကိုက်၍ အားပါးတရ ရှူးရှူးပန်းတော့၏။

ကောင်မလေးနှစ်ယောက် မျက်နှာလွှဲသွားကြသည်။ စက္ကန့် တွေပြိုလဲကာ မိနစ်တွေ အိုမင်းသွားတော့မှ. . .

"ရ. . ရပြီ. ."

နှစ်ယောက်လုံးကို ဦးတည်ပြောလိုက်သော်လည်း လှုပ်ရှားသူ သူက ရွှန်းလဲ့သာဖြစ်၏။ ပုဆိုးအောက် လက်လျှိုသွင်းကာ ဆီးဘူး ဖြည်းဖြည်းထုတ်ယူကာ အဖုံးပြန်ပိတ်သည်။

"ကုတင်အောက်မှာပဲ ထားလိုက်ပါ ရွှန်းလဲ့၊ မင်းရဲလာမှ သွန်လိမ့်မယ်"

"ဟုတ်ကဲ့"

"အားနာလိုက်တာ ရွှန်းလဲ့ရယ် တကယ်ပါ"

"ရပါတယ် ကိုကျော်စွာ၊ မထူနိုင် မထနိုင်အခါ ဒီလိုပဲပေါ့"

ကျော်စွာနှင့် ရွှန်းလဲ့၏ဆက်ဆံရေးကို သျှင်နော်က သံသယ





စိတ်နှင့် အကဲခတ်နေသည်။ သူ မလုပ်ရဲသည့်ကိစ္စကို ရွှန်းလဲ့ ဝင်လုပ် သွား၍လည်း မကျေမနပ်ဖြစ်နေသည်။

"ကဲ. . သူရှိနေမှတော့ ကျွန်မက ရှင့်အတွက် မလိုအပ်တော့ ပါဘူး၊ သွားမယ် ကိုကျော်"

သျှင်နော်က ရွှန်းလဲ့အား အမုန်းမျက်လုံး သံသယအကြည့် တွေနှင့် စိုက်ကြည့်ပြီး စကားပြောကာ ထွက်သွားတော့၏။

"ဟာ. . သျှင်နော်. . သျှင်နော်"

တားမရ ခေါ်မရတော့သည့် သျှင်နော်ကို သူတို့လိုက်ကြည့် နေမိသည်။ နောက်မှသတိရပြီး. . ကျော်စွာက ခေါင်းအုံးအောက်မှ ဖုန်းထုတ်ယူကာ သျှင်နော်အား လှမ်းဆက်သွယ်လိုက်သည်။

"ဟဲလို သျှင်နော်"

"ပြော. . ဘာလဲ"

"ဘယ်လိုဖြစ်သွားတာလဲ သျှင်နော်ရယ် ပြန်လာခဲ့ပါ"

"မလာပါဘူး ဟိုကောင်မ ရှိနေတာပဲ"

"မဆိုင်တာတွေမပြောနဲ့ သျှင်နော်"

"ကျွန်မက သိန်း(၂၀)လည်း မပေးနိုင်ဘူး၊ နိုင်ငံခြား ပန်းသီး သည်း ဝယ်မပေးနိုင်ဘူး၊ ဒါကြောင့် မလာချင်တော့ဘူး"

"ဟာ သျှင်နော်ကလည်းကွာ ကလေးဆန်လိုက်တာ"

"ဟုတ်တယ်. . ကျွန်မက ကလေး၊ လူကြီးဖြစ်နေတဲ့ အဲဒီ ကောင်မ ပြုစုတာပဲ ခံနေလိုက်"

ဖုန်းအဆက်အသွယ် ဖြတ်သွား၏။ ကျော်စွာထပ်ခေါ်သည်။ တစ်ဖက်မှ ဖုန်းမကိုင်တော့။ ကျော်စွာ စိတ်ပျက်လက်ပျက်နှင့် ဖုန်းပြန် သိမ်းလိုက်ရသည်။ ရွှန်းလဲ့ကို လှည့်ကြည့်ပြီး အားနာပြုံးလေး ပြုံးပြ လိုက်၏။

"သူက သဘောထားသေးတယ်နော်"

"ဟုတ်တယ် ရွှန်းလဲ့၊ သူ့အပြောအဆိုတွေအတွက် ကျွန်တော်

www.burmeseclassic.com



ကပဲ တောင်းပန်ပါတယ်ဗျာ"

"မလိုပါဘူးရှင် ကျွန်မလုပ်ပေးတာကလည်း တာဝန်ရှိတယ်ထင်လို့ပါ။ ကိုကျော်စွာ ဒီလိုဖြစ်နေရတာ ကျွန်မကြောင့်လေ"

"ကျွန်တော် အားလုံးသဘောပေါက် နားလည်ပါတယ် ရွှန်းလဲ့ ပြောမပြတတ်အောင်လည်း ကျေးဇူးတင်နေတာပါ"

ထိုစဉ် မင်းရဲ ချိုင့်ဆွဲပြီး ပြန်ရောက်လာသည်။ ခရီးရောက်မဆိုက်ပင်. . .

"သျှင်နော် ဘာဖြစ်သွားတာလဲ ငါ့တောင် မျက်စောင်းထိုးသွားတာ ကံကောင်းလို့ တစ်ကိုယ်လုံး ပြာမကျတယ်"

အဖြစ်ကို ကျော်စွာ ရယ်ဗီရှင် ပြန်ပြလိုက်သည်။ မင်းရဲက ခေါင်းတညိတ်ညိတ်. . .။

"ဒီလိုပဲ ရွှန်းလဲ့ရေ မပြည့်တဲ့အိုးတွေက ဘောင်ဘင်ခတ်တယ် ဒါကြောင့် ဒီကောင့်ကိုပြောနေရတာ လက်ထပ်ဖို့မဆုံးဖြတ်ခင် သေချာစဉ်းစားလို့"

"ဟုတ်တယ်လေ. . အိမ်ထောင်မှုဘုရားတည်ဆိုတဲ့စကား ရှိတယ်မဟုတ်လား"

"ဆေးမင်ရည်စုတ် မထိုးတော့ဘူးလား ရွှန်းလဲ့"

"အဲ့ဒါက လေဆာနဲ့ ပြန်ဖျက်လို့ ရတယ်လေ ကိုမင်းရဲရဲ"

"ဟားဟားဟား. . . ဟုတ်ပဗျာ တိုးတက်တဲ့ ခေတ်ကြီးထဲမှာ အဲဒီစကားက မလိုတော့ဘူး"

မင်းရဲ၏ အသောအထွေ အဖါအထေး စကားတွေကြောင့် အနေရအထိုင်ရ ခက်တာတွေ လျော့ပါးပြီး ရယ်နိုင်ပြုံးနိုင်လာကြသည်။ မင်းရဲက ကျော်စွာ့အား တွဲထူထိုင်းခိုင်းပြီး ထမင်းပြင်ပေးသည်။ သေးအိုးသွားသွန်သည်။ ကုတင်အနီးတဝိုက်ကို သန့်ရှင်းရေးလုပ်သည်။

လက်ဆောင်သီးနှံတွေ သိမ်းဆည်းသည်။ ရွှန်းလဲ့က ကျော်စွာ ထမင်းစားတာကိုထိုင်ကြည့်ပြီး လိုအပ်တာ ဆောင်ရွက်ပေးသည်။





သောက်ရေ ကမ်းသည်။ တစ်ရှူးယူပေးသည်။

တားနေသည့်ကြားက၊ ပန်းကန်တွေချိုင့်တွေ သွားဆေးပေးသည်။ ကျော်စွာကုတင်ပေါ် ပြန်လှဲတော့မှ နှုတ်ဆက်ပြီး ပြန်သွား၏။ အားလပ်သွားသော မင်းရဲလည်း ထမင်းဟဲတော့သည်။

"အင်း. . မင်းနဲ့ငါ လူချင်းသာ လဲလိုက်ချင်တော့တယ်ကွာ"

"ကျိုးတာများ ကောင်းတယ်ထင်နေလား"

"ကျိုးပြီးတဲ့ နောက်ပိုင်းက ကောင်းတယ်လေကွာ"

"ကျိုးချင်တိုင်းလည်း မကျိုးရပါ၊ ဖြစ်ချင်တိုင်းလည်း မဖြစ်ရပါဆိုတဲ့ ကံကြမ္မာနဲ့ သံသရာသဘောကို ခုထိ မသိသေးဘူးလား"

"သိပ်သိတာပေါ့ကွာ မည်သို့ပင်ဖြစ်စေ မင်းကို ရှူးတည်ပေးတယ်ဆိုတာနဲ့တင် ရေလည် ဟုတ်ထိတယ်ကွာ. . သိလား"

မင်းရဲ ထောက်ပြသည့်အဖြစ်ကို ကျော်စွာလည်း ခံစားရသည်။ ဇကယ်ဆို ထိုကိစ္စက သျှင်နော်လုပ်ပေးသင့်သည်ဟု ထင်သည်။

ခုတော့ ကြားက မဆီမဆိုင် ရွှန်းလဲ့က ဝင်လုပ်ပေးသွားသည်။ နှ(စ်)မတစ်ယောက်လို ကိုယ့်သွေးရင်းတစ်ယောက်လို သဘောနှင့် လုပ်ပေးသွားမှန်းသိသော်လည်း ရင်ထဲမှာတော့ ဘာလိုလို၊ အင်း. . . ခက်တော့ခက်နေပြီ ကျော်စွာရေ. . .။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)



ကြည်လင်တောက်ပသော နေရောင်အောက်တွင် ကျေး
ငှက်များ ထီးမဆောင်းဘဲ ပျံသန်းနေကြ၏။ ငှက်တွေ. . F.M နား
ထောင်ဘူးထင်သည်။ ခရမ်းလွန်ရောင်ခြည်အကြောင်း သတိပေးချက်
တွေကို မသိတော့ မကြောက်မရွံ့ ပျံသန်းနေကြတာပဲဖြစ်မည်။ အစာရှာ
ဖို့ ပျံသန်းနေကြတာလား၊ ပင်ပန်းလိုက်တာ ငှက်လေးတွေရယ်၊ မြန်မာ
ပြည်ဖွားငှက်အစစ်သာ ဖြစ်မယ်ဆိုရင် မှတ်ပုံတင် ကိုင်မထားလဲ သမ္မတ
ကြီးပြောသလို နွားနို့ပဲ သောက်သင့်သည် မဟုတ်လား။

ငှက်တွေကောင်းကင်မှာ လမ်းသလားနေကြသလို၊ လူတွေ





လည်း မြေပြင်မှာ ရွေ့လျားနေကြသည်။ သတ္တဝါတွေ အစာရှာနေချိန်
မှာ လူတွေက ပိုက်ဆံရှာနေကြ၏။ ဒါကလည်း တိရစ္ဆာန်တွေမှာ ဘဏ်
စာအုပ်မရှိ၍ဘဲ ဖြစ်လိမ့်မည်။

ဦးအောင်ကျော် ဘဏ်စာအုပ်ထဲမှ သိန်းနှစ်ဆယ်ဆိုသော
ကိန်းဂဏန်းများကိုကြည့်ပြီး ရင်ထဲဆို့နင့်နေသည်။ ဒီလောက်ငွေအများ
ကြီး သိမ်းထားစရာနေရာ၊ သူ့အိမ်မှာမရှိ၍ ဘဏ်အပ်ထား ရခြင်းဖြစ်
၏။ ကုတင်အောက်က သံသေတ္တာအစုတ်လေးထဲမှာ သူပိုင်ဆိုင်သမျှ
ငွေလေးတစ်သိန်း မပြည့်တပြည့်နှင့်ပင် ပြည့်ကြပ်နေပြီဖြစ်သည်။

မရှိမရှားဘဝနှင့် အသားကျလာတာ နှစ်တွေမနည်းတော့၊
သား၏ခြေတစ်ချောင်းကို ကျိုးပဲ့စေပြီးမှ ပိုင်ဆိုင်ခွင့်ရသည့် ငွေကြောင့်
နှလုံးသားကို ထုတ်ရောင်းလိုက်ရသလို နာကျင်နေသည်။

ငွေဆိုသည်မှာ လူတန်းစားမရွေး သည်းခြေကြိုက်သည့် အရာ
ဖြစ်သည်။ လူတိုင်းကြိုက်သည့်ထိုငွေကို များများစားစားရအောင် မရှာ
နိုင်ခဲ့၍ သူ့ဘဝမှာ ရင်နာစရာကိစ္စတွေ အများကြီးကြုံခဲ့ရသည်။ လူ
မသေ ငွေမရှားဆိုတာ သူ့အတွက်တော့ အလကားသာဖြစ်သည်။

ဘာသာရေး လိုက်စားသူပီပီ ဗုဒ္ဓတရားတော်နှင့်အညီ ရောင့်ရဲ
ခြင်းကို လက်ကိုင်ထားသည့် သူတို့သားအဖဘဝက ခုတော့ ငြိမ်းချမ်း
နေပြီဖြစ်သည်။ ဒီနှစ်ဆယ်သည် သားအတွက်ပင် ဖြစ်ရမည်ဟု ဦး
အောင်ကျော် ဆုံးဖြတ်ထား၏။ မိဘနေရာ ရောက်နေသူတိုင်းအတွက်
ပေးဝေနိုးရင်း ထိမ်းမြားခြင်းဆိုသည့် နောက်ဆုံးဝတ္တရားကို ကျေပြွန်
နိုင်သူ နည်းပါးလှသည်။

ဘဏ်စာအုပ်ထဲမှ နှစ်ဆယ်သည် သားနှင့်သူ့ချစ်သူတို့အတွက်
လိုရာသုံးကိရိယာ ဖြစ်စေရမည်ဟု ဆုံးဖြတ်ထား၏။ ထိုစာအုပ်ကို လွယ်
အိတ်ထဲထည့်ပြီး ဓမ္မာရုံထဲမှ ထွက်ခဲ့၏။

ဆိုက်ကားပေါ်မှာ. . လော် အင်ပလီဖိုင်ယာ အော်သံနှင့်
မိုက်တို့အားလုံး အဆင်သင့်ဖြစ်နေပြီ။ စိတ်ထဲမကြည်လင်လှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုက်မစမ်းတော့ဘဲ သီချင်းပဲ ဖွင့်ထားလိုက်၏။

"အများအကျိုးအတွက် ဆောင်ရွက်နေ×××ပရဟိတ လုပ်ငန်းတွေ×××ကိုယ်ကျိုးကို သူတကာယ်စွန့်လို့ ထမ်းရွက်ခဲ့ပုံတွေ×××ဘာသာသာသနာပွဲနဲ့ အလှူပွဲတွေ များစွာမကျန်ပေ အရှေ့ဆုံးကနေ ပရဟိတအကျိုးတော်ဆောင်ကြီးတွေ×××

နေရာတကာ ခွင့်လွှတ်ရင်းနဲ့ အနစ်နာခံခဲ့ရတာတွေ×××တရားဓမ္မတွေ ဟောကြားနေ အလှူခံမဏ္ဍပ်ကြီးရဲ့ ငွေဖလားရှေ့မှာ သာဓု သာဓု သာဓု ခေါ်သံတွေ×××ကောင်းမှုတွေ တောင်းဆုခွေ အထက်ဘဝင်သို့ ညံစီစေ×××ပရဟိတ အကျိုးတော်ဆောင်ကြီးတွေ

ကောင်းမြတ်တဲ့ စိတ်ထားတွေ×××တရားမျှတပုံလေးတွေ မော်ကွန်းတင် ဂုဏ်ယူလောက်တဲ့ သူ့ရဲ့အပြုအမူတွေ×××လူကြီးလူငယ်များနဲ့ ရဟန်းရှင်များပါ မကျန်ပေ×××လက်တွဲခဲ့တာရှည် ပရဟိတ အကျိုးတော်ဆောင်ကြီးတွေ×××"

သီချင်းတစ်ပုဒ်ဆုံးသွားတော့ အလှူခံထွက်မည့် ပုဂ္ဂိုလ်တွေလည်း လူစုံပြီဖြစ်၍ ဦးအောင်ကျော်တို့အဖွဲ့ စထွက်ခဲ့ကြသည်။ ပရဟိတ အကျိုးတော်ဆောင် သီချင်းကြောင့် ပြန်လည်အားတက်လာသော ဦးအောင်ကျော် မိုက်စမ်းလိုက်သည်။

"အဟမ်း. . အဖိတ်နေ့တိုင်း သာသနာ့အကျိုးဆောင်ရွက်မြဲ နှစ်ကိုးပ်ရှစ်ဆူ ဓမ္မာရုံကြီးမှ အကျိုးတော်ဆောင်များ အလှူခံထွက်လို့ လာပါပြီ ခင်ဗျာ၊ တမလွန်ရိက္ခာအဖြစ် ဒါနထုပ်လေး ထုပ်သွားလိုက်ကြပါဦးခင်ဗျာ"

စထွက်လာပြီး ဆိုက်ကား ဝါးတစ်ရိုက်ခန့်မရောက်ခင်မှာပင် အနေးယာဉ်လုပ်သားတစ်ယောက်က ငွေနှစ်ရာ လှူဒါန်းလာသည်။

"ဟုတ်ကဲ့. . ညီငယ် အနေးယာဉ်လုပ်သားကြီးကလည်း မနေ့တစ်ရာမှာ တအားနင်းလို့ဖွေရှာထားတဲ့ အသပြာထဲက ဝေဖြာစွာနဲ့ ငွေနှစ်ရာ လှူဒါန်းသွားပါတယ် ခင်ဗျာ. . .





အခုလို လှူဒါန်းရတဲ့ ဒါနကုသိုလ်ကြောင့် ကျွန်တော့်ညီငယ်လေးလည်း ဆပ်ပြာဝယ်တိုက်ရုံနဲ့ ကံစမ်းမဲပေါက်ပါစေ၊ ယမ်ယမ်ခေါက်ဆွဲ စားရုံနဲ့ ရွှေဆွဲကြိုးရပါစေ၊ ပါစင်ဂျာ များများရပြီး ဝမ်းဝခါးလှနိုင်ပါစေဗျာ"

အလှူရှင်များအား တုံ့ပြန်မေတ္တာနှင့် ဆုတောင်းစကား ပြန်ကြားပေးရင်း တဖြည်းဖြည်း လျှောက်ခဲ့ကြသည်။ ဘကြီးတစ်ယောက်အိမ်ထဲမှ ထွက်လာကာ လှမ်းတားပြီး ငါးရာကျပ် လှူဒါန်း၏။

"ဟုတ်ကဲ့. . သာဓု သာဓု သာဓုပါခင်ဗျာ၊ ဘဘကြီးကလည်း အနန္တော အနန္တငါးပါး ဦးထိပ်ထားလို့ များသဒ္ဓါမြတ်စွာနဲ့ ငါးရာကျပ်လှူဒါန်းပါတယ်၊ ယခုပြုရ ကုသိုလ်ကြောင့် ဘဘကြီးလည်း လောကအလယ်မှာ ဒေါသပယ်နိုင်ပါစေ၊ ဒါနနဲ့ပျော် သီလနဲ့တော်ပြီး ဘာဝနာနဲ့ပေါ်နိုင်ပါစေ ခင်ဗျာ၊ သံသရာမှာ ခန္ဓာအိမ်ကို ကြိမ်ကြိမ်ပြန်ဆောက်နေရတဲ့ တဏှာယောက်ျား လက်သမားဘဝမှ လွတ်ကင်းရာ နိဗ္ဗာန်မင်္ဂလ်ကို ရက်တိုတိုနဲ့ တက်လှမ်းနိုင်ပါစေခင်ဗျာ"

လှူဒါန်းသူတို့ အသက်အရွယ်အလိုက် ဆုတောင်းလေးတွေပြောင်းပြောင်းပေးတတ်သဖြင့်လည်း ဦးအောင်ကျော် မိုက်ကိုင်ခွင့် ရခြင်းဖြစ်၏။ အိမ်တွေထက်စာလျှင် ဆိုင်တွေကန္နားတွေက ပိုပြီးလှူများသည်။ ဈေးနားရောက်လျှင်တော့ ဈေးသည်စေ့နီးပါး လှူကြ၏။

တစ်ချို့ကလည်း အိမ်ကလူတစ်ယောက်ယောက် ဆုံးပါးသွားသည့်အတွက် ကုသိုလ်အဖြစ် အပတ်စဉ် လှူဒါန်းကြ၏။ အလှူခံအကျိုးတော်ဆောင်မို့ အလှူရှင်တွေအကြောင်း နေကြေအောင် သိနေပြီဖြစ်သည်။ ခင်ဝှ ကလေးငယ်တစ်ယောက် အလှူငွေထည့်၏။

"ဟော. . သားငယ်လေးကလည်း စေတနာဝေဖြာပြီး ငွေငါးဆယ် လှူဒါန်းပါတယ် ခင်ဗျာ၊ သားငယ်လေးလည်း ပညာတတ်ကြီး ဖြစ်ပြီး တမင်္ဂတဖိုလ် မရောက်ခင် တက္ကသိုလ်ရောက်ပြီး အမိအဖတို့

www.burmeseclassic.com



အလုပ်အကျွေးပြုမည့် သားကောင်းရတနာ ဖြစ်ပါစေဗျာ"

အသံချဲ့စက် အသုံးပြုသော အလှူခံများအားလုံး ကန်တော့ပါ သေးရဲ့ဟု ဆိုင်းဘုတ်ကပ်ထားသော လမ်းထိပ်အရောက် လမ်းထဲမဝင်ဘဲ လက်ဘက်ရည်ဆိုင်မှာ ခဏနားသည်။ နေကပြင်းလွန်း၍ နားဖို့လည်း လိုနေသည်လေ။

လက်ဖက်ရည်သောက်သူသောက်. . ရေနွေးသောက်သူသောက်နေကြစဉ် ဦးအောင်ကျော် ဆေးရုံသို့ ဖုန်းလှမ်းဆက်သည်။

"သား နေကောင်းလား"

"ကောင်းပါတယ်အဖေ၊ သီချင်းသံတွေကြားနေရတယ် အဖေ အလှူခံထွက်နေတာလား"

"ဟုတ်တယ်သား"

"ပစ္စည်းတွေရော ငှားရရဲ့လား အဖေ"

"အေး. . ငှါးရပါတယ် ဒါကြောင့် အဖေ မလာဖြစ်တာ၊ အားကို မအားဘူး"

"ရပါတယ်အဖေ၊ ရောဂါဖြစ်နေတာမှ မဟုတ်တာ မင်းရဲလည်း အနားမှာ အမြဲရှိပါတယ် "

"ဟိုကလေးမလေးကော လာသေးလား"

"လာပါတယ် အဖေ၊ တစ်ရက်ခြား နှစ်ရက်ခြားပေါ့"

"အေး. . အေး. . သူ့အမေကြီးလာရင်တော့ တွေ့ချင်သားကွာ ကျေးဇူးတင်စကား ပြောချင်လို့"

"သူလည်း အလုပ်များတယ် အဖေရ"

"အေးပေါ့. . ကဲ. . ကဲ. . နားဦး သားရေ၊ အဖေ ခရီးဆက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေ. . ဟုတ်ကဲ့"

အရိုးပြန်ဆက်လျှင် ဆေးရုံကဆင်းရမည့် သားအတွက် သူသိပ်စိတ်မပူတော့။ ဒေါ်နွယ်နီနိုင်ဆိုသည့် အမျိုးသမီးကြီးကိုသာ သူတွေ့ချင်





နေသည်။ သမီးဖြစ်သူ၏အမှားကို ငွေအားလူအားနှင့် လိုက်ပြီး အဖတ်ဆယ်ပေးနေသည့် စိတ်ကောင်းနှလုံးကောင်းနှင့် ပြည့်စုံသည့်အတွက် ကျေးဇူးစကား ပြောချင်နေခြင်းဖြစ်သည်။

အပူသက်သာ အညောင်းပြေသွားတော့ ခရီးဆက်ကြရပြန်သည်။ ဆိုင်းဘုတ်တပ်ပြီး အတီအလင်း ကန့်ကွက်ထားသည့် လမ်းထဲဘယ်သူမှ မဝင်ကြတော့။ ထိုတစ်အိမ်အတွက်နှင့် ကျန်သည့်အလှူရှင်များကို အားနာသော်လည်း မတတ်နိုင်တော့။ ထိုအိမ်ရှေ့ ဖြတ်လျှောက်ရုံလောက်အောင် မျက်နှာမပြောင်သဖြင့် ဘေးမဲ့ပေးခဲ့ကြတော့သည်လေ။

၅ ၅ ၅ ၅

**သိီး**ဘူးနှင့်နောက်ဖေးအိုးကိုင်ကာ ပြန်လာသော မင်းရဲ. . တုတင်နား ပြန်မရောက်ခင်မှာပင် ပြဿနာတက်ပြီဆိုတာ သိလိုက်၏။ မင်းရဲထွက်ပြေးဖို့ ကြိုးစားသော်လည်း ကျော်စွာလှမ်းမြင်သွား၍ လက်ယပ်ခေါ်နေပြီ။

"မင်းရဲ. . မင်းရဲ. . လာဦး ဟေ့ကောင်"

လုပ်ရဲလျှင် ခံရဲရမည်ဟု သဘောထားကာ သီးဘူးနှင့် နောက်ဖေးအိုးကို ဒိုင်းနှင့်ဓားပုံစံ လက်တစ်ဖက်တစ်ချက်စီတွင်ကိုင်ရင်း ရှင်တော့ကာ လျှောက်လာခဲ့၏။ သူ၏ ဒိုင်လျှိုပက်စီဘူးကိုပြရင်း ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



က မေးသည်။

"ဒါ. . ဘာတွေလဲ မင်းရဲ"

"အဟီး. . အဲဒါ ခွန်အားဖြိုးမောက် အေဘီစီစတောက် သရဲ ကြောက်ပျောက်ဆေး၊.ဒါရှိလို့ သရဲမကြောက်ဘဲ အိပ်ရဲတာ"

"ဆရာမကြီး. . ကြားတယ်နော်၊ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ၊ ဒီကောင် အဲလိုလုပ်နေတာ ကျွန်တော် လုံးဝ မသိပါဘူး"

"ဘာ. . ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမလဲ ဆရာမကြီး ပက်စီသောက်ချင်တယ်ဆိုလို့ ဘီရို ထဲမှာရှိတယ် ယူသောက်ပါဗျာလို့ ပြောခဲ့တာ"

"ဗျာ. . ဆရာမကြီး သောက်လိုက်တယ်"

မင်းရဲ အရှုးကွက်နင်းကာ ပေါကြောင်ကြောင် လုပ်နေသည် အဖြစ်က မနှစ်ကနှင့် မတူတော့၊ ဘီယာအပြင်းစားကို ပက်စီထင်ပြီး သောက်မိသည်က မစ္စတာကြီးဒေါ်သိမ်းရှင် ဖြစ်နေသည်။ ဘာတွေဖြ ခဲ့သလဲဆိုတာ မင်းရဲ တွေးမကြည့်ရဲတော့. . .

"ဆေးရုံကိုများ အရက်ဆိုင်မှတ်နေလားမသိဘူး၊ မင်းတို့ ဖော တော်လွန်တယ် ငါဆရာဝန်ကြီးကို တိုင်မှာ"

"မ. . မ. . မတိုင်ပါနဲ့ ဆရာမကြီးရယ်၊ သား တောင်းပန် တယ်ဗျာ၊ ဆရာမကြီးက ဘူးမှားပြီး ယူသောက်မိတာကိုး"

"ငါကသိမလားဟဲ့"

မင်းရဲ ဆရာမကြီးကို လက်အုပ်ချီကာ တောင်းပန်လိုက်သော လက်ထဲမှာက ဆီးဘူးတစ်ဖက် နောက်ဖေးအိုးတစ်ဖက်နှင့်မို့ နောက် လို ဖြစ်သွားပြန်သည်။

"ဟော့ကောင် မင်းလက်ထဲကဟာတွေ ချထားလေ"

ကျော်စွာ လှမ်းဟောက်လိုက်မှ မင်းရဲ သတိပြုမိပြီး ဆီးအိုး နောက်ဖေးအိုးကို ကုတင်အောက် ပြန်သွင်းရ၏။ ကုန်းကုန်းကွကွ





နေသည့် တစ်ဆက်တည်းမှာပင် ဖိနပ်ချွတ်ပြီး ဖင်ဘူးတောင်းထောင် အောင် ကန်တော့ရှာသည်။

"ခွင့်လွှတ်ပါ ဆရာမကြီးရယ်. . သားသောက်ချင်လွန်းလို့ သောက်တာမဟုတ်ပါဘူး သရဲကြောက်လွန်းလို့ပါခင်ဗျာ၊ ခွင့်လွှတ်ပေး ပါ နောက်မလုပ်တော့ပါဘူး ခင်ဗျ"

အပြောအဆိုလေးနှင့် မနားတမ်းကန်တော့ကာ တောင်းပန် နေရှာသည့် မင်းရဲကြောင့် ဆရာမကြီးမျက်နှာ ပြုံးယောင်သမ်းလာ သည်။

"ဟုတ်ပါတယ် ခင်ဗျာ. . သူ သရဲကြောက်တဲ့ သတင်းလည်း ဆရာမကြီးတို့ကြားမှာပါ၊ ပြီးတော့ ဒီကိစ္စ ကျွန်တော်မသိလို့ပါ သိရင် အဖြစ်မခံပါဘူး ခင်ဗျာ"

"ဟင်း. . . ဒီတစ်ကြိမ်နောက်ဆုံးပဲနော်"

"ဟုတ်. . ဟုတ်. . ဟုတ်ကဲ့ပါ ခင်ဗျ"

ကြည်စေ အေးစေ မီးစိမ်းပြလာပြီမို့ မင်းရဲက ဘီရိုဖွင့်ကာ အလှူပယ်ဖြစ်နေသည့် မုန့်မျိုးစုံထဲမှ အကောင်းစားသံဘူး ဘီစကွတ်မုန့် တစ်ဘူး၊ ဩစတေးလျ ပန်းသီးနှစ်လုံးကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သကာ လက်အုပ်ချီ တောင်းပန်ပြန်သည်။ ဆရာမကြီးပါးစပ် နား ရွက်တက်ချိတ်သွားတော့၏။

ဖြစ်စဉ်က ဆရာမကြီး ဆေးလာထိုးပေးစဉ် ကျော်စွာက လော ကွတ်ချော်ပြီး ပက်စီဘူးတွေရှိကြောင်း ဖါးမိရာမှ ဘီယာထည့်ထား သည့် ပက်စီဘူးကို ဖွင့်သောက်မိခြင်းဖြစ်သည်။ ပြင်းပြစူးရှလှသော ဘီယာကို မှို့ချရင်း သီးသွားကာ ဖွီးခနဲ ဖွီးခနဲ ပြန်အန်ထွက်သွားခဲ့ခြင်း ဖြစ်သည်။

ဆရာမကြီး လက်ဆောင်ထုပ်ကိုဆွဲကာ အိပက်အိပက်နှင့် ထွက်သွားတော့မှပဲ နှစ်ယောက်လုံး သက်ပြင်းချနိုင်တော့၏။

"မင်းကွာ ငါ့ကိုပြောထားပါလား ကံကောင်းလို့ တိုင်မပုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုဖြစ်မယ်မှ မထင်ဘဲကွာ"

မင်းရဲ၏ ရင်မသည်းဖိုဖြစ်ရပ်ကြောင့် ကုတင်နီးနားချင်းများ ဝိုင်းလာကြသည်။ အားလုံးရဲ့ မျက်နှာတွေက စပ်ဖြဲဖြဲ. . .

"မောင်ရစ်. . မင်း ရစ်ပြန်ပြီလားကွ. . ဟေ"

"ဟဲ. . ဟဲ. . တစ်ခါလေး မှားတာပါခင်ဗျာ"

"အေး. . မင်းရဲ့ တစ်ခါက လူပျက်တွေပြောသလို တစ်ခါပဲ မှားတာပါ ခိုးသားငါးရာနဲ့ ဆိုသလို ဖြစ်နေပြီဟ"

ရယ်သံတွေ ပွက်လောညံသွား၏။

"ဒီကောင် အိုင်ဒီယာတော့ ကောင်းတယ်ကွ၊ အရောင်အသွေး တူတာကို ရွေးတတ်တယ် ရှီးရှီးဘီယာဆို ပက်စီနဲ့တူမှာ မဟုတ်ဘူး"

"ပက်စီနဲ့ အေဘီစီ ဝမ်းဆက်ပေါ့. . အဟားဟားဟား"

"ဟုတ်တယ်. . ရေနွေးအိုးထဲ အရက်ထည့်သောက်တဲ့ကောင်ထက် မြင့်သွားပြီ"

"ဒါဆို. . နာမည် တစ်ခုထပ်ပေးပြီး ဂုဏ်ပြုရမှာပေါ့"

မင်းရဲ ဒစ်စကာတာရီ လုပ်လာသည့် ပြဿနာကို အကြောင်းပြုပြီး သူတို့အုပ်စု ဆူညံပွက်လောရိုက်နေကြသည်။ ဦးအောင်မောင်း ဆိုသည့် ဦးလေးကြီးက. . .

"ဒါများကွာခက်လွန်းလို့ ပိုလ်ဆန်ဆန် နာမည်လှလှလေး ဝ ပေးမယ် အားလုံးမှတ်ထားကြ ဒီကောင့်နာမည် ပက်စီမောင်ရစ်လို့"

"ကောင်းတယ်ဗျာ. . ကောင်းတယ်. . ဟဲလို ပက်စီမောင်ရစ် ဟောင်းဒူးယူဒူး. . ဟား. . ဟား. . ဟား. . ဟား. . "

၄ ၄ ၄ ၄





ဒေါ်နွယ်နီ အိပ်ခန်းထဲမှာ ဒိုင်ယာရီရေးနေ၏။ ရေးလိုက် တွေးလိုက်နှင့် ဒေါ်နွယ်နီ အတွေးတွေပွားကာ စဉ်းစားခန်း ဝင်နေလေသည်။ ထိုစဉ် ရွှန်းလဲ့ နွားနို့ဖန်ခွက်ကလေးကိုင်ကာ အခန်းထဲ ဝင်လာသည်။ အသံကြား၍ ဒေါ်နွယ်နီ ဆတ်ခနဲတုန်သွားပြီး ဒိုင်ယာရီကို ခေါင်းအောက်သို့ ထိုးသွင်းလိုက်၏။

"အန်တီမေ နွားနို့သောက်လိုက်ပါဦး၊ ဆေးရော တစ်ခါတည်း သောက်မလား အန်တီမေ"

"အေးကွယ် တစ်ခါတည်းသောက်ပြီး အိပ်လိုက်တော့မယ်"

ရွှန်းလဲ့က ဘီရိုအံဆွဲထဲမှ ဆေးပုလင်းရှာ၍ ဆေးတစ်လုံးပါ ထုတ်ပေးလိုက်သည်။ သွေးတက်လေ့ရှိသည့် ဒေါ်နွယ်နီ ဆေးယူ သောက်ပြီး နွားနို့နှင့်မျှောချ၏။ ဆေးသောက်နေစဉ်မှာပင် ဖုန်းခေါ် ကြားရသည်။ ရွှန်းလဲ့ဖုန်းမို့ ရွှန်းလဲ့ဘာသာပြောနေ၏။

"ဟလို. . ပြောပါ"

ခပ်လှမ်းလှမ်း သွားပြောနေသည့်ရွှန်းလဲ့အား ဒေါ်နွယ်နီ ငေး ကြည့်သည်။ တစ်ဖက်က ဘာတွေပြောနေသလဲတော့မသိ။ ရွှန်းလဲ့ အမူ အရာက တုန်လှုပ်ချောက်ချား စိတ်လှုပ်ရှားနေတာတော့ သိသာသည်။ ဘယ်သူဆက်တာလဲ ဘာကိစ္စများလဲ ဇကန္တ မောင်ကျော်စွာ အခြေအနေ တစ်ခု ထပ်ကြုံရလို့လား စသည်ဖြင့် ဒေါ်နွယ်နီ လျှောက်တွေးနေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့ ဘာမှပြန်မပြောဘဲ တစ်ဖက်မှပြောတာကိုသာ နား ထောင်ပြီး ဒေါသတကြီးနှင့် ဖုန်းကိုပိတ်ပစ်လိုက်၏။ ဒေါ်နွယ်နီလည်း ရင်တုန်သွားကာ ထိုင်ရာမှထပြီး ရွှန်းလဲ့နားသို့ လျှောက်လာခဲ့သည်။

"ဘာ. . ဘာဖြစ်လို့လဲသမီး ရင်တုန်လိုက်တာ"

"ဟိုအကောင်ပေါ့ အန်တီမေရဲ့ ဒေါသဖြစ်လိုက်တာ တကယ် ပါပဲ"

"ဘယ်သူ. . ဘယ်သူလဲ သမီးရဲ့"

"နေသွေးမောင်လေ၊ ဟိုမှာ သူ မိန်းမယူလိုက်ပြီတဲ့"

"ဟင်. . မိုက်ရိုင်းလိုက်တာဟယ်၊ သမီးတို့ကိစ္စ ဘယ်လိုလုပ် မှာတဲ့လဲ"

"သူ လိုက်လာခဲ့ဖို့ ခေါ်သားပဲတဲ့၊ ဒါကြောင့် သူ့ဘက်က တာဝန် ကျေပြီတဲ့ အခု မိန်းမယူလိုက်တာလဲ သူ့အိမ်က သဘောမတူဘူးတဲ့"

"တောက်! လူမိုက်သားမို့ ရမ်းကားတာပဲ ဖြစ်မယ်၊ ဒီလို လက် လွှတ်စပယ် လုပ်လို့ရမလား၊ သူ့အဖေ အမေတွေဆီ ဖုန်းခေါ်ပေးစမ်း"

ရွှန်းလဲ့ သူ့ဖုန်းထဲက နံပါတ်တွေရှာကာ နေသွေးမောင် မိဘ များထံခေါ်ပေးသည်။

"ဟာလို ကိုလွှန်းမောင်လား အင်း ပြောစမ်းပါဦး ဘယ်လို ဖြစ်ကြတာလဲ "

"အဲ. . မနွယ်နီရေ ကျွန်တော်တို့မှာလဲ ပြောစရာစကားမရှိ တော့ပါဘူး၊ သူ့သဘောနဲ့သူ လုပ်သွားတာပါ အနီးအနားမှာရှိရင်လည်း ဆွဲထိုးပြီး အရှေလုပ်ပစ်လိုက်ချင်တာ"

"အဲဒါက ရှင်တို့ကိစ္စ၊ အခု ကျွန်မသမီးရဲ့ ဂုဏ်သိက္ခာအတွက် ဘာလုပ်ပေးမှာလဲဆိုတာပဲ သိချင်တာ"

"သတင်းစာထဲ ထည့်ပေးပါမယ်ဗျာ၊ သမီးဘက်က လက်မခံ နိုင်တဲ့ကိစ္စမျိုး ကျွန်တော့်သားကျူးလွန်လို့ စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်းပါတယ်ဆိုတဲ့ သဘောမျိုး ကျွန်တော့်သားကို သိက္ခာချပြီး ကြော်ငြာထည့်ပေးပါ့မယ်"

"ကောင်းပြီ. . အဲဒီကြော်ငြာ စာစီပြီးရင် ကျွန်မကို လာပြဦး"

"ဟုတ်ကဲ့ပါ ဒေါ်နွယ်နီ. . ကျွန်တော် စီစဉ်ပေးပါ့မယ်၊ အနူး အညွတ်လည်း တောင်းပန်ပါတယ်ဗျာ"

ဒေါ်နွယ်နီ ဘာမှပြန်မပြောတော့ဘဲ ဖုန်းအဆက်အသွယ် ဖြတ်လိုက်၏။ ရွှန်းလဲ့ကို အားပေးသလို ပခုံးလေးကို ပွတ်သပ်ပေးရင်း

"သူတို့က စေ့စပ်ပွဲ ဖျက်သိမ်းခြင်းကြော်ငြာထည့်ပြီး တောင်း ပန်ပါ့မယ်တဲ့၊ စိတ်မညစ်ပါနဲ့သမီးရယ် ပိုကောင်းဖို့ ဖြစ်လာတယ်လို့ပဲ တွေးလိုက်ပါ"

"သမီးက ဝမ်းတောင်သာသေးတယ်၊ ဂုဏ်သိက္ခာအရဆုံးရှုံးလို့ ဒေါသဖြစ်နေတာ"

"စိတ်လျှော့လိုက်ပါ သမီးရယ်"

တာဝန်အရ ချော့နေရသော်လည်း လင်ပါတူမ၏ မင်္ဂလာကိစ္စ ပျက်သွားခြင်းအတွက် ဒေါ်နွယ်နီ ဝမ်းသာနေသည်။ သူ၏ အနာဂတ် ပလင်(န်)တွေ ပိုမိုချော့မွေ့သွားခြင်းအတွက် ထိုသတင်းကို ကံကောင်း ခြင်းလက်ဆောင်ဟုသာ မှတ်ယူထားလိုက်တော့သည်။

ဌ ဌ ဌ ဌ

(၂)ရပ်ကွက်ဈေးကြီးက ကြက်ပျံမကျ စည်ကားလို့နေ၏။ အို ညနေစောင်း ရုံးဆင်းကျောင်းဆင်း အလုပ်ပြန်ချိန်ဖြစ်၍ ဝန်ထမ်း အိမ် ရှင်မများ ဈေးဝယ်ချိန်ဖြစ်၍လည်း ပိုပြီးလူစည်နေခြင်း ဖြစ်သည်။

www.burmeseclassic.com



ထိုဈေးထဲသို့ သျှင်နော်ဝင်လာပြီး. . အကြိုအကြားမကျန် လျှောက်ပတ်နေ၏။ စာအုပ်တစ်အုပ် ဘောပင်(န်)တစ်ချောင်း လက်ဆွဲအိတ်တစ်အိတ်နှင့် သူဆီမှငွေယူထားသည့် ဈေးသည်များထံမှ ရစရာအကြွေးတွေ အတိုးတွေ လိုက်တောင်းနေခြင်းဖြစ်သည်။

"မဝက်ကလေး နှစ်ထောင့်သုံးရာ သွင်းရမှာ"

"ဟယ်. . ညီမလေး အစ်မဖြင့် ဈေးဦးတောင်မပေါက်သေးဘူးကွယ် တစ်ပါတ်လှည့်ပြီး အပြန်မှ ဝင်ခဲ့ပါလား ရသလောက် သွင်းလိုက်မှာပါနော်. . နော်လို့"

မပေးနိုင်သေးသူက လေပြေထိုးသည်။ မပေးဘူးပြောတာလည်း မဟုတ်သဖြင့် ရန်တွေ့လို့မရသဖြင့်. . .

"ဒါပဲနော်. . ပြန်လာကာမှ ဟိုရှေ့ဒီရှေ့တော့ မလုပ်နဲ့. ."

"မလုပ်ပါဘူး ညီမလေးရယ်၊ လာခဲ့ပါ"

ငါးစိမ်းသည် မဝက်ကလေးဆိုင်မှထွက်ပြီး နှစ်ဆိုင်ကျော်မှ ဝက်သားဆိုင်ရှေ့ ရပ်လိုက်သည်။ ဝက်သားသည် မမြင့်က တစ်ချက်မော့ကြည့်ပြီး လက်ထဲမှဓားမကြီးနှင့် ဝက်သားတွဲကို ခုတ်ထည့်လိုက်၏။

"တော်ပြီလား နှစ်ဆယ်သား"

"တော်ပြီ. . တော်ပြီ. . အလေးပြည့်ပြည့် ချိန်ပေးနော်"

"ရေမထိုးဘူး အလေးမခိုးဘူး အချိန်တွေသိပ်ပိုနေရင် သမာဓိချိန်ခွင်မှာ ဝင်ချိန်ကြည့်လိုက်"

အပေါက်ဆိုးဆိုးမျက်နှာနှင့် ဈေးဝယ်ကို မာရေကျောရေ ပြောနေသော မမြင့်ကိုတော့ သူနည်းနည်းလန့်သည်။ ချိန်တွယ်ပြီး အရောင်းအဝယ် လုပ်နေတာကို သည်းခံပြီးစောင့်သည်။ ပိုငွေပါ ပြန်အမ်းလိုက်၍ ဈေးဝယ်ထွက်သွားတော့မှ စကားစရ၏။

"အစ်မမြင့် ပေးလိုက်ဦးမလား"

"ငါးထောင် မဟုတ်လား၊ နောက်တစ်ရက်စာပါ ကြိုပေးလိုက်မယ်၊ ရော့ တစ်သောင်း ညည်းလမ်းလျှောက်ရတာ သက်သာအောင်"





"ဟင်းဟင်း. . ကျေးဇူးပဲ အစ်မ၊ အစ်မတို့လို မှန်မှန်ကန်ကန် လူတွေနဲ့ပဲ ဆက်ဆံချင်တယ် သိလား. . သွားမယ်နော်"

ဝက်သားဆိုင်ရှေ့မှထွက်ပြီး ကုန်ခြောက်တန်းဘက် လျှောက်လာခဲ့၏။ ထိုအခိုက်မှာ တစ်နေရာမှ တစ်ယောက်ယောက် စောင့်ကြည့်နေသလိုမျိုး မလုံမလဲ ခံစားလိုက်ရသည်။ ထို့အတွက် ပတ်ဝန်းကျင်ကို မသိမသာ စောင်းငဲ့အကဲခတ် ကြည့်မိ၏။

"ဟင်"

တွေ့ပါပြီ ကုန်ခြောက်ဆိုင်ရှေ့မှာရပ်ပြီး သူ့ကို စူးစူးရဲရဲ ကြည့်နေသည့် လူငယ်တစ်ယောက်၊ ရုပ်ကအဖြောင့်ကြီး မဟုတ်သော်လည်း စတိုင်ကလန်းသည်။ အပြာနုရောင် ကိုယ်ကြပ်အကျီ လက်ရှည်နှင့် ပြာလွင်လွင် ဂျင်းပင်(န်) တွဲဖက်ဝတ်ဆင်ထားသလို. . ဆံပင်ကို စံနစ်တကျပုံသွင်း၍ ထောင်ထားပြီး ရွှေဝါရောင် Hight Light ဖေါက်ထားသေးသည်။

စူးရှရဲတင်းလွန်းသောအကြည့်ကြောင့် သျှင်နော် ရင်ဖိုသွားကာ မျက်နှာလွှဲလိုက်ရသည်။ ငွေယူထားသော ကုန်ခြောက်ဆိုင်ရှေ့ ရပ်ပြီး အတိုးတောင်း၏။ ပိုက်ဆံစောင့်ရင်း မသိမသာလှည့်ကြည့်တော့ မလှမ်းမကမ်း သူ့နောက်နားမှာ တွေ့လိုက်ရ၍ ဒိန်းခနဲ ရင်ခုန်သွားသည်။

ကုန်ခြောက်ဆိုင်ရှင်ထံမှ အတိုးရတော့ လှည့်မကြည့်စတမ်း သွက်သွက်လျှောက်ပြီး အပြင်ဘက် လမ်းဘေးဈေးတန်းသို့ ထွက်ခဲ့သည်။ အပြင်ဘက်တန်းက ငွေရင်းယူတာ နည်းသော်လည်း လူဦးရေများသည်။

ဈေးပန်းတစ်ဖန်း တစ်ထောင်၊ ထောင့်ငါးရာ၊ နှစ်ထောင်. . စသည်ဖြင့် နေ့သွင်းတွေကောက်ရသည်။ အရင်းကျေသူကို. . တစ်သောင်း၊ တစ်သောင်းခွဲစသည်ဖြင့် စာရင်းအသစ် ငွေထပ်ထုတ်ပေးရ၏။ လမ်းဘေးဈေးသည် အယောက်သုံးဆယ်လုံးထံမှ ပိုက်ဆံတောင်း၍ ရသဖြင့် သျှင်နော်ပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းဇယားတွေ မယွင်းမှားအောင် ရေးသွင်းနေရသဖြင့် စောစောက လူငယ်ကို မေ့သွားသည်။ လမ်းလျှောက်ရတာ များသွားသည်မို့ ဗိုက်ဆာလာသည့်အတွက် နာမည်ကြီး မုန့်ဟင်းခါးဆိုင် ဝင်ထိုင်လိုက်သည်။ အိုးဘဲဥ ငါးဖယ်နှင့်တစ်ပွဲမှာပြီး စောင့်နေတော့မှ ဟင်းရည်အိုးဘေးနားက ခုံမှာထိုင်ပြီး မုန့်ဟင်းခါးမှာနေသည့် အပြာရောင်ကောင်လေးကို တွေ့လိုက်ရတော့၏။

"ဟဲ့. . ညီမ အိုးဘဲဥ ငါးဖယ်နဲ့၊ ရော့ ဘာတွေငေးနေလဲ မသိဘူး"

အငေးကောင်းမိ၍ မုန့်ဟင်းခါးပန်းကန် လှမ်းပေးတာ မမြင်မိသည့် သျှင်နော် အတော်ရှက်သွားသည်။ ဒါကို သတိပြုမိသည့် အပြာရောင်ကောင်လေး ပြုံးစိစိဖြစ်နေ၍လည်း ပိုပြီး အရှက်သည်းမိရခြင်းဖြစ်သည်။

သျှင်နော် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ မုန့်ဟင်းခါးကိုသာ ငုံ့စားနေလိုက်သည်။ သတိလက်လွတ် ဖြစ်သွားရသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေ၏။ စားပြီးသည်နှင့် ဟင်းရည်တောင် တောင်းမသောက်တော့ဘဲ ပိုက်ဆံရှင်းကာ ထွက်လာခဲ့သည်။ အလုပ်လည်း ပြီးပြီမို့ အိမ်သို့တန်းပြန်ခဲ့၏။

နောက်ကိုလှည့်မကြည့်ဖြစ်အောင် စိတ်ထိန်း၍ ခပ်သွက်သွက် လှမ်းလာခဲ့သည်။ သူ ပါလာလိမ့်မည်ဆိုတာ သျှင်နော် အကြွင်းမဲ့ ယုံကြည်ထားသဖြင့်. . . လမ်းလျှောက်တာကို ပိုမိုလှပအောင် ကြိုးစားလျှောက်လှမ်းနေမိ၏။

အိမ်ရှိရာ လမ်းသွယ်ထဲအကွေ့မှာ ဖြတ်ခနဲတစ်ချက် လှည့်ကြည့်လိုက်သည်။ အပြာရောင်ကောင်လေးကို မြင်တွေ့ရသလို သူ့မျက်လုံးတွေ သူမ ခန္ဓာကိုယ်အလှမှာ ကပ်ပါလာတာကိုတွေ့၍ ကျေနပ်ပီတိ ဖြစ်သွားရသည်။ အိမ်ထဲ ခပ်သွက်သွက် ပြေးဝင်ခဲ့ပြီး ပုဏ္ဏားကွယ်မှ အပြင်သို့ ပြန်ချောင်းကြည့်လိုက်၏။





အပြာရောင်ကောင်လေး အိမ်ဘက် ခေါင်းတစ်ချိမ်းစောင်းအောင် လှည့်ကြည့်ရင်း ဖြတ်လျှောက်သွားတာ တွေ့ရသဖြင့် အနိုင်ရသူတစ်ယောက်လို ပြုံးလိုက်၏။ ကောင်လေးတွေ ကိုယ့်အလှပေါ်မှာ တွယ်ငြိကြတာကို သိရတာလောက် အရသာရှိသည့် ခံစားမှုမျိုး မိန်းမသားဘဝမှာ မရှိတော့ဟုပင် သျှင်နော်ယုံကြည်သည်။ ကျော်စွာနှင့် အပြာရောင်ကောင်လေးကို အတွေးထဲမှာ ယှဉ်ကြည့်မိ၏။

ကျော်စွာက ပိုပြီးရုပ်ဖြောင့်သော်လည်း အနေရိုးပြီး ပုံတုံးသည်။ အပြာရောင်ကောင်လေးကတော့ လန်းသလားမမေးနှင့်ဆိုသည့် အစားထဲကဖြစ်၏။

"ဟဲ့ကောင်မ. . ဘာဖြစ်နေတာလဲ"

"အမလေး. . ပလုတ်တုတ်၊ ဟင်!. . အမေ"

"ညည်းဝင်လာကတည်းက ကြည့်နေတာ၊ မဟုတ်မှလွဲရော. . အကောင်တစ်ကောင် လိုက်လာတာမဟုတ်လား ပြောစမ်း ဘယ့်နှယ်အေ တစ်ကိုယ်လုံး ပစ်စလတ်ခတ်ခါပြီး လျှောက်လာမှတော့ အကောင်တွေ လိုက်ပြီပေါ့"

"အမေကလဲ"

"ကြပ်ကြပ် သတိထားနော်၊ လင်မရဘဲ ဗိုက်ကြီးလာလို့ကတော့ နုတ်နုတ်စင်းပစ်မှာ၊ ပိုက်ဆံတွေ တောင်းလို့ရခဲ့လား"

"ရတယ်. . ရတယ်. . ဒီနေ့ တစ်ယောက်မှ မကျန်ဘူး"

"ရရင်. . ပြီးရော၊ အိမ်ထဲဝင် လင်မျှော်မနေနဲ့ ကောင်မ"

သားသမီး ဆုံးမတာတောင် ဒီလိုနှုတ်ကြမ်းလို့လည်း ငွေတိုးချေးပြီး စီးပွားဖြစ်လာတာပဲ ဖြစ်မည်ဟုတွေးရင်း နှုတ်ခမ်းကို တစ်တောင်လောက်စူကာ အိမ်ခန်းထဲ ဆောင့်အောင့်၍ သျှင်နော် ဝင်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



**ကား**ပျက်တော့ ဝပ်ရှော့ပို့. . .

တီဗွီပျက်တော့ ဆားဗစ်စင်တာပို့. . .

နာရီပျက်တော့ နာရီပြင်ဆိုင်ပို့. . .

အဲ. . လူပျက်တော့ ဆေးရုံပို့ပေါ့. . .

ဆေးရုံဆိုတာ တကယ်တော့ အသက်ပြင် ဆားဗစ်စင်တာသာ ဖြစ်သည်။ မော်တာတွေ၊ မှန်ဘီလူးတွေ၊ မီးလုံးတွေ ပျက်လျှင် အလုံးလိုက်ထုတ်လဲကြသလို ကျောက်ကပ်၊ အဆုတ်၊ နှလုံးစသည်ဖြင့် တစ်ခုခု မကောင်းလျှင်လည်း အားလုံးဖြစ်စေ တစ်ဝက်တပျက်ဖြစ်စေ ဖြုတ်လဲကြသည့် ခေတ်ကြီးထဲ ရောက်လာပြီ. . .။

ကိုယ်တွင်းအင်္ဂါတွေလဲဖို့ ဝယ်မည်ဆိုလျှင် CHINA က မစွံ။ INDIA က မိုက်သည်။ လူ့အင်္ဂါအစိတ်အပိုင်းတွေကို ထုတ်လုပ်ရောင်းချနေခြင်းတော့ မဟုတ်။ လူအစစ်၏ ခန္ဓာကိုယ်ထဲမှ အင်္ဂါတွေကို ခွဲစိတ်ဖြုတ်တောက် ထုတ်ယူရောင်းချနေကြခြင်း ဖြစ်သည်။

ထိုကလီစာဈေးကွက်က INDIA မှာ ကြီးမားကျယ်ပြန့်နေသည်။ INDIA မှ ကျောက်ကပ်တွေ ဝယ်လိုအား ကောင်းနေသဖြင့်၊ ဘုံဘေ(မွမ်ဘိုင်း)မြို့မှဆင်းရဲသား ငါးဆယ်ရာနှုန်းလောက်မှာ ကျောက်ကပ်တစ်ခုစီ ထုတ်ရောင်းပြီးထားသော လူများသာ ဖြစ်ကြသည်တဲ့။

ကျော်စွာလည်း ခြေထောက်တစ်ဖက် တော်တော်ပျက်စီးသွားသည့်အတွက် ဆေးရုံတက်ကာ ပြင်ဆင်နေခြင်းဖြစ်သည်။ ဖြုတ်လဲစရာမလိုသဖြင့် တော့ဆက်ဆက်ကာ အချောကိုင် ပြန်သခြင်းကို ခံယူခဲ့





ရသည်။

ဒီနေ့တော့ ပြန်ရှိုင်းထားသည့် ကျော်စွာ့ခြေထောက်မှ ကျောက်ပတ်တီးကို ဖြည်မည့်နေ့ဖြစ်သည်။ စောစောစီးစီးပင် ဦးအောင်ကျော်နှင့် ရွှန်းလဲ့ပါ ရောက်နေကြသည်။ ကာယကံရှင် ကျော်စွာထက် ဦးအောင်ကျော်နှင့်ရွှန်းလဲ့က ပိုပြီးရင်ခုန်နေ၏။

အနာဂတ်ခရီး လျှောက်စရာတွေ အများကြီးကျန်နေသေးသည့် တစ်ဦးတည်းသောသားလေး အင်္ဂါစုံစုံလင်လင် အားလုံးအကောင်းပကတိ အနေအထားဖြင့် ရှေ့ခရီးကို ဆက်စေလိုတာ ဦးအောင်ကျော်၏ ဆန္ဒပင်ဖြစ်သည်။

ရွှန်းလဲ့ကျတော့လည်း ကျော်စွာ့ခြေထောက်သာ ပုံမှန်အတိုင်း ပြန်ဖြစ်မလာပါက တစ်သက်လုံး ဝမ်းနည်းနေရမှာကို စိုးရိမ်နေ၍ ဖြစ်သည်။ ကျော်စွာကတော့ အရိုးပြင်ဆရာ. . အဲလေ. . အရိုးအကြောအထူးကုဆရာဝန်ကြီးများ၏ ပညာစွမ်းကို ယုံကြည်စွာနှင့်ပင် ကမ္ဘာ့ဖလားမှာ ဝင်ကန်ပြမည်ဟု ကြံမ်းဝါးနေခဲ့သည်။

ဒီလိုနှင့် ကျောက်ပတ်တီးဖြည်ရမည့် မင်္ဂလာအချိန် ကျရောက်လာခဲ့သည်။ အသင့်ရှိနေသည့် ဝှီး(လ်)ချဲပေါ်သို့ ကျော်စွာအား ဦးအောင်ကျော်နှင့် မင်းရဲတို့ ဖေးမကာ နေရာချပေးကြ၏။ ပတ်တီးဖြည်ရာသို့ ရွှန်းလဲ့နှင့်ဦးအောင်ကျော်တို့ လိုက်သွားကြမည်ဖြစ်ပြီး မင်းရဲက ပစ္စည်းသိမ်း ကျန်ခဲ့မည်ဖြစ်သည်။ ဝှီး(လ်)ချဲတွန်းပြီး ရွှန်းလဲ့တို့ ထွက်သွားကြသည်နှင့် ကျော်စွာက ဘီရိုရှင်းကာ ဝေသန္တရာ လုပ်တော့သည်။ မုန့်မျိုးစုံ အသီးအနှံနှင့် အအေးဘူးများကို ဝေခြမ်းရေးလုပ်၏။

“ပက်စီမောင်ရစ်. . ဒီပက်စီက အစစ်ပါနော်”

“ဟာ. . ဦးလေး စိတ်ချသောက် ဒီဌ ပျောက်သွားစေရမယ် အသက်. . အသက်. . ဟဲဟဲဟဲ. . ”

“မောင်ရစ်ရေ ဆေးရုံက သရဲတွေတော့ မင်းကို လူမီးကျန်ရစ်တော့မှာပဲကွာ၊ အားလုံး. . အဆင်ပြေသွားအောင် သရုတစ်တောင်



www.burmeseclassic.com

www.burmeseclassic.com



လောက် ခေါ်သွားပါလား"

"မနောက်ပါနဲ့ ဦးလေးရယ်၊ ကျွန်တော် အီးထွက်ကျရင် . . ဦးလေး လာကျုံးပေးမှာလား"

နောက်ပြောင်ကျီစယ်ရင်း နှုတ်ဆက်စကားတွေ ပြောနေကြသည်။ နှစ်လနီးပါး အတူနေခဲ့ကြတာဆိုတော့လည်း . . ရင်းနှီးခင်မင် သံယောဇဉ်တွေဖြစ်နေကြပြီ။ လိပ်စာတွေပေး ဖုန်းနံပါတ်တွေပေးနှင့် နှုတ်ဆက်လို့မဝ ဖြစ်နေကြ၏။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ဆိုစကားရှိသည် မဟုတ်လား။

"ဒါနဲ့ . . ဟိုသူငယ်ရဲ့ရည်းစား ကောင်မလေး မလာဘူးလား"

"မသိပါဘူး ဦးရယ် သူနဲ့ဟိုကားပိုင်ရှင်ဆုံရင် တစ်ယောက်နဲ့ တစ်ယောက် ခတ်နေကြတာနဲ့ပဲ ကြားထဲက နေရထိုင်ရခက်တယ်ဗျ"

"အေး . . ငါအတတ် ဟောလိုက်မယ်၊ မင်းသူငယ်ချင်းနဲ့ အဲ့ကောင်မလေး အဆင်ပြေမှာ မဟုတ်ဘူး၊ ခွာပြကြမှာ သေချာတယ်"

"ဟုတ်တယ် ကျွန်တော်လည်း အဲလိုပဲ ထင်တယ်"

နှစ်လအတွင်း ရွှန်းလဲ့နှင့်သျှင်နော်တို့ ထိပ်တိုက်ဆုံတွေ့မှုတွေကို ဒီအခန်းထဲကလူတွေ မမြင်ချင်မှအဆုံး ဖြစ်ခဲ့သည်မဟုတ်လား။ ပြီးတော့လည်း ကစားသမားတွေထက် ပရိတ်သတ်က ပိုပြီး အကွက်မြင်သည်ဆိုသည့် စကားလည်း ရှိနေသည်လေ။

ထိုအခိုက် ဗိုး(လ်)ချဲလေးနှင့် ကျော်စွာ ပြုံးရွှင်စွာ ပြန်ရောက်လာသည်။ အားလုံးမျက်နှာတွေ ရွှင်နေမော်နေသဖြင့် အခြေအနေကောင်းလာပြီဟုသာ မှတ်ယူလိုက်ကြသည်။

"ဘယ်လိုလဲ ကျော်စွာ၊ ကမ္ဘာ့ဖလားမှာ ဝင်ကန်နိုင်ပါ့မလား"

မင်းရဲ၏အမေးကို ကျော်စွာက လက်မထောင်ပြကာ . . ခြေလိုက်သည်။ သူ့စွမ်းဆောင်ရည်ကို လက်တွေ့ပြရန် ဗိုးချဲလက်တန်းကို အားပြုကာ ထရပ်လိုက်၏။ ဦးအောင်ကျော်နှင့်ရွှန်းလဲ့တို့က လက်မောင်းတစ်ဖက်စီကို ဖမ်းထိန်းထားလိုက်ကြသည်။





ထိုပုံစံအတိုင်း . . ကျော်စွာက ကုတင်နားရောက်သည်အထိ လျှောက်လှမ်းလာ၏။ အခန်းထဲမှ လူများအားလုံး လက်ခုပ်တီးကာ ဝက်ပြုလိုက်သည်။ အရွယ်ရောက်လူတစ်ယောက် ကိုယ့်ခြေထောက်ပေါ် ကိုယ့်ခွန်ကိုယ့်အားနှင့် ပြန်ရပ်နိုင်သည့်ပွဲက တကယ်ပဲ ဝမ်းသာစရာ ကောင်းနေ၏။

"လုံးဝ အိုကေသွားပြီပေါ့၊ ဟုတ်လား ကျော်စွာ"

"အေး . . . ဒါပေမဲ့ တစ်ပတ်ဆယ်ရက်လောက်တော့ ချိုင်းထောက်သုံးပါတဲ့၊ အဲဒါ ဝယ်ရဦးမယ်"

"အဲဒါများ ဟိုကနေ့(စ်)တွေ နားနေခန်းမှာရှိတယ်၊ အလှူမိနိုင်ယ ချိုင်းထောက်တွေ ကောင်းမှကောင်း"

ဘေးကုတင်မှ လူနာက လှမ်းပြောညွှန်ပြသဖြင့် ကျော်စွာ ခြေဦးလှည့်လိုက်ပြန်သည်။ ဘေးနားမှ ရွှန်းလဲ့က ကျော်စွာ့ချိုင်းအောက် လျှိုဝင်ကာ ဖေးမပေးသည်။ ရွှန်းလဲ့ကို ဖက်ထားရသလို ဖြစ်နေသော်လည်း မတတ်နိုင်တော့၊ ခြေထောက်က လှုပ်ရှားရတာ သိပ်မကောင်းသေး၍ အားနာနာနှင့်ပင် ပြန်ဖက်ထားရသည်။

ဦးအောင်ကျော်က ကျန်တစ်ဖက်မှ လိုက်လံထိန်းပေး၏။ သူတို့သုံးယောက် သူနာပြုများအခန်းသို့ ဆက်အသွားတွင် ဆေးရုံထဲဝင်လာသည့် သျှင်နော်နှင့် ပက်ပင်းဆုံတော့သည်။

"ဟင်!"

"အဲ . . သျှင်နော်"

"ဒါ . . ဒါက ဘယ်လို"

"ဟိုလေ . . . လမ်းလျှောက်ရတာ သိပ်မကောင်းသေးတော့ ချိုင်းထောက်သွားဝယ်မလို့ ဟိုနားမှာ"

မီးတောက်မတတ်အကြည့်များနှင့် သျှင်နော့် မျက်လုံးများ၏ အဓိပ္ပာယ်ကို ဒေရှင်နယ်ရီ ကြည့်စရာမလိုဘဲ သိနေသည့် ကျော်စွာက တမန်းကတန်း အဖြေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ကျွန်မက အမြဲလို နောက်ကျနေတာပဲ၊ ပြီးတော့ လူပိုလိုဖြစ်နေတယ်၊ ရှင် လမ်းပြန်လျှောက်နိုင်ရင်တောင် ကျွန်မဆီ မလာပါနဲ့တော့"

သျှင်နော့် စကားလုံးများက ရွှန်မြစူးရှလှသည်။ ဖြေရှင်းဖို့ပင် အခွင့်အရေးမပေးဘဲ ချာခနဲ လှည့်ပြန်သွား၏။ သူတို့သားအဖမှာ ရွှန်းလဲ့အပေါ် အားနာမဆုံး ဖြစ်ကြရသည်။

"ဟယ်. . ဒီကောင်မလေး ဘယ်လိုဖြစ်တာလဲ လူမှုရေးအသိ လုံးဝမရှိတဲ့ကလေးမပဲ အားနာလိုက်တာ ရွှန်းလဲ့ရယ်"

"ရပါတယ်ဦး ကျွန်မ ဘာမှမဖြစ်ပါဘူး"

အားနာလွန်းသဖြင့် ကျော်စွာ ဘာမှမပြောတော့၊ ဆရာမများ ထုတ်ပြသော ချိုင်းထောက်နှစ်မျိုးမှ ကိုယ်နှင့်အဆင်ပြေမည့် ချိုင်းထောက်အား စမ်းသပ်အသုံးပြုကာ ရွေးချယ်နေလိုက်၏။

ချိုင်းထောက်နှင့်အသွားအပြန် ဆယ်လှမ်းလောက် လျှောက်ကြည့်ပြီး အဆင်အပြေဆုံးတစ်ခုကို ရွေးသည်။

"ဒါလေးကောင်းတယ် အဖေ"

"အေး. . အေး. ."

ပိုက်ဆံရှင်းဖို့ ဦးအောင်ကျော် လှုပ်ရှားလိုက်ချိန်မှာ ရွှန်းလဲ့က ရှင်းပြီးဖြစ်နေသည်။

"သမီးရယ်. . ဦး ရှင်းမှာပေါ့"

"အားလုံးပြည့်စုံအောင် လုပ်ပေးချင်လို့ပါ ဦး"

သူနာပြုများထံမှ ဆေးရုံဆင်းလက်မှတ်ပါ တောင်းယူပြီး ဝတ် ခါတည်း နှုတ်ဆက်ရသည်။

"အိမ်ပြန်ရမယ်ဆိုလို့ ပျော်နေတယ်ပေါ့ ဟုတ်လား၊ ကောင်း သွားမှာပါ ချိုင်းထောက်နဲ့ တစ်နေ့နှစ်နာရီ အနည်းဆုံး လမ်းလျှောက် ပေး၊ တစ်လပြည့်ရင် ပြန်လာပြ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ ဆရာမ ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦးနော်"





ဦးအောင်ကျော်နှင့်မင်းရဲက အထုပ်အပိုးတွေ ပလတ်စတစ် ခုံတွေကို သယ်ယူလာကြသည်။ တွဲစရာမလိုတော့သော်လည်း ရွှန်းလဲ့ က ဘေးမှ ဂရုတစိုက်နှင့် လိုက်ပါလာသည်။

ရွှန်းလဲ့တို့ ပရာဒိုကြီးနောက်ခန်းမှာ ပစ္စည်းတွေထည့်သည်။ ကျော်စွာအား ရှေ့ခန်းတွင် ထိုင်စေသည်။ ရွှန်းလဲ့ကိုယ်တိုင် ကားမောင်း ပြီး အိမ်အရောက် လိုက်ပို့ပေးသည်။ ကျော်စွာတို့အိမ်ရှေ့ ကားရပ်လိုက် တော့ စပ်စုလိုသူ အိမ်နီးချင်းတွေ ဝိုင်းအုံလာကြသည်။

ပစ္စည်းမျိုးစုံနှင့်ရှုပ်ပွနေသော ဧည့်ခန်းထဲမှာပင် ရွှန်းလဲ့ကို နေရာပေးရ၏။ ရွှန်းလဲ့က ကျော်စွာတို့အိမ်လေးကို မသိမသာ အကဲ ခတ် လေ့လာနေသည်။ ဦးအောင်ကျော် ပျာယာခတ်နေရှာသည်၊ ရွှန်းလဲ့အား အအေးတစ်ဘူးဖေါက်၍ ဧည့်ခံချင်တာ ဖန်ခွက် ရှာမတွေ့ ဖြစ်နေ၏။

"ဒီလိုပဲ သမီးရေ၊ သားအဖနှစ်ယောက်ထဲ နေကြတာဆိုတော့ ဖြလရမ်းပဲ တစ်ခုခုလိုချင်ရင် ဘယ်ရှာရမှန်း မသိဘူး"

ထိုကိစ္စကို မင်းရဲပဲ ဖြေရှင်းလိုက်သည်။ ဆေးရုံမှ ပြန်ယူလာ သည့် ပစ္စည်းများထဲမှ မတ်ခွက်နှင့်ပိုက်ကို ရှာဖွေထုတ်ပေးလိုက်မှ အဆင်ပြေသွားသည်။

"သမီးအမေနဲ့ ဆုံချင်လိုက်တာ ဒီလောက်လူမှုရေး သိတတ် တာ တာဝန်ယူချင်စိတ်ရှိတာမျိုး ဒီခေတ်ထဲမှာရှားသွားပြီ"

"ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ် ဒီလိုပဲ ကျွန်မတို့ဆက်ဆံတာပါဦး၊ စက်ရုံမှာဆို အလုပ်သမား(၄၀၀)ကျော်ရှိတာ အားလုံး မိသားစုလိုပါပဲ"

"ဖြူဗဝိဟာရတရားနဲ့ပြည့်စုံတဲ့ အလုပ်ရှင်အရိပ်မှာ ခိုလှုံခွင့်ရ တာလဲ မင်္ဂလာပဲပေါ့ သမီးရယ်"

ကျော်စွာက ချိုင်းထောက်အသစ်နှင့် လမ်းသလားရင်း ချိုင်း ထောက်နှင့် မြေကြီးကို ပြန်လည်မိတ်ဆက်နေ၏။

"ကြည့်ရတာတော့ သွက်သွက်လက်လက်ပဲ၊ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ နာသေးလား ကိုကျော်စွာ ”

“အင်း. . နာတယ်လည်း မဟုတ်ဘူး၊ မျက်တက်မျက်တက် တော့ ဖြစ်နေသေးတယ် ရွှန်းလဲ့ရဲ့”

“တစ်ခုခု ထူးထူးခြားခြား ဖြစ်လာရင် ဖုန်းဆက်နော်၊ အားမနာနဲ့”

“ဟုတ်ကဲ့ပါ ရွှန်းလဲ့ရယ်၊ လမ်းမလျှောက်ရတာ နှစ်လကြာပြီဆိုတော့ အသစ်အဆန်း ပြန်ဖြစ်နေတာပါ၊ သုံးလေးရက်ဆို အားလုံးကောင်းသွားမှာ ”

“ဟုတ်ကဲ့ အဲလိုပဲ မျှော်လင့်ပါတယ်”

မရှိမဖြစ်မင်းရဲက အထအနကောက်ပြီး စကားတစ်ခွန်း ဝင်ပြောလိုက်သည်။

“ထူးထူးခြားခြား ဖြစ်မှပဲ ဖုန်းဆက်ရမှာလား ရွှန်းလဲ့”

“ရှင်. . အဲ. . အဲလိုမဟုတ်ပါဘူး ကိုမင်းရဲရယ်၊ အကြောင်းထူးမရှိလဲ ဖုန်းဆက်လို့ရပါတယ်”


“ဒီလိုမှပေါ့ဗျာ ဆေးရုံကဆင်းတာနဲ့ တစ်ခါတည်း ဆက်သွယ်ရေးဇရိယာပြင်ပတော့ ထွက်မသွားလိုက်ပါနဲ့”

မင်းရဲကြောင့် စကားဝိုင်းက အရယ်အမောလေးများနှင့် စိုပြေဝေစည်သွားသည်။ သတင်းကြားသဖြင့် ရပ်ကွက်ထဲက သူငယ်ချင်းအုပ်စု ရောက်လာကြတော့မှပဲ ရွှန်းလဲ့ နှုတ်ဆက်ပြီး ပြန်သွားတော့၏။

ဘော်ဒါတွေ ပြန်တွေ့တော့လည်း ပေါက်ကရစကားတွေ အလုအယက်ပြောရင်း ကျော်စွာ ပျော်မြူးနေသည်။ နေ့စဉ်လူနေမှုဘဝ လုပ်ငန်းခွင်မှ ခွင့်နှစ်လယူကာ နားခဲ့ရာမှ ခွင့်စေ့၍ အလုပ်ပြန်ဝင်ရတော့မည့် ကျော်စွာ ခွန်အားအပြည့်နှင့် အသင့်ဖြစ်နေခဲ့ပြီ။





# အခန်း(၉)

ဤကမ္ဘာလောကမှာ ဖို,မ ကိစ္စဟာ မပါလျှင်မပြီး၊ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အရွယ်ရောက်သည်နှင့် မျိုးဆက်ပွားတာဝန်ကို ထမ်းဆောင်လိုလာကြသည်။ တိရစ္ဆာန်လောက,ကတော့ ရှင်း၏။ ဘယ်အရာ ဘယ်ကိစ္စမဆို ခွန်အားကြီးသူ အနိုင်ယူစတမ်းပင် ဖြစ်သည်။

အသိဉာဏ်ပညာမြင့်မားပြီး ပညာရပ်မျိုးစုံတတ်သည့် နားလည်သည့် လူသားများအတွက်မူ ခွန်အားက အဓိကမကျတော့၊ ချစ်ခြင်းတာတွေ၊ မေတ္တာတွေ၊ သစ္စာတွေနှင့် ကာဗာလုပ်ပြီး လုပ်ပြောင်တန်ဆာဆင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သံဝါသကိစ္စကို မုသားကုတ်တက်လုပ်ပြီး အနှစ်သာရရှိချင် ယောင်ဆောင်ကာ လှည့်ဖြားလာကြသည်။ မေတ္တာတစ်ကျပ်သားကို ဥစ္စာမနေ ကိုးဆယ့်ကိုးကျပ်သားက လွှမ်းမိုးသွားသောအခါ ရင်နာစရာ ဇာတ်လမ်းအများအပြားလည်း ပေါ်ထွက်လာခဲ့၏။

တချို့ကိစ္စတွေကျတော့လည်း ညှိနှိုင်းမှု အဆင်မပြေတာတွေ စည်းဖေါက်တာတွေ ရှိလာသည့်အတွက် မစခင်ကတည်းက ပျက်ပြယ် သွားသည်များလည်း ရှိ၏။

နေသွေးမောင်နှင့် ရွှန်းလဲ့တို့ကိစ္စကျတော့ စည်းဖေါက်မှုခေါင်း စဉ်အောက်တွင် ပါဝင်သည်။ ဘယ်လိုမှ စေ့စပ်ညှိနှိုင်းလို့ မရသည့်အ ဆုံး ပြည်ဖုံးကားချခြင်းဖြင့်သာ နိဂုံးတံခဲ့ရသည်။ ဒေါ်နွယ်နီ သတင်းစာ ကို ဖတ်ပြီး ရွှန်းလဲ့အား လက်ကမ်းလိုက်၏။

"သမီး ဖတ်ပြီးပါပြီ အန်တီမေ"

"ဘယ်လိုသဘောရလဲ သမီး"

"သမီး အမှားမဟုတ်ဘူးဆိုတာ ဖတ်မိသူတိုင်း သိသွားကြမှာ ဆိုပေမယ့် ပွန်းပဲ့သွားတဲ့သိက္ခာကို ဘယ်လိုမှပြန်ပြီး အရောင်တင်လို့ မရတော့ပါဘူး အန်တီမေ"

နေသွေးမောင်၏ မိဘများဘက်မှ အောက်ကျို့တောင်းပန် သည့် အရေးအသားများဖြင့် စေ့စပ်ကြောင်းလမ်းမှု ဖျက်သိမ်းခြင်း ကြော်ငြာကို ထည့်ပေးခဲ့သည်။ ထိုကြော်ငြာနှင့်ပတ်သက်ပြီး ဆွေးနွေး နေကြခြင်းဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် သမီး သိက္ခာရှိရှိ လွတ်လပ်သွားပြီလေ၊ အဲဒါ အမြတ်ပဲပေါ့"

"အင်း. . ဒီလိုပဲတွေးပြီး ဖြေရတော့မှာပေါ့"

တူမချော၏ စိတ်ခံစားမှုကို နားလည်သော်လည်း ထိုကိစ္စပျက် သွားသည့်အတွက် ဒေါ်နွယ်နီ ဝမ်းသာအားရ ဖြစ်နေတာကိုတော့ ဖုံး လို့မရ၊ အနာဂတ်စီမံကိန်းအတွက် ဒီတူမက အရေးကြီးသော အခန်း





ကဏ္ဍတွင် ပါဝင်လှုပ်ရှားရဦးမည် ဖြစ်သည်။

"အန်တီမေတို့မှာ စီးပွားဥစ္စာက ထပ်ရှာဖို့ မလိုအောင် ပြည့်စုံ နေပြီပဲ သမီးရယ်၊ အပြန်အလှန်မေတ္တာထားလို့ရမယ့် ရိုးရိုးသားသား သူငယ်တစ်ယောက်နဲ့တွေ့ရင် သမီးဘဝ ပြည့်စုံသွားမှာပါ"

"ဟုတ်ကဲ့. . သမီးလည်း သမီးကိုတစ်ကယ်ချစ်တဲ့သူ သမီးက ပြန်ပြီး မြတ်နိုးရမယ့်သူ တွေ့ပါစေလို့ပဲ ဆုတောင်းနေနေမှာပါ"

"ကောင်းတယ် သမီးရယ်၊ ကဲ. . ကဲ. . အန်တီမေတို့ စက်ရုံကို သွားကြစို့"

"ဟုတ်ကဲ့ အန်တီမေ"

မနက်စာ ဘရိတ်ဖတ်(စ်)မှ ကြက်ဥဟပ်ဖရိုက်(ဒ်)နှင့် ကော်ဖီ ကို လက်စသတ်ပြီး အရွယ်ကွာခြားသည့် မိန်းမလှနှစ်ယောက် စားပွဲမှ ထလိုက်ကြသည်။ ဒေါ်နွယ်နီ ရုတ်တရက် သတိရသွားဟန်နှင့်. . .

"ဪ. . သမီး မောင်ကျော်စွာတို့ ဖုန်းမဆက်ကြဘူးလား"

"မဆက်ဘူး မေမေ၊ သူ ပုံမှန်ပြန်ဖြစ်သွားလို့ နေမှာပေါ့"

"ဒါဆိုရင်တော့ ကောင်းပါလေ့ကွယ်"

ဒီလောက်ပဲပြောပြီး တူမချောကို အကဲခတ်သည်။ သူ့ကို ကြည့် ရတာ ပေးထားချက် မပြည့်စုံသည့် မသိကိန်း ပုစ္ဆာတစ်ပုဒ်အလား၊ ဒေါ်နွယ်နီ သက်ပြင်းကိုသာ မှုင်း၍ရှိုက်လိုက်ရတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ကောင်း**ကင်က ကြည်လင်ပြီး တိမ်ကင်းစင်နေသည်။ နေရောင်က အဆီးအတားမဲ့စွာ မြေကမ္ဘာပေါ်ပြာကျနေ၏။ နေရောင်ခြည်ဒဏ်ကို ထီးတစ်လက်နှင့် ခုခံကာကွယ်ရင်း သျှင်နေဒ် လမ်းထဲမှ ထွက်လာသည်။

မသိစိတ်ထဲမှာ အပြာရောင်ကောင်လေး ယူနီဖေါင်းပြောင်းပြီး လိုက်လာဦးမလားအတွေးနှင့် တစ်လမ်းလုံး ကိုးကန်းတောင်းမျှော်ကြည့်လာခဲ့သည်။ သို့သော် ကိုယ်တော်ချောကို မတွေ့ရ။ သူ့ရည်းစားကျော်စွာက သူ့ကိုကျိုးအောင် ကားနှင့်တိုက်သည့် သူဌေးသမီးကိုမှ အရေးပေးနေသည်။

ဒါကို မခံချင်ဖြစ်ပြီး ခပ်မိုက်မိုက်တစ်ယောက်နှင့် တွဲပြလိုက်ချင်တာ သျှင်နေဒ် ဆန္ဒပင်ဖြစ်သည်။ နောက်လှည့်ကြည့်လိုက် ရှေ့မျှော်ကြည့်လိုက်နှင့် ဏ္ဍမြေမရဖြစ်လာသော သျှင်နေဒ်မှာ လက်ဖက်ရည်ဆိုင်ထဲက ထွက်လာသည့် လူတစ်ယောက်ကြောင့် အထိတ်တလန့်ဖြစ်သွားသည်။

"ဟယ်တော်. . သူ. . သူပါလား "

မျက်နှာချင်းဆိုင် အနေအထားနှင့် သူမျှော်နေသူကို ပက်ပင်းဆုံလိုက်တော့ သျှင်နေဒ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"သျှင်နေဒ် ဈေးထဲသွားမလို့လား"

"ဟင်"



"အချိန်ရမယ်ဆိုရင် စကားပြောချင်လို့. . အအေးဆိုင်ခဏလောက် ထိုင်ရအောင်နော်"

သူ့နာမည်ကိုပါ သိသလို ပေါ်တင်ဝင်ပူးလာပြီဆိုတော့ သျှင်နေဒ် တအားကျေနပ်သွားသည်။ သို့သော် ခပ်ပေါပေါဟု ထင်သွားမည်စိုးသောကြောင့် အိုက်တင်လုပ်လိုက်၏။

"ဘာတွေလာပြောနေတာလဲ သိလည်းမသိဘဲနဲ့"

ဒါပဲပြောပြီး သျှင်နေဒ် ဆက်လျှောက်လာသည်။ မျှော်လင့်ထားသည့်အတိုင်း တောက်တဲ့လို ကပ်ပါလာ၏။

"သျှင်နေဒ် မသိဘူးဆိုရင် မိတ်ဆက်ပေးမှာပေါ့၊ ကိုယ့်နာမည်နောင်နောင်ပါ ကျောက်ရေတွင်းမှာနေတယ်"

"ဘာလိုက်လုပ်မှာလဲ တကောက်ကောက်နဲ့ လူတွေမြင်ပြီး အထင်လွဲကုန်လိမ့်မယ်"

"ဘာလိုက်လုပ်တာလဲဆိုတော့ ခင်ချင်လို့ပေါ့၊ သျှင်နေဒ်က ချစ်လှတော့ မခင်ရမနေနိုင် မမြင်ရမနေနိုင်အောင် ဖြစ်နေလို့လေ"

ကိုယ့်အလှကြောင့် ကောင်လေးတစ်ယောက် မနေနိုင်မထိုင်ဖြစ်နေတာသိတော့ သျှင်နေဒ် ဘဝင်ခိုက်ပြီး မြောက်ကြွမြောက်ကြွဖြစ်သွားသည်။ သို့သော် မူနိုင်မှ တန်ကာကျမည်မို့. . .

"ကျွန်မ တွေ့ရာလူနဲ့ မခင်တတ်ဘူး"

"တွေ့ရာလူ မဟုတ်ပါဘူး သျှင်နေဒ်ရဲ့အလှကို ကိုးကွယ်ချင်တဲ့သူပါကွာ"

"ကဲပါ ဈေးထဲဝင်တော့မယ်၊ လိုက်မလာနဲ့နော် အမေ ဈေးထဲမှာရှိတယ်"

"ကောင်းပြီလေ. . . ဒါပေမဲ့ ကိုယ်က နေ့တိုင်း သျှင်နေဒ်ရဲ့ နောက်ပိုးလေး ဖြစ်နေမှာနော်၊ အဲဒါတော့ သတိပေးလိုက်မယ်"

နောင်နောင်ဆိုသူက အမှတ်တရဖြစ်စေမယ့် စကားပြောပြီး သျှင်နေဒ့်အမိန့်အတိုင်း ဆက်မလိုက်ဘဲ နောက်ချန်လို့နေခဲ့၏။ ဒါကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့စကား နားထောင်သည်ဟု ယူဆပြီး သျှင်နော် ကြည်နူးကျေနပ်နေ သည်။ သုံးနာရီခွဲ နေရောင်အောက်မှာ ဈေးသည်တွေ သက်ဝင်လှုပ် ရှားနေကြပြီ။

သျှင်နော် ဈေးရုံထဲအဝင်မှာ ထီးပိတ်ရင်း မှတ်မှတ်ထင်ထင် လှည့်ကြည့်လိုက်သည်။ ဆိုက်ကားဂိတ်နားမှ အပင်ရိပ်အောက်တွင် နောင်နောင် ရှိနေသေးတာသိရ၍ သိပ်ကိုကျေနပ်သွားမိသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလည်း ပြည့်ဝသွား၏။ ကေ သေ ငွေပေါ် ဆိုတဲ့စကားက အလကား၊ ကေန်းထော့ကျိုး ထော့ကျ ဖြစ်နေခိုက်မှာပင်. . ငွေလား ငွေမြလား မသိရသေးသူတစ်ယော ပေါ်လာနေပြီ မဟုတ်လား။ သျှင်နော် ကြွေးတောင်းသည့် မျက်နှာသေ က ပြုံးနေမှာ သေချာသွားခဲ့ပြီ။

၅ ၅ ၅ ၅

ရွှန်းလဲ့ ကားကို ဂရုတစိုက်မောင်းလာခဲ့၏။ အန်တီမေ အိမ်ပြန်ပို့ပေးပြီး တစ်ခေါက်ထွက်လာခဲ့ခြင်းဖြစ်သည်။ အန်တီမေ လည်း တစ်ခေါက်လောက် သွားလိုက်ပါဦးဟု တိုက်တွန်းသလို သူကို တိုင်လည်း ကိုကျော်စွာတို့ ကိုမင်းရဲတို့နှင့် တွေ့ချင်နေသဖြင့် စိတ် လက်ရ ထွက်လာခဲ့ခြင်းဖြစ်၏။

သုဝဏ္ဏဗိုလ်ချုပ်ရွာနှင့် မြောက်ဥက္ကလာက မနီးသလို အဝေး





ကြီးလည်းမဟုတ် ဝေဇယန္တာလမ်းမကြီးအတိုင်း မောင်းလာပါက ယာဉ် ကြောမပိတ်လျှင် နာရီဝက်လောက်သာကြာသည့် ခရီးဖြစ်သည်။

ကိုကျော်စွာ ချိုင်းထောက်လွှတ်ပါစေဟု ဆုတောင်းရင်း ရင်တ ထိတ်ထိတ်နှင့်ပင် မြောက်ဥက္ကလာသို့ ရောက်လာသည်။ လူတွေ ကား တွေ ဆိုက်ကားတွေ ရှုပ်ထွေးလွန်းသဖြင့် ကားကိုဖြည်းဖြည်းသာ မောင်း လာခဲ့သည်။ လမ်းသွယ်ထဲချိုးကွေ့ ဝင်လာပြီးမှ အိမ်ကိုရှာမရ ဖြစ်နေ ၏။

ဘရိတ်မှေးထားပြီး မှတ်မိအောင်ပြန်ကြည့်နေစဉ်မှာပင် ဆိုင်း ဘုတ်တစ်ခုကိုင်ကာ ထွက်လာသော ကိုမင်းရဲကို လှမ်းမြင်မိသဖြင့် ဟွန်းသံပေးလိုက်သည်။

မင်းရဲ ကားကိုမြင်ပြီး ဝမ်းသာအားရ ဖြစ်သွား၏။ အိမ်ထဲသို့ လှမ်းအော်နေတာကိုလည်း တွေ့ရသည်။ ရွှန်းလဲ့ကားကို ရှေ့တိုးပြီး အိမ်ရှေ့မှာ ရပ်လိုက်သည်။

"ဟော့. . . ကျော်စွာရေ ဒီမှာ မင်္ဂလာဆောင်မဏ္ဍပ် ငှားချင်လို့ တဲ့"

မင်းရဲ၏နှုတ်ဆက်စကားကြောင့် ရွှန်းလဲ့ သဘောကျစွာ ရယ်မိ သည်။ ကားပေါ်မှဆင်းပြီး နောက်ခန်းထဲက လက်ဆောင်တွေထုတ်ယူ ရင်း အိမ်ထဲဝင်ခဲ့၏။ ဦးအောင်ကျော်နှင့်ကျော်စွာ ပြုံးရွှင်စွာ ဆီးကြိုနေ ကြသည်။

"ကိုကျော်စွာ ဗီဇာနဲ့ လေယာဉ်လက်မှတ် လုပ်ပြီးပြီလား"

"ဗျာ. . ဘာအတွက်လဲ"

"ဟင်. . ကိုကျော်စွာပဲ ဘရာဇီးသွားပြီး ဘောလုံးကန်မလို့ဆို"

ဒီတော့မှ နောက်ပြောင်တင်စားပြီး သတင်းမေးတာမှန်းသိ ကာ ကျော်စွာ ရယ်မောနိုင်တော့သည်။ သူတို့လေးယောက် ဆုံတွေ့မှု က ဆွေမျိုးရင်းချာပမာ ရင်းနှီးလွန်းနေ၏။ စက္ကူလက်ဆွဲအိတ်တွေ လှမ်းပေးတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ယူလာပြန်တာလဲ သမီးရယ်၊ ဒုက္ခရှာလို့. . ."

"သမီးတို့စက်ရုံကထုတ်တဲ့ ရုပ်အင်္ကျီတွေပါ သုံးယောက်လုံးအတွက် (၁၀)ထည်ယူလာတာလေ ဆိုဒ်စုံပဲ"

"ဟာ. . အင်္ကျီတွေ ဟုတ်လား၊ B4U ဆိုရင်တော့ ကြိုက်ပြီးသားပဲ၊ ဆိုင်မှာ လက်လီဝယ်ရင် တစ်ထည်ကို ကိုးထောင်တောင်. . ဟဲဟဲ. . ထောပြီ"

မင်းရဲ၏ ဝမ်းသာအားရစကားကြောင့် လက်ဆောင်ယူလာသည့် ရွှန်းလဲ့ ကျေနပ်အားရဖြစ်သွား၏။ ကျော်စွာကတော့ အားနာနေဟန် ရှိသည်။

"ဆယ်ထည်ဆို မနည်းမနောဘဲ ရွှန်းလဲ့ရယ် ဘာလို့ယူလာရတာလဲ"

"ဟုတ်သားပဲ သမီးရယ်၊ ဦးတို့မှာ အဝတ်အစားက သိပ်လိုတာမှ မဟုတ်တာ"

"ဒါတွေ အရေးမကြီးပါဘူး ဦးရယ်၊ အခြေအနေ သိချင်လို့လာခဲ့တာပါ. . ခြေထောက်ဘယ်လိုနေသေးလဲ ကိုကျော်စွာ"

"ချိုင်းထောက် လွှတ်သွားပြီ နဂိုအတိုင်းပဲ၊ လျှောက်ရင်လည်း မနာတော့ပါဘူး ရွှန်းလဲ့ရဲ့ O.K ပဲ"

"စွတ်ပြောမနေနဲ့. . ညကတော့ ကိုက်လို့ဆိုပြီး ညည်းနေတာ မဟုတ်လား "

"ဒါက မပြောပလောက်ပါဘူးကွာ"

"သောက်ဆေးတွေ ရှိသေးရဲ့လား ကိုကျော်စွာ"

"ရှိတယ် ရွှန်းလဲ့. . ရှိတယ်၊ (၂)ကတ် ကျန်သေးတယ်"

စကားဝိုင်းက နွေးထွေးပြီး ပွင့်လင်းနေသည်။ မင်းရဲက လက်ဖက်သုပ်နှင့် အကြော်စုံပြေးဝယ်ပြီး ဧည့်ခံသည်။ ဦးအောင်ကျော်က ရွှန်းလဲ့နှင့်စကားလက်ဆုံ ကျနေ၏။ ကျော်စွာမှာ ရွှန်းလဲ့၏ တည်ငြိမ်အေးဆေးပြီး ကျက်သရေရှိသည့်အလှကို သတိပြုမိကာ စိတ်လွတ်





ကိုယ်လွတ် ငေးနေမိ၏။

ထိုအချိန်မှာ ကြွေးတောင်းသည့် အလုပ်ပြီးသွားသည့် သျှင်နော်က ထုံးစံအတိုင်း မုန့်ဟင်းခါးဆိုင်ထိုင်ကာ အိုးဘဲဥ၊ ငါးဖယ်ကြော်နှင့် ဟာနေသောဝမ်းကို ဖြည့်နေ၏။ လူကျချိန်ဖြစ်၍ ပလတ်စတစ်ခွေးခြေ အလုံးနှစ်ဆယ်လောက်နှင့်အပြည့် ဖြစ်နေသည်။ မတ်တပ်ရပ်စားသူသုံးလေးယောက်ပင် ရှိနေသေးသည်။ သို့သော် ထိုလူအုပ်ထဲတွင် နောင်နောင်မပါ။

သျှင်နော် စိတ်ဓာတ်ကျသလိုဖြစ်သွားပြီး မုန့်ဟင်းခါးကိုသာ အာရုံစိုက်စားနေလိုက်၏။ စားလို့ကုန်တော့ ဟင်းရည်ထပ်တောင်းပြီး သောက်နေစဉ်. .

" ပိုက်ဆံရှင်းမယ် အိုးဘဲဥ ငါးဖယ်တစ်ပွဲ ဘူးသီးကြော်နဲ့တစ်ပွဲ"

ဟု ပြောသံကြားရ၏။

သူ့နောက်မှ ထွက်လာသည့်အသံကို ကြားဖူးသလိုရှိ၍ လှည့်အကြည့်မှာ နောင်နောင်ဖြစ်နေတာတွေ့ပြီး အံ့သြသွားသည်။

"ကိုယ်ရှင်းလိုက်ပြီ သျှင်နော်၊ သွားမယ် မနက်ဖြန်မှ တွေ့မယ်"

သျှင်နော် ဘာမှပြန်မပြောနိုင်ခင်မှာ နောင်နောင်က နှစ်လိုဖွယ် ပြုံးပြကာ လှည့်ထွက်သွားတော့၏။ ဘယ်အချိန်က သူ့နောက်ကခုံမှာဝင်ထိုင်ပြီး စားနေသလဲမသိ၊ သူ့ကို တစ်ကွက်ကျော်သွား၍ သျှင်နော် မခံချင်ဖြစ်မိသော်လည်း ကျေနပ်နေသည်။

သူ့စကားအတိုင်း အရိပ်လေးလို လုပ်ပြနေသည့်အတွက်လည်း ရင်ထဲလှိုက်ဖိုနေသည်။ ဒီလိုမျိုး သူ့ကိုတန်ဖိုးထားသူတစ်ယောက် ရှိနေတာကို ကျော်စွာသိသွားလျှင် ဘယ်လိုနေမလဲဆိုတာ သိချင်လာသည်။

"ကိုကျော် သျှင်နော့်ကို အကောင်တစ်ကောင် လိုက်နေတယ်သိလား၊ သျှင်နော်မှာ ရည်းစားရှိတာသိသွားအောင် ကိုကျော်နဲ့ သူ့ရှေ့မှာ တွဲလျှောက်ပြလိုက်မယ်လေ" ဟု ပြောလိုက်လျှင် ကျော်စွာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်မှာလဲ။ သဝန်တိုပြီး ဒေါပွပေါက်ကွဲသွားမှာလား၊ လက်ထပ်ကြရအောင်ကွာဟုပဲ ပြောလေမလား၊ တွေးကာ ပြုံးစိစိ ဖြစ်နေသည်။

တွေးရင်း. . တွေ့ချင်လာသဖြင့် ကျော်စွာတို့အိမ်သို့ ဦးတည်လာခဲ့၏။ အရိပ်လေးထပ်ပါလာဦးမလားအတွေးနှင့် နောက်လှည့်ကြည့်မိသေးသည်။ သို့သော် နောင်နောင့်ကို မတွေ့ရ၊ သူပြောသွားသလို မနက်ဖြန်မှ တွေ့မယ်ဆိုတာ တကယ်ပါလားလို့လည်း သိလိုက်ရသည်။

ဒီတော့ နောက်ဆံတင်းစရာမလိုဘဲ. . ကျော်စွာဆီ လှည့်ဝင်ဖို့ ဆုံးဖြတ်ချက်က ပိုခိုင်မာသွားတော့သည်။ သျှင်နော် ကျော့ကျော့မော့မော့လေးပင် လျှောက်လှမ်းရင်း ကျော်စွာတို့လမ်းထဲ ဝင်လာခဲ့၏။

လမ်းထဲရောက်ပြီး သိပ်မကြာခင်မှာပင် ကျော်စွာတို့အိမ်ရှေ့မှ အပျံစားကားကြီးကို သတိပြုမိလိုက်၏။

"ဟင်. . ဟိုကောင်မ ရောက်နေပြန်ပြီ"

ရွှန်းလဲ့၏ ကားမှန်းသိလိုက်၍ သျှင်နော့် ရင်ထဲ မခံချင်စိတ်နှင့်အတူ ဒေါသတွေ တလိပ်လိပ်တက်လာသည်။ လျှောက်နေသည့် အရှိန်ကိုမြှင့်တင်ပြီး ပက်ပက်စက်စက် ပြောပစ်လိုက်မည်ဟု မောင်းတင်လာခဲ့၏။

သို့သော်. . အိမ်ပေါက်ဝ အရောက်တွင်ပင် ပြုံးရွှင်ကြည်နူးရယ်မောနေသည့် ကျော်စွာနှင့်ရွှန်းလဲ့ကို တွေ့လိုက်ရသဖြင့် မျက်လုံးတွေပင် ပြာဝေသွားရသည်။ သဝန်တိုစိတ်နှင့် ဒေါသကြောင့် ဆင်ခြင်တုံတရားပါ ပျောက်သွားကာ. . .

"ဟင်. . ရှင်. . ရှင်တို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ဆေးရုံမှာလည်း ဆေးရုံမှာမို့. . အိမ်မှာလည်း အိမ်မှာမို့လို့ တတွဲတွဲနဲ့ သိပ်ကဲနေကြပါလား"

အိမ်ထဲထိ ဖွတ်ရွတ်ဝင်လာကာ ရန်စွယ်ငေါ်ငေါ်နှင့် ပြောလိုက်သည့် သျှင်နော့်စကားကြောင့် အားလုံးမင်သက်မိသွားကြသည်။

ဦးစွာတုံ့ပြန်လာသူက ဦးအောင်ကျော်ဖြစ်၏။





"ဟဲ့. . သျှင်နော် ညည်းဘာတွေလာပြောနေတာလဲ၊ ညည့်သည်ကို အားနာစရာ"

"အဲဒီဧည့်သည် ကိုကျော်စွာဘေးမှာ အမြဲတွေ့နေရလို့ ပြောနေရတာပေါ့၊ ဘယ့်နှယ်တော် ယောက်ျားကြိုက်တော့ စိုက်စိုက်လာဆိုတာပဲ ကြားဖူးပါတယ်၊ ခုတော့ ပြောင်းပြန်ကိုဖြစ်လို့"

"ဟာ. . ဒီကလေးမ ရမ်းကားလှချီလား ဘယ်လိုဖြစ်နေတာလဲ"

ကျော်စွာမနေသာတော့ဘဲ သျှင်နော့်ကို လက်ဆွဲကာ အပြင်သို့ခေါ်ထုတ်လာခဲ့ရ၏။ သျှင်နော် ပေကတ်ကတ်နှင့် လိုက်လာသည်။

"ဘယ်လိုဖြစ်တာလဲ သျှင်နော်ရယ် ရိုးရိုးတန်းတန်း သတင်းလာမေးတဲ့ ဟာကို"

"ဒါဆို ရှင့်မျက်နှာက ဘာဖြစ်လို့ ခွေးလျက်မတတ် ချိုနေရတာလဲ"

"ဟာ. . တိုးတိုးပြောစမ်းပါ သျှင်နော်ရာ ကြားသွားရင် အားနာစရာကြီး၊ သူနဲ့ကိုယ်က ဘာမှမပတ်သက်ဘူး"

"ကျွန်မလာတိုင်း သူရောက်နေတာတောင် ဘာမှမပတ်သက်ဘူးလား"

"မဟုတ်တာတွေ ပြောမနေပါနဲ့ သျှင်နော်ရာ၊ ဒီလိုသာ လုပ်နေမယ်ဆိုရင် ကိုယ်တို့ပတ်သက်မှု အက်ကြောင်းထင်သွားလိမ့်မယ်"

"သြော်. . ရှင်က ငါးစိမ်းမြင် ငါးကင် ပစ်ချင်နေတာပေါ့။ ငါးစိမ်းက တိုက်နဲ့ကားနဲ့ ဘောစိဆိုတော့ သိုက်တူးနေချင်ပြီပေါ့"

"တောက်!. . တော်ပြီကွာ မင်းဘယ်လိုထင်ထင် ငါဂရုမစိုက်တော့ဘူး ဒါပဲ"

ကျော်စွာက သျှင်နော့်ကို ထားခဲ့ပြီး အိမ်ထဲပြန်ဝင်သွား၏။ သျှင်နော် ယမ်းပုံမီးကျ ဒေါပွ၍ ကျန်ခဲ့သည်။ တစိမ့်စိမ့်တွေးရင်း ရှုတ်လာသဖြင့် ထွီဖွမ်ဟု တံတွေးထွေးကာ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကောင်းကောင်း နောင်တရစေရမယ် ကျော်စွာ သိလား"

သျှင်နော် သောင်းကျန်းပြီးပြန်သွားတာကို၊ ကျော်စွာ အရေး မလုပ်တော့ ရွှန်းလဲ့အား ဘယ်လိုတောင်းပန်ရမလဲဆိုတာပဲ စဉ်းစားနေမိ၏။ ဦးအောင်ကျော်နှင့် မင်းရဲတို့လည်း မျက်နှာမကောင်းကြ။

"သား ဒီအတိုင်းဆိုရင်တော့ ဒီကောင်မလေးနဲ့ မဖြစ်ဘူးနော် အဖေ သဘောမတူဘူး သိပ်ရိုင်းလွန်းတယ်"

"ဟုတ်တယ် ကျော်စွာ. . မင်း သေချာစဉ်းစားရတော့မှာနော်"

"အဲဒါတွေ ထားလိုက်ပါကွာ၊ ငါ ရွှန်းလဲ့ကို အားနာတာပဲသိတယ် ဘယ်လိုတောင်းပန်ရမှန်းကို မသိတော့ဘူး"

"ရပါတယ် ကိုကျော်စွာ ကျွန်မဘယ်လိုမှ သဘောမထားပါဘူး၊ နောက်ကိုမဆုံကြအောင် ရှောင်လိုက်ရင်ပြီးတာပါပဲ၊ ကဲ. . . ကျွန်မလည်း ရောက်တာကြာပြီ ပြန်မယ်နော်"

"သမီး စိတ်အနှောင့်အယှက် ဖြစ်သွားပြီထင်တယ်၊ အေးကွယ် ဦးပဲကြားထဲက တောင်းပန်ပါတယ် သူ့အကြောင်းထည့် စဉ်းစားမနေနဲ့ ခေါင်းလေးတယ်"

"ဟုတ်ကဲ့ ဦး၊ ကဲ. . အားလုံး သွားမယ်နော်"

"ကောင်းပါပြီ ရွှန်းလဲ့. . တာ့တာ"

ကျော်စွာနှင့်မင်းရဲ အိမ်ရှေ့ကားနားထိ လိုက်ပို့ပေးရင်း ကား ထွက်သွားသည်အထိ စောင့်ကြည့်ကျန်ခဲ့ကြ၏။

"ကျော်စွာ. . မင်း သျှင်နော်ကို ပုံသုကျူလို သဘောထားပြီး ဝဲပစ်လိုက်တော့"

"အင်း. . . အဲဒါပဲ ကောင်းမယ်ထင်ပါရဲ့ကွာ"

*စာကြွင်း. . ပုံသုကျူ=(စွန့်ပယ်ပစ္စည်း)*

ဌ ဌ ဌ ဌ





**စာ**ရင်းစစ်အဖွဲ့ တင်ပြထားသည့် အချက်အလက်များကို ကြည့်ပြီး ဒေါ်နွယ်နီ ကျေနပ်သွားသည်။ ဒီနှစ်လည်း အထည်ချုပ်စက်ရုံများမှ အခွန်အများဆုံးဆောင်သည့် စက်ရုံစာရင်းထဲမှာ B4Uလည်း ထပ်ပြီး ပါဝင်ခဲ့ပြန်ပြီ။ ဘတ်ဂျက်စာအုပ်ကို စားပွဲပေါ်တင်လိုက်ပြီး အာရုံနောက်သွားဟန်နှင့် ဇက်ချိုး၍ ကုပ်ပိုးကို နှိပ်နေလိုက်သည်။

ရွှန်းလဲ့ကလည်း Lap-top တစ်လုံးနှင့် အလုပ်ရှုပ်နေ၏။ နှစ်ထပ်တိုက်ကြီးအတွင်း အိမ်ဖော်နှစ်ယောက်ပါထည့်တွက်မှ လူလေးယောက်ပဲ ရှိ၍ တကယ့်ကို ပျင်းစရာကောင်းနေသည်။ မိသားစု သိုက်သိုက်ဝန်းဝန်းနှင့်နေရလျှင် ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲဆိုတာ တွေးကြည့်မိသည်။ ထိုစဉ်မှ ရွှန်းလဲ့လည်း Lap-top ကို ပိတ်လိုက်၍ ဒေါ်နွယ်နီ ဝမ်းသာသွားသည်။

"သမီး မောင်ကျော်စွာတို့နဲ့ တွေ့ခဲ့လား"

"ဟုတ်. . တွေ့တယ်အန်တီမေ လုံးဝကောင်းသွားပါပြီ၊ လမ်းလည်း သွက်သွက်လက်လက် လျှောက်နေပြီလေ"

"ဟုတ်လား. . ဝမ်းသာလိုက်တာကွယ်၊ အင်း. . တော်ပါသေးရဲ့ ဒီကောင်လေး သူ့ဘဝသူ ကောင်းကောင်းလျှောက်နိုင်လို့ ဒုက္ခိတများ ဖြစ်သွားမလားဆိုပြီး စိတ်ပူနေတာ"

"ဟုတ်တယ်. . သမီးလည်း သူ့အတွက် ခုမှစိတ်အေးရတာ"

အိမ်အကူကောင်မလေး ကြက်ဥပြုတ်နှင့် နွားနို့လာချပေး၍

www.burmeseclassic.com



ခဏစကားပြတ်သွားသည်။ သေချာစဉ်းစားထားပြီးသား စကားကို ဒေါ်နွယ်နီပြောဖို့ ဆုံးဖြတ်လိုက်ပြီး. . .

"သမီး. . သမီးအသက်လည်း မငယ်တော့ဘူး၊ ကျောင်းလည်းပြီးပြီဆိုတော့ သင့်တော်မယ့်သူ တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီ ထင်တယ်ကွယ်"

"ရှင်. . ဟုတ် အန်တီမေ. . ဟုတ်"

"လူရိုးလူကောင်း တစ်ယောက်ရှာပြီး မြန်မြန်သာ အိမ်ထောင်ပြုလိုက်၊ စက်ရုံကို သမီးတို့ကိုလွှဲပေးပြီး အန်တီမေ နားချင်ပြီကွယ်"

"ဟုတ်"

"ပြီးတော့. . ဒီအိမ်ကြီးမှာ နှစ်ယောက်ထဲနေရတာ ပျင်းလှပြီ သမီးရယ်၊ အန်တီမေလည်း မြေးလေးဘာလေးထိန်းပြီး ပျော်ပျော်ပါးပါး နေချင်တယ်"

"အယ် အန်တီမေကလည်း"

"နေသွေးမောင်အပြင် တခြားရင်းနှီးတဲ့ ယောကျ်ားလေး မရှိဘူးလားကွယ်"

"သူငယ်ချင်းတွေထဲမှာလည်း သူနဲ့ကိုစွ အားလုံးသိကြတော့ လက်ရှောင်ကုန်ကြတာပေါ့၊ ခုလည်း သူငယ်ချင်းတွေနဲ့ ပြန်မဆုံရဲဘူး အဲဒီကိစ္စ ရှင်းပြရမှာကြောက်လို့"

"အင်းပေါ့လေ သမီးတွေးတာလည်း မှန်ပါတယ်"

ဒေါ်နွယ်နီ နှုတ်ဆိတ်သွားပြီး ဆက်တိုက်တွန်းရကောင်း မလားတွေးနေ၏။ ရှုန်းလုံ့တစ်ယောက်ထဲ သူမရှိသည့်အခါ စက်ရုံကို အုပ်ချုပ်နိုင်မှာ မဟုတ်မှန်းသိ၍ ဆက်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး. . .

"မောင်ကျော်စွာနဲ့ သူ့ရည်းစားကိုကြည့်ပြီး သမီး အားမကျဘူးလား"

"ဟွန်း. . သူ့အကြောင်းတော့ မပြောပါနဲ့ သမီးနဲ့ကိုကျော်စွာကိုအထင်လွဲပြီး အမြစ်တက်ကောက်နေတာလေ သူ့စိတ်ဓာတ်က မမိုက်ပါဘူး သမီးတော့ ကြည့်မရဘူး"





"ဩော်. . . ဟုတ်လား ဒါဆို မောင်ကျော်စွာလေး သနားပါတယ်ကွယ် သူက ရုပ်ရည်သန့်သန့် စိတ်သဘောထားဖြူဖြူစင်စင်နဲ့ဘာ"

ရှုန်းလုံ့ သူ့ကို ဆတ်ခနဲလှမ်းကြည့်၍ စကားလွန်သွားပြီလားတွေးကာ ဒေါ်နွယ်နီ နှုတ်ဆွံ့သွား၏။

"အေးလေ ဘယ်တတ်နိုင်ပါ့မလဲ လူဆိုတာ မွေးလာကတည်းက သူ့ကံကြမ္မာက ပြဋ္ဌာန်းပြီးသားလေ ကောင်းတာရော မကောင်းတာရော ကိုယ်ပြုသမျှ ကံကိုယ့်ဘာသာ ခံကြရတာ မဟုတ်လား"

"ဟုတ်ပါတယ် အန်တီမေ"

"ကဲ. . ကဲ. . နားကြစို့ မနက်လည်း စက်ရုံသွားရဦးမှာ"

"ဟုတ်"

အန်တီမေ အိမ်ပေါ်ထပ်တက်သွားတော့. . ကိုကျော်စွာ့အကြောင်း တခုတ်တရ ဘာလို့ပြောသွားပါလိမ့်ဟု ရှုန်းလုံ့တွေးရင်း ကျန်ရစ်၏။ သူလည်း သျှင်နော်ကြောင့် စိတ်ညစ်နေရသည့်ကို ကျော်စွာ့ကို သနားဖူးသည်။

ရိုးသားကြိုးစားကြသည့် သူတို့သားအဖဘဝကို မြင်တွေ့ရတော့လည်း ချီးကျူးမိ၏။ ဒီလိုလူတစ်ယောက်နှင့် ပတ်သက်ခွင့်ရသည့် သျှင်နော် ဘာကြောင့် ကိုယ့်လူကို ကိုယ်ဘက်ပါအောင် မထိန်းသိမ်းနိုင်တာလဲဟု တွေးမိ၏။ အကြောင်းမရှိပါဘဲ ကျော်စွာဆိုသူကို သတိရနေမိသဖြင့် ကိုယ့်အတွေးကိုယ်ရှက်သွားပြီး အိမ်ပေါ်သို့ တက်လာခဲ့တော့၏။

၅ ၅ ၅ ၂



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပေါင်းအိုးကို ပန်းကန်လေးချပ်အလယ်တွင် ချထားလိုက်သည်။ ခါတ်ဘူးနှင့်အကြမ်းပန်းကန်ကလည်း အဆင်သင့်၊ ဟင်းထည့်ဖို့ ပန်းကန်တွေကလည်း အစီအရီ။ တစ်ခုပဲပြောစရာရှိတာက ပန်းကန်တွေထဲမှာ ဘာဟင်းမှမရှိခြင်းပင် ဖြစ်သည်။

မရှိဆို ဟင်းမှမချက်ကြဘဲကိုး၊ ဟင်းချက်သည့်ဘက်တွင်တော့ သူတို့ သားအဖနှစ်ယောက်လုံး ပါရမီနည်းကြရှာသည်။ စိတ်လည်း မရှည်သည့်အတွက် ပြီးပြီးရောသာ ဝယ်စားလိုက်ကြသည်က များ၏။ ထိုစဉ် မင်းရဲပြန်လာသည်။

“ဦးလေးစားချင်တဲ့ ငါးခေါင်းဟင်း၊ ကျွန်တော်တို့အတွက် ဂဏန်းချဉ်စပ်၊ အရည်သောက် ပဲဟင်းချို၊ ငပိရည်နဲ့ အတို့အမြှုပ်ပါ ဝယ်လာတယ်”

“အေးပါကွာ မြန်မြန်သာထည့်စမ်းပါ ဆာလှပြီ”

ပလတ်စတစ်အိတ်ထဲမှဟင်းများ ပန်းကန်ထဲ သွန်ထည့်ပြီး ကျော်စွာတို့ ပြင်ဆင်နေခိုက် ဦးအောင်ကျော်က ပေါင်းအိုးထဲမှ ထမင်းတွေ ပန်းကန်ထဲ ခပ်ထည့်နေသည်။

နောက်တော့ ဟင်းပန်းကန်တွေပေါ်မှာ မီးပွိုင့်ထားပြီး ရှင်းရလောက်အောင် လက်တွေအဝင်အထွက် ရှုပ်ယှက်ခက်သွား၏။ အားလုံးဆာနေကြသဖြင့် သွက်သွက်ပင် စားလိုက်ကြသည်။ စားချင်လို့ ဝယ်လာတာ ဖြစ်သော်လည်း ဂဏန်းလက်မတွေက ကိုက်မရ ဖွဲမရနှင့်မို့ တူအသေးတစ်ချောင်း ထယူကာ ထုခွဲလိုက်မှပဲ အဆင်ပြေသွားတော့





၏။

“မိန်းမသာရှိရင် ချက်ကတည်းက လက်မကိုတစ်ခါတည်း ထုခွဲပြီးချက်လို့ မှာထားရမှာ ကြားလားကျော်စွာ”

“ဘာလဲ ပက်စီမောင်ရစ်ရာ. . သိပ်ရစ်တာပဲ စားမှာစားတာ မဟုတ်ဘူး”

“အဲဒီနာမည်ကြီး မခေါ်စမ်းပါနဲ့ကွာ ဆေးရုံက သရဲတွေကို သတိရလွန်းလို့ပါ”

“သရဲပဲ သတိရတာလား ဟိုဆရာမလေးရော”

“နာ့(စ်)မတော့ မယူချင်ပါဘူးကွာ Night duty က တစ်ပါတ်ကို သုံးရက်လောက်ကျနေတာ ဘယ်လာနိုပ်တော့မှာလဲ”

“အင်း ဒင်းရဲ့မယားဖြစ်ရမယ့် မိန်းကလေးတော့ သနားတယ် ချိန်းခွာတောင် ကျန်မှာမဟုတ်ဘူး. . ဟားဟားဟား”

“ဦးလေး ကျွန်တော့်ကို လှည့်ရစ်မနေနဲ့တော့ မိန်းမယူဖို့ မဲပေါက်ထားတာက ဦးလေး”

“တော်စမ်းပါကွာ ပင်မင်းဆိုင်နဲ့ထမင်းဆိုင်ရှိရင် မိန်းမ မရှိလည်းရပြီ”

“အင်း. . ဒါဆို ကျော်စွာ ယူတော့ကွာ၊ လက်ထဲမှာ မင်္ဂလာဆောင်စရိတ်လည်း ရှိနေပြီပဲဟာ”

“အောင်မာ ခြေတစ်ဖက်နဲ့ ရင်းထားရတဲ့ငွေကွ လုံးဝမထိဖို့ ဆုံးဖြတ်ထားတာ”

ဦးအောင်ကျော်က ပဲဟင်းချိုကို သုံးလေးဇွန်းလောက် ခပ်သောက်ရင်း. . .

“ငါ့သား မင်း ဘယ်သူ့ကိုယူယူ ရတယ်၊ သျှင်နော်တော့ မဖြစ်စေနဲ့”

“သားလည်း စိတ်မကူးပါဘူး အဖေ”

“စိတ်ကူးမလွဲနဲ့ ကျော်စွာ ရွှန်းလဲ့လေး မဆိုးဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘောစိတွေကွ၊ တို့ကို လူရာသွင်းမှာ မဟုတ်ဘူး"

ဂဏန်းအခွံထဲက အသားတွေ စုပ်ယူစားနေသည့် မင်းရဲက နှုတ်ခမ်းကို လက်ခုံနှင့်သုတ်ရင်း. . .

"သားကို ချွန်လို့မရရင် အဖေကို မြှောက်ပေးမယ်၊ စိတ်ကူး မလွဲနဲ့နော် ဦးလေး၊ အန်တီကြီးက တကယ့် လုံးကြီးပေါက်လှ မုဆိုးမ ဗျ၊ ရုပ်ကလည်း ချောသလားမမေးနဲ့၊ ဦးလေးကလည်း မုဆိုးဖိုဆိုတော့ ဝမ်းဆက်ပဲ"

"နွယ်နီနိုင်ဆိုတော့ စနေသမီး ဖြစ်တဲ့အပြင် နာမည်ကလည်း စနေနံ သုံးလုံးဆင့်ထားတာဆိုတော့ ခိုက်တတ်တယ်ကွ"

"ခိုက်တော့ မိုက်တာပေါ့ဗျ"

"တော်. . တော်. . ငါ့အသက် ငါးဆယ်ပြည့်ဖို့ (၂)လက်မ. . အဲ. . (၂)နှစ်ပဲလိုတော့တယ်၊ ငါ့အတွက် မိန်းမ မလိုတော့ဘူး၊ ငါ့သားပဲ ကြိုးစား ရှန်းလဲ့နဲ့ဆို အဖေသဘောတူတယ်"

ဦးအောင်ကျော် လက်ဆေးပြီး အဆုံးသတ် စကားပြောကာ ထသွား၍ ကျော်စွာတို့ပဲ ကျန်ခဲ့တော့၏။

"ကဲ. . မီးစိမ်းပြသွားပြီ ကျော်စွာ"

"နားစမ်းပါကွာ သျှင်နော်ကိစ္စ ဘယ်လိုရှင်းရမှန်းတောင် မသိတာ ခေါင်းစားပါတယ်ကွာ"

"အေး. . ခေါင်းစားရင် မင်းဖြစ်မှာနော်၊ မင်းဖြစ်ရင် မင်းပဲခံရမှာ၊ သျှင်နော်နဲ့သာဆိုရင် ငါ့ဆီက လက်ဖွဲ့ရဖို့ မမျှော်နဲ့. . ဒါပဲ"

မင်းရဲက ခြိမ်းခြောက်ပြောဆိုပြီး ပန်းကန်တွေ မကာ ထသွားပြန်၏။ ပေါင်းအိုးနှင့်ကျော်စွာသာ ငုပ်တုပ်ကျန်ခဲ့တော့သည်။

"ဟင်း. . ရှန်းလဲ့ရယ် ပွန်းပဲ့နေတဲ့ ကိုယ့်နှလုံးသားကို အစား ထိုးကုသပေးနိုင်ရင် သိပ်ကောင်းမှာပဲကွယ်"

ဌ ဌ ဌ ဌ





ဈေးထဲက အကြွေးတွေပတ်တောင်းပြီး မယ်လမုဘုရားဆီသို့ အတွင်းလမ်းမှ ပတ်လျှောက်လာခဲ့၏။ ဒီညနေ အရိပ်ကလေးကို မတွေ့ သေး၍ ရင်ထဲ ဟာတာတာပင် ဖြစ်နေသည်။ နောက်ကို မသိမသာ လှည့်ကြည့်သော်လည်း ကိုယ်တော်ချောကို မတွေ့ရ။ သူ့အကြောင်း သတိတရတွေးနေမိ၍ သူ့ကိုစိတ်ဝင်စားနေပြီလားဟုပင် အထိတ်တ သန့် တွေးမိသည်။

ဘုရားထဲရောက်သည့်အထိ နောင်နောင့်ကို မတွေ့ရ၍ သျှင် နော် စိတ်ဓာတ်ကျသွား၏။ ဘုရားဝင်းထဲက ဆိုင်တန်းတွေစီ ပတ်ပြီး ပိုက်ဆံကောက်ရသည်။ ကိစ္စပြီးတော့ ငမိုးရိပ်ချောင်းစပ် ဆိုင်ခန်းများမှ မုန့်ခွက်ကြော်သုပ်စားဖို့ အမိုးစောင်းတန်းလေးအတိုင်း လျှောက်လာ ခဲ့သည်။

မိကျောင်းရုပ် ပြတိုက်ကြီးနားရောက်တော့ မိကျောင်းပါးစပ် ထဲမှ ထွက်လာသည့် လူတစ်ယောက်ကြောင့် သျှင်နော် အံ့ဩသွား၏။

"ဟင်"

"အဟင်း. . အံ့ဩသွားလား အရိပ်လေးလို့ ပြောခဲ့တယ်လေ"

မျှော်လင့်ချက်ကုန်ပြီထင်ပြီး စိတ်လျှော့လိုက်ကာမှ ဘွားခနဲ ပေါ်လာသည့် နောင်နောင်ကြောင့် သျှင်နော် ရင်တုန်လှိုက်မောခမ်း သာသွားသည်။ အရိပ်ကလေး ကပ်လိုက်လာ၏။

"အလုပ်တွေ ပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



“အင်း. . ပြီးပါပြီ ဗိုက်ဆာလို့ တစ်ခုခု စားမလို့”

“ဟား. . အတော်ပဲ ကိုယ်လည်းဆာနေတာ ပုစွန်ခွက်ကြော်သုပ်နဲ့ ဝက်ဆီဖတ် စားကြမလား”

“မယ်လမုမှာ ရှိတာတွေ တော်တော်သိပါလား”

“သိဆို ကိုယ်ကကျောက်ရေတွင်းမှာ နေတာလေ၊ ငယ်ငယ်တုန်းက ကျောင်းပြေးတိုင်း ဒီဘုရားထဲမှာ ကမြင်းနေကြ”

မိကျောင်းကြီးအနီးမှာ ဓါတ်ပုံရိုက်သူတွေ များလှသဖြင့်. . ဖလက်(ရှ်)မီးရောင်တွေ တဖြတ်ဖြတ်လက်နေသည်။ ဓါတ်ပုံဆရာတွေထဲမှတစ်ယောက်က သျှင်နော်တို့ စုံတွဲကို ဓါတ်ပုံလှမ်းရိုက်လိုက်သည်။ နောင်နောင့်ကြောင့် ပီတိဖြစ်နေသည့် သျှင်နော် သတိမပြုမိသော်လည်း နောင်နောင်က ဓါတ်ပုံဆရာအား မျက်စိမှိတ်ပြလိုက်သည်။

ပြီးတော့ အသုပ်ဆိုင်ထဲဝင်သွားကာ အတူယှဉ်တွဲထိုင်ရင်းမှာယူစားသောက်ကြသည်။ ဟာသတွေ အပြောကောင်းသည့် နောင်နောင်ကြောင့် သျှင်နော် အဆက်မပြတ် ရယ်မောနေမိသည်။

သျှင်နော့်စိတ်ထဲ ကျော်စွာဆိုတာမရှိတော့ နောင်နောင်ထံ သူ့ဘေးနားမှာ. . ပြီးတော့ သူ့နှလုံးသားထဲမှာ. . .









# အခန်း(၇)

မလင်ပန်း စက်မှုဇုံကို ကျော်စွာ ဒီတစ်ခါပဲ ရောက်ဖူးသည်။ နောက်က ဒေါ်နွယ်နီနိုင် ဖုန်းဆက်သည်။ အချိန်ရလျှင် စက်ရုံကိုလာပြီး လေ့လာပါဟု ဖိတ်ခေါ်သည်။ ကျော်စွာ ဟုတ်ကဲ့ဟု ပြောသဖြင့် ရွှန်းလဲ့အားဖြင့်လာခေါ်သည်။

စက်ရုံရောက်တော့ အကျယ်အဝန်းနှင့် အဆောက်အဦးတို့ကြည့်ပြီး ကျော်စွာ ဖျားသွား၏။ ဒေါ်နွယ်နီတို့သားအမိ၏ နေအင်အားကိုလည်း ခန့်မှန်းတွက်ချက်မိသည်။

ဒေါ်နွယ်နီက ကျော်စွာ့အား နွေးနွေးထွေးထွေး ဆီးကြိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စားကောင်းသောက်ဖွယ်များနှင့် ပြုစုညှေ့ခံသည်။

"မောင်ကျော်စွာ့ အဖေ နေကောင်းရဲ့လား"

"ကောင်းပါတယ် အန်တီ၊ အဖေက အလှူခံအမြဲထွက်တော့ တကူးတက လမ်းလျှောက်ထွက်စရာမလိုဘဲ ကျန်းမာနေတာ"

"အင်း. . ဟုတ်တာပေါ့ကွယ်၊ မောင်ကျော်စွာတို့ သားအဖ ဘဝက အေးချမ်းလိုက်တာ၊ ရောင့်ရဲနိုင်တော့ စိတ်ချမ်းသာတာပေါ့"

"ဟုတ်ကဲ့"

"တကယ်လို့များ လုပ်ငန်းကိုင်ငန်း အဆင်မပြေခဲ့ရင် ဒါမှ ဟုတ် အကူအညီတစ်ခုခုလိုရင် အန်တီဆီ ဖုန်းဆက်နော် မမေ့နဲ့"

"ဟုတ်ကဲ့ပါ အန်တီ"

စားသောက်ပြီး နာရီဝက်လောက်ကြာတော့ ဒေါ်နွယ်နီနှင့် ရှန်းလဲ့က စက်ရုံထဲ လိုက်ပို့ပြီး လှည့်လည်ပြသ၏။ စက်ချုပ်သမလေး တွေချည်းပဲ သုံးရာကျော် အလုပ်လုပ်နေသည့် မြင်ကွင်းက တမျှော် တခေါ်ကြီး။ မော်တာ အပ်ချုပ်စက်တွေ မီးချောင်းတွေကလည်း မရေ မတွက်နိုင်။ မော်တာလည်သံတွေကလည်း မိုးချုန်းသည့်အလား. . .

မီးပူတိုက်နေသည့် လူငယ်တွေကလည်း အယောက်တစ်ရာ နီးပါး၊ သို့သော် ဒါတွေကို ဘာရည်ရွယ်ချက်နဲ့ လိုက်ပြနေသလဲဆိုတာ ကျော်စွာစဉ်းစား၍ မရဖြစ်နေ၏။

စက်ရုံထဲ လျှောက်ပတ်ကြည့်တာပင် လေးဆယ့်ငါးမိနစ်ခန့် ကြာသည်။ ရုံးခန်းထဲ ပြန်ရောက်တော့ COKE အအေးဘူးနှင့် ဧည့်ခံ ပြန်၏။

"မောင်ကျော်စွာ လက်ရှိအလုပ်မှာ ပျော်သလား၊ ကိုယ့်အရည် အချင်းနဲ့ ထိုက်တန်တယ်လို့ရော ထင်သလား"

"ပြောရတော့ ခက်သားပဲ အန်တီ၊ အဖေ့လက်ထက်တုန်းက အသံချဲ့စက်တစ်မျိုးပဲ ငှားတာလေ၊ ကျွန်တော် ဝင်လုပ်တော့မှ ဆောင်း ဘောက်(စ်)အဆင့်ထိ တိုးတက်လာတယ်၊ အချိန်နှစ်ရာဝင်အိုးကစပြီး





နှန်းအထိ အကုန်ငှားလို့ရတယ်၊ မဏ္ဍပ်ဆင်ပေးတယ် ရွက်ဖျင်တဲငှား တယ် ကျွန်တော့်ကို အားကျပြီး လိုက်လုပ်တဲ့သူတောင် ရှိတယ်၊ ဒါပေမဲ့ ကျွန်တော်က နာမည်ရနေပြီလေ၊ ဒီတော့. . . ဘာအလုပ်ပဲလုပ်လုပ် အောင်မြင်တိုးတက်ဖို့ပဲ စဉ်းစားပြီး လုပ်ပါတယ် အန်တီ"

"အင်း. . မောင်ကျော်စွာရဲ့ စိတ်ဓါတ်ကိုတော့ ချီးကျူးပါတယ် ကွယ်၊ ကိုယ်က အရွယ်ကောင်းယောကျ်ားလေးပဲ အောင်မြင်ချင်တဲ့စိတ် ရှိမှ အနာဂတ်မှာ တိုးတက်မှာပေါ့"

"ဟုတ်ကဲ့"

"ကဲ. . ပြန်ကြရအောင် သမီးရေ မောင်ကျော်စွာတို့ (၂)ဈေး ထိတော့ ပို့ပေးမှ ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ အန်တီမေ အဆင်ပြေပါတယ် လမ်းကြုံတာပဲဟာ"

ဒေါ်နွယ်နီတို့ ကားနှင့်ပင် ကျော်စွာပြန်လိုက်လာခဲ့၏။ ရုံးခန်း မှာ နောက်ဆုံးစကားတွေပြောပြီးမှ ဒေါ်နွယ်နီက သူ့ကို စက်ရုံမှာ အ လုပ်ပေးချင်၍ သွေးတိုးစမ်းနေမှန်း သဘောပေါက်လာသည်။

သူ့အပေါ် ဘာလို့ဒီလောက်ဂရုစိုက်နေသလဲဆိုသည့် ပဟေဠိ ကို အဖြေညှိလျှင်တော့ ဝင်လုပ်မိမလား မပြောတတ်၊ ခုထိတော့ ကိုယ့် လုပ်ငန်းမှာ ကိုယ့်ဘာသာ ဘုရင်လုပ်ဖို့ပဲ စိတ်ကူးရှိသည်။ အသံမဲ့စကား တစ်ခွန်းကတော့ ရင်ထဲက ပြောမိသည်။

"ဝမ်းနည်းပါတယ် ဒေါ်နွယ်နီနိုင်၊ ကျွန်တော်သူများလက် အောက်မှာ အလုပ်မလုပ်ချင်လို့ပါ"

၎ ၎ ၎ ၎



www.burmeseclassic.com

www.burmeseclassic.com



**ချိန်း**ဆိုထားသည့် စားသောက်ဆိုင်ထဲသို့ ဒေါ်နွယ်နီနိုင် ဝင်လာပြီး ဟိုဒီကြည့်ကာ လူရှာနေသည်။ ဆိုင်၏ပုဏ္ဏားကွယ်အနီးရှိ စား[illegible]မှ လူတစ်ယောက် ထရပ်ပြီး လက်လှမ်းပြ၏။

ထိုလူ့ထံ ဒေါ်နွယ်နီ လျှောက်လာခဲ့သည်။ စားပွဲထိုးက နေရာပေးပြီး အနားမှာရပ်နေသဖြင့် Coke တစ်ဘူးမှာလိုက်၏။ မှာထားတာလာပို့၍ စားပွဲထိုးထွက်သွားမှပဲ ဒေါ်နွယ်နီ စကားစသည်။

"ဘာထူးခြားလဲ"

ရောက်နှင့်နေသူက ဘာစကားမှ ပြန်မပြောဘဲ. . စားပွဲ[illegible] တရွတ်တိုက်၍ စာအိတ်တစ်အိတ် ထိုးပေးသည်။ ဒေါ်နွယ်နီ ထိုစာအိတ်ကို ကောက်ယူပြီး အထဲကအရာကို ထုတ်ယူကြည့်လိုက်သည်။

မယ်လမုဘုရားထဲမှ နောက်ခံမြင်ကွင်းများနှင့် ပြုံးပျော်ရယ်မောနေသော လူငယ်စုံတွဲပုံများဖြစ်သည်။ အားလုံးခြောက်ပုံဖြစ်၏။ မြင်ကွင်းက ပြတ်သားပြီး ဘယ်သူတွေလည်းဆိုတာ သိသာထင်ရှားအောင်လည်း အနီးကပ်ပုံများလည်း ပါသည်။ ကောင်မလေးက သျှင်နော်ဆိုတာ ဒေါ်နွယ်နီသိသည်မို့ ကျေနပ်စွာ ပြုံးလိုက်၏။

"ပုံကောင်းလေးတွေ ရထားတာပဲ စိတ်တိုင်းကျပါတယ်"

"ဒါဆို ဘာဆက်လုပ်ရမလဲ"

"ဒါတွေ ကျွန်မ ယူသွားမယ် ကော်ပီတစ်စုံ ထပ်ကူးပြီး ဟော[illegible] လိပ်စာထဲကအိမ်ကို ဓါတ်ပုံတွေ ပို့ပေးလိုက်ပါ"





"ဟုတ်ကဲ့"

ဒေါ်နွယ်နီက တစ်သောင်းတန်ငွေစက္ကူ အရွက်(၃၀)နှင့် လိပ်စာရေးထားသော စာရွက်တစ်ရွက် လှမ်းပေးသည်။

"ဓါတ်ပုံထဲက ကောင်လေးကိုလည်း အလုပ်ပြီးပြီလို့ ပြောလိုက်ပါ သင့်တင့်တဲ့ သရုပ်ဆောင်ခလည်းပေးလိုက်"

"ကောင်းပါပြီ"

ဒေါ်နွယ်နီ ဓါတ်ပုံအိတ်ကို လက်ပွေ့အိတ်ထဲထည့်၍ ဆိုင်ထဲမှ ထွက်လာခဲ့တော့၏။ ကျန်ရစ်ခဲ့သည့်လူက ဒေါ်နွယ်နီ သောက်မသွားသည့် Coke ဘူးကိုဖွင့်ပြီး သောက်လိုက်တော့သည်။

ၛ ၛ ၛ ၛ

"**ရည်း**စားလေး ထားရတာလည်း ဇီးပြားလေး စားရသလိုပဲ၊ နံပါတ်တစ် ချစ်ချစ်ကလည်း နံပါတ်နှစ်ချစ်ချစ်လိုပဲ ချစ်ပြီးရင်မုန်း ခဏထားအုန်း. . အုန်း. . အုန်း. ."

"ဟော့ကောင် မင်းပါးစပ်ကြီး ခဏပိတ်ထားစမ်းပါကွာ၊ ဒီမှာ ဖုန်းဆက်တာ ဆက်မရလို့ အာရုံနောက်ရတဲ့ကြားထဲ"

"မင်းက ဘယ်သူ့ဆီ ဆက်နေတာလဲ"

"သျှင်နော့်ဆီ၊ ငါဆက်တာ မှန်းသိတယ်၊ ကိုင်ကိုမကိုင်တာ"

"အေး. . မကိုင်တာ မဆက်ဆံချင်လို့ စကားမပြောချင်လို့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



သူကြင်မှ ကိုယ်ကြင်လေကွာ၊ ဘာလဲ မင်းက သံယောဇဉ် မကုန်သေးလို့လား"

"မဟုတ်ပါဘူးကွာ ဇာတ်လမ်းဖြတ်မလို့"

"ဖုန်းမကိုင်ရင် လူကိုယ်တိုင် သွားပြောပေါ့"

"မျက်နှာမြင်နေရရင် အားနာပြီး ပြောမထွက်မှာစိုးလို့"

"အရာရာ အားနာနေ၊ အားနာလို့ ခါးပါတယ်ဆိုတာ မင်းလိုကောင်မျိုး"

သျှင်နော်နှင့်ပတ်သက်ပြီး မင်းရဲနှင့်ကျော်စွာတို့ ဆွေးနွေးအဖြေရှာနေကြခြင်းဖြစ်၏။ ထိုအချိန်တွင် စားပွဲနှင့်ကုလားထိုင်ငှားမည့်သူများရောက်လာ၍ စကားပြတ်သွားကြသည်။

နှစ်ယောက်သား လိုအပ်သော ခုံအရေအတွက် အမြန်ရှိုးအင်တိုက်အားတိုက် လှုပ်ရှားထုတ်ယူပေးလိုက်ကြသည်။ စားပွဲ(၅)လုံးထိုင်ခုံ(၂၅)လုံးအတွက် ဘောက်ချာဖြတ်ပြီး စရံငွေ ယူထားလိုက်၏။ လာငှါးသူကို သိနေ၍ မှတ်ပုံတင်တော့ ယူမထားလိုက်တော့. . ။

အနည်းငယ်ပြိုင်းသွား၍ ရေသောက်အမောဖြေနေခိုက် ချာတိတ်တစ်ယောက် ဝင်လာပြန်သည်။ လက်ထဲတွင်လည်း စာအိတ်ရှည်တစ်လုံး ကိုင်ထား၏။

"ဘာကိစ္စလဲဦးလေး ဒန်အိုးငှါးမလို့လား"

မင်းရဲက ချာတိတ်အား ခပ်နောက်နောက် မေးလိုက်သည်။

"ဟုတ်ဘူးဗျ၊ ဒီစာအိတ် လာပေးတာ"

"စာအိတ်. . ဘယ်သူက ပေးတာလဲ"

"လူကြီးတစ်ယောက် သားကို မုန့်ဖိုးပေးပြီး ပို့ခိုင်းလိုက်တာပစ္စည်းငှါးတဲ့အိမ်က ဦးကျော်စွာကို ပေးလိုက်ပါတဲ့"

လမ်းထိပ် ကွမ်းယာဆိုင်မှ ချာတိတ်က လည်လည်ပတ်ပတ်ပင် ရှင်းပြ၍ ကျော်စွာတို့ အံ့သြသွား၏။

"အဲဒီလူကို မင်းသိလို့လား"





"မသိဘူး၊ မုန့်ဖိုးငါးရာရလို့ လာပေးတာ. . ရော့. ."

ချာတိတ်က စာအိတ်ပေးပြီး ပြေးထွက်သွား၏။ မင်းရဲနှင့်ကျော်စွာတို့မှာသာ စာအိတ်ကို မဝံ့မရဲ ကိုင်ကြည့်ရင်း အထိတ်တလန့်ဖြစ်ကျန်ခဲ့သည်။

"ဟော့ကောင် သတိထား စာအိတ်ဗုံး ဖြစ်နေဦးမယ်"

"ဗမာပြည် ဒီလောက် အဆင့်မမြင့်သေးပါဘူးကွာ"

"ဒါဆို ဘယ်သူကပို့လိုက်တာလဲ အယ်ကိုင်းဒါးတွေလား"

ပေါက်ကရ ပြောနေသည့် မင်းရဲကို ဘာမှပြန်မပြောတော့ဘဲ စာအိတ်ကို ဖေါက်လိုက်သည်။ အထဲမှာ ကတ်ပြားလို မာမာအပြားတွေကိုစမ်းမိ၍ ခါပြီး ထုတ်ယူလိုက်သည်။ အထဲက ဓါတ်ပုံခြောက်ပုံ ထွက်ချလာ၏။ အပေါ်ဆုံးပုံကို မြင်လိုက်သည်နှင့်. . .

"ဟင်"

ကျော်စွာ၏ တအံ့တသြအသံကြောင့် မင်းရဲလည်း အနားကပ်သာကာ ဓာတ်ပုံတွေကိုကြည့်၏။

"ဟာ. . သျှင်နော်နဲ့ ဘဲတစ်ကောင်ရဲ့ ပုံတွေပါလား"

နောက်ခံမြင်ကွင်းပြောင်းသွားသော်လည်း ခြောက်ပုံလုံးက သျှင်နော်နှင့် ထိုလူငယ်၏ ပုံတွေချည်းပဲ ဖြစ်သည်။ ထိုပုံတွေ လက်ထဲရောက်လာ၍ သူတို့နှစ်ယောက်လုံး အံ့အားသင့်နေကြသည်။

"ဒါ သျှင်နော်ရဲ့ ရည်းစားအသစ်လား"

"မြင်ရတဲ့ အခြေအနေအရတော့ ရည်းစားလို့ ယူဆရတာပဲလေ နှစ်ယောက်လုံး ပြုံးရွှင်နေတာပဲဟာ"

"အင်း. . သျှင်နော် ပြုံးနေလိုက်တာများ နေတိုးနဲ့အတူ နေ့သည်စာ စားနေရသလိုပဲ"

"အဲဒါတွေအသာထား ဒီပုံတွေကို ဘယ်သူကရိုက်ပြီး ဘာကြောင့် ငါ့ဆီပို့လိုက်ရတာလဲ"

ကျော်စွာ၏ မေးခွန်းကြောင့် မင်းရဲမျက်လုံးများကို မှေးစင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ မေးပွတ်၍ စဉ်းစားခန်းဝင်တော့၏။ သူ့ပုံစံကြည့်ရတာ ဗီဒီယိုဇာတ်ကားတွေထဲက ဆားပုလင်းနှင်းမောင် စတိုင်မျိုး. . .

"အိုင်ဆေး ကိုယ်လူရဲ့ မေးခွန်းမှာ Who နဲ့ Why နှစ်မျိုးလုံး ပါနေတယ် ဆိုတော့၊ အင်း. . ပညာရှိပီပီ တွေးကြည့်ရရင်. . အဲ. . ငါလည်းမသိဘူး ကျော်စွာ"

မင်းရဲ လုပ်နေသည့် အမူအရာကြောင့် ကျော်စွာတင်းသွားကာ နားရင်းပိတ်အုပ်လိုက်တော့၏။

"မသိတာများ အိုက်တင်တစ်ခွဲသားနဲ့ ငါထပ်လုပ်လိုက်ရ"

"ဩော်. . မသိလို့ မသိဘူးပြောတာများ အပြစ်တင်နေရသေးလား၊ မင်းနဲ့ဆိုင်တဲ့ကိစ္စ မင်းတောင်မသိတာ ငါက ဘယ်လိုလုပ် သိမှာလဲကွ"

"ဆန်းတော့ ဆန်းတယ်"

"ဆန်းတော့ ဆန်းတယ် ဆိုတာဘာလဲ ညီအစ်ကိုနှစ်ယောက်လား"

"နောက်မနေနဲ့ကွာ ဒါဟာ သျှင်နော်် မျက်နှာများတယ်ဆိုတဲ့ အခိုင်အမာ သက်သေတစ်ခုပဲ မဟုတ်လား"

"ဒါတော့ဟုတ်တယ်၊ ဒီမယ်ကျော်စွာ. . ရှည်ရှည်ဝေးဝေး လျှောက်တွေးမနေနဲ့ ဒါ မင်းဆန္ဒပြည့်ဝဖို့ သိကြားမင်းက ပို့ပေးလိုက်တာ၊ သျှင်နော်ကို ဖြတ်ဖို့ အားနာနေတယ် မဟုတ်လား၊ ဒါကို ဖြိုးဖြတ်လိုက် ဘာမှအားနာစရာ မလိုတော့ဘူး အိုကေပဲ၊ သူ့ကိုဖြတ်ပြီးရင် ရွှန်းလဲ့ကို ပရိုပို့စ်လုပ်"

"သျှင်နော်ကိုဖြတ်ဖို့ လုံလောက်တဲ့အခြေအနေ အချိန်အခါ ဖြစ်ပေမယ့် ရွှန်းလဲ့ကို စဖို့က စောပါသေးတယ်ကွာ"

သိကြားမင်းပဲ လာပို့သလိုလို ထူးထူးဆန်းဆန်း ရောက်လာသည့် ဓါတ်ပုံများကြောင့် ကျော်စွာတို့နှစ်ယောက် အကြံအကျယ်ခေါင်းစားသွားကြ၏။ သူနှင့်သျှင်နော်ကို ကွဲကွာစေချင်သူ တစ်ယောက်တော့





ရှိနေတာ သေချာပေါက် ဖြစ်နေပြီ။

ထိုသူက ဘယ်သူလဲ ဘာကြောင့်ဒီလိုလုပ်တာလဲ၊ သူ့အတွက် ဘာအကျိုးအမြတ် ရမှာလဲ စသည်ဖြင့် အဖြေမရှိသော မေးခွန်းများနှင့် နပမ်းလုံးရင်း အုံးစားကာ နုံးသွားရလေတော့၏။

၅ ၅ ၅ ၅

**စျေး**ဆိုသည်မှာ ကုန်စည်စီးဆင်းရာ၊ ဖြန့်ဖြူးရာ၊ ရောင်းဝယ်ရာ လုပ်ငန်းဆောင်တာတို့အတွက် အရေးပါသောနေရာ တစ်မျိုးဖြစ်သည်။ ထိုလုပ်ငန်းများအားလုံးကို ငွေကြေးဆိုသည့် နတ်ဆိုးတစ်ပါးက လွှမ်းမိုးချုပ်ကိုင် ချယ်လှယ်ကြိုးစိုးလို့ နေသည်။

ကုန်စည်မျိုးစုံ ရောင်းချလိုသည့် ကုန်သည်များ စုဝေးရာသို့ လက်လီလက်ကား ဝယ်ယူလိုသူများ တဖွဲဖွဲရောက်လာနေကြသည်။ ထိုအထဲ ထူးခြားသောရည်ရွယ်ချက်နှင့် လူတစ်ယောက်လည်း ဈေးဝန်းကျင်သို့ ရောက်ရှိနေလေ၏။

ထိုသူကတော့ ကျော်စွာပဲ ဖြစ်သည်။ သူ သျှင်နော်လာရာလမ်းမှ ပိတ်စောင့်နေ၏။ ထိုအချိန်တွင် သျှင်နော်လည်း လမ်းတလျှောက် ဆိုင်ခန်းတောင်းမျှော်ကြည့်ရင်း လှမ်းလာနေပြီ။ သူ၏ အရိပ်ကလေး ပျောက်သွားတာ(၃)ရက်ရှိပြီ။ မယ်လမုဘုရားမှ မိကျောင်းရုပ်တုကြီးအား တွင် ဆုံပြီးနောက်ပိုင်း ပျောက်သွားလိုက်တာ ဒီနေ့အထိပဲ ဆိုပါတော့

အရိပ်ကလေး ဖြစ်နေမှာဟု ကတိပေးပြီးမှ ပေါ်မလာသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သျှင်နော် စိတ်ကောက်ချင်နေသည်။ သို့သော်လည်း ကျော
ရေတွင်းမှာနေသည့်နောင်နောင် ဆိုတာကလွဲပြီး ဘာမှ မသိသည့်အ
တွက် ဘယ်လိုရှာရမှန်းပင် မသိဖြစ်နေသည်။

အာရုံထဲမှာ နောင်နောင်ကို မြင်ယောင်ပြီး လျှောက်လာသည်
မို့ ကျော်စွာနှင့် ပက်ပင်းအဆုံမှာ သျှင်နော် သရဲတွေ့သလို လန့်သွား၏

"ဟင်. . ကို. . ကိုကျော်"

"ကိုယ့်ကိုတွေ့တာ ဘာလို့ ဒီလောက်လန့်သွားရတာလဲ"

"ဟင်. . မလန့်ပါဘူး၊ ဘာလို့လန့်ရမှာလဲ"

"မလန့်ဘူးဆိုရင် လန့်သွားအောင် ပြောစရာရှိတယ်"

"ဟင်. . ဘာပြောမလို့လဲ"

"ကိုယ် မင်းနဲ့လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီ"

ဈေးအနီး ဘန်ဒါပင်အရိပ်အောက်မှာ လေဖိအားနည်းရပ်ဝန်း
ဖြစ်ပေါ်လာ၏။

"ဘာ. . ဘာပြောတယ်၊ အဲဒီလိုတစ်ဖက်သတ် ဆုံးဖြတ်လို့
လား"

"ကိုယ်က မင်းရဲ့ဆန္ဒအတိုင်း လိုက်လျောတာပါ၊ ရော့ အထော
က ဒီထဲမှာရှိတယ်"

ဓါတ်ပုံတွေပါသည့်အိတ်ကို သျှင်နော့်လက်ထဲထည့်ပြီး ကျော်
စွာ လှည့်ပြန်သွားတော့၏။ သျှင်နော်လည်း စာအိတ်နှင့် ကျော်စွာ့ကျော
ပြင်ကို တစ်လှည့်စီကြည့်ပြီး ကြောင်စီစီနှင့်ကျန်ခဲ့၏။ အဖြေပါသည်
ဆိုသည့် စာအိတ်ထဲကဟာတွေ ထုတ်ကြည့်လိုက်သည့် အခါမှာတော့
နှလုံးသားအခြေပြု အချစ်မိုးတောင်ကြီး ရုတ်တရက်ပြင်းထန်စွာ ပေါက်
ကွဲသွားသလို သျှင်နော် ခံစားလိုက်ရလေတော့၏။

"ဟင်. . နောင်. . နောင်နောင်နဲ့ ငါ. . ငါ့ ပုံတွေ"

၅ ၅ ၅ ၅





ထို့နောက်ပိုင်းကာလများသည် ကျော်စွာနှင့်သျှင်နော်တို့အ
တွက် ကန္တာရခရီးကြမ်းနှင့် ခရောင်းလမ်းကို ဖြတ်သန်းရသလို ဖြစ်ခဲ့
သည်။ လုံလောက်သော အကြောင်းပြချက်များနှင့် ခွဲခွာသွားသူထံ
အယူခံဝင်ဖို့ မကြိုးစားမိတော့သလို၊ ကျော်စွာကလည်း သတ်မှတ်စံများ
နှင့် မကိုက်ညီသည့် သျှင်နော့်အား လုံးဝဥသုံ မေ့ပစ်ခဲ့သည်။

အချစ်ကို အစားထိုးလဲလှယ်ဖို့ အတွက်တော့ အဆောတလျင်
ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း နှလုံးသားလွှတ်တော်က
အကြောင်းပြန် ဖြေကြားထားသည်။

အချိန်သည်သာ အကောင်းဆုံးသမားတော်ဖြစ်သည်ဆိုသည့်
ရှေးစကားအတိုင်း နှလုံးသားဒဏ်ရာ အနာဖေးတက်အောင် အလုပ်နှင့်
ပင် ကုစားနေခဲ့၏။ ဒီလိုနှင့် နှစ်လတာ ပြက္ခဒိန်စာမျက်နှာများကို ဆုတ်
ဖြဲပစ်ခဲ့ပြီး ဖြစ်လာသည်။ ဒီကြားထဲ ရွှန်းလဲ့နှင့် ဖုန်းအဆက်အသွယ်
တော့ မပြတ်ခဲ့။

သတိရခြင်း တမ်းတခြင်း စကားလုံးများမပါဘဲ ထိုသဘော
သက်ရောက်သည့် စကားများကို နှစ်ဖက်လုံးက ထိန်းထိန်းသိမ်းသိမ်း
ပြောခဲ့ကြ၏။ ရွှန်းလဲ့နည်းတူ ကျော်စွာ နှလုံးသားထဲ စွဲထင်နေသူတစ်
ယောက် ရှိနေသေးသည်။ ထိုလူမှာ ဂန္ထဝင်မေမေ၊ ဂရုဏာမေမေ၊
ကောင်းကင်မေမေ၊ မြင့်မိုရ်မေမေဟု တင်စားရမည့် ကျော်စွာ့မေမေ
ပင်ဖြစ်သည်။

မေ့မေ့ရင်ခွင် အနံ့အသက်နှင့် မေမေ့မျက်နှာကို အလွတ်မရနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော်ငြားလည်း သူတို့သားအဖအား ထားခဲ့ကာ တမလွန်နိုင်ငံသို့ ခရီးထွက်သွားသောရက်စွဲကို ကျော်စွာ လုံးဝမမေ့ခဲ့။

"အဖေ. . လာမယ့် တနင်္ဂနွေဆို အမေဆုံးတာ နှစ်(၂၀)ပြည့်သွားပြီအဖေ"

"ဟင်. . သား၊ ဘာ. . ဘာဖြစ်တယ်"

မကြားတာလား၊ လန့်သွားတာလားတော့ မပြောတတ်. . ဦးအောင်ကျော် အထိတ်တလန့်နှင့်မေးသည်။

"မေမေဆုံးတာ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အနေနဲ့ မေမေ့အတွက် ကုသိုလ်ပြုပြီး အမျှဝေချင်တယ် အဖေ"

အမှန်အတိုင်းပြောရလျှင် ထိုကိစ္စကို ဦးအောင်ကျော် လုံးဝသတိမရ၊ အမေ့ဝတ်သားဖြစ်သူ ကျော်စွာကသာ မှတ်မှတ်သားသားဖြစ်နေခြင်း ဖြစ်သည်။ ဒီကိစ္စမလုပ်နဲ့ဟု တားလို့လည်းမကောင်းသည့်အတွက် ဦးအောင်ကျော် ခေါင်းညိတ်လိုက်ရသည်။

"သား သဘောပဲလေ လုပ်ချင်ရင်လုပ်ပေါ့"

"သံဃာငါးပါးနဲ့ ဧည့်သည်နည်းနည်းပါးပါးဖိတ်မယ် အဖေ၊ အလုပ်ရှုပ်သက်သာအောင် ဒန်ပေါက်ပဲ မှာလိုက်မယ်"

"ကြိုက်သလိုသာလုပ် သား"

သားအဖနှစ်ယောက်၏ ထိုကိစ္စကြား ဝင်ပါလို့မရသည့်အတွက် မင်းရဲငြိမ်နေလိုက်သည်။ ထိုအချိန်တွင် အိမ်ရှေ့သို့ ရွှန်းလဲ့၏ ပရာဒိုကား ထိုးဆိုက်လာသည်။ ကျော်စွာ့ မျက်နှာဝင်းပသွားသည်။ အပျော်လေးများနှင့် အိမ်ပေါက်ဝ ပြေးကြိုမိသည်။

"အန်တီ မပါဘူးလား ရွှန်းလဲ့"

"စက်ရုံမှာ ရွှန်းလဲ့မရှိရင် အန်တီမရှိမှ ဖြစ်မှာလေ"

"အင်း. . ဒါလည်း ဟုတ်တာပဲ ဒါနဲ့ကိစ္စအထူးရှိလို့လား ရွှန်းလဲ့"

"ဟင်. . ဒီနေ့ နောက်ထပ် တစ်လပြည့်သွားပြန်ပြီလေ ဆေးရုံပြန်ပြရမှာ မဟုတ်လား"

"ဟာ. . ဟုတ်သားပဲ ကိုယ်မေ့နေတာ ရွှန်းလဲ့၊ တော်သေးတာပေါ့ ရွှန်းလဲ့ ရောက်လာလို့"

"ထင်သားပဲ ဖုန်းဆက်ပြောဦးမလို့ဘဲ သွားစရာရှိတာနဲ့ တစ်ခါတည်း ဝင်လာခဲ့တာ"

"အဲဒါသာကြည့်တော့ သမီးရေ ဦးရဲ့သားက ကိုယ့်ကိစ္စတောင် ကိုယ်သတိရမဟုတ်ဘူး နမော်နမဲ့နဲ့"

ဦးအောင်ကျော်က သူ့သားအပေါ် ဂရုတစိုက်ရှိသည့် ရွှန်းလဲ့၏ အပြုအမူကို အသိအမှတ်ပြုဟန်နှင့် ကျေနပ်အားရစွာ ဝင်ပြောသည်။ ဒီဝိုင်းကိုတော့ မင်းရဲဝင်လို့ရ၏။

"သူကအလုပ်များတယ် ရွှန်းလဲ့ရေ ကမ္ဘာ့ဖလားပွဲကိစ္စနဲ့ ဘရာဇီးသမ္မတထက်တောင် အလုပ်ရှုပ်နေတာ"

"ဘောလုံးကွင်းတွေ မပြီးတာနဲ့. . ဆန္ဒပြတဲ့ ကိစ္စတွေကြောင့်လား"

"မဟုတ်ပါဘူး ရွှန်းလဲ့ရယ် ဒီမှာ လောင်းကြေးဒိုင် ဖွင့်မလို့ပါ"

ရယ်သံတွေ ဝေစည်သွား၏။ ကျော်စွာ ကမန်းကတန်း အဝတ်အစားလဲကာ အပြင်ထွက်ဖို့ ပြင်ဆင်၏။ ဆေးရုံပြန်ပြရမည့် ခါတ်မှန်ဆေးမှတ်တမ်းတို့ကို ရှာဖွေထုတ်ယူသည်။

"ကဲ အဆင်သင့်ပဲ ရွှန်းလဲ့"

"ဟော. . ကြည့် ဘယ်မှာလဲ ချိုင်းထောက်၊ လိုအပ်တဲ့လူကို လှူခဲ့မယ်ဆို"

"ဟင်. . အင်း မေ့ပြန်ပြီ"

ကျော်စွာ အိမ်ခန်းထဲဝင်ကာ ချိုင်းထောက်ယူရပြန်သည်။ အားလုံးအဆင်သင့်ဖြစ်မှ. . .

"ကဲ. . အဖေ ဆေးရုံခဏသွားဦးမယ် ပြန်ပြရတာ ဒီတစ်ခါနောက်ဆုံးပါ"







www.burmeseclassic.com

www.burmeseclassic.com



"အင်း. . အင်း. . သွားလေ မင်းမလည်း အရာရာ ရွှန်းလဲ့ သတိပေးမှ လုပ်တတ်သလို ဖြစ်နေပြီနော်"

"အဖေကလဲ"

"ဦးလေးလဲရင် ဓမ္မမိတ်ဆွေ တွေ့ရှိတယ်၊ မင်းလဲရင် ချိုင်းထောက်နဲ့ ရွှန်းလဲ့ရှိတယ်၊ ငါလဲရင်သာ ထူမယ့်သူ မရှိတာ. . ."

" မပူပါနဲ့ကွာ ဆေးရုံကား(Ambulance)ကို ဖုန်းဆက်လှမ်းခေါ်ပေါ့"

"အေးပါ. . အေးပါ အားကိုးရှိလို့ ကန်တန်တန် လုပ်တာပေါ့ ဟုတ်လား၊ ဒီလိုမှန်းသိရင် ဆေးရုံမဆင်းခင် အပြတ်ရှင်းခဲ့ပါတယ်"

ရွှန်းလဲ့နှင့်ကျော်စွာတို့ ရယ်ရယ်မောမောနှင့် ဦးအောင်ကျော်အား နှုတ်ဆက်၍ ထွက်သွားကြတော့၏။ ရွှန်းလဲ့နှင့်သားကို ကြည့်ပြီး ဦးအောင်ကျော် သဘောအကျကြီး ကျနေသည်။

"ရှေ့သွားနောက်လိုက် ညီသလားမမေးနဲ့ တကယ့်ကို နေနဲ့လ ရွှေနဲ့မြပဲ"

"ဟုတ်တယ် ဦး၊ သျှင်နော်က ဘိန်းမုန့်ဆို. . ရွှန်းလဲ့က ဂျေဒိုး နတ်ပဲ"

"တော်တော် ငတ်တဲ့ကောင် မုန့်နဲ့များ နှိုင်းရတယ်လို့"

"ကျွန်တော်စားချင်တာ ပြောရတာလေ. . ဟဲဟဲဟဲ"

"ကဲ. . သူ့ကို ထမင်းစား စောင့်မနေနဲ့ ငါလည်း မွှောရုံမှာ စားမှာ"

"စိတ်ချဦး၊ ကိုယ့်ဝမ်းတော့ ကိုယ်အငတ်မခံဘူး"

ဦးအောင်ကျော် ထွက်သွားသည်နှင့် မင်းရဲလည်း ဖော့ပြားတွင် ဆော့ပင်နှင့် ရထားသော စာလုံးများကို လွှသွားမျှင်လေးနှင့် တိုက်ဖြတ်လိုက်လေတော့၏။

ၗ ၗ ၗ ၗ





**ကျော်**စွာနှင့်ရွှန်းလဲ့ စားသောက်ဆိုင်ထဲ ဝင်လာကြသည်။ ကြေးအိုး ဆီချက်နှစ်ပွဲ မှာလိုက်၏။ ကျော်စွာက ရွှန်းလဲ့အား စူးစူးရဲရဲကြည့်သည်။ ရွှန်းလဲ့ မျက်လုံးချင်း မဆိုင်ရဲတော့၍ မီနူးကိုဆွဲယူကာ ကြည့်တာကို ရှာနေ၏။

သူတို့ ဆေးရုံဝင်ပြီး အရိုးပါရဂူအား ပြခဲ့ပြီးပြီ၊ ဆရာဝန်ကြီးက ကျော်စွာ့ညာဒူးအား တူသေးသေးတစ်လက်နှင့် ဆတ်ခနဲခေါက်၏၊ အလိုအလျောက် အသိမဲ့ တုန့်ပြန်မှုအရ ကျော်စွာခြေထောက် အလိုလို မြောက်တက်သွားသည်။ ဒါကိုကြည့်ပြီး. . အားလုံးအိုကေပဲ ဘောလုံးကန်မလား ဇဝရက်တောင် တက်မလား အားလုံးလုပ်လို့ရပြီ ဟုပြော၏။

အရာရာ အကောင်းအတိုင်း ဖြစ်သွားပြီဆိုတာ သိရတော့ သူနေခဲ့သည့် အဆောင်ကိုပြန်ကာ မဆင်းရသေးသည့် ဘော်ဒါများကို နှုတ်ဆက်သည်။ နာ့(စ်)မများ အကူအညီနှင့်. . မရှိန္တမ်းပါးပြီး ချိုင်းထောက်အမှန်တကယ် လိုအပ်နေသည့် အဘိုးကြီးတစ်ယောက်အား သုံးခဲ့သည့် ချိုင်းထောက်ကို လှူခဲ့၏။

ဆေးရုံတွင် ကိစ္စပြတ်တော့မှ အာဟာရဖြည့်ဖို့ ဒီကိုရောက်လာကြခြင်းဖြစ်သည်။ ကားတိုက်ခံရချိန်မှစ၍ ယခုအချိန်ထိ လေးလ ကာလအတွင်း ရွှန်းလဲ့က သူ့အား အစ်ကိုတစ်ယောက်လို အထူးပြုစုခဲ့သည်။ ရက်ပေါင်းတစ်ရာနှစ်ဆယ်အတွင်း သူတို့ ရက်တစ်ရာလောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြစ်ခဲ့ကြသဖြင့်. . သံယောဇဉ်ပြင်းအားကလည်း အတော်အ
ကောင်းမောင်းသန် ဖြစ်တည်နေခဲ့ပြီ။

“သြော်. . လာမယ့် တနင်္ဂနွေနေ့ အိမ်မှာ အလှူရှိတယ်၊ အဲ
အန်တီရော ရွှန်းလဲ့ပါ လာခဲ့ရမယ်နော်၊ အန်တီ့ကို သေချာပြောပေး
ဆက်ဆက်ကြွလာခဲ့ပါလို့”

“ဟုတ်ကဲ့ အတူတူလာခဲ့ပါ့မယ် ဘာအထိမ်းအမှတ်မှာ
ကိုကျော်စွာ”

“ဟိုလေ. . အမေဆုံးတာ နှစ်(၂၀)ပြည့် ဒါနကုသိုလ်ပါ”

“သြော်. . ဟုတ်ကဲ့ စိတ်ချ၊ ကိုကျော်စွာ အန်တီမေ့ကို ခေါ်
ပြီးလာခဲ့မှာ”

ကြေးအိုးရောက်လာတော့ စားကြသောက်ကြနှင့်မို့ စကား
ပြတ်သွား၏။ ကျော်စွာက ကြေးအိုးနှင့်ရွှန်းလဲ့ကို တစ်လှည့်စီစား. .
ကြည့်ရင်း မင်းရဲပြောတာတွေ သတိရနေ၏။ သူကိုယ်တိုင်လည်း
ကယ်မြတ်နိုးရသူကိုတွေ့ပြီဟု ယုံကြည်နေသည်။ ချစ်တာကို သစ္စာ
ဖို့အရေး သတ္တိတွေမွေးပြီး ယောကျ်ားပီပီ စကားစလိုက်သည်။

“ရွှန်းလဲ့ အသက်ဘယ်လောက်ရှိပြီလဲဟင်”

“(၂၁)ပါ ဘာဖြစ်လို့လဲ ကိုကျော်စွာ”

“ဘာမှ မဖြစ်ပါဘူး ကိုယ်က (၂၂)ဆိုတော့ တစ်နှစ်ပဲကြီးသ
ပေါ့”

“ကိုကျော်စွာ ဘာကိုပြောချင်နေတာလဲ ဟင်”

“အဟင်း. . ရွှန်းလဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား
လို့”

“အယ်. . ကိုကျော်စွာကလည်း ဘာတွေမေးမှန်း မသိဘူး

ရွှန်းလဲ့ ရှက်ရှက်နှင့်ငုံ့ပြီး ကြေးအိုး လက်ကျန်ကို ဖြတ်နေ
သည်။

“ဟိုလေ. . ခင်မင်မှုကို အခွင့်အရေးယူတယ်လို့လည်း မ





ချင်ဘူး ရွှန်းလဲ့၊ ကိုယ်လေ ဘဝလက်တွဲဖော် အစစ်ကို တွေ့ပြီ. .
လား၊ အဲ့ဒါ ရွှန်းလဲ့ပဲ. . ကိုယ် ရွှန်းလဲ့ကို မြတ်မြတ်နိုးနိုး မေတ္တာရှိ
ပြီ ရွှန်းလဲ့ရယ်”

“ရှင်”

ရွှန်းလဲ့ စားတာကိုရပ်ပြီး အလန့်တကြား မော့ကြည့်သည်။

“ကို. . ကိုကျော်စွာမှာ သျှင်နော်ရှိပြီးသားလေ”

“ကိုယ်တို့ လမ်းခွဲလိုက်ပြီ ရွှန်းလဲ့”

“ရှင်”

ကျော်စွာက သက်သေဓါတ်ပုံခြောက်ပုံကို ဖုန်းနှင့်ရိုက်ယူထား
ည်မို့ ပြန်ရှာကာ ရွှန်းလဲ့အား ပြလိုက်သည်။ သေချာယူကြည့်ပြီး
လဲ့ ကျေနပ်သွားသလို ဖြစ်မိ၏။

“ဒီပုံတွေက”

“ကိုယ့်အကျိုးလိုလားသူတစ်ယောက်က ပို့ပေးလိုက်တာ. .
သူမှန်းတော့ မသိဘူး၊ ကိုယ်နဲ့မပြတ်ခင် တွဲနေတာမို့ ဒီသက်သေ
ပြီး လမ်းခွဲခဲ့ကြတာ”

လတ်တလော သူတို့နှစ်ယောက်ကြားမှာ ပြောစရာ စကား
တုန်သွား၏။ ဒီလိုအချိန်မှာ ကိုယ့်စကားကို ခိုင်မာအောင် အာမ
တွေပေးပြီး ထပ်မံပြောဆိုရမည် ဆိုတာလောက်တော့ ကျော်စွာ
ကောင်းကောင်းသိသည်။

“လူအကြောင်း ပေါင်းကြည့်မှ သိဆိုသလို ကိုယ်တို့ ခင်မင်မှု
မှာ ကိုယ့်ရဲ့မူလဗီဇကို ရွှန်းလဲ့လည်း မြင်မိမှာပါ၊ ကိုယ်က
တဲ့သူနဲ့လက်တွဲပြီး ရိုးသားကြိုးစားမှုတွေနဲ့ ဘဝကို တည်ဆောက်
သူပါ။ ကိုယ်ရှာမထားတဲ့ စည်းစိမ်ဥစ္စာကို အချောင်ရယူလိုတဲ့စိတ်
ဘူး”

“ကျွန်မ နားလည် ခံစားမိပါတယ်”

“ကျေးဇူးတင်ပါတယ် ရွှန်းလဲ့၊ ကိုယ့်ဆန္ဒအပေါ် ရွှန်းလဲ့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမှတ်ချက်ပေးမလဲဟင်"

ရွှန်းလဲ့ တူကိုချကာ တစ်ရှူးယူ၍ နှုတ်ခမ်းကိုသုတ်ရင်း အချိန်ဆွဲစဉ်းစားနေသည်။ ကျော်စွာမှာ တရားသူကြီးအမိန့်ကို စောင့်နေသည့် တရားခံတစ်ယောက်လို ခံစားနေရ၏။ အတော်ကလေးကြာသွားမှ. . .

"အင်း. . . ကျွန်မ အချိန်ယူ အလေးအနက်စဉ်းစားပြီး အကောင်းဆုံး အဖြေပေးနိုင်အောင် ကြိုးစားပါ့မယ် ကိုကျော်စွာ"

"ဒါဆို. . ကျွန်တော် ကျေနပ်သွားပါပြီ ရွှန်းလဲ့"

ရွှန်းလဲ့ မလှုပ်ခင်မှာပင် ကျော်စွာ ပိုက်ဆံထုတ်ရှင်းလိုက်၏။ သွားစရာရှိသေးသည်ဟုပြောတော့. . ကျော်စွာက အလိုက်တသိပင် တက္ကစီငှားသွားမည်ဟုပြောကာ လမ်းခွဲခဲ့သည်။ ပရိုပိုစ့်လုပ်ပြီးကာ အခြေအနေမှာ ဒီလိုလမ်းခွဲလိုက်တာ မျက်နှာပူသက်သာသွားသည်က လက်တွေ့ပင်ဖြစ်တော့၏။

၄ ၄ ၄ ၄

(၁၀)နာရီတွင် သံဃာများ ကြွလာမည်ဖြစ်၍ ကျော်စွာနှင့် မင်းရဲ မအားရအောင် အလုပ်များနေကြ၏။ အော်ဒါမှာထားသော. . ဒန်ပေါက်အိုးနှင့် ပွဲပြင်ပေးမည့် ပုဂ္ဂိုလ်များလည်း ရောက်နေကြပြီ။

ပစ္စည်းများ ထားသိုသည့် အိမ်ရှေ့ခန်းကိုရှင်းလင်းပြီး ဖျာများ ကော်ဇောများ ခင်းထားသည်။ အိမ်နီးချင်းတစ်ချို့နှင့် ဓမ္မာရုံမှ အဒေ





ဓမ္မ မိတ်ဆွေများလည်း ရောက်ရှိနေ၏။ သွားလေသူ ဇနီးသည်အား ရည်စူးအလှူဖြစ်နေ၍လားမသိ၊ ဦးအောင်ကျော် မျက်နှာမကောင်းလှ။

ဆယ်နာရီ မထိုးမီမှာပင် ဒေါ်နွယ်နီနှင့်ရွှန်းလဲ့တို့ ရောက်လာကြသည်။ ဦးအောင်ကျော် ဒေါ်နွယ်နီဆိုသည့် အမျိုးသမီးကိုမြင်တော့ သွေးပျက်တုန်လှုပ် ချောက်ချားသွားသည်။ သူ့ထွက်ပြေးဖို့ ကြိုးစားသော်လည်း မအောင်မြင်၊ သားက ဆွဲခေါ်ကာ မိတ်ဆက်ပေးနေသည်။

လူကြီးနှစ်ယောက်ဆုံတွေ့မှုက ရင်းရင်းနှီးနှီး မရှိလှ၊ အသိအမှတ်ပြု မေးထူးခေါ်ပြော စကားနှစ်ခွန်းလောက်နှင့် အဆုံးသတ်သွားသည်။ ထိုစဉ်. . သံဃာတော်များကြွလာ၍ လူကြီးများနေရခက်တာ သက်သာခွင့်ရလိုက်သည်။

ဆရာတော်တို့ ချီးမြှင့်သည့်တရားကို နာယူရင်း ဓမ္မာရုံလူကြီး ဦးအောင်ကျော် တရားမရ ဖြစ်နေသည်။ ဒေါ်နွယ်နီလည်း ထို့အတူပဲ ဖြစ်နေရှာသည်။ ရွှန်းလဲ့ထံမှ မောင်ကျော်စွာ့ အမေဆုံးတာ နှစ်(၂၀) ပြည့် အလှူဖိတ်လိုက်ကြောင်း သိရကတည်း နှလုံးမကောင်းချင်သလို သွေးတက်ချင်သလို ဖြစ်ခဲ့ရ၏။

ရွှန်းလဲ့ အတင်းခေါ်၍လိုက်ခဲ့ရသော်လည်း သိပ်စိတ်မပါ. . ။ နောက်ဆုံးမှာ ရေစက်ချကာ မောင်ကျော်စွာက ကွယ်လွန်သူ မိခင်ကို ရည်စူးပြီး အမျှဝေသည်။ ထိုအခါမှာတော့ ဒေါ်နွယ်နီ မျက်ရည်ကျမိ၏။

သံဃာများအား ဆွမ်းဆက်ကပ်ရင်း ဦးအောင်ကျော်တို့ သားအဖ အလုပ်များနေကြ၍ မင်းရဲပဲ ရွှန်းလဲ့တို့ သားအမိအား ဧည့်ခံရသည်။ ဆွမ်းဘုန်းပေးအပြီး သံဃာများပြန်ကြွသွားပြီးနောက် လူတို့ အလှည့်ကျ၏။ ဒေါ်နွယ်နီနှင့် ရွှန်းလဲ့အား ကျော်စွာနှင့် မင်းရဲက လိုလေသေးမရှိ ဧည့်ခံပြုစုသည်။ ဦးအောင်ကျော် ခဏပဲရောက်လာကာ အအေး မနာတမ်း စားကြရန် တစ်ခွန်းသာပြောပြီး ရှောင်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မောင်ကျော်စွာအမေ့ကို မမှတ်မိလိုက်ဘူးပေါ့"

"ဟုတ်ကဲ့. . ကျွန်တော့်မှာ အမေ(၁၈)နှစ်သမီးက ရိုက်ထားတဲ့ ဓါတ်ပုံတစ်ပုံပဲ ရှိတာပါ"

ထိုစကားကြောင့် ဒေါ်နွယ်နီ မျက်ရည်ဝဲရပြန်သည်။ အချို့ စားအပြီးမှာ. . ဒေါ်နွယ်နီတို့ပြန်ဖို့ပြင်ကြသဖြင့် ဓမ္မမိတ်ဆွေတွေနှင့် စကားလက်ဆုံကျနေသည့်အဖေ့ကို ကျော်စွာပြေးခေါ်ရသည်။

လူကြီးနှစ်ယောက် "ပြန်ပါဦးမယ်"နှင့် "ဟုတ်ကဲ့" နှစ်ခွန်းသာ ပြောကြ၍ ကြားထဲက ကျော်စွာ အားမလိုအားမရ ဖြစ်နေရသည်။

ဧည့်သည်ရှင်းသွားမှ သူတို့သုံးယောက် ဒန်ပေါက်ကျန်ဖြတ်တို့ စုပုံရှင်းကြသည်။ ဦးအောင်ကျော် မျက်နှာမကောင်းသလို စားတာ လည်း မသွက်သဖြင့်. . .

"အဖေ ဘာဖြစ်နေတာလဲ. . စားလေ"

"ဟင်. . အင်း အသက်ကြီးလာပြီကွ ဒန်ပေါက် သိပ်မစားနဲ ဘူး၊ ဒါနဲ့. . ရွှန်းလဲ့က ဒေါ်နွယ်နီ့ သမီးလား"

"မဟုတ်ဘူး-အဖေ၊ လင်ပါတူမတဲ့. . ဒါကြောင့် အန်တီမေ လို့ခေါ်တာ"

"သြော်"

"အဖေကလည်း တွေ့ချင်တယ်ပြောပြောနေပြီး တွေ့တော့ လည်း ဘာမှမပြောဘူး"

"အဟဲ. . အင်း. . မင်းတို့ရဲ့ အန်တီကြီးက အရှိန်အဝါကြီးပြီ ခန့်ညားလွန်းတော့ အနားတောင် မကပ်ရဲဘူးကွ. . ဟဲဟဲ"

"ဘယ်လိုလဲဦး ကျွန်တော်ပြောသလို. . မိုက်လို့ ခိုက်သွားပြီ မဟုတ်လား"

"တော်စမ်းပါကွာ. . မိန်းမများ ကြောက်လွန်းလို့"

ဦးအောင်ကျော် စားတာလက်စသပ်ပြီး အိမ်ပြင်ထွက်သွား သည်။ ကျော်စွာတို့လည်း သိမ်းဆည်းရှင်းလင်းတာတွေ ဇယ်စက်သလို





လုပ်လိုက်ကြရသဖြင့် အတော်ပြိုင်းသွားကြသည်။ ဘာပဲပြော ပြော အွယ်လွန်းသူ မိခင်အား ရည်စူးဒါနပြုကာ အမျှဝေလိုက်ရသ ဖြင့် ကျော်စွာ စိတ်ထဲပေါ့ပါး ကျေနပ်နေမိသည်လေ။

၅ ၂ ၃ ၅

ကိုကျော်စွာတို့ အလှူမှပြန်လာပြီးကတည်းက ဒေါ်နွယ်နီ နေ ကောင်းဖြစ်တော့သည်။ ဒန်ပေါက်ကြောင့်ဟု ယူဆပြီး ရွှန်းလဲ့က ဆေးခန်းပို့၏။ ဆေးထိုးပြီး သောက်ဆေးနှစ်ရက်စာနှင့် ပြန်ခဲ့ကြရာ တော့ ဒေါ်နွယ်နီ အိပ်နေပြီဖြစ်သည်။ ရွှန်းလဲ့မှာသာ စိတ်မချနိုင်ဖြစ် ပြီး သူ့အခန်း မပြန်သေးဘဲ စောင့်နေလေ၏။

ဦးလေး အရင်းခေါက်ခေါက်၏ ဇနီးဖြစ်သူ ဒေါ်နွယ်နီက သူ မှုမှန်းသိစ အရွယ်ကတည်းက သမီးရင်းနှင့်မခြား တာဝန်ယူ စောင့် ရှောက်ခဲ့သူဖြစ်သည်။ အန်တီမေ့ကျေးဇူးတွေ သူ့အပေါ်မှာ တပုံကြီး ခင်ရှိနေသည်။

အန်တီမေ၏ ကျက်သရေရှိလှသည့်မျက်နှာကို နှစ်လိုစွာ ငေး ကြည့်ရင်း ခေါင်းအုံးအောက်မှ အစွန်းထွက်နေသည့် စာအုပ်တစ်အုပ် ကို တွေ့မိ၍ မရည်ရွယ်ဘဲ ဆွဲယူကြည့်မိသည်။ ဟိုလှန်ဒီလှန် လှန်ရင်း ဒိုင်ယာရီ စာအုပ်မှန်းသိ၍ ပြန်ထားဖို့ စိတ်ကူးမိစဉ် စာသားတချို့ကို

www.burmeseclassic.com



ဖတ်မိပြီး မျက်လုံးပြူးသွား၏။

သိချင်စိတ်ကို မအောင့်အည်းနိုင်တော့ဘဲ သုံးလကျော် လေးလနီးပါး မှတ်တမ်းတွေကို အမောတကော ဖတ်ကြည့်မိသည်။


ဇာတ်ရည်လည်သွားချိန်မှာ ထိပ်တန်းလျှို့ဝှက်ချက်ကြီးတစ်ခု သူ့လက်ထဲရောက်နေပါလား တွေးမိကာ ရင်တုန်ပန်းတုန် ဖြစ်သွား၏။

ကိုရီးယား ဇာတ်လမ်းတွဲထက် ဆန်းကျယ်သည့် အဖြစ်မှန်တစ်ခုကို သိခွင့်ရလိုက်သဖြင့်လည်း ရွှန်းလဲ့ရင်ထဲ အဆမတန် လေးလံကာ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်နေလေတော့၏။









# အခန်း(၈)

ကြိုမားခမ်းနားထည်ဝါလှသည့် စက်ရုံကြီးကိုကြည့်ရင်း. . ဦးအောင်ကျော် မဲ့ပြုံးပြုံးလိုက်မိသည်။ ညက သား၏ဖုန်းထဲမှ ဒေါ်နွယ်နီနိုင်၏ ဖုန်းနံပါတ်ကိုရှာကာ တွေ့ဆုံကြဖို့ ဦးအောင်ကျော် ဖုန်းဆက်ချိန်းဆိုလိုက်ရာ စက်ရုံကိုလာခဲ့ပါဟု အကြောင်းပြန်သဖြင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဂိတ်ဝမှ လုံခြုံရေးအား ဒေါ်နွယ်နီနိုင်နှင့် ချိန်းဆိုထားကြောင်း အသိပေးလိုက်၏။ လုံခြုံရေးက အထဲသို့ အင်တာကွန်းနှင့် ဆက်သွယ် အကြောင်းကြားပေးသည်။ ခွင့်ပြုလိုက်သဖြင့် လုံခြုံရေးဝန်ထမ်း ဆောင်ရာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါခဲ့ပြီး သားနားသောဧည့်ခန်းတွင် ဦးအောင်ကျော် စောင့်နေရ၏။

ဆယ်မိနစ်လောက်ကြာမှ တံခါးတစ်ချပ်ပွင့်လာပြီး ဒေါ်နွယ်နီနိုင် ဧည့်ခန်းထဲသို့ ကြွရွလှပစွာ ဝင်ရောက်လာ၏။ အဖိုးတန် အဝတ်အစားများ စိန်ခြယ်ရတနာများ ဆင်မြန်းထားသည့် ဒေါ်နွယ်နီနိုင်မှာ ရှိရင်းစွဲအသက်ထက် များစွာနုပျိုလှပနေလေ၏။

"ဘာတွေများ ပြောစရာရှိလို့လဲ ကိုအောင်ကျော်"

ဩဇာအာဏာ အပြည့်ပါသော အသံနှင့်မေးခွန်းကို ကြားလိုက်ရသဖြင့် ဦးအောင်ကျော် မချိုမချဉ် ပြုံးကာ တန်ပြန်မေးခွန်းတွေနှင့် စကားစလိုက်သည်။

"အဟင်း. . နာမည်က နွယ်နီနိုင်တဲ့လား နွယ်နီရယ်၊ မင်းသေပြီလို့ သားကို ဇာတ်လမ်းပြတ် အသိပေးထားခဲ့တာ ခုတော့ နှစ်(၂၀)ပြည့် မင်းအတွက် အမှူဝေတဲ့ ပွဲကျမှ မင်းက အားလုံးကို အထုပ်ဖြည်ဖို့ သက်ရှိထင်ရှားဘဝနဲ့ သားရှေ့မှာ ပြန်ပေါ်လာတာ ဘာအဓိပ္ပါယ်လဲ နွယ်နီ"

"ကျွန်မနဲ့ မောင်ကျော်စွာတို့ကြားက ခင်မင်ရင်းနှီးမှုလေး မပျက်စေချင်လို့ ရင်နာနာနဲ့ လာခဲ့ရတာလေ"

"သားက မင်းကို အမှူဝေလိုက်ပြီလေ၊ မင်း. . တအွေလားသရဲလား၊ ပြိတ္တာလား"

"အဓိပ္ပါယ်မရှိတာတွေ ပြောမနေပါနဲ့၊ သားကို လိုက်ရှာနေတာကြာလှပြီ၊ ကားတိုက်မှုဖြစ်ပြီး ပြန်ဆုံရတာ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုပဲ"

"ဒါဆို မင်းသိတာ ကြာပြီပေါ့"

"သား ဆေးရုံရောက်ပြီး (၂)ရက်မြောက်နေ့မှာ ရှင်လာကြည့်တာတွေ့ပြီးမှ ကျွန်မသားမှန်း သိခဲ့တာ၊ ရှင်နဲ့မဆုံချင်လို့ ပြန်သွားတာ"

"မင်း ဘာတွေကြံနေတာလဲ၊ သားဟာ ငါတို့သားဆိုတာ မင်းဖွင့်ပြောလိုက်ပြီလား၊ ပြောစမ်း. . နွယ်နီ"





"ဟင့်အင်း လုံးဝအသိမပေးရသေးဘူး၊ ဘာတွေကြံနေတာလဲဆိုတော့ သားကို တူမနဲ့ပေးစားပြီး အမွေတွေအားလုံး လွှဲပေးရင်းနဲ့မှ ဖွင့်ပြောဖို့ စီစဉ်ထားတာ၊ ဒါပဲ ဘာမှမဟုတ်တာ မကြံဘူး"

"ဟင်းဟင်းဟင်း. . ငွေမက်တဲ့မိန်းမ၊ မင်းက ငွေပုံပေးရုံနဲ့ အပြစ်တွေကျေပြီလို့ ထင်နေသလား"

"ကျွန်မအပြစ် ဟုတ်လား၊ ရှင်နဲ့ပေါင်းခဲ့တဲ့ (၅)နှစ်လုံးလုံး. . ကျွန်မထမင်းနပ်မမှန်တာလည်း ထည့်ပြောဦးလေ၊ လက်ကြောမတင်းတဲ့ ဖဲသမား မယားဘဝနဲ့ ဒုက္ခခံခဲ့ရတာ ငါးနှစ်"

"လူမမယ် ကလေးကိုပစ်သွားတာ မွေးအမေတဲ့လား၊ ဒါကြောင့် သားကို မင်းအမေ သေသွားပြီလို့ ပြောခဲ့တာ၊ အေး. . မင်းတို့တော့ ကျေးဇူးဟင်သားပဲ၊ သားကို ငါတစ်ယောက်ထဲ မွေးရတော့မယ်ဆိုတာ သိလိုက်ရတဲ့နောက်ပိုင်း ငါ့အကျင့်ဆိုးတွေစွန့်ပြီး စောင့်ရှောက်ခဲ့တာ အခု သားက ပညာတတ်ကြီး ဖြစ်နေပြီလေ"

"တော်စမ်းပါရှင် စောစောစီးစီးသာ ရှာတွေ့ခဲ့ရင်. . . သားက ဆရာဝန်ကြီး ဖြစ်နေမှာ ခုလို သိပ္ပံဘွဲ့တစ်ခုနဲ့ သိမ်ငယ်နေမှာ မဟုတ်ဘူး"

"မာန်တက်ပြီး အသံကောင်းဟစ်မနေနဲ့ နွယ်နီ အကြောင်းစုံသိသွားရင် သားကခွင့်လွှတ်မယ်လို့ ထင်နေသလား"

"ဒီမယ် ကိုအောင်ကျော် ကျွန်မ အစီအစဉ်တွေကို ဝင်ရှုပ်ဖို့ မကြံနဲ့နော်၊ ဒေါ်နွယ်နီနိုင်ဆိုတာ ငါ့မယားဟောင်း၊ မင်းရဲ့အမေဆိုတာမျိုး လုံးဝသွားမပြောနဲ့နော်"

"စိတ်ချ ငါ့သားကို မင်းခေါ်သွားမှာစိုးလို့ လုံးဝမပြောဘူး"

"ဒါဆို ရှင်နဲ့ပြောစရာ စကားကုန်ပြီ"

ဒေါ်နွယ်နီနိုင် ထရပ်လိုက်၍ ဦးအောင်ကျော် စူးစူးဝါးဝါး ကြည့်လိုက်သည်။ သဘောကျသလို ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . အမှတ်မမှားဘူးဆိုရင် မင်းအသက်(၄၅)နှစ်ပြည့်ပြီ ဒါပေမဲ့ မင်းအများကြီး ကျန်သေးတယ် လူလွတ်တွေအဖြစ်နဲ့ ပြန်ဆုံ တာဆိုတော့ မင်းသွေးမဆုံးခင် ငါနဲ့ဇာတ်လမ်း ပြန်စလိုက်ရအောင်လေ ဘယ်လိုလဲ"

ဦးအောင်ကျော့် စကားကြောင့် ဒေါ်နွယ်နီ မျက်နှာကြီး နီမြန်း အောင် ရှက်သွားရသဖြင့် ဒေါသတကြီး မောင်းထုတ်တော့သည်။

"ထွက်. . ထွက်သွား၊ ခုချက်ချင်း ထွက်သွား. . နောက်ထပ် ကျွန်မရှေ့မှာ လုံးဝပေါ်မလာနဲ့တော့. . သွား"

"ဟားဟားဟားဟား. . သွားမှာပါ မယားဟောင်းလေးရယ် သွားမှာပါ. . တာ့တာ"

ဒေါ်နွယ်နီ မခံမရပ်နိုင်ဖြစ်အောင် စရနောက်ရ စကားနာထိုး လိုက်ရသဖြင့် ကျေနပ်သွားကာ ဦးအောင်ကျော် တဟားဟား ရယ်ကာ ဇနီးဟောင်းရှေ့မှ ထွက်လာခဲ့တော့၏။

ၓ ၓ ၓ ၓ

ရွှန်းလဲ့ ယူလာသည့် ဒိုင်ယာရီစာအုပ်အား ကျော်စွာ အသေး အလွှား ဖတ်နေမိသည်။ ထိုသို့ဖတ်ရင်းနှင့်ပင် စိတ်ခံစားမှုတွေ ပေါ် လွဲဖေါက်ပြန် ဖြစ်နေ၏။ နှလုံးသားထဲမှာ မြေပြိုလိုက် ရေကြီးလိုက် လှိုင်လှုပ်လိုက်နှင့် ခံစားမှုစိတ်အစဉ် ဖရိုဖရဲ ဖြစ်နေရသည်။





ဇာတ်လမ်းတစ်ခုလုံး ခြုံငုံဖတ်ရှုပြီးသွားသောအခါ ကျော်စွာ ရှိုက်၍ရှိုက်၍ ငိုနေလေတော့၏။ မင်းရဲက နားမလည်သလို ဖြစ်နေ သော်လည်း ရွှန်းလဲ့က ကိုယ်ချင်းစာစိတ်နှင့် နှစ်သိမ့်ပေးရှာသည်၊ ရွှန်းလဲ့ အတိုချုံးပြောပြသည့် ဇာတ်လမ်းကို ကြားရတော့ မင်းရဲလည်း အံ့ဩလွန်းသဖြင့် ပါးစပ်ကြီးပွင့်နေလေ၏။

"ဟို. . ဟိုသီချင်းထဲက အတိုင်းပဲ၊ အလျှုမှာတွေ့ရင် မောင့်ကို မခေါ်နဲ့ကွယ်ဆိုသလိုကို ဖြစ်ခဲ့တာ"

"ဟုတ်တယ်နော် ဟန်ဆောင်ကောင်းလိုက်ကြတာ"

"သူ. . သူတို့ ကိုယ့်ကို ဘာလို့ဖွင့်မပြောကြတာလဲ ကိုယ့်ခံစား မှုကိုပဲ ရှေ့တန်းတင်နေကြတာလား သိပ်အတ္တကြီးတာပဲ"

"အဲလိုမပြောပါနဲ့ ကိုကျော်စွာ၊ သူတို့မှာလည်း ခိုင်လုံတဲ့အ ကြောင်းပြချက်တွေ ရှိနေပုံပဲလေ"

"ဘာပဲဖြစ်ဖြစ် ခုလိုဖုံးကွယ်ထားတာ မတရားဘူး"

"ဒါဆို ရွှန်းလဲ့ရဲ့အန်တီမေက ကျော်စွာရဲ့အမေပေါ့ ဟုတ်လား။ ဆုံစည်းမှုက သိပ်ကို ဆန်းကျယ်လွန်းမနေဘူးလား"

"ငါ. . ငါသိပ်ဝမ်းသာနေတယ် မင်းရဲ၊ ဘယ်လိုပဲ ပစ်သွားပစ် သွား ငါ့မှာအမေခေါ်စရာ ရှိနေတာသိရလို့ ငါ သိပ်ဝမ်းသာနေတာ၊ အမေသေပြီလို့ပြောခဲ့တဲ့ အဖေ့ကိုပဲ စိတ်ဆိုးတယ်"

"ယောကျ်ားတစ်ယောက်ရဲ့ ခံစားမှုကို ကိုကျော်စွာက ပိုပြီး နားလည်ပေးရမှာလေ"

"ဘယ်လို. . ဘယ်လို"

"ကိုယ့်ကို အထင်မကြီးလို့ စွန့်ပစ်သွားတဲ့ မိန်းမတစ်ယောက် အပေါ် နာကျည်းမှုပြင်းအားကိုလေ"

"အင်း. . ယောကျ်ားမာနပေါ့ ဟုတ်လား"

"ဟုတ်တယ်. . ရွှန်းလဲ့တော့ အန်တီမေကို ကိုယ်ချင်းစာတယ် ဆင်းရဲခြင်းက အိမ်ရှေ့တံခါးကို လာခေါက်တဲ့အခါ အချစ်ဟာ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖေးပေါက်က ဆင်းပြေးသွားတယ်ဆိုတဲ့ စကားလိုပေါ့"

"ဟားဟားဟား. . ဒါဆို နှစ်ယောက်လုံးမှာ အပြစ်မရှိဘူးပေါ့"

"ဟုတ်တယ် ကိုမင်းရဲ"

"ကျော်စွာ မင်းဘယ်လို သဘောရလဲ"

"မေမေက. . ငါဟာ သူ့သားမှန်းသိရက်နဲ့ ဖွင့်မပြောဘဲ အဝေးကပဲ စောင့်ရှောက်နေခဲ့တာကို မကျေနပ်ဘူး၊ ဖေဖေကလည်း အလှူမှာပြန်ဆုံတော့ သူ့ဇနီးဟောင်းမှန်းသိရက်နဲ့ ပါးစပ်ပိတ်နေခဲ့တယ် ဒါကိုလည်း မကျေနပ်ဘူး ဒီအတိုင်းလေးပဲ ဆက်နေပြီး လက်စင် ပြန်ပေးချင်တယ်ကွာ"

"ပေါက်ပြီ. . . သူတို့နှစ်ယောက် ပြန်ငြိသွားအောင် တို့သုံးယောက်ပေါင်းပြီး ခွင်ပြန်ဆင်ပေးလိုက်မယ်၊ ဒီလို မဟုတ်လား"

"အေး. . အဲဒီအတိုင်းပဲ"

"စိတ်ချ. . မင်းအဖေအတွက် ဇနီးလောင်းရှာတာ. . တွေ့ပြီ အဲ့ဒါ မင်းအမေပဲ. . ဟဲဟဲ"

ကျော်စွာ မင်းရဲနှင့်ရွှန်းလဲ့တို့ သုံးယောက်အားနှင့် ခေါင်းစားပြီး အစီအစဉ်တွေ အသေအချာဆွဲလိုက်ကြ၏။ ရွှန်းလဲ့က အင်တင်တင်၊ သို့သော် နှုတ်လုံစွာဖြင့် ပူးပေါင်းပါဝင် ကူညီမယ်ဟု ကတိပေးသဖြင့် သုံးယောက်သား လက်ဝါးချင်းရိုက်လိုက်ကြတော့၏။

ဌ ဌ ဌ ဌ





I love you Ni Ni...A.K ဆိုသည့် Message ကို ဖတ်ပြီး ဒေါ်နွယ်နီတစ်ယောက် ဒေါပွနေလေ၏။ A.K ဆိုတော့ အောင်ကျော်ပေါ့၊ ကြည့်စမ်း ဒီလူ ကလေးကလားနဲ့ စိတ်တိုလိုက်တာဟု ရေရွတ်ပြီး Message ပို့သည့် ဖုန်းနံပါတ်အား ပြန်ခေါ်လိုက်သည်။

"ဒီမယ် ကိုအောင်ကျော် ရှင်ဘာလို့ မက်ဆေ့(ချ်)တွေ ပို့နေတာလဲ"

"အေး. . အဲဒီကိစ္စပဲ ငါလည်းပြောချင်နေတာ"

"ဒါဆို ရှင်ပို့လိုက်တာ တကယ်ပေါ့"

"ကျုပ်ကတော့ မပို့ပါဘူး၊ မင်းပို့ထားတဲ့ Message ကြောင့် ဘာအဓိပ္ပါယ်လဲ လှမ်းမေးမလို့ကြံတုန်း မင်းဆီက ဖုန်းဝင်လာတာပဲ"

"ဘာ. . ကျွန်မက ရှင့်ဆီ Message ပို့တယ် ဟုတ်လား၊ ကြံကြံဖန်ဖန်ရှင်"

"ဟဲဟဲဟဲ. . ရှက်မနေပါနဲ့ နီနီရယ် မင်းကျုပ်ကို စိတ်မကုန်သေးဘူးမို့လား၊ ကျုပ်က ပြန်စရအောင်လို့ ပြောတာကို မင်း ရင်ခုန်နေတယ်ပေါ့"

"ဝေးသေး. . ကျွန်မ ဒေါသ ထွက်နေတာနော်"

"ဩော်. . ဒါဆို ကျုပ်ဖုန်းမှာ ME Too N.N.N ဆိုတာဘာလဲ၊ N သုံးလုံးက နွယ်နီနိုင်ပေါ့"

"မသိဘူး. . အဲဒါ ကျွန်မ မပို့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ကျုပ်လည်း ဘာမှမပို့ဘူး နေပါဦး မင်းဆီဝင်လာတာ ဘာတဲ့လဲ"

"I Love you Ni Ni တဲ့ A.K လို့ ရေးထားတယ်၊ အဲ့ဒါ ရှင် လက်မကမြင်းလို့ ဘယ်သူ က ပို့မှာလဲ "

"ဟားဟားဟား. . အဲဒီ Message ကတော့ ကျုပ် ရင်ထဲက စကားပဲ၊ ဒါပေမဲ့ ကျုပ်မပို့ဘူး"

"ရှင် မလိမ်နဲ့"

"ဒါဆို လူချင်းဆုံပြီး ဖုန်းကို စစ်ကြည့်မလား"

"ရှင်နဲ့ကို မဆုံချင်တာ"

"မဆုံချင်တာ မင်း မလုံလို့ပေါ့"

"ကျွန်မက လုံပြီးသား. . ပြော ဘယ်မှာဆုံမလဲ"

"မယ်လမုဘုရားမှာ"

"ကောင်းပြီ"

အဲဒီနောက်ပိုင်းမှာတော့ လေးဆယ့်ရှစ်နှင့်လေးဆယ့်ငါးတို့ မယ်လမုဘုရားတွင် ဆုံတွေ့ကြတော့သည်။ ဘိန်းဖြူနှင့်ငွေလဲလှယ် သလိုမျိုး ဖုန်းချင်းလဲကြည့်ကြ၏။ ဦးအောင်ကျော်က စပ်ဖြဲဖြဲ၊ ဒေါ် နွယ်နီ့ မျက်နှာက ခပ်ရဲရဲ. . .။

"အဟင်း အစိပ္ပါယ်တော့ ပြည့်စုံသွားပြီ၊ ကျုပ်က I love you လို့ပို့လိုက်တော့. . မင်းက Me too လို့ တုံ့ပြန်တာလေ၊ ဒါ. . တကယ် လား"

"ကိုအောင်ကျော် ရှင် မျက်နှာရှူးမနေနဲ့နော်. . ကျွန်မ ဘာမှ မပို့ဘူး"

"ဒါဆို မင်းတို့အိမ်မှာ သရဲရှိနေပြီ၊ သေသွားတဲ့ မင်းယောကျ်ား ကြီးများလား မသိဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မင်းကို စိတ်မချလို့ အရင်ယောကျ်ားလက် ပြန်





အပ်ဖို့ လုပ်တာနေမှာ"

"ပေါက်ပေါက်ရှာရှာရှင်"

"ဒါဆို မင်းဆီက Message ကျုပ် ပို့တယ်ပဲထား၊ ကိုယ်ဆီက Message ဘယ်သူပို့တာလဲ"

"ကျွန်မ မဟုတ်တာတော့ သေချာတယ်"

"ရှက်မနေပါနဲ့ နီနီရယ်"

"ဘာ နီနီလဲ. . နာမည်အပြည့်အစုံခေါ်ပါ"

"ဟားဟားဟား. . ကဲပါ နွယ်နီနိုင်ရယ် ကျုပ်မပို့ပေမယ့် ပို့တယ်လို့ပဲ ဝန်ခံလိုက်မယ်၊ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကလို ပြန် ဖြစ်သွားလဲ. . ကျုပ် စိတ်မဆိုးဘူး"

"စိတ်ကူးယဉ်မနေနဲ့"

"စိတ်ကူးယဉ်တာ မဟုတ်ဘူး ကိုယ်နဲ့သားအပေါ် ဆပ်စရာ ရှိနေတဲ့ မေတ္တာအကြွေးတွေ ပြန်တောင်းနေတာ"

"ကန်တော့ပါသေးရဲ့"

ဒေါ်နွယ်နီနိုင် ဝန်းဒိုင်းကျဲကာ ပြန်သွားတော့ ဦးအောင်ကျော် ဗိုလ်အောင်ဒင်လို ရယ်ရင်းကျန်ခဲ့တော့၏။ ရွှေတည့်တည့်မှ ဘုရား ဆင်းတုတော်ကို ဦးခိုက်ရင်း သူဆုတောင်းမိသည်။

" ဇနီးဟောင်းနဲ့ အမြန်ဆုံး ပြန်ပေါင်းထုတ်ရပါလို၏ဘုရား"

၅ ၅ ၅ ၂



www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်**နွယ်နီကစ်ယောက် နေမထိထိုင်မသာ ဖြစ်နေရှာသည်။ Message ကိစ္စဖြစ်ပြီးနောက်ပိုင်း ဦးအောင်ကျော်က ညတိုင်းလိုလို ဖုန်းဆက်နေ၏။ ဖုန်းဆက်တိုင်း အရင်လိုပြန်နေချင်ကြောင်း ခုထိ ချစ်နေဆဲပင်ဖြစ်ကြောင်း၊ နီနီ့ကို မေ့မရလို့ နောက်အိမ်ထောင်ပင် မပြုခဲ့ကြောင်း၊ စတာတွေကို အပ်ကြောင်းထပ်မျှ ပြောနေ၍ ငါးဆယ် နားနီးမှ အပျိုလေးလို ရင်ခုန်နေ၏။

အလုပ်လည်း စိတ်မဝင်စား၊ စက်ရုံလည်းမရောက်ဖြစ် ရွှန်းလဲ့ အားတာဝန်ပေးပြီး မန်နေဂျာတွေ စက်ရုံမှူးတွေနှင့်သာ လွှဲထားခဲ့ သည်။ အိမ်တွင်းပုန်းလုပ်ရင်း ညကို မျှော်တတ်နေပြီ. . . ။

"မမကြီး. . ဒီမှာ ပန်းခြင်းတစ်ခြင်း လူတစ်ယောက် လာပို့သွား တာ"

"အေး. . အေး. . ထားခဲ့"

ခြံစောင့် ပြန်ထွက်သွားသည်နှင့် ပန်းခြင်းမှတွဲလောင်းကျနေ သည့် ကတ်ပြားလေးကို ကြည့်မိ၏။ A.K ဆိုသည့် စာလုံးကို တွေ့၍ ကျေနပ်သွားသည်။ ပန်းတွေကြားထဲမှာ စာရွက်ခေါက်လေးတစ်ခု ထပ် တွေ့၍ ဖြန့်ဖတ်ကြည့်လိုက်သည်။

**နီနီ /**

**ဘဝသစ်ပြန်စကြရအောင်ကွာ**

**နှင့်နှင့်နဲ့နဲ့ ချစ်နေဆဲ...**

**အောင်ကျော်**





စာကတိုသော်လည်း ဒေါ်နွယ်နီ့ရင်ထဲ တိုက်ရိုက်ဝင်သွား၏။ ကြည်နူးစွာ ပြုံးနေခိုက် ခြံစောင့်ကြီးကို ထပ်တွေ့လိုက်ရ၍ ဒေါ်နွယ်နီ လန့်သွား၏။

"အောင်မလေး. . လန့်လိုက်တာဟယ် ဘာလာလုပ်တာလဲ"

"ကျွန်တော်လည်း လန့်တာပါပဲ၊ ဟို. . ဟို. . ခြံဝမှာ အလှူ အလှူခံရောက်နေလို့"

"ဒါများဟယ် ကန်တော့ပါသေးရဲ့လို့ ပြောလိုက်ပြီးရော"

"ဗျာ. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

ရင်ခုန်သံ နရီပျက်သွားသည့် ဒေါ်နွယ်နီ ပန်းခြင်းကိုယူကာ အိမ်ပေါ်ထပ်သို့ ခြေဆောင့်၍ တက်သွားလေတော့၏။

၄ ၄ ၄ ၄

**ကျော်**စွာ ရွှန်းလဲ့နှင့်မင်းရဲတို့ ဘုန်းကြီးလမ်းထိပ် အအေးဆိုင် ၌ တွေ့ကြသည်။ ဦးအောင်ကျော်နှင့်ဒေါ်နွယ်နီတို့ယောက်ယက် ခတ်နေကြပုံများကို အပြန်အလှန်ပြောကာ တသောသော ရယ်ကြ၏၊

"ဦးလေးတော့ ညဆယ်နာရီ မထိုးခင် ဖုန်းကိုခါးကြားထိုးပြီး ထွက်တော့တာ"

"အဟင်း. . အန်တီမေလည်း ဆယ်နာရီဆိုတာနဲ့ ဝရန်တာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရော"

"အဟားဟားဟား. . အမေ့ကို အဖေနဲ့ ပြန်ဖွိုင်းပေးတာမို့လို့ ပေါ့ နို့မို့ဆို မျက်နှာပူစရာကြီး. . အဟီး"

"အေး. . . မင်းအဖြစ်ကလည်း ငရဲကြီးမှာလား ကုသိုလ်ရမှာ လား ဘာမှန်းကိုမသိတော့ဘူး"

စကားပြောရင်း ကျော်စွာ ငိုင်သွားသည်။ ရွှန်းလဲ့အား ငူ ငိုင်ငိုင်ကြည့်နေ၏။

"ကိုကျော်စွာ ဘာဖြစ်လို့လဲ"

"ဗျာ. . အဲ. . ဟိုလေ ကလေးနှစ်ယောက်ကိစ္စ ဝင်ရှုပ်နေတာ နဲ့ ကိုယ်တို့ကိစ္စ ရှေ့မတိုးဘူး ဖြစ်နေပြီနော်"

"ဘာတွေပြောနေတာလဲ ကိုကျော်စွာရယ်"

"မသိချင်ယောင် ဆောင်မနေပါနဲ့ ရွှန်းလဲ့ရယ် ကိုယ့်ကို အဖြေ မပေးရသေးဘူးလေ"

"ဟယ်တော် ကိုကျော်စွာကလည်း ကိုမင်းရဲ ရှေ့မှာ"

"ဘာဖြစ်လဲ သူ့ကို မရှိဘူးလို့ သဘောထားလိုက်"

"အင်း. . ကောင်းရောကွာ ငါကတော့ ရှောင်မပေးဘူးနော် ဒါပဲ"

မင်းရဲကြောင့် ရွှန်းလဲ့ပိုရှက်သွား၏။ ကျော်စွာက ထိန်းရှိမ တော့. . .

"ဒီလောက် စဉ်းစားပြီးရင် အဖြေတစ်ခုခုတော့ ရလောက်ပြီ ဘာပဲဖြစ်ဖြစ် ကိုယ်သိပါရစေကွာ"

"ကဲ. . ပြတ်ပြတ်သားသားပဲ ပြောလိုက်မယ် အန်တီအေ အဲဆင်ပြေသွားမှပဲ ခေါင်းရှင်းရှင်းနဲ့ စဉ်းစားပြီး အဖြေပေးပါရစေ"

ရွှန်းလဲ့က ကာလတစ်ခု သတ်မှတ်ပေးလိုက်သဖြင့် ကျော်စွာ မျက်နှာမှာ တရုတ်ပြည်ပို့မည့်တောက်တဲ့ ဆိုင်ကယ်ကြိတ်ခံရသလို ဖြစ် သွားသည်။





"ဟား. . ဝေးပြီကွာ"

လေလျှော့ခံရသည့် ပူပေါင်းလိုဖြစ်နေသည့် ကျော်စွာ့ကို ကြည့်ပြီး မင်းရဲ အကြံထုတ်သည်။ သုံးလေးမိနစ်လောက် စဉ်းစားပြီး လက်ဖျောက်တစ်ချက်တီးရင်း. . .

"ရပြီ. . ကျော်စွာ ဘာမှမပူနဲ့၊ မင်းရဲ့ကျေးဇူးရှင်နှစ်ပါး အမြန် ဆုံး ပြန်ပေါင်းထုတ်သွားအောင် အရောက်ပို့လိုက်မယ်လေကွာ၊ ဒါဆို မင်းအလှည့် ရောက်လာမှာပေါ့"

"လုပ်စမ်းပါဦး ဘယ်လိုအရောက်ပို့မှာလဲ"

"ငါ့ရဲ့ ပွဲသိမ်းတိုက်ကွက်က ဒီလိုကွာ"

မင်းရဲ ပေးသည့်အကြံက ဂွတ်နေသဖြင့် ဒူးလိုက်ကြရန် ကျော် စွာနှင့် ရွှန်းလဲ့တို့ ဆုံးဖြတ်လိုက်ကြသည်။ သူတို့သုံးယောက်အပြုံးက တော့ င်းလက်တောက်ပသွားတော့၏။

၅ ၅ ၅ ၅

ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ သလို မုတ်သုန်ကလည်း ခရီးထွက်ဖို့ ပြင်ဆင်နေပြီမို့ ရာသီဥတုတာ အပူဒဏ်လျော့ပါးသွားကာ နေလို့ထိုင်လို့ ကောင်းလာသည်။ ထိုသို့ သောကာလ တစ်ညနေတွင် ဦးအောင်ကျော်တစ်ယောက် အိမ်ဘာကို ချော့နေအောင် သကာ ဖီးလိမ်းပြင်ဆင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေ့ါပြားပေါ် ကနုတ်ဒီဇိုင်းတွေ ဖေါ်နေသည့် မင်းရဲက ကျော်စွာအား လက်တို့ကာ မေးငေါ့ပြသည်။ လှည့်ကြည့်ပြီး နှစ်ယောက်သား အသံတိတ် ရယ်လိုက်ကြသည်။ အင်္ကျီအသစ် ပုဆိုးအသစ်နှင့် ပြင်ဆင်ပြီး ထွက်လာသည့် ဦးအောင်ကျော်အား လှမ်းကြည့်ရင်း. . .

"ဟား. . အဖေ အရောင်တလက်လက် ထွက်နေလို့ပါလား ဘယ်သွားမလို့လဲ"

"ဟေ. . ဟဲဟဲ. . ဟိုဒင်း ဓမ္မမိတ်ဆွေတစ်ယောက်က ဘုရားကိုးဆူ ဖိတ်ထားလို့ကွ. . ဟဲဟဲ"

"ဓမ္မမိတ်ဆွေရဲ့ ဘုရားကိုးဆူ. . ဟုတ်လား ဦးလေး"

"ဟုတ်ပါတယ် ဆိုနေမှကွာ တော်တော်စပ်စုတဲ့ကောင်. . . သွားမယ် နောက်ကျလို့မဖြစ်ဘူး"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ကြွ. . ဦးလေး. . ကြွ"

ဦးအောင်ကျော် လန်းဆန်းတက်ကြွစွာ ထွက်သွားတော့ နှစ်ယောက်သား ဖွီးခနဲဖွီးခနဲ ရယ်လိုက်ကြ၏။ ပြီးတော့. . ရွှန်းလဲ့ထံ Message ပို့လိုက်သည်။ ဒီနေ့ တနင်္ဂနွေမို့ စက်ရုံပိတ်ပြီး သားအမိနှစ်ယောက်လုံးအတွက် ဟောလီးဒေးဖြစ်သည်။ ထို့ကြောင့် ဒီနေ့ကို တမင်ရွေးထားခြင်း ဖြစ်သည်။

ကျော်စွာနှင့်မင်းရဲတို့လည်း ချိန်းဆိုထားရာသို့ တက္ကစီဖြင့် ထွက်လာခဲ့ကြ၏။ ထိုအချိန်တွင် ရွှန်းလဲ့နှင့်ဒေါ်နွယ်နီတို့လည်း ထားတော်မင်ပန်းခြံမှ ရွှေရှမ်းကန် စားသောက်ဆိုင်သို့ ဦးတည်လာနေကြပြီဖြစ်သည်။

ရွှန်းလဲ့က နံနက်စာကို တရုတ်အစားအစာ စားချင်ကြောင်း အတင်းပူဆာကာ အမိအရ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ကိုယ်ပိုင်ကားနှင့်ဆိုတော့ ရွှန်းလဲ့တို့ စောပြီးရောက်သည်။ စိတ်ထဲရှိသမျှ ဟင်းလျာများကို မှာလိုက်၏။ မှာပြီးတော့လည်း ရွှန်းလဲ့ ဂဏာမငြိမ်၊ နာရီကြည့်လိုက် ဝင်ပေါက်ဝသို့ လှမ်းမျှော်လိုက်နှင့် မရိုးမရွ ဖြစ်နေလေ၏။





ထိုအချိန်တွင် ဆိုင်ထဲဝင်လာသော ဦးအောင်ကျော်ကို လှမ်းမြင်လိုက်၍ ရွှန်းလဲ့ ကပျာကယာ ထရပ်လိုက်သည်။

"သမီး ဘယ်လဲ"

"ဗိုက်. . ဗိုက်နာလာလို့ အန်တီမေ ပလီစ်"

"ဖြစ်ရမယ် သမီးကတော့"

ရွှန်းလဲ့ ရေအိမ်ရှိရာဘက်သို့ အပြေးကလေး လျှောက်လာကာ အလှပန်းစိုက်ထားသည့် စဉ့်အိုးကြီးကို အကာအကွယ်ယူကာ ချောင်းကြည့်နေ၏။ ဆိုင်ထဲဝင်လာသည့် ဦးအောင်ကျော် ဟိုဒီကြည့်ကာ ရှာလိုက်ရာ ရှုခင်းငေးနေသည့် ဒေါ်နွယ်နီကိုတွေ့သဖြင့် အားရဝမ်းသာ ဖြစ်သွားသည်။

ဆံပင်ကိုတစ်ချက် သပ်တင်ကာ ခပ်လန်းလန်းမျက်နှာပေးနှင့် ရင်ကော့ကာ လျှောက်လာတော့၏။ ရွှန်းလဲ့သွားသည့်ဘက် လှမ်းကြည့်မိသော ဒေါ်နွယ်နီမှာ သူ့ဆီဦးတည်လာနေသည့် ကိုအောင်ကျော်ကိုတွေ့လိုက်၍ မျက်ပြူးဆံပြာနှင့် အထိတ်တလန့် ဖြစ်သွားတော့သည်။ ဦးအောင်ကျော်က ဒေါ်နွယ်နီနှင့် ကပ်လျက်ခုံတွင် ရဲရဲတင်းတင်း ဝင်ထိုင်လိုက်၏။

"နီနီရောက်နေတာ ကြာပြီလား၊ ဆောရီးကွာ ကားငှါးမရတာနဲ့"

"နေပါဦး. . ရှင်က ဒီကိုဘာလာလုပ်တာလဲ"

"ဟင်. . နီနီ မင်းစိတ်မှန်ပါတယ်နော်၊ ဒီကိုလာဖို့ မင်းပဲ ချိန်းခဲ့တာလေ"

"မဟုတ်တရုတ်ရှင် "

ဦးအောင်ကျော် ဘာဖြေရှင်းချက်မှ ပေးမနေတော့ဘဲ ဖုန်းထုတ်ယူ၍ ရောက်နေသည့် Message ကို ဖွင့်ပြလိုက်သည်။

ထို Message ကိုဖတ်ပြီး ဒေါ်နွယ်နီ မျက်နှာကြီး [illegible] ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို. . မဟုတ်ဘူး၊ ဒါ ကျွန်မပို့တာ မဟုတ်ဘူး"

"ရှက်တာနဲ့ပဲ ဘူးခံပြီး ငြင်းမနေပါနဲ့လား နီနီရယ်၊ ကိုယ့်ကို လည်း သနားပါဦး မင်းမရှိဘဲ နှစ်(၂၀)ကျော်ကို ဖြတ်သန်းခဲ့ရတာ ကိုယ်ပင်ပန်းလှပါပြီကွာ နီနီ့ရဲ့ရင်ခွင်မှာ ကိုယ့်ကို ခိုနားခွင့်ပေးပါတော့"

ဦးအောင်ကျော်က ဒေါ်နွယ်နီ့လက်လေးကို ဆုပ်ကိုင်ကာ ပြောလိုက်၍ အရှက်သည်းပြီး ရှုန်းတော့သည်။

ဦးအောင်ကျော်က လုံးဝလွှတ်မပေး. . .

"ကိုအောင်ကျော် ဒါစားသောက်ဆိုင်လေ ရှက်စရာကောင်း လိုက်တာ ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ်တော့ လုံးဝမရှက်ဘူး နီနီ၊ ကိုယ့်ဆန္ဒကို ဆက်ငြင်းနေ မယ်ဆိုရင် ကိုယ်ဆိုင်ထဲမှာ ပွဲကြမ်းလိုက်မှာနော်"

အပြောမဟုတ် အလုပ်နှင့်ပါ သက်သေပြတော့မလို ဟန်ပြင် လိုက်၍ ဒေါ်နွယ်နီ တအားလန့်သွား၏။ လူကြီးတွေ ပွဲကြမ်းနေသည် မင်းရဲတစ်နေရာမှ ထွက်လာပြီး ဦးအောင်ကျော်တို့နောက်ဘက်သို့ ချဉ်း ကပ်သွားသည်။ သူ့လက် လှစ်ခနဲ တစ်ချက်အလှုပ်မှာ မြွေတစ်ကောင် ခုန်ထွက်လာပြီး ဒေါ်နွယ်နီ့ပေါင်ပေါ် ကျသွားသည်။

"အား. . အမလေး မြွေ. . မြွေ. . "

ဒေါ်နွယ်နီ အလန့်တကြား ခုန်ပေါက်ပြီး ဦးအောင်ကျော်အား အားကိုးတကြီး လှမ်းဖက်လိုက်သည်။ ဦးအောင်ကျော် လူစင်စစ်မှ ငယ် ကြီးမြွေဖြစ်သွား၏။ ဇနီးဟောင်းကို ရစ်သိုင်းပွေ့ဖက်ထားတာ လုံး မလွှတ်တော့။ ထိုအနေအထားတွင်မှ ကျော်စွာ၊ မင်းရဲနှင့်ရွှန်းလဲ့တို့အား လုံး ရောက်လာကြသည်။

"ဟင်. . ဟော့ကောင်တွေ"

"ဟယ်. . သမီး"

"အန်တီမေနဲ့ ဦးက ဒီလိုတောင် ဖြစ်နေကြပြီကိုး"

"ဟာ. . မဟုတ်. . မဟုတ်ဘူး သမီး"





"ဟုတ်တယ်သမီး သူက ဦးရဲ့ဇနီးဟောင်း မောင်ကျော်စွာရဲ့ အမေပါ"

ဒေါ်နွယ်နီကငြင်း ဦးအောင်ကျော်က ဝန်ခံနှင့် ရှုပ်ထွေးသွား တော့၏။

"ဟင်. . ဦးပြောတော့ သေပြီဆို"

"အဲ့ဒါစိတ်နာလို့ တမင်ပြောတာ၊ သား. . လူလေး မောင် ကျော်စွာ ဒါ သားသိပ်တောင့်တနေတဲ့ သားရဲ့မေမေလေ"

"အဟင်းဟင်း. . သားကဖြင့် သိတာကြာပေါ့"

"ဘာ"

"ဟင်"

ကျော်စွာ့အဖြေကြောင့် ဦးအောင်ကျော်နှင့်ဒေါ်နွယ်နီတို့ အံ့ သြသွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

"သားကို နီနီ ပြောလိုက်တာလား"

"ဟင့်အင်း. . မပြောဘူး ကိုအောင်ကျော် ရှင်ကော"

"ကိုယ်လည်း မပြောမိပါဘူး"

ထိုအခိုက် ရွှန်းလဲ့မှာထားသော စားစရာများ ရောက်လာ၍ အားလုံးဝိုင်းထိုင်လိုက်ကြသည်။ ရွှန်းလဲ့က. . .

"ကိုကျော်စွာ သိသွားတာ သမီးပြောလို့ပါ"

"ဟင်. . သမီးက ဘယ်လိုလုပ်သိတာလဲ"

"ခွင့်လွှတ်ပါ အန်တီမေ၊ သမီး. . ဒိုင်ယာရီ ယူဖတ်မိလို့ သိပြီး အမေဝတ်နေတဲ့ ကိုကျော်စွာ့ကို ပြောခဲ့တာပါ"

"ဟုတ်ပါတယ် မေမေနဲ့ဖေဖေ၊ သား သိပ်ပျော်နေတယ်၊ သား စိတ်ချမ်းချမ်းသာသာနဲ့ဆက်ပြီး အသက်ရှင်သွားတာကို မြင်ချင်ကြ ယ်ဆိုရင် သားရဲ့ အဖေနဲ့အမေ အစစ်ဖြစ်အောင် ပြန်ပေါင်းပေးပြီး ဘအဖြစ်နဲ့ နေပေးပါလို့ တောင်းဆိုပါရစေ"

"ဟုတ်ပါတယ် ဦးလေးရယ် ကျော်စွာ့တစ်သက်လုံး အမေဆုံး

www.burmeseclassic.com



ပြီဆိုတဲ့အသိနဲ့ နေလာခဲ့ရာက ရွှန်းလဲ့ရဲ့ အန်တီမေက သူ့ အမေမှန်း သိလိုက်ရတဲ့နေ့က ကျော်စွာအဖြစ်ကို ဦးနဲ့အန်တီသာမြင်ရင် သူ့ဆန္ဒကို မျက်ကွယ်ပြုမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံပါတယ်"

"သမီးလည်း သဘောတူပါတယ် အန်တီမေ"

အားလုံးဝိုင်းဝန်း တောင်းဆိုနေကြသဖြင့် ဦးအောင်ကျော်က မဲဆန္ဒအပြတ်အသတ်နှင့် အနိုင်ရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ယောက်လို ဝင့်ကြွားစွာပြုံးရင်း ဇနီးလောင်း ဇနီးဟောင်းအား မြတ်နိုးခြင်း သဟိုးပါဝါစကွဲ ပြင်းအားနှင့် ကြည့်လိုက်သည်။

ဒေါ်နွယ်နီက အရှက်တရား ပဝါပါးကိုခြုံကာ ခေါင်းငုံ့သွားသည်။ လူငယ်သုံးယောက် အားမလိုအားမရ ဖြစ်လာကြ၏။

"ကဲ. . ကလေးတွေ မေးနေကြပြီ နီနီ"

"အို. . ဘယ်သိမလဲ"

"ဒါဆို ကိုယ်ဖြေလိုက်ရမလား"

". . သဘော သဘောပဲ"

ဒေါ်နွယ်နီ မီးစိမ်းလေးက မှိတ်တုတ်မှိတ်တုတ် ဆိုသော်လည်း ဒီလောက်တော့ ဦးအောင်ကျော် သဘောပေါက်သည်။ ဒီတော့လည်း လွှတ်တော်ဥက္ကဋ္ဌကြီးလို မြိုင်မြိုင်ဆိုင်ဆိုင်ပြုံးရင်း သမ္မတကြီးတဲ့ ကတိတွေ ခိုင်ခိုင်မာမာ ပေးလိုက်တော့၏။

"သားရဲ့ မိဘနေရာမှာ ဖေဖေနဲ့မေမေ အတူရှိနေပေးပါ့မယ် လို့ အဖေ ကတိပေးပါတယ်ကွယ်"

"ဝေး. . ဟေး. . ဟေးဟေး"

ကလေးတွေ အားလုံးပျော်သွားသည်။ ကျော်စွာက အသ ဆုံး၊ သူ့အမေနား လှစ်ခနဲရောက်သွားကာ ပွေ့ဖက်ထားရင်း မေ တတွတ်တွတ် ခေါ်နေလေတော့၏။

"မေမေ. . မေမေ. . မေမေ. . အား. . ခေါ်ရတာ အရ လိုက်တာ မေမေရာ"





"သားကို ဖွင့်မပြောမိခဲ့တဲ့အတွက် ခွင့်လွှတ်ပါသားရယ်"

"ခွင့်မလွှတ်နိုင်ဘူး မေမေ၊ ဒါကြောင့်လည်း သားက မသိချင်ယောင် ဆက်ဆောင်ရင်း ဖေဖေနဲ့မေမေကို ပြန်ပေးစားဖို့ အားလုံးပေါင်းပြီး ကြံစည်ခဲ့ကြတာ မေမေရ"

"ဟင်. . ဒါ. . ဒါဆို. . ဖုန်း Message တွေက"

"သားနဲ့ ရွှန်းလဲ့ လက်ချက်ပေါ့"

"ဟယ်. . ဒါဆို ပန်းခြင်း"

"သမီး လက်ချက်ပါ အန်တီမေ"

"ဒါဖြင့်. . ဒီနေ့ ဒီဆိုင်မှာ ချိန်းခဲ့တာက"

"သုံးယောက်ပေါင်း ကြံစည်ခဲ့တာပါ ဦးလေး၊ အခါပေးတာ ကတော့ ကျွန်တော်ပညာရှိ မင်းရဲပဲ ဖြစ်ပါတယ်ခင်ဗျာ"

"မင်းတို့ကွာ တော်တော်ရှုပ်တဲ့ ကလေးတွေပဲ"

"ဦးလေး စိတ်ဆိုးသွားလို့လား"

"ဆိုးတာပေါ့ကွ တကယ်ဆို ဒီထက်စောပြီးဆုံအောင် လုပ်ပေးသင့်တာကွ"

"ဝါး. . ဟားဟားဟား. . ဦးလေးတော့ အပြတ်ကဲနေပြီ. . ဟားဟားဟား"

"အား"

"ဟင်. . အဖေ ဘာဖြစ်လို့လဲ"

"မင်းအမေ ဆိတ်လို့ကွ၊ အားလားလား. . နာလိုက်တာ. . ဒါကြောင့်လည်း မိန်းမတွေကို ဆိတ်မလို့ ခေါ်တာနေမှာ"

"အမယ်. . ဒီလို အဆိတ်ခံချင်လို့ ဦးလေးပဲ ရှစ်တက်နေတာ မဟုတ်လား"

မင်းရဲ ဝင်ဖွဲ့လိုက်မှ ပွဲက မြိုင်ဆိုင်သွားတော့၏။

"နီနီ ကိုယ့်ဇနီးအဖြစ်နေခဲ့တဲ့ (၅)နှစ်လုံးလုံး တာဝန်မဲ့ခဲ့တဲ့ အပြစ်တွေကို ကျေအောင် ပြန်လည်ပေးဆပ်ပါ့မယ်လို့ [illegible]



www.burmeseclassic.com

တယ်ကွာ”

ဦးအောင်ကျော်၏ ကတိစကားကို ဒေါ်နွယ်နီက ကျေကျေနပ်နပ်ကြီး ခံယူလိုက်၍ အားလုံး လက်ခုပ်တီးကာ ဂုဏ်ပြုလိုက်ကြ၏။

“ကဲ. . ကဲ. . မှာထားတဲ့ဟင်းတွေကလည်း မနည်းဘူး၊ အားလုံးအေးကုန်လိမ့်မယ် မအေးခင် လွေးလိုက်ကြရအောင်”

မင်းရဲ့စကားကို ထောက်ခံသည့်အနေနှင့် ဇွန်း၊ ခက်ရင်းတွေကို လှုစေ့တက်စေ့ ကောက်ကိုင်လိုက်ကြတော့၏။









# နိဂုံး

ဘောလုံးပွဲတွေမှာ အုပ်စုပွဲလွန်မြောက်ပြီး အနိုင်အရှုံးပေါ်
ောင် ကန်ရသည့် ပွဲစဉ်များတွင် နာကျင်ချိန်ပိုအပြင်၊ အချိန်ပိုပါ ရှိ
သည်။ သရေရလာဒ်သည် အဆုံးအဖြတ်မဟုတ်၊ အနိုင်အရှုံး သိသာ
င်ရှားအောင် စွမ်းဆောင်ပြကြရသည်။

ထိုနည်းနှင့်မှ အဖြေမပေါ်လျှင်တော့ ပင်နယ်တီကန်သွင်းခြင်း
သာ အဖြေထုတ်ကြရသည်။ 2014 ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးမှာ
နီအသင်းက ထိုက်တန်စွာ အောင်ပွဲခံသွားခဲ့ပြီ ဖြစ်သည်။

ထို့အတူ မုဆိုးဖိုယောင်ဆောင်ထားသော ဦးအောင်ကျော်

www.burmeseclassic.com



နှင့်မုဆိုးမအစစ် ဒေါ်နွယ်နီတို့လည်း မိနစ်ကိုးဆယ်ဆိုသည့် သာမန် ပွဲကစားချိန်မှာ အဖြေမပေါ်သည့်အတွက် အချိန်ပိုကစားကာ ဖလား လုကြတာဟု ပညာရှိ မင်းရဲကပြောသည်။

ခုတော့ တစ်ကြော့ပြန်ချစ်သူတွေက အချစ်ဖလားဆုကြီး ပူးတွဲချန်ပီယံအဖြစ်နှင့် သိမ်းပိုက်ရယူကာ အောင်ပွဲခံသွားကြပြီ ဖြစ် သည်။ ထို့ကြောင့် မင်းရဲက ဒဿနတစ်ခု ထပ်မံထုတ်ပြန် ကြေညာ လိုက်သည်။

"အချစ်မှာ အချိန်ပို ရှိတယ်". . တဲ့. . .။

အဖေနှင့်အမေ အချိန်ပိုမှာ အောင်ပွဲခံသွားကြသော်လည်း ကျော်စွာတစ်ယောက်တော့ဖြင့် ဆီမီးမှ ကွင်းလုံးကျွတ် အနိုင်ရပါလျှ ဖိုင်နယ်တက်ရေးက မသေချာသလို ဖြစ်နေသည်။

အဖြေပေးရမည့် ရွှန်းလဲ့က အဖေနှင့်အမေတို့ ပြန်လည် ကြားစေ့ပြီး အတူလက်တွဲသွားကြသည့်အချိန်ဟု ရက်ချိန်းပေးခဲ့သည် ထိုအချိန်ကာလကို ရောက်ရှိခဲ့ပြီ ဖြစ်သော်လည်း ဝေ့လည်လည်လု ကာ အချိန်ထပ်ဆွဲနေသည့်အတွက် ကျော်စွာမှာ စိုးရိမ်ကြောင့်ကျခြ ရေတိမ်တွင် နစ်လုလု ဖြစ်နေပြီ။

မေခလာ ရွှန်းလဲ့သာ အချိန်မီ ဘောကွင်းပစ်မပေးလျှင် အ သက်ထွက်မည့်ကိန်း ဆိုက်တော့မည်။

မင်းရဲက ကိုယ်ပိုင်ကားနှင့်မိန်းကလေးကို ကားတင်ပြေး မထော်မနန်း အကြံပေးသည်။ မွေးသဖခင် ကျေးဇူးရှင်ကလည်း လျာထားချက် ပြည့်မီစွာ လိုဘတွေ ပြည့်သွားချိန်မှစပြီး ကျော်စွာအ ပစ်ထားခဲ့ကာ မဘက်လိုက်၍ မိုက်ဘက်ပါသွားပြီ။

သို့သော် ထိုမှာ ကျော်စွာ့အမေဖြစ်နေ၏။ အပစ်ပယ ယောက်ျားသားနှစ်ယောက်နှင့် ပတ်သက်နေသည့် အမျိုးသမီးကြီး ရင်ငွေ့လှုံခွင့်ရဖို့ ကြိုးစားနေသူတွေက သားအဖဖြစ်နေတော့ ပိုခ နေ၏။





နှစ်(၂၀)ကျော် အမေ့ရင်ခွင်ကို မရနိုင်မှန်းသိစွာနှင့် တောင့် တခဲ့ရသူမှာ ကံကြမ္မာမျက်လှည့်ပြ၍ အမေပြန်ရခါမှ အနားတပ်ခွင့်မရ ဖြစ်နေသည်။ သူ့ အမေနားတွင် သူ့အဖေက 24 Hour Standby Duty ဝင်နေလေ၏။ဒီကြားထဲ ရွှန်းလဲ့ကပါ စတေးရှောင်နေတော့ စွန့်ပစ် ခံရတဲ့အဆိပ်သင့် ရေပြင်တွင် ကျက်စားရသည့်ငါးပမာ ဖြစ်နေသည်က ကျော်စွာသာ ဖြစ်သည်။

ဒီတော့ တစ်ရက်လျှင် တစ်သောင်းတန် ငွေဖြည့်ကတ် တစ် ကတ်ကုန်အောင် ကျော်စွာဖုန်းဆက်သည်။ Message ပို့သည်။ သို့ သော် ဘာမှတုန့်ပြန်မှုမရှိ၊ ချစ်သူက ဆက်သွယ်ရေး ဧရိယာပြင်ပ သို့ ဂန္ထာရီ ခရီးထွက်သွားတာနှင့်သာ ကြုံနေရသည်။

သည်းမခံနိုင်တော့သည့်အဆုံး စက်ရုံရှေ့မှ ကျော်စွာ သွား စောင့်သည်။ စက်ရုံလမ်းသွယ်နှင့် လမ်းမဆုံသည့်နေရာရှိ သစ်ပင် နှင့် ခြုံပုတ်များကြားတွင် ပုန်းအောင်းကာ စောင့်သည်။

အချိန်တန်တော့ ရွှန်းလဲ့ ကားနှင့်ထွက်လာသည်။ လမ်းမပေါ် ဖြတ်တက်မည့် ကားတိုင်း လမ်းဆုံမှာ ခဏမေ့ကာ ဘယ်ကြည့်ညာ ကြည့် ကြည့်ပြီး ကားအရှင်းကို စောင့်ရတာ ထုံးစံသာဖြစ်သည်။ ထို အခွင့်အရေးကို အပီအပြင်အသုံးချလိုက်တာက ကျော်စွာပဲ ဖြစ်၏။

ရှေ့ခန်းတံခါး ဆွဲဖွင့်ပြီး လွတ်နေသည့်ဘေးခုံတွင် ဝင်ထိုင် လိုက်သည့်ကျော်စွာကြောင့် ဒရိုင်ဘာရွှန်းလဲ့ အထိတ်တလန့် ဖြစ်သွား ၏။

"ဟင်. . ကိုကျော်စွာရယ် လန့်လိုက်တာ မားထောက်ပြီး ကား လုမဲ့ သူများလားလို့"

"မားမထောက်ဘဲ အချစ်တွေ လုမယ့်သူပါ ရွှန်းလဲ့"

ရွှန်းလဲ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။

"အချစ်တွေက ဘဏ်မှာအပ်ထားတာရှင့်"

"ဒါဆိုလည်း ဘဏ်ကိုမောင်းလေ အပ်ထားတဲ့အချစ်တွေ အ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ထုတ်ပြီး ကိုယ့်ကိုပေး"

"ဘယ်လိုဖြစ်လာတာလဲ ကိုကျော်စွာရယ်"

"ရွှန်းလဲ့ ကဇာတ်ပျက်လို့ စိတ်ဆင်းရဲနေတာ၊ ဆက်သွယ်လို့လဲ မရဘူး ဂျက်စီကိုမ်းရဲ့တပည့်မ လုပ်နေတဲ့ ရွှန်းလဲ့ကို ဒီနည်းနဲ့ပဲ အမိဖမ်းရတော့တာပေါ့"

"ဆုံးဖြတ်ချက်ချဖို့ မဝံ့မရဲ ဖြစ်နေလို့ပါ ကိုကျော်စွာ"

"ကားမောင်းရင်း စကားပြောရတာ အန္တရာယ်များပါတယ် ရွှန်းလဲ့ရယ် တစ်နေရာရာ သွားရအောင်"

"ဘယ်သွားချင်လဲ"

"မယ်လမုဘုရား"

ရွှန်းလဲ့ ခေါင်းညိတ်ပြီး လီဘာတင်လိုက်၏။ ခင်းပြီးကာစ ကွန်ကရစ်လမ်းပေါ်မှာ ကားက တရှိန်ထိုးပြေးနေသည်။ ကျော်စွာလည်း တိတ်ဆိတ်နှုတ်ပိတ်ပြီး လိုက်လာခဲ့သည်။

မိနစ်(၂၀)လောက်နှင့် ဘုရားသို့ ရောက်လာကြသည်။ ဘုရားဝင်းထဲမှာပင် ကားရပ်ထားခဲ့ပြီး ဆင်းလျှောက်လာခဲ့ကြ၏။

ဘုရားရောက်တော့လည်း ရွှန်းလဲ့ ဘုရားရှိခိုးတာကို စိတ်ရှည်လက်ရှည်ထားကာ စောင့်ရပြန်သည်။ ဘုရားကန်တော့ပြီးတော့လည်း ရွှန်းလဲ့က အလှူခံပုံးစေအောင် ငွေထည့်လှူဒါန်းတာကို ဆက်စောင့်ရသေး၏။

"ရွှန်းလဲ့ အမိငှါန်ဝင်ပြီး ပုတီးကိုးပါတ်လောက် စိပ်လိုက်ပါဦးလားဟင်"

ရွှန်းလဲ့ တခစ်ခစ် ရယ်တော့၏။ ရယ်ရင်းနှင့်တန်ဆောင်း တစ်ခု၏ လှေကားထစ်တွင် ဝင်ထိုင်သည်။ ကျော်စွာလည်း အားနာမနေတော့ဘဲ ရွှန်းလဲ့ဘေးတွင် ဝင်ထိုင်လိုက်၏။

"ကဲ. . ရွှန်းလဲ့ ကိုယ့်အပေါ် ဘယ်လိုသဘောထားလဲဆိုတာ ကိုယ်သိပ်သိချင်နေပြီကွာ"





"အင်း. . ခက်တယ် ကိုကျော်စွာ၊ ခုချိန်မှာ ရွှန်းလဲ့ အရမ်းဝမ်းနည်းပြီး အားငယ်နေတာ"

"ဟင်. . ဘာဖြစ်လို့"

"စဉ်းစားကြည့်လိုက်တော့ လက်ရှိအနေအထားမှာ ရွှန်းလဲ့က အပြင်လူ ဖြစ်သွားပြီလေ"

"ဘယ်လို. . ဘယ်လို"

"ဪ. . တစ်သက်လုံး အမေလိုချစ်ခဲ့ရတဲ့ အန်တီမေကလည်း သားအရင်းပြန်ပေါ်လာလို့ ရွှန်းအပေါ် အချစ်တွေလျော့သွားမှာ သေချာတယ်၊ ပြီးတော့ မိသားစုသုံးယောက် ပြန်ဆုံကြပြီဆိုတော့ ရွှန်းလဲ့က အလိုလို စည်းအပြင်ရောက်သွားတော့တာပေါ့"

"ဟားဟားဟား. . ဘာများလဲလို့ ရွှန်းလဲ့ရယ် ဒီအတွက်တော့ မပူပါနဲ့ ရွှန်းလဲ့ရယ်၊ မိဘဆရာပူးပေါင်း ကလေးပညာကောင်းတဲ့. . "

"ဟင်. . အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ရွှန်းလဲ့ရဲ့၊ ပညာရေးဆောင်ပုဒ်တစ်ခုဖြစ်တဲ့ စိတ်ခာတ် စည်းကမ်း ပညာဆိုတဲ့ တြိဂံ အနားသုံးဘက်ရဲ့ အလယ်မှာ အနာဂတ်သားကောင်းတွေ ရှိနေသလို ဦးအောင်ကျော်၊ ဒေါ်နွယ်နီနဲ့ ကျော်စွာဆိုတဲ့ မိသားစုအနားသုံးဖက် တြိဂံရဲ့အလယ်မှာ ရွှန်းလဲ့ရှိနေမှာလေ"

"ဟင်. . အပြောကောင်းနေလိုက်တာ"

"အပြောကောင်းသလို အချစ်တွေကလည်း ကောင်းတဲ့အတွက် ကိုယ်တို့ရဲ့ တြိဂံရပ်ဝန်းဒေသလေးထဲမှာ ရွှန်းလဲ့ဘဝ အေးချမ်းသာယာ လုံခြုံချမ်းမြေ့စွာနဲ့ ပျော်ပျော်ရွှင်ရွှင် နေသွားလို့ရပါတယ် ရွှန်းလဲ့ရယ်၊ ကိုယ် ကတိပေးပါတယ်ကွာ"

"ယုံလို့ကော ဖြစ်ရဲ့လား ကိုကျော်စွာ"

"99.99% ယုံကြည်လို့ ရပါတယ် ရွှန်းလဲ့"

"100 တောင် မပြည့်ဘူးပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သုံးတဲ့ ဒီဂျစ်တယ်စက်က ကဏန်းတစ်လုံး ပျက်နေလို့ပါ"

"အဟင်းဟင်း. . အန်တီမေ့သားလို့ မပြောရဘူး စကားပြောကောင်းလိုက်တာ. . တကယ်ပဲ"

"ရွှန်းလဲ့ ယုံသွားပြီပေါ့"

"ဟင့်အင်း"

"ဟာကွာ ရွှန်းလဲ့ကလဲ"

ထိုသို့ လွှတ်တော်ပြင်ပ၌ အနာဂတ်အရေး ဆွေးနွေးနေစဉ် သျှင်နော် ကြွေးတောင်းရန် ဘုရားထဲသို့ ဝင်လာသည်။ သျှင်နော့်အား ရွှန်းလဲ့က ဦးစွာမြင်သည်။ ပြီးတော့ ရုတ်တရက် ဆုံးဖြတ်လိုက်သည့် အတွေးအတိုင်း လှုပ်ရှားလိုက်၏။

ရွှန်းလဲ့က ကျော်စွာ့လက်မောင်းကို ဖမ်းချိတ်ကာ ထရပ်လိုက်သည်။ ကျော်စွာ အံ့အားသင့်သွား၏။ သို့သော် သျှင်နော်နှင့် ပက်ပင်းရင်ဆိုင်လိုက်ရသည့် အခါမှာတော့ ရွှန်းလဲ့လုပ်ရပ်ကို သဘောပေါက်သွားသည်။

"ရွှန်း ကိုယ်တို့ ဘယ်ကိုသွားကြဦးမလဲဟင်"

"အင်း. . ပြည်သူ့ရင်ပြင်သွားမယ်၊ 3D ရုပ်ရှင်ကြည့်မယ်၊ ရေလှေလှော်စီးမယ်၊ ကြက်ဆီထမင်းစားမယ်"

"အိုကေ. . လက်(စ်)ဂိုး၊ ဟင်. . ဩော် သျှင်နော်ပါလား နေကောင်းတယ်နော်"

"မကောင်းဘူး"

"အို. . ဟုတ်လား၊ ဒါဆို ဆေးခန်းပြလိုက်နော် သွားဦးမယ်တာ့တာ"

ကျော်စွာက သျှင်နော့်အား တမင်သက်သက် မျက်နှာပြောင်တိုက် နှုတ်ဆက်ပြီး ရွှန်းလဲ့ပခုံးကိုဖက်ကာ ထွက်လာခဲ့၏။ သျှင်နော့်တောက်ခေါက်သံက သူတို့နောက်သို့ အပြေးအလွှား လိုက်လာသေး





သည်။ သို့သော် ကျော်စွာတို့ လုံးဝမမှုတော့. . .

"ရွှန်း ကိုယ့်ကို တကယ်အဖြေပေးတာလား အရွဲ့တိုက်တာလား. . ဟင်"

"နှစ်ခုလုံးပဲ"

"အိုး. . ရက်(စ်)"

ဋ ဋ ဋ ဋ

BURMESE CLASSIC

ဒေါ်နွယ်နီနိုင်၏ အိမ်ဧည့်ခန်းဟောကြီးထဲတွင် မင်းပေါင်းစုံလင်ရောက်ရှိနေကြသည်။ ဦးအောင်ကျော်၊ ဒေါ်နွယ်နီ၊ ကျော်စွာ၊ ရွှန်းလဲ့နှင့် မင်းရဲတို့ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေ၏။

မယ်လမုဘုရားမှာ သျှင်နော်နှင့်ဆုံမှ ရွှန်းလဲ့ထံမှ အဖြေရခဲ့ကြောင်း ကျော်စွာပြောပြတော့ အားလုံးရယ်မိကြသေးသည်။ ဒေါ်နွယ်နီတစ်ယောက်သာ ပြည့်ပြည့်ဝဝ မပြုံးနိုင်ဘဲ ဖြစ်နေရှာသည်။ သားဘေးမှ သျှင်နော်လွင့်သွားအောင် သူကိုယ်တိုင် ကြိုးကိုင်ပြီး ငွေဆေးခိုင်းစေကာ ခွင်ရိုက်လုပ်ကြံခဲ့သည့်အကြောင်းကို သူ ဘယ်တော့မှမှ ပြောမှာမဟုတ်၊ ထိုလျှို့ဝှက်ချက်အား သေရွာအထိ ယူဆောင်သွားမည်ဟု ဒေါ်နွယ်နီ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

"အင်း. . ခုတော့လည်း လောကကြီးက ပြည်ကြီးမှာ လှုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းနေလိုက်တာဗျာ မယုံနိုင်စရာပဲနော်"

"ခုလို အဆင်ပြေသွားတာ မင်းရဲ့ကူညီမှုတွေ အများကြီးပါတယ် မင်းရဲ့ တကယ်တော့ မင်းက ပရဟိတ အကျိုးတော်ဆောင်ကြီး ပါပဲကွာ"

"ဟုတ်တယ်သား၊ အဖေ့ရာထူး သူ့ကို လွှဲပေးလိုက်တော့"

ရယ်သံတွေ ဆူညံသွား၏။ မင်းရဲ့ ဆင်ကြံကြံကာ မြေခွေးလို တွေးနေပြန်သည်။ ချစ်ခြင်းရနံ့တွေ သင်းပျံ့ပြီး စည်းလုံးညီညွတ်နေသည့် မိသားစုကို ကြည့်မရတော့ဟန်နှင့် အစတစ်စ ဆွဲထုတ်လိုက်သည်။

"အဲ. . ခုတော့ ဦးနဲ့အန်တီရယ်၊ ကျော်စွာနဲ့နှင်းလဲ့ရယ် စုံတွဲ နှစ်တွဲ ဖြစ်လာပြီလေ၊ ဒီတော့ ဘယ်စုံတွဲကအရင် မင်္ဂလာဆောင်ကြမှာလဲ အဲဒါလည်း စဉ်းစားကြဦး"

မင်းရဲ့ ဆွဲထုတ်လိုက်သည့် အစက လက်ရှိအစိုးရ လုပ်ကွက်တွေနှင့် ထပ်တူဖြစ်နေ၏။ မျိုးစောင့်ဥပဒေ၊ ခြေ/ဥ ပြင်ရေး မပြင်ရေးနှင့် PR စနစ်တွေကို အစဆွဲထုတ်လိုက်တော့ ပြည်သူလူထုအကြား ဂိုဏ်းဂဏတွေ ကွဲကုန်သလို ကျော်စွာတို့ သားအဖကြားမှာလည်း ပဋိပက္ခအသွင် ဆောင်လာသည်။

"ဒီကိစ္စက ရှင်းပါတယ် လောကမှာ မိဘကျေးဇူးဆပ်ဖူးတဲ့သားဖြစ်ဖို့က သိပ်လွယ်လှတာ မဟုတ်ဘူး၊ ဒီတော့ သားက မင်္ဂလာကိစ္စမှာ အဖေနဲ့အမေကို ဦးစားပေးပြီး မိဘကျေးဇူးဆပ် လိုက်စမ်းပါကွာနော်"

"ဟာ. . ဘယ်ဖြစ်မလဲ အဖေရ၊ သားတို့က လူငယ်တွေလေ ခုမှစကြရမှာ အဖေတို့က ဒုတိယအကြိမ်ဆိုတော့ နောက်ဆုတ်လိုက် သားသမီးကို အလျှော့ပေးမှ မိဘပီသမှာ၊ ကျေးဇူးဆပ်ဖို့ တခြားနည်းနဲ့ပဲ ဆပ်မယ် အဖေရာ"

"မိဘစကားနားထောင်မှ သားလိမ္မာဖြစ်ပြီး လူရာဝင်ပါ ချစ်ကြမှာလေ"





"နတ် မချစ်လည်း နေပစေ၊ နှင်းလဲ့ချစ်ရင် လုံလောက်တယ်"

"ကဲ. . ဒီအတိုင်းဆို မင်းကိုလည်း အရမ်းချစ်ပြီး မင်းဘာညီး သိပ်ကိုလိုချင်တောင့်တနေတဲ့ မင်းအမေရဲ့ အဆုံးအဖြတ်ကို ခံယူလိုက် ဘယ်လိုလဲ"

"ရတယ်. . ခုမှပြန်တွေ့ရတဲ့ သားရဲ့ဆန္ဒကို အမေ မျက်ကွယ်ပြုမှာ မဟုတ်ဘူး. . ကြိုက်တယ်"

"နီနီရေ ဒီကိစ္စဆုံးဖြတ်ဖို့တာဝန် နီနီ့ပခုံးပေါ် ရောက်လာပြီနော်"

ဒေါ်နွယ်နီမှာ သားကိုတစ်လှည့် လင်ကိုတစ်လှည့် ကြည့်ရင်း ဝေခွဲရ ခက်နေရှာသည်။ နောက်ဆုံးမှာတော့ သား၏မျက်နှာကို ရှုမဝနိုင်စွာ ငေးစိုက်ကြည့်လိုက်ရင်း. . .

"မေမေတို့ကိုပဲ ဦးစားပေးလိုက်ပါ သားရယ်နော်"

"ဗျာ. . ဟာ. . မေမေ. . မေမေ ဘက်လိုက်တယ်၊ ဒိုင်လုပ်ပြီး ညစ်တယ်ဗျာ"

ကျော်စွာအဖြစ်ကိုကြည့်ရင်း အားလုံး ဝိုင်းရယ်လိုက်ကြ၏။ ထိုအထဲမှာ ဦးအောင်ကျော်၏ အသံဝါကြီးက အကျယ်ဆုံး. . . .

ရှင်လေန်းချမ်းမြေ့ကြပါစေ

WAIZAR



www.burmeseclassic.com